စာပေဗိမာန်စာမူဆု (စာပဒေသာ ပထမဆုရ)

# ချင်းတွင်းမြစ်၏ သမိုင်းတစ်ခေတ် ပဲ့တင်သံ

မောင်မိုးယံ

No.

၈၀၂၈
၃၁-၃-၂၀၀၃

၂၀၀၀ ပြည့်နှစ်

စာပေဗိမာန်စာမူဆု စာပဒေသာ ပထမဆုရ

# ချင်းတွင်းမြစ်၏ သမိုင်းတစ်ခေတ်
# ပဲ့တင်သံ

---

မောင်မိုးယံ

ရှေးဟောင်းထုံးတမ်းနှင့်မိမိမှုခန်း
စာကြည့်တိုက်
တိုက်ခိုင်အမှတ် ၈၀၂၈
နေ့စွဲ ၃၁-၄-၂၀၀၄

စာပေဝတ္ထု၊ ရတုကဗျာ
လင်္ကာပန်းပိုး၊ ရှာသွန်းဖြိုးလျှက်
အမျိုး၏ဂုဏ်၊ ဇာတိဂုဏ်
စာပေဂုဏ်ကိုမြှင့်တင်မည်။
နိုင်ငံ့ဂုဏ်ရည်စွမ်းဆောင်တည်။

နိုင်ငံ့ဂုဏ်ရည်စာဝေတိုက်

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသောတာဝန်ဖြစ်သည်။

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ်ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည်နိုင်ငံတော်နှင့်တိုင်းရင်းသား ပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများမပျောက်ပျက်အောင်ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး

ရှေးဟောင်း...
တိုက်ပိုင်အမှတ် ၈၀၂၈
နေ့စွဲ ၅.၁၁.၂၀၀၃

## မာတိကာ

| | |
|---|---|
| ၁။ကိုယ်ရေးအကျဉ်း | ၉ |
| ၂။မိတ်ဆက်နိဒါန်း | ၁၁ |
| ၃။အနော်ရထာကျော်ပြောက်တိုင်းမြို့တော်သို့ | ၁၉ |
| ၄။သလ္လာဝတီနှင့်ဆုံစည်းခြင်း | ၃၇ |
| ၅။ကာလေးကာ၊ ဝလေးဝကို မေ့မရ | ၅၅ |
| ၆။ချင်းတွင်းရေဘယ်မခန်း | ၇၅ |
| ၇။ဆောင်းရယ်၊နှင်းရယ်၊ချင်းတွင်းရယ် | ၉၃ |
| ၈။ရေနှင့်ငွေကို ရွှေနှင့်လဲကြသည် | ၁၁၃ |
| ၉။ချင်းတွင်းအပြန် အားနဲ့မာန် | ၁၃၁ |
| ၁၀။ကုသိုလ်ပွားများ ခရီးသွား | ၁၅၁ |
| ၁၁။ချင်းတွင်းမြစ်ယံ ဇာတိမာန် | ၁၆၇ |
| ၁၂။သလ္လာဝတီမှ ပဲ့တင်သံ | ၁၈၃ |

ရှေး[illegible]ဌာန
[illegible]
[illegible] ၈၀၂၈
နေ့စွဲ ၃၁-၃-၂၀၀၃

## ပုံနှိပ်မှတ်တမ်း

| | |
|---|---|
| ပထမအကြိမ် | ၂၀၀၁ ခုနှစ် ဒီဇင်ဘာလ |
| အုပ်ရေ | |
| တန်ဖိုး | 225 |
| မျက်နှာဖုံး | အယလဟာ / |
| အတွင်းပန်းချီ | စိုးမြင့်စိန် (တောင်ငူ) |
| ကွန်ပျူတာ | နိုင်ငံ့ဂုဏ်ရည်စာပေတိုက် |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် | သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း<br>မြန်မာကြားရေးဝန်ကြီးဌာန |
| ထုတ်ဝေသူ | ဦးအုန်းမောင်<br>ယာယီအမှတ်(၅၃၁) |
| ဖြန့်ချိရေး | စာပေဗိမာန်စာအုပ်ဆိုင်<br>၅၂၉၊ ၅၃၁–ကုန်သည်လမ်း၊ရန်ကုန် |

နိုင်ငံ့ဂုဏ်ရည်စာပေတိုက်

## ၂၀၀၀ ပြည့်နှစ် စာပေဗိမာန်စာမူဆု၊ စာပဒေသာ(ပထမဆုရ) မောင်မိုးယံ၏ ကိုယ်ရေးအကျဉ်း

ပုသိမ်မြို့နေ အမျိုးသားမှတ်ပုံတင်အရာရှိ(ငြိမ်း) အဖဦးတင်အေး၊ အမိဒေါ်တင်တင်သန်းတို့မှ ၁၉၅၅ ခုနှစ် ဒီဇင်ဘာလတွင် ရှမ်းပြည်နယ်အရှေ့ပိုင်းကျိုင်းတုံမြို့၌ မွေးဖွားသည်။ မူလတန်းနှင့်အလယ်တန်းပညာကို တောင်ငူမြို့ စိန့်ဂျိုးဇက်ကွန်ဗင့်နှင့် အထက(၄)တို့တွင် သင်ကြားခဲ့ပြီး အခြေခံပညာ အထက်တန်းကို ရန်ကုန်မြို့ အထက(၂)ဒဂုံ၊ မြို့မကျောင်းမှ အောင်မြင်ခဲ့သည်။ သတ္တဗေဒ(ကပ်ပါးအထူးပြု) ဘာသာရပ်ဖြင့် ပုသိမ်ကောလိပ်မှ သိပ္ပံဘွဲ့ရရှိသည်။

၁၉၇၉ ခုနှစ်တွင် မှော်ဘီဗိုလ်သင်တန်းကျောင်း၌ ဗိုလ်လောင်းသင်တန်းအမှတ်စဉ် ၅၈ သို့တက်ရောက်ခဲ့ပြီး မြောင်းမြမြို့ အမှတ်(၉၃)ခြေလျင်တပ်ရင်းတွင် ဒုတိယဗိုလ်အဖြစ် စတင်တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၉၉ ခုနှစ်အထိ ခြေလျင်၊ ခြေမြန်တပ်ရင်းများနှင့် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး လက်အောက်ခံတပ်များတွင် ဗိုလ်မှူးအဆင့်အထိ တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၇၄ ခုနှစ်မှစ၍ တက္ကသိုလ်နံရံကပ်စာစောင်နှင့်မဂ္ဂဇင်းများတွင် ကဗျာများစတင်ရေးသားခဲ့ပြီး ၁၉၇၆ ခုနှစ်မှစ၍ မဂ္ဂဇင်းစာစောင်များတွင် ဆောင်းနှင်းအေး၊ မောင်လွမ်းဝေ အမည်များဖြင့် ကဗျာနှင့်ဝတ္ထုတိုများ ရေးသားခဲ့သည်။ ယခုအခါ သတင်းစာ၊ မဂ္ဂဇင်း၊ ဂျာနယ်များတွင် မောင်မိုးယံအမည်ဖြင့် ဆောင်းပါး၊ ဝတ္ထု၊ ကဗျာများရေးသားလျက်ရှိသည်။ မိုးယံထိုက်အမည်ဖြင့် တေးသီချင်းများရေးသားခဲ့ပြီး မြဝတီရုပ်မြင်သံကြားနှင့် မြန်မာ့ရုပ်မြင်သံကြား

အသံလွှင့်ဦးစီးဌာနတို့မှ ရိုက်ကူးထုတ်လွှင့်ခဲ့သည်။

၁၉၉၈ ခုနှစ်မှ ၂၀၀၁ ခုနှစ်အထိ ပို့ဆောင်ရေးဝန်ကြီးဌာနသို့ အထူးစစ်ဆေးရေးတာဝန်ဖြင့်တွဲဖက်၍ ဒေါပုံသင်္ဘောကျင်းစက်ရုံတွင် စက်ရုံမှူးတာဝန်ထမ်းဆောင်ခဲ့သည်။ ယခုအခါ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန၊ ရန်ကုန်မြို့တွင် တာဝန်ထမ်းဆောင်လျက်ရှိသည်။

အမည်ရင်းမှာ ဗိုလ်မှူးမျိုးသန့်(အငြိမ်းစား)ဖြစ်ပြီး မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင်ဖြစ်သည်။



# မိတ်ဆက်နိဒါန်း

စာရေးသူသည် ၁၉၉၉ ခုနှစ် ဒီဇင်ဘာလတွင် ပို့ဆောင်ရေးဝန်ကြီးဌာန၏ တာဝန်ပေးချက်အရ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် အထက်မြန်မာပြည် ရေယာဉ်များ ပြေးဆွဲမှု အခြေအနေတို့ကို စစ်ဆေး ကြပ်မတ်ရန် သွားရောက်ခဲ့ရသည်။ ထိုခရီးစဉ်တွင် ချင်းတွင်းမြစ်ကြောင်းခရီးစဉ် ပါရှိသဖြင့် ရေငတ်သူ ရေတွင်းထဲကျသလို ဝမ်းမြောက်ကြည်နူးရလေသည်။ ချင်းတွင်းမြစ်နှင့် ပတ်သက်၍ ဖတ်ဖူး၊ ကြားဖူးသည့်ကလွဲ၍ ကိုယ်တိုင်ရောက်ရှိဖူးခြင်း မရှိသေး။

ချင်းတွင်းမြစ်ကြောင်းသည် မြန်မာပြည်မြေပုံတွင် သီးခြားတည်ရှိနေသည်။ အကြောင်းကိစ္စမဆိုလျှင် သွားရောက်ရန် မလွယ်ကူခြင်း၊ မြန်မာပြည်၏ အရှေ့အနောက်၊ တောင်မြောက် ရထား၊ ကား၊ သင်္ဘောခရီးလမ်းများ၌ လမ်းကြုံဖြတ်သန်းသွားရသော လမ်းကြောင်းပေါ်၌ မရှိခြင်းတို့ကြောင့် အရောက်အပေါက်နည်းကြသည်။

ငွေကြေးပြည့်စုံသူတို့သည် မြန်မာပြည်အနှံ့ ဘုရားဖူးလှည့်ပတ်ကြရာတွင် မုံရွာ၌ ထင်ရှားသော မိုးညှင်း သမ္ဗုဒ္ဓေ၊ ဗောဓိတစ်ထောင်ဘုရားများဖူးပြီး လှည့်ပြန်တတ်ကြသည်။ ချင်းတွင်းခရီးအစဟုဆိုသော မုံရွာကို လမ်းဆုံးထင်တတ်ကြသည်။ မုံရွာအထက်သို့ သင်္ဘောစီးပြီး အပျော်ခရီးထွက်သူ ဘုရားဖူးများ မရှိသလောက်ရှားပါသည်။ သုတေသနပြုသူ၊ စာပေလေ့လာသူများ အကြောင်းကိစ္စရှိမှ သွားကြသည်။ မဖြစ်မနေ ပြောင်းရွှေ့ ရမည့် အစိုးရဝန်ထမ်းများ၌ခရီးကိုမလွှဲမရှောင်သာ သွားကြသည်။ ထိုသို့သော ဝိသေသများဖြင့်

ထူးခြားသော ချင်းတွင်းခရီးလမ်း၏ အထီးကျန်ဆန်သော တောတောင်ရေမြေ သဘောသဘာဝဆီသို့ ကျွန်တော် အိပ်မက်ပမာ ရောက်ခဲ့ရသည်။

ကျွန်တော်သွားရောက်လိုသော ခရီးစဉ်မှာ ချင်းတွင်းခရီးအစ မုံရွာမှ ခရီးစဉ်အဆုံး ခန္တီးအထိဖြစ်သည်။ သို့သော် ရေနည်းကာလ မုံရွာမှခန္တီးအထိ တိုက်ရိုက်သင်္ဘောမရှိ၍ ဟုမ္မလင်းမှ လှည့်ပြန်ခဲ့ရသည်။ ရေနည်း ကာလတွင် ခန္တီးအထိ ရေယာဉ်ခရီးစဉ်ရှိသော်လည်း အချိန်မလုံလောက်၍ မသွားဖြစ်ခဲ့ပါ။ ထို့ကြောင့် ချင်းတွင်းနှင့် သိကျွမ်းရင်းနှီးရခြင်းသည် ခင်မင်တွယ်တာစရာကောင်းသော မိတ်ဆွေတစ်ဦးကို လမ်းပေါ်၌ တ ဒင်္ဂသာ ဆုံလိုက်ရပြီးနောက် ပြန်မတွေ့ရတော့သောအဖြစ်လို ဟာတာတာဖြစ်ကျန်ခဲ့သည်ဟု ဆိုချင် ပါသည်။

မည်သို့ဆိုစေ ကျွန်တော် ချင်းတွင်းရေပြင်နှင့် မြေပြင်ကို ခြေချခွင့်ရသောခရီးသည် မိုင်ပေါင်း ၆၀၀ ကျော် ချင်းတွင်း၏ လေးပုံသုံးပုံခရီး ဖြစ်ပါသည်။ ရောက်သင့်၊ တွေ့သင့်၊ ကြားသင့်၊ သိသင့်သော နေရာဒေသ မြို့ရွာ အားလုံးနီးပါး ရောက်ခဲ့သည်။ တာဝန်တစ်ဖက်နှင့် သွားရောက်ရသောခရီးဖြစ်သော်လည်း တာဝန်နှင့် ချင်းတွင်း မြစ်ကြောင်းခရီးသည် နေနဲ့လ၊ ရွှေနဲ့မြလို သဟဇာတ ဖြစ်နေသည်။ ချမ်းအေးလှသော ဒီဇင်ဘာလဆောင်းဒဏ်ကို တစ်လမ်းလုံးခံပြီး ချင်းတွင်း၏ ဝလေ့စရိုက်၊ တောတောင်သဘာဝ အလှအပများကို မြင်မြင်သမျှ မှတ်တမ်း ရေးခွင့်ရသည်။ မျက်စိနှင့်နားကို အနားမပေး၊ မောင်ပေါက်ကျိုင်းထုံး နှလုံးမူ၍ ခရီးသွားခဲ့သည်။

ကျွန်တော်၏ မူလတာဝန်မှာ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးမှ စွမ်းဆောင်ချက်သည် နိုင်ငံတော်နှင့် ပြည်သူလူထု



အပေါ် အကျိုးသက်ရောက်မှု၊ နိုင်ငံတော်မှ ခရီးသွား ပြည်သူလူထု စိတ်ချမ်းမြေ့စွာ သွားလာနိုင်ရေး ဆိုသောမှုကို အကောင်အထည်ဖော် ဆောင်ရွက်ချက်သည် ထိရောက်စွာ ဆောင်ရွက်မှုရှိမရှိ စစ်ဆေးတင်ပြရန် ဖြစ်သည်။

သို့သော် အမြတ်ရလိုက်သည်က ချင်းတွင်းမြစ်ကြီး ဘာတွေဖြစ်နေသလဲ ဆိုသောအချက်နှင့် ချင်းတွင်း မြစ်တစ်လျှောက် နေထိုင်ကြသော တိုင်းရင်းသား ပြည်သူလူထုအပေါင်း ဘယ်လိုနေ၊ ဘယ်လိုစားကြသလဲ ဆိုသော ဘဝတံထွာ တစ်ပိုင်းတစ်စကို လေ့လာခွင့်ရလိုက်ခြင်း ဖြစ်သည်။

အထူးခြားဆုံးက ဗုဒ္ဓဘာသာဝင်တစ်ယောက် အတွက် တန်ဖိုးမဖြတ်နိုင်သော "လိပ်ဥလည်းထူးရင်း၊ ဘုရားလည်းဖူးရင်း" ဆိုသောစကားနှင့်အညီ ထင်ရှားသော တန်ခိုးကြီးဘုရားများကို ဖူးမြော်ပူဇော်ခွင့်ရသော ကုသိုလ်ဖြစ်သည်။

ယနေ့ကာလတွင် နိုင်ငံတော်အစိုးရက နယ်စပ်ဒေသ တိုးတက်ဖွံ့ဖြိုးရေးလုပ်ငန်းများကို အလေးထား ဆောင်ရွက်နေသည်။ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျနေသည့် ပြည်နယ်ဒေသများတွင် လမ်းတံတားများ တိုးချဲ့ ဖောက်လုပ်ပေးခြင်းဖြင့် တိုးတက်လာအောင် ဆောင်ရွက်လျက်ရှိသည်။ ချင်းတွင်းခရီးလမ်း၌ မတိုးတက် မဖွံ့ဖြိုး သေးသည့် လူနေမှု အဆင့်အတန်းများကို တွေ့ခဲ့ရသည်။

လူနေမှု အဆင့်အတန်း တိုးတက်မြင့်မားဖို့ ဆိုသည်မှာ လူသားအရင်းအမြစ် တိုးတက်ဖွံ့ဖြိုးအောင် ဆောင်ရွက်ပေးနိုင်မှုက အခြေခံကျသည်။ ချင်းတွင်းဒေသသည် ရေအရင်းအမြစ်ကို အမှီပြု၍ ဘဝတည်ဆောက်နေကြသည်။ ရေအရင်းအမြစ် တိုးမားက်ဖွံ့ဖြိုးရေးနှင့် လူသားအရင်းအမြစ် တိုးတက်ဖွံ့ဖြိုးရေးတို့ မှီတွယ်ဆက်စပ်နေကြောင်း

တွေ့ရသည်။

ရေအရင်းအမြစ် တိုးတက်ဖွံ့ဖြိုးရေးသည် နိုင်ငံတော်အစိုးရ၌သာ တာဝန်ရှိသည်မဟုတ်။ ထို့အတူ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းမှုသည်လည်း ဝါလုံးခေါင်းထဲ လသာသောဘဝကို ကျေနပ်မနေဘဲ ကိုယ့်အားကိုယ်ကိုး အစွမ်းကုန် ကြိုးပမ်းသင့်ကြောင်း အတွေးအမြင်ကို ချင်းတွင်းမြစ်ကြောင်းခရီးက ဖော်ထုတ်ပေးလိုက်သည်။

အစားကောင်း စားရလျှင် ချစ်သူဆွေမျိုးကို သတိရသလို လှပသော တောတောင်သဘာဝ၊ ဓလေ့စရိုက်၊ ဘာသာ သာသနာ၊ ယဉ်ကျေးမှု၊ ဝမ်းစာရှာပုံအဖုံဖုံတို့ စီးမျောနေသော ချင်းတွင်းမြစ်ခေါ်သလ္လာဝတီ၏ ပုံသဏ္ဌာန်ကို တိုင်းရင်းသားပြည်သူအပေါင်းသိအောင် ဖော်ဟတ်တင်ပြလိုသည်။ ထပ်တူထပ်မျှ မျှဝေခံစားစေ လိုသည်။

ကျွန်တော်၏ ခတ်ပုံမှတ်တမ်းများကလည်း စာဖတ်သူ ကိုယ်တိုင် ရောက်ရှိသွားသလို ကြည်နူးမှု၊ အံ့သြမှု၊ ကရုဏာရသများ ခံစားနိုင်အောင် အထောက်အကူပေးနိုင်လိမ့်မည်ဟု မျှော်လင့်ပါသည်။

စာရေးသူသည် ရရှိသမျှသော ခရီးသွားခြင်းကုသိုလ်အကျိုးကို မျှဝေရရှိစေလိုသော စေတနာအရင်းခံ မှန်ကန်စွာဖြင့် ဤခရီးသွားဆောင်းပါးကို ဖွင့်ဟရေးသား တင်ပြခြင်းဖြစ်ပါသည်။ ရေးသားတင်ပြသော အကြောင်းအရာများ၌ မှားယွင်းမှုသော်လည်းကောင်း၊ ထိခိုက်မှုသော်လည်းကောင်း ပါရှိသွားပါက စာရေးသူ၏ စေတနာအမှားဖြစ်ပါသည်ဟု ဝန်ခံလိုပါသည်။

စာတစ်စောင်ပေတစ်ဖွဲ့ ဖြစ်လာသည်အထိ ခရီးစဉ်တစ်လျှောက် ပံ့ပိုးကြသူ ပြည်တွင်းရေကြောင်းမှ ဝန်ထမ်းအပေါင်းနှင့် နယ်မြေဒေသခံအားလုံးကိုလည်းကောင်း၊ စာမူဖြစ်လာအောင် အဘက်



ဘက်မှ ကြိုးပမ်း ကူညီဆောင်ရွက်ပေးသူ ညီငယ် မောင်ဌေးလွင်အားလည်းကောင်း၊ ဤစာမူနှင့် ပတ်သက်သော ပုဂ္ဂိုလ်အားလုံးကိုလည်းကောင်း အထူးကျေးဇူးတင်ရှိပါသည်။

ချင်းတွင်းမြစ်၏ သမိုင်းတစ်ခေတ် ပဲ့တင်သံသည် ကျွန်ုပ်ထံမှ သင့်ထံသို့....။

*“လမ်းမဲ့ခရီးမှ*
*ပင်ပန်းကြီးစွာ*
*ကျွန်ုပ်ထမ်းလာသော*
*‘သောက်ရေအိုး’*
*ပိုးလောက်လန်းများ*
*ပါခဲ့ရင်...*
*ခြော်ဆေးခြင်းဖြင့်*
*ကြင်နာပါ”*

အနန္တော အနန္တငါးပါး ဦးထိပ်ထား၍ –

**မောင်မိုးယံ**

**ကျမ်းကိုးစာရင်း**

၁။ မြန်မာစာညွှန့်ပေါင်းကျမ်း၊ အတွဲ(၂)၊ (၃)
၂။ ခရီးသွားစာပေ စာတမ်းဖတ်ပွဲ၊ စာပေဗိမာန်။
၃။ ခရီးဖော်(မှော်စရိယ ဦးဌေးလှိုင်)
၄။ လူကလေးသို့ပေးစာ (မြသန်းတင့်)
၅။ မုံရွာ၊ ကလေးဝ၊ မော်လိုက်၊ ဖောင်းပြင်၊ ဟုမ္မလင်းမြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အစီရင်ခံစာများ။

# စစ်ကိုင်းတိုင်း





# အနောက်မြောက်တိုင်းမြို့တော်သို့

## ခရီးအစ ရွှေညာက

အမှန်တော့ ကျွန်တော်၏ ခရီးသွားခြင်းအစကို ရန်ကုန်ကစ၍ ရေးရပါမည်။ သို့သော် ရန်ကုန်မှစသော မီးရထားခရီးသည် ကျွန်တော် သွားလိုသော ရေကြောင်းခရီးအစ မဟုတ်ပါ။ ထို့ကြောင့် မန္တလေးက စရတော့မည်။ မန္တလေးမှ စရန်ဖြစ်သော်လည်း မန္တလေး–မုံရွာ ရေလမ်းခရီးသည်တင်သင်္ဘော မပြေးဆွဲသည်မှာ ကြာပြီဖြစ်သည်။ လွန်ခဲ့သော နှစ်သုံးဆယ်ကျော်က မန္တလေး–မုံရွာ–ဟုမ္မလင်း သင်္ဘောလိုင်း ရှိခဲ့သည်ဟု ဆိုသည်။

မန္တလေးမှ ဧရာဝတီမြစ်ကြောင်းအတိုင်းစုန်လျှင် မြင်းမူ၊ ဆီမီးခုံ၊ ဂင်ဂဲ၊ မြင်းခြံတို့သို့ရောက်ပြီး မြင်းခြံနှင့် ဓားလွယ်ခုတ် ကျွန်းညိုရွာအနီးမှ ချင်းတွင်းမြစ်အတွင်းသို့ ဆန်တက်ရသည်ဟု ဆိုသည်။ မုံရွာမှ စုန်ဆင်းလာသော ချင်းတွင်းရေသည် ကျွန်းညိုရွာ

အပေါက်ဝတွင် ခရီးဆုံးကာ ဧရာဝတီနှင့် ပေါင်းဆုံလေသည်။ ဧရာဝတီသည် သမိုင်းကြောင်းကြီးသော အစဉ်အလာရှိ၍လားမသိ။ ချင်းတွင်းနှင့် ပေါင်းဆုံသောနေရာမှစ၍ ပင်လယ်ထဲသို့ စီးဝင်သည်အထိ ဧရာဝတီဟုသာ ခေါ်ဆိုကြပါသည်။ မြစ်ကြောင်းစီးဆင်းမှုပုံသဏ္ဍာန်အရဆိုလျှင် ချင်းတွင်း မြစ်ကြောင်းကို ဧရာဝတီက စီးဝင်သဖြင့် ဧရာဝတီမှာ ကျွန်းညိုရွာအနီး အမည်သညာ ပြီးဆုံးရမည်ဖြစ်လေသည်။ ချင်းတွင်းသည်မြစ်ဝကျွန်းပေါ်အထိ မည်ကာမတ္တရှိရမည်ဖြစ်သော်လည်း စီးဆင်းမှု အင်အားချင်း မတူ၍ ခရီးတစ်ဝက်၌ ပျောက်ဆုံးသွားလေပြီ။

ကျွန်တော် မန္တလေးမှ ၁၉၉၉ ခု ဒီဇင်ဘာလ ၁၁ ရက်နေ့ မနက် ၇ နာရီတွင် ကားဖြင့်စတင်ထွက်ခဲ့သည်။ စစ်ကိုင်းတံတားဟု ခေါ်သော အင်းဝတံတားကြီးကို မဖြတ်လျှင် စစ်ကိုင်းတိုင်းနှင့် ကချင်ပြည်နယ်ကို မရောက်နိုင်ဟု ဆိုစကားရှိခဲ့သည်။ ၁၉၃၄ ခုနှစ်က တည်ဆောက်ခဲ့သော တံတားကြီးသည် နှစ်ပေါင်းမနည်းတော့ပြီ။ ရှေးယခင်က ကမ္ဘာပေါ်တွင် ရှည်လျားသည်ဟု ကျော်ကြားသော အင်းဝတံတားကြီးသည် ပေပေါင်း ၃၉၄၈ ရှိပြီး အင်္ဂလိပ်တို့ တည်ဆောက်ခဲ့ကြသည်။ ၁၈၉၈ ခုနှစ်တွင် တံတားကြီးဆောက်ရန် ပထမဆုံးအကြိမ် အားထုတ်ခဲ့ကြကြောင်း သိရသည်။ ၁၉၂၄ ခုနှစ်ကျမှ တံတားကြီးဆောက်ရန် အတည်ပြုခဲ့ပြီး အိန္ဒိယ ရူးပီးငွေ ၁၄၃ သိန်း ကုန်ကျခဲ့သည်ဟု ဆိုသည်။ ဒုတိယကမ္ဘာစစ်အတွင်း ၁၉၄၂ ခုနှစ် ဧပြီလ ၃၀ ရက်နေ့ည အချိန်တွင် ဗြိတိသျှတပ်များ ဆုတ်ခွာစဉ် ဒိုင်းနမိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးလိုက်သဖြင့် ပျက်စီးခဲ့ရလေသည်။ မြန်မာနိုင်ငံလွတ်လပ်ရေးရပြီး ၁၉၅၄ ခုနှစ် အောက်တိုဘာလကျမှ တံတားကြီးကိုပြန်လည်ပြင်ဆင်၍ ဖွင့်လှစ်ခဲ့ကြောင်း သိရှိရပါသည်။



ကျွန်တော်သည် တံတားသံပေါင်များကြားမှ ဧရာဝတီမြစ်ပြင်ကို လှမ်းမျှော်ကြည့်လိုက်သည်။ ရေပြင်ပေါ်တွင် ခုတ်မောင်းနေသော ရေယာဉ်များ နှေးလေစွဟု အောက်မေ့မိသည်။ တရိပ်ရိပ်ပြေးနေသော ကား၏အလျင်နှုန်းသည် သံပေါင်များကြားတွင် ပေါ်လိုက်ပျောက်လိုက်ဖြစ်နေသော စစ်ကိုင်းတောင်ရိုးမြင်ကွင်းကို အားမလို အားမရ ဖြစ်စေပါသည်။



မုံရွာမြို့အဝင် မှန်ဦးကြီးပြင်ကြီး

နောက်ဘက်တွင် ကျန်ခဲ့သော တံတားပေါ်မှ ဘယ်ညာမြင်ကွင်းတွင် နန်းမတော်မယ်နုအုတ်ကျောင်းနှင့် ရွှေကြက်ယက်၊ ရွှေကြက်ကျ ဘုရားနှစ်ဆူတို့ကို စိတ်မှန်းဖြင့် ကန်တော့ကာ ကျော်ဖြတ်ခဲ့သည်။ မယ်နုအုတ်ကျောင်းသည် ကုန်းဘောင်မင်းဆက်၏ ဒုတိယနန်းမြို့တည်ရာ အင်းဝတွင်ရှိပြီး ယခုတိုင် ခေတ်မီနေသေးသောအနုပညာဆန်သည့် လုပခိုင်ခဲ့သော ကျွန်းတိုင်ကြီးများဖြင့်

အခန်းပေါင်းများစွာ ဖွဲ့စည်းထားသော အုတ်ကျောင်းကြီးဖြစ်သည်ဟု ဆိုသည်။ အပြန်ခရီးတွင် မယ်နုအုတ်ကျောင်းသွားရန် စိတ်ကူးလိုက်သည်။

မန္တလေးမြို့ ရွှေကြက်ယက်ဘုရားမြင်ကွင်း

ဟိုလွန်ခဲ့သော နှစ် ၂၀ ခန့်က ခုနစ်နှစ်ကြာ ဤအင်းဝ တံတားကြီးကို အကြိမ်ကြိမ်ကျော်ဖြတ်၍ ကချင်ပြည်နယ်သို့ စစ်ဆင်ရေး ထွက်ခဲ့ဖူးသည်။ တံတားကြီးပေါ်သို့ ရထားခုတ်မောင်း ဖြတ်သန်းချိန်တွင် တဒုန်းဒုန်းမြည်ဟည်းသံနှင့်အတူ ဒီတစ်ပတ် ရှေ့တန်းက အပြန် ငါ့အသက်မှ ပြန်ပါပါ့မလားဟု တုန်လှုပ်သောအတွေးနှင့် ရင်ခုန်ခဲ့ဖူးသည်။ တံတားကြီးပေါ်မှ စစ်ကိုင်းတောင်ရိုး ဘုရားများကို လှမ်းမျှော်ဖူးရင်း အသက်ရှည်ရာ ဘေးကင်းကြောင်း ဆုတောင်းမိခဲ့ဖူးသည်။ ဤတံတားကြီးကိုဖြတ်၍ ကချင်ပြည်နယ်အတွင်း စစ်ဆင်ရင်း လွမ်းမောဖွယ်ရာများကို ကြုံတွေ့ခဲ့ရဖူးသည်။ ဤတံတားကြီးသည်





စစ်ကိုင်းတံတားမှ စစ်ကိုင်းတောင်မြင်ကွင်း

ပြည်ထောင်စု ချစ်ကြည်ရေးတံတားကြီးအဖြစ် နှစ်ပေါင်းတစ်ရာ နီးပါး ရှည်ကြာလျက်ရှိသော ပေါင်းကူးတံတားကြီးဖြစ်လျက်ရှိသေးသည်။

ကျွန်တော်၏ နှစ်ပေါင်းများစွာက ကြုံတွေ့ခဲ့ရသော အဖြစ်သနစ် အတွေးအာရုံတို့သည် ကားလမ်းဘေး ဘယ်ညာတွင် တရိပ်ရိပ်ကျန်ရစ်ခဲ့သော မြင်ကွင်းများပမာ ပျောက်ကွယ်ခဲ့ရပြန်သည်။ မြတ်စွာဘုရားသာသနာအစ အိန္ဒိယဒေသမှ ပုထိုးစေတီတစ်ဆူ၏ ပုံကိုတု၍ တည်ထားကိုးကွယ်ခဲ့သော "ကောင်းမှုတော်" ဟုခေါ်သည့် ရာဇမဏိစူဠာပုထိုးတော်ကြီးကို လမ်းညာဘက်တွင် ဖူးတွေ့ကျော်ဖြတ်ခဲ့ပါသည်။ တစ်ချိန်က ဘုရင်၏ မိဖုရား အိပ်မက်မက်သဖြင့် မိဖုရား၏ နို့ပုံသဏ္ဍာန်ကို စေတီတည်ခဲ့ကြောင်း ကြားသိဖူးလေရာ ကြုံကြုံဖန်ဖန် ပြောတတ်သော ဒဏ္ဍာရီဆန်ဆန် မြန်မာ့သမိုင်းပုံပြင်များကို နောင်လာနောက်သားတို့ အသိမများအောင် သတိထားရမည် ဟု တွေးမိပါသည်။

စစ်ကိုင်းမှ ၁၅ မိုင်ခရီးတွင် ရွှေဘိုကားလမ်းဆုံကိုဖြတ်သည်။ မန္တလေးမှ တစ်နာရီခွဲခရီးတွင် မုံရွာ ကားလမ်းဘေးရှိ ညောင်ပင်ဝန်းရွာ စားသောက်ဆိုင်တွင် ကားရပ်နားသည်။ နံနက်စာ လက်ဖက်ရည်၊ မုန့်မျိုးစုံရသော ကြီးမားသည့် စားသောက်ဆိုင်ကြီးဖြစ်သည်။ ကားသမားတို့၏ ကားရပ်ပေးမှုကျေးဇူးကြောင့် စီးပွားဖြစ်နေသော စားသောက်ဆိုင်များသည် ညောင်ပင်ဝန်းရွာတွင် ထည်ထည်ဝါဝါရှိနေသည်။ ဤနေရာသည် မန္တလေး–မုံရွာကြား ခရီးတစ်ထောက်နားသော နေရာလေးဖြစ်သည်။ "ရွှေအင်းဝ" အမည်ရှိ စားသောက်ဆိုင်မှ ကြာဆံဟင်းခါးသည် တစ်မျိုးကောင်းမွန်သော်လည်း စားပွဲပေါ်တွင် ဓလေ့ထုံးစံအရ ခင်းကျင်းထားသော စားသောက်ဖွယ်ရာမျိုးစုံမှာ အနယ်နယ်အရပ်ရပ်မှလာသော ယင်ကောင်များ၏ ဖုံးလွှမ်းဝါးမျိုခြင်းခံရနေရသည်။ စားချင်စဖွယ်ကောင်းအောင်လုပ်ထားသော်လည်း မစားရဲ၊ မထိရဲတော့ပါ။ ငုံးကြော်၊ ကြက်ကြော်၊ ဆိတ်သား ခြောက်၊ ပေါင်မုန့်ကြော်၊ ငါးဖယ်ကြော်၊ မုန့်မျိုးစုံတို့လည်း ဗန်းနှင့်တစ်မျိုး၊ စားပွဲနှင့်တစ်ဖုံ ခင်းကျင်းထားသည်။

ယင်လုံအုပ်ဆောင်းလေးများ ဖုံးထားလျှင် အားလုံးအတွက် ကောင်းသွားမည်ဟု အကြံပေးလိုသော်လည်း အခန့်မသင့်က ဝစီဗေဒထိတိုင်းရှုတတ်သဖြင့် ဆင်ခြင်လိုက်ပါသည်။ စားသောက်ပြီး ကားမထွက်မီ ဆိုင်နောက် ဖေး၌ အပေါ့သွားသည်။ အိမ်သာထဲ၌ မှတ်သားအပ်သောစကားကို ကဗျာကာရန်ဖြင့် သတိပေး နှိုးဆော်သော စာကြောင်းလေးတွေ့၍ ယဉ်ကျေးမှုမှာတမ်းဟု မှတ်ယူလိုက်သည်။ "ထိုင်ပြီးထကြည့်၊ သတိရှိ၊ ကျန်ရှိချေးသေး၊ ရေလောင်းပေး" ဆိုသော နှိုးဆော်ကဗျာကလေးဖြစ်သည်။ မြန်မာလူမျိုးတို့ စာပေဂါသနာထုံကြကြောင်း အိမ်သာရေး ကဗျာလေးက သက်သေထူနေသည်ဟု



တစ်ယောက်တည်းပြုံးပြီး တွေးမိပါသည်။

ညောင်ပင်ဝန်းရွာမှ ဆက်ထွက်ပြီး ညောင်ပင်ဝန်းတံတားကြီးကို ဖြတ်ရသည်။ မန္တလေး–မုံရွာ ခရီးလမ်း ကြားတွင် ဒုတိယအကြီးဆုံးချောင်းနှင့် အကြီးဆုံး တံတားကြီးကို ဖြတ်ရခြင်းဖြစ်သည်။ ညောင်ပင်ဝန်းရွာမှ နာရီဝက်ခရီးသွားလျှင် မြင်းမူမြို့ကိုရောက်သည်။ မြင်းမူမြို့ကို လွန်ခဲ့သော နှစ်နှစ်ခန့်က သင်္ဘောခရီးစီးပြီး ရောက်ခဲ့ဖူးသည်။ သင်္ဘောဆိပ်မှတက်စဉ်က မြင်းမူမြို့ကို အထင်သေးခဲ့မိသည်။ ဆိပ်ကမ်းပတ်ဝန်းကျင်တွင် တိုက်တာ အိမ်ခြေနည်းပြီး စည်ကားမှုမရှိ။ ညနေစောင်း မှောင်ရီဖျိုးဖျ ရောက်ခဲ့၍လည်း စည်ကားသော ကားလမ်းဘက်ခြမ်း မရောက်ခဲ့ပါ။ ခုတော့ ထင်သလိုမဟုတ်ပါ။ မြင်းမူသည် တံတောင်ဆစ်ကွေ့ ကားလမ်းမဘေး ဘယ်ညာတွင် တိုက်ကြီးတာကြီး ဈေးကြီးများဖြင့် မြို့အင်္ဂါ စုံလင်ပါသည်။ "မြင်းမူမြို့မှ ကြိုဆိုပါ၏" ဆိုင်းဘုတ်ကို မြင်သည်နှင့် ကျွန်တော်တို့ ကဗျာနောင်တော်ကြီး မြင်းမူမောင်နိုင်မိုးကို ချက်ချင်းပြေးမြင်ယောင်မိသည်။ မြင်းမူမြို့သို့ မရောက်ဖူးမီက မြင်းမူဆိုတာ မြန်မာပြည်မှာ ရှိနေကြောင်း မြင်းမူမောင်နိုင်မိုး ကလောင်အမည်ကြောင့် သိခဲ့ရ၏။ ကျွန်တော် တက္ကသိုလ်မှာ ကဗျာများရေးနေစဉ် မြင်းမူမောင်နိုင်မိုးကဗျာများကို ငွေတာရီ၊ မြဝတီ၊ ရှုမဝ မဂ္ဂဇင်း များတွင် ဖတ်နေရသည်။ ကျွန်တော် တပ်ထဲသို့ရောက်သောအခါ မြင်းမူမောင်နိုင်မိုးနှင့် လူချင်းဆုံခဲ့သည်။

၁၉၈၂ ခုနှစ် နွေ၏ အမွှေးအတောင်များ စုံလင်သော မတ်လကဖြစ်သည်။ မြစ်ဝကျွန်းပေါ် စစ်ဆင်ရေးသည် ထိုအချိန်ကာလက မပြီးဆုံးသေးပါ။ ယင်းစစ်ဆင်ရေးသည် မြန်မာပြည် စစ်ဆင်ရေးများအနက် အချိန် ကြာမြင့်စွာ ဖြစ်ပွားခဲ့သည်။ ကျွန်တော်တို့ ဝင်ရောက်ချိန်တွင် ဟဲဗီး (Heavy) ဟုခေါ်သော အပြင်းအထန်တိုက်ပွဲ

မရှိသော်လည်း ဗကပအမာခံများ ဖော်ထုတ်တိုက်ပွဲဝင်နေရသေးသည်။

ထိုစစ်ဆင်ရေးကာလ မတ်လ လဆန်းတွင် ကျွန်တော်တို့ တပ်ရင်း ဒေးဒရဲမြို့နယ် ကွန်ပလိုင်းရွာသို့ ရောက်ခဲ့သည်။ ကွန်ပလိုင်းရွာတွင် ကျွန်တော်တို့တပ်ခွဲ တစ်လကျော်နေထိုင်ရစဉ် မြင်းမူမောင်နိုင်မိုးနှင့် စတင် တွေ့ဆုံခဲ့ပြီး တော်လှန်ရေး၏အရိပ်ကို ပီပီပြင်ပြင် ခိုလှုံ၍ ကြုံတွေ့ခွင့်ရခဲ့သည်။ ထိုနှစ် မတ်လ ၂၇ ရက်နေ့ နံနက်ပိုင်းတွင် ထိုအချိန်က နိုင်ငံ့ခေါင်းဆောင် ဗိုလ်ချုပ်ကြီးနေဝင်း (ဥက္ကဋ္ဌကြီး ဦးနေဝင်း) ကွန်ပလိုင်းရွာသို့ လာရောက်မည်ဆို၍ ကျွန်တော်တို့ လုံခြုံရေးလုပ်၊ ရဟတ်ယာဉ်ကွင်း ဖောက်ခဲ့ရသည်။ ပူပြင်းသော နွေခေါင်ခေါင် လယ်ကွင်းထဲတွင် ရဟတ်ယာဉ်ကွင်းနှစ်ကွင်းကို သုံးရက်အတွင်း အပြီး ဖောက်ခဲ့ရသည်။ လယ်ကွင်းရိုးပြတ်များကို မီးမရှို့ရဘဲ ပေါက်ပြားဖြင့် ညီအောင်ဖောက်လုပ်ခဲ့ရသဖြင့် နွေ၏အရသာကို ပို၍ခံစားကြရသည်။

ကွန်ပလိုင်းရွာသည် မြန်မာ့တော်လှန်ရေးသမိုင်းတွင် ထင်ရှားသော သမိုင်းမှတ်တိုင်ရှိခဲ့သည်။ ၁၉၄၅ ခုနှစ် မတ်လ ၂၇ ရက်နေ့တွင် မြန်မာက ဂျပန်ကို စတင်တော်လှန်ခဲ့သည်။ ထိုရက်တွင် မြန်မာ့တော်လှန်ရေးစစ်ခေါင်းဆောင်နှင့် နိုင်ငံရေးခေါင်းဆောင်များ နယ်မြေအသီးသီးခွဲကာ ဂျပန်ကို တစ်နေ့တည်း၊ တစ်ချိန်တည်း စတင်တိုက်ခိုက် တော်လှန်ခဲ့သည်။ ထိုနေ့တွင် ဒေးဒရဲမြို့နယ် ကွန်ပလိုင်းရွာ၌ နိုင်ငံရေးခေါင်းဆောင် သခင်စိုးကြီးနှင့် စစ်ရေးခေါင်းဆောင် ဗိုလ်ချုပ်နေဝင်းတို့ ဂျပန်ကို ပြည်သူလူထုနှင့် ပူးပေါင်းကာ စတင်တိုက်ခိုက်ခဲ့ကြ၍ ဂျပန်တို့ အတုန်းအရုန်း ကျဆုံးခဲ့ကြသည်။ ဒီမြင်ကွင်း၊ ဒီအဖြစ်အပျက်တွေကို နှစ်ပေါင်း ၄၀ ကျော်သော်လည်း မမေ့နိုင်သော လွတ်လပ်ရေးကြိုးပမ်းခဲ့မှု၊ တစ်ချိန်က စွန့်စားခဲ့မှုများအတွက် ပြန်ပြောင်းသတိရငယ်မှုပြန်ရန် ဗိုလ်ချုပ်ကြီးနေဝင်းက ကွန်ပလိုင်းရွာသို့ လာရောက်ခြင်း



ရွှေဟောင်းသုတေသန
စာကြည့်တိုက်
တိုက်ပိုင်အမှတ်.......

ဖြစ်သည်။ ကျွန်တော်တို့ ငယ်ရွယ်သူများပင် ဂျပန်တော်လှန်ရေး အရသာကို ကွန်ပလိုင်းရွာတွင် တွေ့မြင်ခံစားလိုက်ရသည်။ မြင်းမူမောင်နိုင်မိုးနှင့် ကျွန်တော် တော်လှန်ရေး စစ်မြေပြင်တွင် တစ်ချိန်က ဆုံခဲ့သည်ကို မမေ့နိုင်သေးပါ။

ခုတော့ မြင်းမူမြို့သည် ထီဆိုင်လုပ်ငန်း အောင်မြင်ပြီး "မြင်းမူမြို့ရဲ့ထီဘုရင် မြတံခွန်နဲ့ အောင်သန်းဆု" ထီဆိုင်ကြီးများ တစ်နိုင်ငံလုံးပျံ့နှံ့ ထွန်းကားနေ၍ မြင်းမူမြို့သည်လည်း ပို၍ထင်ရှား ကျော်ကြားနေပြီဖြစ်သည်။

မြင်းမူမြို့နှင့် ချောင်းဦးမြို့သည် နာရီဝက်ခရီးသာ သွားရပါသည်။ ကတ္တရာလမ်းမကြီးသည် အဖုအထစ် ချိုင့်ခွက်မရှိ၊ ဖြောင့်ဖြူးနေခြင်းကြောင့်လည်း ကားစီးရသောခရီး သက်သာပါသည်။ ဘေးဘယ်ညာတွင် စိမ်းလန်းသော သစ်ပင်ကြီးငယ်တို့ တစ်ခွင်တစ်ပြင်လုံး မြင်နေရသည်။ "လွန်ခဲ့တဲ့ နှစ်နှစ်သုံးနှစ်က ဒီလိုအပင်တွေ သိပ်မရှိသေးဘူး၊ ခုမှ အပင်တွေ အားကောင်းလာလို့ ရာသီဥတုလဲ ပြောင်းလဲလာတာ" ဟု ဘေးမှ မုံရွာသားတစ်ဦးက ဆိုသည်။ ဒါကြောင့် "ဥတုရာသီ တောကိုမှီ၏" ဆိုသောစကား မှတ်သားလောက်ပါသည်။ သစ်ပင်ခုတ်လျှင် ထောင်ဒဏ်သုံးနှစ်ဆိုသော စာတန်းများနှင့် ထောင်ဒဏ်တိုးလျှင် သစ်ပင်ပိုတိုးလာမလားဟု တွေးမိပြန်သည်။ လူများ၏ဘဝသာယာရေး၊ ချမ်းသာကြွယ်ဝရေး၊ ကျန်းမာရေးတို့သည် မိမိနေထိုင်ရာပတ်ဝန်းကျင် မြေပြင် ရာသီဥတုနှင့် အသိပညာတို့ အပြန်အလှန်ဆက်စပ်နေကြောင်း များများသိဖို့ များများပြောရန်လိုကြောင်း တွေးမိပြန်ပါသည်။

ချောင်းဦးမြို့မဝင်မီ လမ်းဆုံမှတ်တိုင်ကြီးတစ်ခု တွေ့ရသည်။ ရေစကြို၊ ပခုက္ကူ၊ ကျွန်းချောင်းမြို့များသို့ သွားရာလမ်းခွဲဖြစ်သည်။

ချင်းတွင်းမြစ် အနောက်ဘက်ကမ်းကို ရေမစို၊ သင်္ဘောမစီးဘဲ အချိန်တိုအတွင်း သွားနိုင်သော မကွေးတိုင်း ထီးလင်း၊ ဂန့်ဂေါမြို့များသို့ သွားရာလမ်းခွဲကို ဖြတ်ခဲ့သည်။ ဤလမ်းခွဲမှ မကြာမီက ဖွင့်လှစ်ခဲ့သော ဆင်ဖြူရှင်တံတားကြီးကိုဖြတ်၍ မကွေးတိုင်း၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်များသို့ သွားရောက်နိုင်ပေသည်။ ဆင်ဖြူရှင်တံတားကြီးသည် အထက်မြန်မာပြည် ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်တို့မှ ချင်းတွင်းမြစ်ကိုဖြတ်၍ မကွေးတိုင်း၊ ချင်းပြည်နယ်တို့ကို အချိန်တိုအတွင်း သွေးချင်းတို့ ပေါင်းဆုံကြရန် ဥဒဟိုသွားရောက် နိုင်ကြပြီ။ မကြာမီ ချောက်မြို့မှ ဧရာဝတီမြစ်ကူးတံတားကြီး ပြီးစီးပါက အင်းဝတံတားကိုသာ အားထားနေရသော ဘဝမှ ပြည်သူတွေ လွတ်မြောက်ကြတော့မည်။

## သဘောအေးလှတဲ့မောင်မုဒြေ

ချောင်းဦးနှင့် မုံရွာသည်လည်း နာရီဝက်ခရီးသာကြာသည်။ မုံရွာသို့မဝင်မီ ဗောဓိတစ်ထောင်ဘုရားများ တည်ရှိရာ တောင်ကြောကြီးကို အဝေးကပင် လှမ်းမြင်နေရပြီ။ မုံရွာသည် နွေရာသီတွင် မြန်မာပြည်၌ အပူဆုံးမြို့ တစ်မြို့အဖြစ် ထင်ရှားသည်။ အပူချိန် ၁၀၈ ဒီဂရီ စင်တီဂရိတ်မှ ၁၁၁ ဒီဂရီ စင်တီဂရိတ်အထိ ရှိခဲ့ဖူးသည်။ သဲကွင်းကြီးများပတ်လည်တွင် ပူပြင်းခြောက်ကပ်ခဲ့သော မုံရွာမြို့မှာ ယခုတော့ အိုအေစစ်ကမ်းခြေသို့ ခြေလှမ်း ပြင်နေပြီ။ ကျွန်တော်တို့ရောက်သွားချိန်က ဆောင်းရာသီဖြစ်၍ အနွေးထည်များကို မချွတ်နိုင်ပါ။ မုံရွာဆောင်း သည် အေးပြီဆိုလျှင်လည်း လွန်ကဲလှသည်။ ယခုနှစ်အအေးဒီဂရီသည် လားရှိုးနှင့် ပြင်ဦးလွင်တွင် သုည ဒီဂရီ စင်တီဂရိတ်



အထိ ဖြစ်သွားသည်။ မုံရွာတွင် ၈ ဒီဂရီ စင်တီဂရိတ်ရှိ၍ အအေးလွန်ကဲနေသည်ဟု ဆိုရမည်။ ၁၉၉၉ ခုနှစ်မှ ၂၀၀၀ ပြည့်နှစ်အကူးတွင် မြန်မာတစ်နိုင်ငံလုံး အအေးစံချိန် ထူးခြားခဲ့သည်။ တရုတ်ပြည်မှ ဝင်ရောက်လာသော အနွေးထည်နှင့် စောင်များ အံ့မခန်း အရောင်းသွက်လှကြောင်း ကြားသိရသည်။ အနွေးအကျႌဝတ်ရန် သိပ်မလိုလှသော ရန်ကုန်၌ပင် အနွေးထည်ဝတ်ကြရသည်။

သလ္လာဝတီမြို့တော်ဟုခေါ်သည့် မုံရွာမြို့မဝင်မီ ကြီးမားသော မုခ်ဦးကြီးတွင် ရွှေစာလုံးဖြင့် **“အနောက် မြောက်တိုင်းမြို့တော်”** ဟူသော စာတန်းသည်ထည်ဝါလွန်းလှသည်။ မုံရွာမြို့သည် ပေါ့သေးသေး မဟုတ်ကြောင်း ပြဆိုနေသည်။ **“မုံရွာမြို့သို့ရောက်လျှင် သမိုင်းဝင်ကျောက်ကာ ရွှေဂူနီဘုရားဖူးပြီး ထန်းဇလုပ် ရေတံခွန်၌ အပန်းဖြေပါ”** ဆိုသော မုံရွာမြို့အဝင် ဆွဲဆောင်ကမ်းလင့်မှု ဆိုင်းဘုတ်ကလည်း ကုသိုလ်နှစ်မျိုးရမည်ဟု ထင်မိပါသည်။ မြို့မဝင်မီ ညာဘက်ခြမ်းတွင် **“မိုးညှင်းသမ္ဗုဒ္ဓေဘုရားသို့”** ဟူသော ဆိုင်းဘုတ်ကို မြားဖြင့်ပြထားသည်ကို တွေ့ရသည်။ သမ္ဗုဒ္ဓေဂါထာကို ခရီးသွားတိုင်း အကြိမ်ပေါင်းများစွာ ရွတ်ဆိုခဲ့၍ မိုးညှင်းသမ္ဗုဒ္ဓေဘုရား သည် ကျွန်တော်နှင့် မစိမ်းပါ။ မုံရွာတွင်နေစဉ် ဘုရားများဖူးရန် အစီအစဉ်သည် ခရီးသွားခြင်းရည်ရွယ်ချက်တွင် နံပါတ် (၁) ဖြစ်ပါသည်။

မုံရွာတွင် ကျွန်တော်တို့အဖွဲ့ တစ်ညအိပ်သည်။ ကျွန်တော်တို့အား သွားလာစားသောက် နေထိုင်မှု အစစ တာဝန်ယူသူမှာ ကျွန်တော်နှင့် ဗိုလ်သင်တန်းဆင်းဘက် ဗိုလ်ကြီးမျိုးနိုင် ဖြစ်သည်။ ကံအကြောင်းမလှစွာ လွန်ခဲ့သော ဆယ်နှစ်ကျော်ခန့်က ကရင်ပြည်နယ် စစ်ဆင်ရေးတွင် လက်တစ်ဖက် သေနတ်မှန် ဒဏ်ရာရသွား၍ တပ်မတော်မှ အငြိမ်းစားယူကာ ယခု ပြည်တွင်းရေကြောင်းပို့ဆောင်ရေးတွင် မန်နေဂျာ

ဖြစ်နေပါသည်။ လူ့ဘဝ၏ ကံကြမ္မာသည် ဆန်းကြယ်လှသည်။ သူ ဒဏ်ရာမရမီ တစ်ရက်တွင် ဗိုလ်ကြီးသက်တမ်းကာလ ကြာမြင့်ပြီး စစ်ပမ်းသူများကို အနားပေးရာလည်းကျ၊ တစ်နည်းအားဖြင့် ဦးစီး အရာရှိဘဝ ရုံးထိုင်ရန် ပြောင်းမိန့် ထွက်သည်။ နောက်တန်းပြန်ရန် စိတ်ကူးဖြင့် မြူးပျော်နေစဉ် တိုက်ပွဲ၌ ဒဏ်ရာရသွားသည်။ ထိုဒဏ်ရာဖြင့် သူ၏ အနာဂတ်ဘဝခရီး ပြောင်းလဲသွားသည်။ ဒဏ်ရာသာမရခဲ့ပါက သူ၏ကံကြမ္မာသည် သည်နေ့အချိန်တွင် ဗိုလ်မှူးကြီး ရာထူးအဆင့်သို့ ရောက်ရှိနေသော သူငယ်ချင်းများနှင့်အတူ တာဝန်ထမ်းဆောင်ကောင်း ထမ်းဆောင် ရပေလိမ့်မည်။

ကျောက်ကူရွာ
ရွှေဂူနီ
မြတ်စွာဘုရား



သို့သော် သေကံမရောက် သက်မပျောက်တာပဲ ကံကောင်းလှသည်ဟု အားပေးရပြန်သည်။ ဗိုလ်သင်တန်း ကျောင်းဆင်းဘက် အရာရှိ ၁၈၆ ဦးအနက် ၂၀ ခန့် ကျဆုံး/ကွယ်လွန်၊ ၂၀ ခန့် တပ်မှနုတ်ထွက်/ ပင်စင်သွားကြပြီး ၂၀ ခန့် အရပ်ဘက် အရာရှိများအဖြစ် တာဝန်ထမ်းဆောင်နေကြသဖြင့် နှစ် ၂၀ ခရီးတွင် ဘဝချင်း မတူသော ဗိုလ်သင်တန်းဆင်းဘက် အရာရှိများ၏ ကံကြမ္မာသည် သေဆုံး၍ မြေမြှုပ်သင်္ဂြိုဟ်သောနေ့ကျမှသာ မလွဲမရှောင်သာ တူညီကြမည် ဖြစ်ကြောင်းတွေး၍ သံဝေဂရမိပါသည်။

မုံရွာမြို့မှ ခုနစ်မိုင်ခန့်အကွာ ကျောက်ကာရွာရှိ ရွှေဂူနီ မြတ်စွာဘုရားကို ဖူးရသည်။ မုံရွာမှအထွက်တွင် မုံရွာကောလိပ်ကိုဖြတ်ရသည်။ တမာပင်များ လမ်းတစ်လျှောက် နှစ်မိုင်ခန့် နေပြောက်မထိုးအောင် စီတန်းစိုက် ထားခဲ့သော ဘိုးဘွားများကို ကျေးဇူးတင်ရမည်။ နှစ်ပေါင်းသုံး လေးဆယ်ခန့်ရှိသော ဤအပင်များသာ မရှိပါက မုံရွာကောလိပ်သည် ခြောက်သွေ့သော လမ်းမကြီးဖြစ်နေပေလိမ့်မည်။ ခုတော့ တမာတန်းက ပြန်ခဲ့ပါဟု ဆိုရမည့် လွမ်းမောဖွယ်ဇာတ်လမ်းတို့သည် တမာပင်များကို သက်သေထားကြပေလိမ့်မည်။ ရွှေဂူနီ မြတ်စွာဘုရားသည် သမိုင်းဝင် ရှေးဘုရားကြီးဖြစ်သည်။ ဖူးမြော်ပူဇော်သူတို့ သဒ္ဓါထက်သန်လွန်းကြ၍ ရွှေသင်္ကန်းများက ဆင်းတုတော်တစ်ခုလုံး ပြည့်ဖောင်းနေပြီး မျက်နှာတော်နှင့် ရင်ဘတ်တော်တို့ပင် မူလရုပ် အနေအထား ပျက်နေပြီ။ မြန်မာတို့၏ သဒ္ဓါထက်သန်မှုနှင့် ကိုးကွယ်အားထား ယုံကြည်မှုသည် မျိုးရိုးစဉ်ဆက် ဘာသာတရား အမွေကို ထိန်းသိမ်း ဆက်ခံနေခြင်းဖြစ်ကြောင်း တွေ့ရှိရပေသည်။

ကျောက်ကာရွှေဂူနီဘုရားကြီးမှ မိုးညှင်းသမ္ဗုဒ္ဓေကိုဖြတ်၍ ဗောဓိပင်တစ်ထောင်စိုက်ပြီး ရုပ်ပွားတော် တစ်ထောင် ပူဇော်ထားသော

ဗောဓိတစ်ထောင်ဘုရား တောင်သို့ အရင်သွားသည်။ သဲချောင်းများ၊ သဲတောင်ကုန်း များ၌ ကျိုးတိုးကျဲတဲပေါက်နေသော ထနောင်းနှင့် ဆီးပင်များကွင်းပြင်ကိုဖြတ်သွားရသည်။ အပူပိုင်းဒေသကြိုက် ဆူးပင်၊ ထနောင်းပင်များ ပေါက်လွယ်သော်လည်း ရေဝေးပါက စားပင်သီးနှံ အရိပ်ရပင်များ ရှင်ခဲလှသည်။ ခုတော့ ဒေသဆိုင်ရာ အဖွဲ့အစည်းတို့မှ စီမံချက်ချ၍ စိုက်ပျိုးနေကြောင်း လမ်းဘေးဝဲယာများတွင် ဆိုင်းဘုတ်နှင့် မှတ်တိုင်များက သက်သေပြနေပြီ။ “ရေလိုလျှင် ရေချူပေးရသည်၊ ငွေလိုလျှင် ငွေချူပေးရမည်၊ အေးချမ်းလိုလျှင် အပင် များများစိုက်ပေး ရမည်” ဆိုသော ခေတ်ဗန်းစကားအဆိုကို အလေးထား ဆောင်ရွက် နေကြပြီ။

မိုးညှင်းသမ္ဗုဒ္ဓေဘုရားသို့ ၂၅ မိနစ်သာ ကားမောင်းရသည်။ အကွေ့အပတ်များသော အတက်အဆင်း ကတ္တရာလမ်းဖြစ်သည်။ လျောင်းတော်မူ ရုပ်ပွားတော်ကြီးကို အဝေးကပင် ဖူးမြော်ရသည်။ ဗောဓိတစ်ထောင် နယ်မြေအတွင်း ဗုဒ္ဓဘာသာ သာသနာ့ အမွေအနှစ်များဖြစ်သော ရုပ်ပွားတော်များ၊ ဓမ္မာရုံများ၊ စေတီများ လှကျည်းသိုးမလွဲ အံ့ဩဖွယ်ရာ ဆောင်ရွက်ထားသည်မှာ သာသနာပြုပုဂ္ဂိုလ် ဗောဓိတစ်ထောင်ဆရာတော်၏ ပဋ္ဌာန်းဆက်နှင့် ကုသိုလ်ထူး ဖြစ်ပါသည်။ လျောင်းတော်မူဘုရားကြီးသည် တောင်ထိပ်တွင် ယခုထိ မြန်မာပြည်၌အကြီးဆုံး လျောင်းတော်မူဖြစ်ပြီး ပတ်ဝန်းကျင်တစ်ခွင် လုံးကို ငြိမ်းချမ်းခြင်းအရိပ်ပေးလျက်ရှိလေသည်။ ရုပ်ပွားတော်ကြီး ထဲတွင် ဘုရားဖြစ်စဉ် ဗုဒ္ဓဝင်နံရံချီကားများ လေ့လာခွင့်ရသည်။ ဗောဓိတစ်ထောင်ဆရာတော် ကို ကြုံတောင့်ကြုံခဲ ဖူးတွေ့ရသည်။ ဆရာတော်၏ ဓာတ်လုံးချီးမြှင့်မှုကို ဘုရားဖူးတို့ တိုးဝှေ့တောင်းခံနေကြပုံ မှာလည်း ဆရာတော်၏ အစွမ်းသတ္တိတစ်မျိုးဟု ဆိုရမည်ပင်။





ဗုဒ္ဓဝင်ဖြစ်စဉ်များကိန်းအောင်းရာ လျောင်းတော်မူဘုရား

ဗောဓိတစ်ထောင်ဘုရားမှအပြန် မိုးညှင်းသမ္ဗုဒ္ဓေ ဘုရားများ ကို ဖူးမြော်ရသည်။ သမ္ဗုဒ္ဓေဂါထာကို အကြိမ်တစ်ထောင် ရွတ်ဆိုပါက သေဘေးမှ လွတ်မြောက်သည်ဟု ကိုယ်တွေ့ကြုံသူတို့က ရေးသားပြော ဆိုကြ သော်လည်း ကျွန်တော် ယုံကြည်နေသော သမ္ဗုဒ္ဓေဂါထာ၏ အနက်အဓိပ္ပာယ်များကို ယခုဘုရားသို့ ရောက်မှပင် သိရှိခွင့်ရသည်။ ဘုရားကြီး၏ မျက်နှာစာလေးဘက်လေးတန်တွင် သမ္ဗုဒ္ဓေဂါထာ၏ ဖွင့်ဆိုပုံ အနက်များကို တစ်မျိုးတစ်ဘာသာစီ ဖော်ပြထားသည်။ မိုးညှင်းဆရာတော်ကြီးသည်လည်း အံ့မခန်း ထူးခြားသော သာသနာပြု ပုဂ္ဂိုလ်ဖြစ်သည်။ စေတီကြီး၏ လိုဏ်ဂူအတွင်း မြတ်စွာဘုရား ရုပ်ပွားတော်ပေါင်း မြ၊ ရွှေ၊ ငွေ၊ စိန်သီးဆောင်း (၅၄၂၃၆၃) ဆူရှိကြောင်း မျက်မြင်ကိုယ်တွေ့ ဖူးမြော်ရသည်။ မြန်မာပြည်ရှိ ထူးခြားထင်ရှားသော စေတီပုထိုးများ အနက် သမ္ဗုဒ္ဓေဘုရားကြီးကို ရောက်ရှိဖူးမြော်ကြရန် ကြိုးပမ်းသင့်ကြပေသည်။

လွန်ခဲ့သော ဆယ်နှစ်ကျော်က ရှမ်းပြည်နယ် အရှေ့ပိုင်း မိုင်းယန်းဒေသမှအပြန် ကျိုင်းတုံမှ ဟဲဟိုးသို့လေယာဉ်စီး၍ပြန်ခဲ့သည်။ ထိုအချိန်က ဗကပအင်အားသည် မြန်မာပြည် ကွန်မြူနစ်ဝါဒ ရပ်တည်နိုင်ရေး လုံးပမ်းချိန်မို့ နယ်စပ်ဒေသမှ မသိနားမလည်သော

လူလားမမြောက်သေးသည့် တိုင်းရင်းသားများကိုပါ သိမ်းသွင်းကာ တိုက်ပွဲဝင်နေချိန်ဖြစ်သည်။ အလူးအလဲ တိုက်ခိုက်ခဲ့ရသည်။ မသေလို့ ပြန်လာသောခရီးတွင် ယာဉ်တန်းဖြင့် မပြန်ရဘဲ လေယာဉ်စီးခွင့်ရ၍ ပျော်ခဲ့သည်။

သို့သော် ဟဲဟိုးလေဆိပ်ဆင်းခါနီး မြူတိမ်များဖုံးကာ ကွင်းပျောက်နေသဖြင့် နာရီဝက်ခန့် လေထဲတွင် ပျံသန်းကာ ကွင်းရှာသောအဖြစ်နှင့် ကြုံရသည်။ ဟဲဟိုးတွင် လေယာဉ်ဆီထည့်ရမည်ကို သိသဖြင့် ဆီလက်ကျန်သည် ရန်ကုန်၊ မန္တလေးကွင်းများသို့ ပြန်လှည့်ရန် မလောက်တော့။ လေယာဉ်ပေါ်တွင် ငိုကြ၊ အော်ကြသော မြင်ကွင်းကို ယနေ့တိုင် မြင်ယောင်နေသေးသည်။ သမ္ဗုဒ္ဓေဂါထာကို မရေမတွက်နိုင်အောင်ရွတ်ရင်း ငါတော့ တိုက်ပွဲမှာ မသေဘဲ လေယာဉ်ပျက်လို့ သေရတော့မယ်ဟု ဆော်က်တည်ရာမဲ့ရ ဖြစ်ခဲ့ရသည်။ လေယာဉ်မှူးသည် မြေပြင်ကို တစ်ကွက်မြင်ရသည်ဆိုကာ ထိုးဆင်းချိန်တွင် ဟဲဟိုးတောင်ထိပ်ရှိ သစ်ပင်ကိုင်းထိပ်ဖျားနှင့် လေယာဉ် ဝမ်းဗိုက် ထိရိုက်သံ ကြားလိုက်ရသည်။ ကံကောင်းလေစွ။ မြေပြင်သို့ ရောက်သည်အထိ သမ္ဗုဒ္ဓေဂါထာရွတ်၍ မပြီးခဲ့ပါ။

မုံရွာမြို့ပြင် ဘုရားများဖူးပြီး မြို့တွင်းရှိ ရွှေစည်းခုံဘုရား၊ ဆုတောင်းပြည့်ဘုရားများကို ညပိုင်း၌ အေးဆေးစွာ ဖူးရပြန်သည်။ မုံရွာမြို့၏ စီးပွားရေးနှင့် လူမှုရေးအဆင့်ကို ဤခရီးက ကျွန်တော်တို့ကို အမြင်များ ပြောင်းလဲပေးလိုက်သည်။ အထက်မြန်မာပြည်တွင် မန္တလေးမြို့ပြီးလျှင် မုံရွာဟု ဆိုရမည့် စည်ကားသော မြို့တစ်မြို့ ဖြစ်ကြောင်းနှင့် ချင်းတွင်းမြစ်ကြောင်း၏ ခရီးစဉ်အစသည် ဤနေရာမှဖြစ်ကြောင်း ကိုယ်တိုင်ရောက်ရှိ ခံစားရပေတော့သည်။

# သဂြိုလ်ဝတ်နှင့်ဆုံစည်းခြင်း

## ဆုံခဲ့ရပါပြီ သဂြိုလ်ဝတ်

“ပြည်တွင်းမှာပဲဖြစ်ဖြစ်၊ ပြည်ပမှာပဲဖြစ်ဖြစ် ဘယ်သွားသွား ဘုရားဖူးလှည့်တာလို့ အောက်မေ့ရင် ကုသိုလ်ရနေတာပဲ” ဟုဆိုသော ဆရာကြီး သခင်ကိုယ်တော်မှိုင်း၏ စာဆိုစကားကို မှတ်သားဖူးသည်။ ကုသိုလ်ရတာတော့ အမှန်ပင်ဖြစ်သည်။ မုံရွာမြို့မရောက်မီ မန္တလေးမှ ကားစထွက်သည်နှင့် တောင်ကုန်း၊ မြေပြန့် တစ်လျှောက် ရွှေရောင် ငွေရောင်တဝင်းဝင်း၊ ထုံးတဖွေးဖွေးနှင့် မြင်ကွင်းထဲမှ ပြေးမလွတ် အောင် ဘုရားမျိုးစုံ ဖူးမြော်ခဲ့ရသည်။

ညမအိပ်မီအထိ မုံရွာမြို့တွင်း ဘုရားများ ဖူးရခြင်းကြောင့် မွေးကျေးရှုရှင်အမိအဖနှင့် ကျေးဇူးပြုဖူးသူ ဆရာသမား၊ ညီအစ်ကို မောင်ဘွား မိသားစုများအတွက် ကုသိုလ်ယူ မေတ္တာပို့ခဲ့သည်။ မိရိုးဖလာဖြစ်သော်လည်း ဗုဒ္ဓဘာသာတစ်ယောက်ဖြစ်ရခြင်း၏

အနှစ်သာရများကို လေ့လာဖတ်ရှု မှတ်သားရင်း ဘုရားဖူးရခြင်းက ကုသိုလ်ထူးနေသည်။

မုံရွာမြို့ကိုကမ်းနားလမ်းတာပေါင်ကြီးက ကာကွယ်ထားသည်။ နွေအခါ တာပေါင်သည် ချင်းတွင်းမြစ်ရေနှင့် ပေတစ်ရာခန့် အမြင့်ကွာခြားသော်လည်း မိုးတွင်းမြစ်ရေတိုးပါက တာကျိုးမှာ စိုးရိမ်ရပြန်သည်။ အချို့သော ကမ်းနားဘက်ခြမ်း တာပေါင်များ ရေတိုက်စား၍ ပြိုကျပျက်စီးနေသည်မှာ မိုးတွင်းဆိုလျှင် အန္တရာယ်များကြောင်း တွေ့မြင်ရသည်။ တာပေါင်ပေါ်မှကြည့်လျှင် အရှေ့ဘက်၌ မုံရွာမြို့ကို အနိမ့်ပိုင်း၌ တွေ့မြင်ရသည်။ ချင်းတွင်းမြစ် ရေသည် တာပေါင်အောက်တွင် ဇောက်ထိုးဆင်း၍ တသွင်သွင် စီးဆင်းနေသည်။ ကြည်စိမ်းသော ရေပြင်သည် ဆောင်း၏သရုပ်ကို ဖော်ကျူးရင်း ရေခိုးများဝေ့ပျံတက်၍ ကောင်းကင်မှ မြူမှုန်များ ဖွဲ့ဖွဲ့ကျဆဲ ရှိနေသေးသည်။

မုံရွာဆိပ်ကမ်းသည် ကလေးဝ၊ ဟုမ္မလင်း၊ ခန္တီးမြို့များသို့ အဓိက ကုန်ပို့ရာဖြစ်၍ ကမ်းနားဆိပ်ကမ်းတွင် ကုန်မျိုးစုံ စုပုံနေသည်။ တစ်ချိန်က အိန္ဒိယနယ်စပ်ကုန်များ တမူးမှတစ်ဆင့် ကားလမ်း၊ ကလေးဝမှ ရေလမ်းဖြင့် ကုလားကုန်များသယ်ဆောင်ကြစဉ်က မုံရွာဆိပ်ကမ်းနှင့် ရေယာဉ်များပေါ်တွင် ခြေချစရာနေရာမရှိအောင် ပြည့်ကြပ်စည်ကားခဲ့ကြောင်း သိရသည်။ မုံရွာသည် တံခါးပေါက်ပမာ ဖြစ်ခဲ့သေးသည်။

နံနက် ၇ နာရီထိုးရန် ၁၀ မိနစ် လိုသေးသည်။ ကျွန်တော်တို့ အဖွဲ့မှာ လူစုံပြီ။ ခရီးသည်များ လက်မှတ်ဝယ်ယူခြင်း ရှိမရှိ ရေကြောင်းမန်နေဂျာက ရေယာဉ်ပေါ်တွင် လိုက်လံ စစ်ဆေးနေသည်။ ထွက်ခွာမည့် "သလ္လာဝတီ (၁)" အမည်ရှိ ရေယာဉ်ပေါ်တွင် ခရီးသည်အပြည့်၊ ကုန်အပြည့်ပါသည်။ ခရီးသည် ၃၅၀ ဦး တင်ဆောင်နိုင်ပြီး ကုန်တန်ချိန်



၆၀ ခွင့်ပြုနိုင်သော ရေယာဉ်ပေါ်တွင် ကုန်ပြည့်၊ လူပြည့်မို့ ရေစူးသုံးပေရှိနေပြီ။



## သလ္လာဝတီနှင့်ဆုံစည်းခြင်း

သလ္လာဝတီအမည်ရှိ သင်္ဘောများသည် ရေတိမ်သွားရေယာဉ်များအဖြစ် မြန်မာ့သင်္ဘောကျင်းက ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။ မြန်မာအင်ဂျင်နီယာများအစွမ်းဖြင့် ၁၉၉၆ ခုနှစ်က စတင်ဆောက်လုပ်ခဲ့ရာ ၁၉၉၇ ခုနှစ်တွင် ပြီးစီး၍ ချင်းတွင်းမြစ်ကြောင်းတွင် အမြန်သင်္ဘောအဖြစ် ပြေးဆွဲနေသည်။ တစ်နာရီ ရေမိုင် ရှစ်မိုင်မှ ၁၂ မိုင်အထိ မောင်းနိုင်သည်။ သို့သော် နွေရာသီတွင် မုံရွာမှ ကလေးဝအထိသာ ပြေးဆွဲနိုင်သည်။ ဆောင်းရာသီ ရေနည်းချိန်တွင် မုံရွာမှ ဟုမ္မလင်းအထိ ပြေးဆွဲနိုင်သည်။ မိုးတွင်းမြစ်ရေတိုး ရေများချိန်တွင် မုံရွာမှ ခန္တီးအထိ မိုင်ပေါင်း ၄၅၄ မိုင်ကို အသွားအပြန် ကိုးရက်ဖြင့် ခုတ်မောင်းပြေးဆွဲကြောင်း သိရသည်။ လေအေးပေးစက်များပါရှိပြီး

အဆင့်အတန်းမီ သလ္လာဝတီ ရေယာဉ်အမျိုးအစားသည် ချင်းတွင်းမြစ်ရေပြင်တွင်ငါးစီး လည်ပတ်ပြေးဆွဲနေကြောင်း သိရသည်။

ကျွန်တော်တို့ လိုက်ပါစီးနင်းသည့် သလ္လာဝတီ (၁) ရေယာဉ် မုံရွာဆိပ်ကမ်းမှ မနက် ၇ နာရီတိတိတွင် စတင်ထွက်ခွာသည်။ အရှေ့ဘက်မှ နေမင်းသည် ဆောင်းနှင်းမြူများကို ဖောက်ထွင်း၍ မြောက်ဘက်သို့ ဦးတည်ခုတ်မောင်းမည့် ရေယာဉ်ကို လမ်းရှင်းပေးလိုက်သည်။ ရေယာဉ်ဦးလှည့်သွားရာ အရှေ့ဘက်ကမ်းကို လှမ်းမျှော်ကြည့်ရာ ညောင်ပင်ကြီးရွာကို တွေ့ရသည်။ ညောင်ပင်ကြီးရွာသည် ဆားလင်းကြီးမြို့နယ်ပိုင်ဖြစ်ပြီး မုံရွာ တစ်ဖက်ကမ်းတွင် တည်ရှိသည်။ ချင်းတွင်းမြစ်ကို စက်လှေဖြင့် ဖြတ်ကူးကြသည်။ ကားများကို ဇက်ကူးတို့ဖြင့် ကူးကြသည်။ ညောင်ပင်ကြီးရွာကို လက်ပခေါင်းတောင်က စိုးမိုးထားသယောင် မြင်နေရသည်။ ညောင်ပင်ကြီး ရွာမှ ယင်းမာပင်သို့ ကားလမ်းရှိသည်။ ယင်းမာပင်လမ်းခွဲဟု နာမည်ကြီးခဲ့သော ကားလမ်းသည် ယခင်ကပင် အောက်သို့စုန်မောင်းလျှင် ဆားလင်းကြီး၊ ပုလဲ၊ ရေစကြိုနှင့် ပခုက္ကူမြို့များသို့ရောက်သည်။ ကားလမ်းခရီး မချောသေးသော်လည်း ပခုက္ကူအထိ လေးနာရီခန့်ကြာသည်ဟု သိရသည်။ ယင်းမာပင်လမ်းခွဲမှပင် အနောက်တည့်တည့်သွားလျှင် သစ်ထုတ်လုပ်ရေး ကားလမ်းအတိုင်း အလောင်းတော်ကဿပဂူသို့ရောက်သည်။ အလောင်းတော်ကဿပဘုရားများ တည်ရှိရာကို သွားလိုစိတ်သည် ယခုတိုင် အကောင်အထည်မပေါ်သေးပါ။ ခက်ခဲသော တောလမ်းသည် တစ်ချိန်ကျလျှင် ဥဒဟိုသွားလာနိုင်သောလမ်းကြီး ဖြစ်လာနိုင်လိမ့်မည်။ အကြောင်း မှာ မြင်းမူနှင့် ချောင်းဦးမှလာသော ကားလမ်းသည် ချင်းတွင်းမြစ်ကူး ဆင်ဖြူရှင်တံတားကြီးကိုဖြတ်ကာ မအူ (အလယ်) ရွာမှတစ်ဆင့် ဆားလင်းကြီး၊ ယင်းမာပင်သို့ အချိန်တိုအတွင်း ရောက်



ရှိနေပြီဖြစ်သောကြောင့်တည်း။

ယင်းမာပင်လမ်းခွဲမှပင် ဂန့်ဂေါမြို့၊ ထိုမှ ချင်းပြည်နယ် မတူပီ၊ ဟားခါးမြို့များသို့သွား၍ရသလို ဆင်ဖြူရှင် တံတားကြီးကိုဖြတ်၍ မကွေးတိုင်း ရေစကြို၊ ပခုက္ကူတို့မှ မြိုင်၊ ထီးလင်း၊ ဂန့်ဂေါနှင့် ချင်းပြည်နယ်ကို သွားရောက် နိုင်ပြန်သည်။

ခုတော့ မုံရွာတစ်ဖက်ကမ်းသည် ညောင်ပင်ကြီးရွာမှ အသွားအလာနည်းပြီး ဆင်ဖြူရှင်တံတားကြီးကို အားကိုးသွားလာနေကြပြီ။ မြေရှိလျှင် လမ်းဖောက်၊ ရေရှိလျှင် တံတားဆောက်သောကာလတွင် မြန်မာပြည်မြေပုံသည် တို၍ ကျဉ်းမြောင်းသွားသလို၊ ကျယ်ဝန်း၍ ရှည်လျားသွားပြီဆိုသော အဓိပ္ပာယ်နှစ်မျိုး ထွက်နေပေတော့သည်။

ညောင်ပင်ကြီးရွာမှ ကားလမ်းအတိုင်း အထက်ဆန်လျှင် ကြေးနီထွက်သော ကြေးစင်တောင်ဟုခေါ်သော ကြေးနီတောင်သို့ ရောက်သည်။ မုံရွာဆိပ်ကမ်းမှ မိနစ် ၂၀ သဘော်ခရီးတွင် မြစ်ဘယ်ဘက်၌ ကျောက်ပျက်တောင်ရှိသည်။ ကျောက်မျက်တောင်ထိပ်တွင် ဘုရားတစ်ဆူသည် ငွေရောင်ဝင်း၍ ပတ်ဝန်းကျင်ကို စိုးမိုးထားသည်။ ကျောက်မျက်တောင်ခြေ ဆိပ်ကမ်းတွင် ကွန်ကရိတံတားကြီးတစ်ခုရှိရာ ကြေးနီစက်ရုံမှ ကြေးနီပြားများ ရေလမ်း သဘော်ဖြင့် ပို့လိုလျှင် ဤနေရာမှ တင်ဆောင်ရကြောင်း သိရသည်။ ကျောက်မျက်တောင်ဘုရားမှအထွက် မုံရွာ မြို့ကို လှမ်းမျှော်ကြည့်ရာ မှုန်ပျပျသာ မြင်ရသော်လည်း အနောက်ဘက်ကမ်း တောင်ရိုးပေါ်တွင် ကြေးနီထုတ်သော စက်ရုံကြီးကို ထင်ထင်ရှားရှား မြင်ရသည်။ ဤစက်ရုံမှထွက်သော ကြေးနီများကို ကားလမ်းကြောင်းမှ [illegible]ပြီး ပခုက္ကူ၊ [illegible]နှစ်ချောင်း၊ [illegible]မှတစ်ဆင့် ရန်ကုန်သို့ပို့သည်။ ကြေးနီတောင်ကြီးသည် အမှန်ပင်

ကြေးနီ ထွက်ရှိကြောင်း တောင်ကုန်းကြီး၏ နီရဲသော လက္ခဏာက ဖော်ညွှန်းနေသည်။

မုံရွာဆိပ်ကမ်းမှထွက်လာပြီး တစ်နာရီခရီးတွင် မြစ်ညာဘက်ခြမ်းရှိ မင်းဒေါင့်ရွာနှင့် ဘယ်ဘက်ခြမ်း၌ လက်ခုပ်ပင်၊ အောင်မိုးရွာတို့ကို ကျော်ဖြတ်ခုတ်မောင်းသွားသည်။ ကောင်းကင်ကြိုးတန်းသွယ်တန်းလျက်ရှိရာ မင်းဘူးမှလာသော လျှပ်စစ်ဓာတ်အားလိုင်းသည် ကျွန်းချောင်းမှတစ်ဆင့် တောတောင်များကိုဖြတ်ကာ လက်ခုပ်ပင်ရွာသို့ ရောက်သည်။ ထိုမှ ချင်းတွင်းမြစ်ကိုဖြတ်၍ မင်းဒေါင့်ရွာ၌ ဓာတ်အားတိုင် စိုက်ထူပြီး မုံရွာမြို့သို့ ဓာတ်အားဖြန့်ဖြူးပေးသည်။ မင်းဒေါင့်ရွာနှင့် ကပ်လျက် အလုံကျေးရွာရှိသည်။ အလုံရွာ၌ ယခင်က သင်္ဘောကုန်တင်ဆိပ်ကမ်း ပြုလုပ်ခဲ့သော်လည်း ယခုတော့ မရှိပြီ။ ရှေးအခါက မုံရွာသည် ရွာဖြစ်ပြီး အလုံသည် မြို့ဖြစ်ခဲ့ သည်။ အလုံမြို့ဟု သမိုင်းတွင် ဖတ်ရသည်။ မုံရွာမှ သင်္ဘောဖြင့်လိုက်၍ မမီပါက ကားလမ်းအတိုင်း မိနစ် ၂၀ ခရီး စီးပြီး အလုံရွာသို့ဖြတ်လိုက်လျှင် အချိန်တိုအတွင်း သင်္ဘောကိုပြန်မီသည်။

ခုတော့ အလုံသည် သစ်တင်ချခြင်း၊ ကျောက်မီးသွေး စုပုံခြင်း၊ ဝါးဖောင်ဆိုက်ကပ်ခြင်း ပြုလုပ်ရာ ရွာဆိပ်ကမ်းမျှသာ ဖြစ်နေသည်။ မကြာမီ နိုင်ငံတော် အစိုးရမှ တာဝန်ယူ ဆောက်လုပ်မည့် အလုံနှင့် မင်းဒေါင့်ရွာ ဆက်သွယ်ပေးမည့် ဒုတိယ ချင်းတွင်းမြစ်ကူးတံတားကြီး ပေါ်ထွန်းလာပေတော့မည်။ ချင်းတောင်မှ ချင်းမောင်မယ်များနှင့် တမာမြေက အညာသူ အညာသားတို့ မေတ္တာဂဟေဆက် လက်ချင်းယှက်ကြပေတော့မည်။ ဤတံတားကြီး ပြီးပါက မြစ်အနောက်ဘက်ကမ်းလမ်းမှ ကလေးဝနှင့် တမူးသို့လည်းကောင်း၊ မြိုင်–ပခုက္ကူ ကားလမ်းသို့လည်းကောင်း၊ ချင်းတောင်သို့လည်းကောင်း အချိန်တိုအတွင်း



ရောက်ရှိပေတော့မည်။

ရေယာဉ်သည် အလုံဆိပ်ကမ်းသို့ မကပ်ပါ။ သင်္ဘောခုတ်မောင်းနေစဉ် ရေလယ်ခေါင်သို့ စက်လှေများ တန်းစီလိုက်လာပြီး သင်္ဘောဘေးဘယ်ညာသို့ ထိုးကပ်ကြသည်။ ပဲ့ထောင်များပေါ်မှ ခရီးသည်နှင့် ဈေးသည်များ သင်္ဘောပေါ်သို့ အတင့်ရဲစွာနှင့် ခုန်တက်ကြ၊ အော်ကြဟစ်ကြပြီး ဈေးရောင်းသောမြင်ကွင်းသည် အသည်းထိတ်စရာကောင်းလှသည်။ ဈေးသည်အများစုမှာ အမျိုးသမီးများဖြစ်သည်။ ဈေးရောင်းလိုသူတို့ အုပ်စုဖွဲ့ စက်လှေငှားကြပြီး သင်္ဘောပေါ်တက်ရောင်းကြသည်။ နာရီဝက်ခန့် ရောင်းပြီး၍ သင်္ဘောမှ စက်လှေများခွာသွားလျှင် ဈေးသည်အချို့ သင်္ဘောပေါ် ကျန်ခဲ့၏။ ဈေးဝယ်သူနှင့် ကျွန်တော်တို့မှာ စက်လှေများ ခွာသွားကြ၍ စိုးရိမ်မိ သော်လည်း သူတို့ကတော့ မမှုပါ။ သင်္ဘောပေါ်မှ ရေထဲသို့ ဒိုင်ဗင်ထိုးဆင်းပြီး ခုန်ချသွားကြသည်။ ရောင်းကုန်ပစ္စည်း ကျန်သေးလျှင် ဗန်းကို ခေါင်းပေါ်ရွက်ကာ ခုန်ချသည်။ ပစ္စည်းရေမစိုစေရပါ။ ဈေးဗန်းကို လက်ကကိုင်၍ ရေစုန်နှင့်မျှောကာ ကူးသွားပုံမှာ အာဂမိန်းမများဟု ဆိုရမည်ပင်။ သူ့ရွာ သူ့ဓလေ့ဖြစ်သော်လည်း ကျွန်တော်တို့ ကတော့ ကျွမ်းကျင်စွာ ကူးခပ်သွားသောသူတို့ ကုန်းပေါ်ပြန်တက်သည်အထိ ရင်ခုန်မောစွာ စောင့်ကြည့်နေမိ၏။ ဈေးသည်အများစုမှာ အလုံနှင့် ကျောက်မျက်ရွာသားများဟု သိရသည်။

## အထက်မှာပေ အောက်မှာရွှေ

နံနက် ၁၁ နာရီတွင် ချင်းတွင်းမြစ်၌ နာမည်ကျော်ကြားထင်ရှားသော ရွှေစာရေးရွာသို့ ဖြတ်သည်။ ဆောင်းတွင်းဖြစ်၍ ရွှေစာရေးရွာအနီး မြစ်ရေတည်ငြိမ်နေသော်လည်း မိုးတွင်းအခါ

ကြောက်မက်ဖွယ်ရာဝဲကတော့နှင့် မှတ်ဝဲစုပ်ဝဲများက အန္တရာယ်ပေးသည်။ မိုးအခါ ဤနေရာမှ လှေနှင့် ဝါးဖောင်များ မဖြတ်ရဲတော့ကြောင်း သိရသည်။



**ရွှေစာရေးဘုရား ဆွမ်းတော်မြုပ်လျှင် ဝဲကြမ်းရတော့သည်**

ဤရွှေစာရေးရွာဝဲ နာမည်ကြီးပုံမှာ စာချိုးတွင်သည်။ ချင်းတွင်းမြစ်ကြောင်းတစ်လျှောက်၌ "အထက်မှာ ပေ၊ အောက်မှာရွှေ၊ အလယ်ဝက်သိုက်၊ ဖောင်သမားမျက်ဖြူဆိုက်" ဟု စာချိုးရလောက်အောင် သတိထားရသည်။ အထက် ပေ ဆိုသည်မှာ ကလေးဝ မရောက်မီ ရွှေသမင်တောင် အောက်နားက ပေဝဲကို ဆိုလိုသည်။ အောက်မှာရွှေ ဆိုသည်ကတော့ ရွှေစာရေးဝဲကို ခေါ်ခြင်းဖြစ်သည်။ ရွှေစာရေးရွာ ကမ်းနားရှိ ကျောက်တောင်ကုန်းပေါ်တွင် ဘုရားတစ်ဆူရှိသည်။ ထိုဘုရားကုန်း ဆွမ်းတော်တင်ကလပ် ရေမြုပ်သည်နှင့် ဝဲကြမ်းတော့တာပဲဟု ဆိုသည်။ ရေစီးကြမ်းတမ်းပြီး ချင်းတွင်းမြစ်ရိုးတစ်လျှောက်



ကျောက်တောင်နှစ်လုံးကြား အကျဉ်းဆုံးသော မြစ်ကျဉ်းနေရာလည်းဖြစ်သည်။ ကျောက်ကမ်းပါးရံတို့မှာ ရေစီးအား တိုက်စားမှုကြောင့် ပွန်းပဲ့ပြီး ကျောက်လိုဏ်ခေါင်းများ ဖြစ်နေသည်။ ထိုကျောက်လိုဏ်ခေါင်းများက ပို၍ကြောက်စရာကောင်းအောင် စုပ်ယူပစ်သလို ဝဲထနေခြင်း ဖြစ်တော့သည်။ အလယ်ဝက်သိုက် ဆိုသောနေရာက မင်းကင်းမြို့အနီး အောက်ဘက်တွင်ရှိသော ဝက်သိုက်ရွာဝဲကို ခေါ်ခြင်းဖြစ်သည်။ ဤသုံးနေရာသည် ချင်းတွင်းမြစ်ရေ အတက်ကြမ်းချိန်တွင် ကြောက်စရာကောင်းသော ဝဲကြီးများ ဖြစ်ပေါ်လာ၍ ဖောင်၊ မော်တော်၊ သင်္ဘောများကို အန္တရာယ်ပေးသည်။ ရွှေစာရေးဝဲမှာ အဆိုးဆုံးဟု ဆိုစမှတ်ပြုကြသည်။

ရွှေစာရေးမှအထွက် မြစ်ဘယ်ဘက်ခြမ်းရှိ အိုင်ဒေါ့ရွာကိုဖြတ်သည်။ အိမ်ခြေတစ်ရာခန့်ရှိကြောင်း သင်္ဘောပေါ်မှ တွေ့ရသည်။ ရွာဘေးတစ်လျှောက် ပဲနှမ်းစိုက်ခင်းများ တစ်ခွင်တစ်ပြင်လုံး စိမ်းစိုနေသည်။ အိုင်ဒေါ့ရွာအထွက် သောင်ပြင်ကြီးသည် ချင်းတွင်းမြစ်ကို သုံးပုံနှစ်ပုံခန့် ဖုံးလွှမ်းကာ စီးဆင်းနေသည်။ အမှန် တကယ် ကျယ်ဝန်းသော ချင်းတွင်းမြစ်ပြင်သည် ဤနေရာ၌ မိမိပိုင်ဆိုင်သော ရေပြင်ကို လက်လွှတ်ဆုံးရှုံးကာ သဲသောင်ပြင်၏ ဝါးမျိုခြင်းကို ခံနေရသည်။ အိုင်ဒေါ့ရွာသားတွေကတော့ သောင်ထွန်းလျှင် ပဲစိုက်၊ ကိုင်းစိုက်ကြသော်လည်း ရေရှိရာချင်းတွင်းဆီသို့ လမ်းလျှောက်ရသောဘဝမှာလည်း တစ်မျိုးအခက်ကြုံရပြန်သည်။ သဘာဝ တရားက ဆုံးရှုံးခြင်းနှင့် အကျိုးပြုခြင်းကို ဖန်တီးသောအခါ လူတို့ မည်သို့မျှ မလွန်ဆန်နိုင်ကြပါ။ ပြုပြင်ဖန်တီး၍ မရနိုင်သော သဲသောင်ဖြစ်ထွန်းမှုသည် ချင်းတွင်းနယ်သားတို့၏ဘဝကို နှစ်မည်နှင့်အမျှ ပြောင်းလွဲပေးလျက် ရှိကြောင်း သိရသည်။ အိုင်ဒေါ့ရွာအထက်က

မင်းအိုရွာဘေးရှိ သောင်ပြင်ကြီးကို တစ်မျှော်တစ်ခေါ်ကြည့်ရင်း သောင်ပြင်မှာလွှတ်တဲ့ခွေးလို ဆောက်တည်ရာမရ တောင်ပြေးမြောက်ပြေးဆိုသော မြန်မာစကားကို သွားသတိရသည်။ အတားအဆီးမရှိ လွတ်လပ်စွာ သွားလာနိုင်ခွင့်ရှိသော ကျယ်ပြန့်လှသည့် သောင်ပြင်ကို စိတ်ရှုးပေါက်သလို ပြေးလွှားတတ်သော ခွေးတို့၏ စရိုက်နှင့် တင်စားအသုံးချပုံမှာ သဘာဝကျလှသည်ဟု တွေးမိပါသည်။

ရွှေစာရေးရွာနှင့် အိုင်ဒေါင့်ရွာကြားတွင် မော်တော်စက်လှေများ ကျွန်တော်တို့ရေယာဉ်ဆီသို့ အမီလိုက်ကပ်ကြသော မြင်ကွင်းသည်လည်း ဝမ်းစာရှာသူတို့၏ ဘဝတစ်စိတ်တစ်ဒေသဖြစ်သည်။ ဤဒေသတစ်ဝိုက်တွင် ကွမ်းအကြီးအကျယ်ထွက်သည်။ ကွမ်းရွက်များကို အထပ်ထပ်စီကာ စောက်တစ်ပေခွဲအကျယ်၊ နှစ်ပေခန့်ရှိ တောင်းကြီးများတွင်ထည့်ကာ အပေါ်မှ ငှက်ပျောဖက် အထပ်ထပ်အုပ်၍ အထက်ဖောင်းပြင်၊ မော်လိုက်၊ ဟုမ္မလင်းတို့သို့ ပို့သည်။ ဆယ်ပိဿာခန့်ရှိသော ကွမ်းတောင်းတစ်တောင်းကို ၁၀၀၀ိ/– ခန့် တန်ဖိုးရှိသည်ဟုဆိုသည်။ အထက်တက်လျှင် ဈေးကောင်းရ၍ တက်ရောင်းကြသည်။ ကွမ်းရွက်ခြင်း တစ်ရာခန့် သင်္ဘောအောက်ထပ် ကုန်းပတ်နှင့် ဘေးသံပေါင်တို့တွင် ချိတ်ဆွဲတင်ဆောင်ပုံမှာ ချင်းတွင်းမြစ်ကြောင်းသွား ရေယာဉ် တို့၏ ဓလေ့စရိုက်တစ်ခု ဖြစ်ပါသည်။

ချင်းတွင်းမြစ်သည် ဆောင်းတွင်းကာလတွင် ကြည်စိမ့်အေးစက်နေသည်။ မိုးအခါ အရှိန်ပြင်းထန်စွာ စီးဆင်းပြီး တောတောင်အထပ်ထပ်ကို မိုင်ပေါင်းများစွာ ကျော်ဖြတ်လာရသောကြောင့် မောပန်းကြီးစွာ ဒေါသတကြီးဖြင့် ကမ်းစပ်သောင်ပြင်များစွာကို တိုက်စား လှိုက်စား၍ ပြုပြင်ပြောင်းလဲတတ်ပါသည်။ သူ စတင်စီးဆင်းသောနေရာကိုလည်းကြည့်ဦး။ မြန်မာပြည်မြောက်ဖျားဒေသ

**ကန်နီမြို့လေး မြစ်နံဘေး၌ ရေဘေးကြောက်နေရသည်**

ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းတို့အစပ် နန်းယွန်းအထက်ဘက် တရွန်ခဟုခေါ်သော ချောင်းဖျားက စသည်။ တဇွန်ခချောင်းလက်ကက်များသည် ကချင်ပြည်နယ်တနိုင်းလွင်ပြင်ရှိ တနိုင်းခချောင်းလက်တက်များနှင့် ပူးပေါင်းစီးဆင်းပြန်သည်။ တနိုင်းခသည် ကချင်ပြည်နယ်၏ သွေးကြောများထဲက အသက်သွေးကြောတစ်ခုဖြစ်သည်။ လွန်ခဲ့သော ၁၇ နှစ်က ဤတနိုင်းရေကိုသောက်၍ တနိုင်းရေချိုး၊ တနိုင်းမြေ၌ ခြေချခဲ့ဖူးသည်။ တနိုင်းခဟုခေါ်သော တနိုင်းချောင်းသည် လက်တက်အသွင် စီးဆင်းနေရာမှ ခန္တီးမြို့အထက်ဘက် နာဂတောင်ကြောမှစ၍ မြစ်အသွင်ဖြင့် စီးဆင်းပြန်၏။ ထိုမြစ်ကို တနိုင်းမြစ်ဟု ဆိုရာမှ ခန္တီးမြို့အောက်ဘက်တွင် ချင်းတွင်းမြစ်ကြီးအဖြစ် တသွင်သွင် စီးဆင်းလေတော့သည်။

ငယ်စဉ်က ပထဝီဘာသာရပ်တွင် သင်ကြားခဲ့ရသော

ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ သံလွင်မြစ်၊ စစ်တောင်းမြစ်ဟု ဆိုသည့် မြစ်ကြီးလေးသွယ်သည် မြစ်ငယ် ၅၀၀ နှင့် ပေါင်းဆုံကာ ပင်လယ်ထဲသို့ စီးဝင်သည်။ မြေပုံထဲတွင် တွေ့မြင်သင်ကြားခဲ့ရသော မြစ်ကြီးများ အနက် ချင်းတွင်းမြစ်ပြင်သို့ ကိုယ်တိုင်ရောက်ရှိရသောအခါ ချင်းလူမျိုး များနေ၍ ချင်းတွင်းမြစ် အမည်ပေးခဲ့သည်ဟူသော ထင်မြင်ချက် စဉ်းစားစရာဖြစ်တော့သည်။ ရေယာဉ်ပေါ်တွင် ခရီးဖော်များအဖြစ် သိကျွမ်းရသော မိတ်ဆွေသစ်တို့နှင့် ရေယာဉ်ဝန်ထမ်းတို့မှာ ဗမာ လူမျိုးအများစုသာဖြစ်ပြီး ဖောင်းပြင်အထက်ကျမှသာ ရှမ်းလူမျိုး များ နေထိုင်ကြကြောင်း သိရှိရလေသည်။

ချင်းတွင်းမြစ် သမိုင်းအစကိုတွေးရင်း မြစ်ပြင်သို့ လှမ်းကြည့် လိုက်သည်။ ကြီးမားသော သစ်ဖောင်ကြီးကို မော်တော်တစ်စီးမှ ကြိုးဖြင့် ဆွဲ၍ စုန်ဆင်းနေသည်။ သစ်ဖောင်ပေါ်တွင် အိမ်နှစ်လုံးသုံးလုံးဆောက် ပြီး မြေပေါ် အိမ်လိုစားသောက်နေထိုင်ကြသည်။ နေပူပူ၊ လေပူပူတွင် ဖောင်သမားများဘဝမှာ ပူပြင်းလှသည်။ ယောကျ်ား ဖောင်စီး၊ မိန်းမ မီးနေဆိုသော ဗမာစကား မှန်လှသည်။ သစ်လုံးကြီးများကို နှီးကြိုးဖြင့် ချည်ကာ အလုံးပေါင်းများစွာ ပူးတွဲ၍ ဖောင်အဖြစ် သွားလာရသော ဘဝသည် ဖောင်ပျက်ပါက သေလမ်းနီးလှသည်။ ဖောင်ဖျက်သည် ဆိုသော ဝေါဟာရသည် တစ်စစီ၊ တစ်ချောင်းစီဖြစ်ကာ ခိုကိုးရာမဲ့ သဘောဆောင်သည်ဟု တွေးထင်မိပါသည်။

မြစ်အရှေ့ဘက်ကမ်းတွင် မြစ်ရေတင်စီမံကိန်းလုပ်ငန်းတစ်ခု ကို လှမ်းတွေ့ရသည်။ အနီးတွင်ရှိသော ခရီးဖော်တစ်ဦးက...

"အဲဒါ ရေဘုတလင်လျှပ်စစ်မြစ်ရေတင်စီမံကိန်းလေ၊ ချင်း တွင်းမြစ်ရဲ့ ရေအရင်းအမြစ်ကို အားကိုးပြီး ရေစုပ်စက်တွေနဲ့ ရေစုပ် တင်တဲ့လုပ်ငန်းဟာ ဘုတလင်နယ်မြေအတွင်းမှာရှိတဲ့ လယ်မြေဧက



လေးသောင်းကို ရေပေးဝေနိုင်တော့မယ်"ဟုဆိုသည်။

"ကြားဖူးတယ်၊ ဘုတလင်မြို့နယ်ထဲမှာပဲ အင်းတောမြစ်ရေ တင်စီမံကိန်းလဲ ရှိသေးတယ်နဲ့တူတယ်"

"ဟုတ်တယ်၊ သူလဲ ချင်းတွင်းမြစ်ရေကိုပဲ ရေစုပ်စက်နဲ့ ရေ တင်သွင်းတဲ့လုပ်ငန်းလုပ်တာပါပဲ။ လယ်ဧကတစ်သောင်းကို ရေပေးဝေ မှာ" ဟုဆိုသည်။ ဒါဆို ဧကငါးသောင်း၊ ဝမ်းမြောက်စရာပင်။

မြန်မာနိုင်ငံအတွင်း တစ်နှစ်ပတ်လုံး ရွာသွန်းသော မိုးရေချိန် ၏ ၉၀ ရာခိုင်နှုန်းကို မိုးရာသီတွင် ရရှိသည်။ သို့သော် မြန်မာနိုင်ငံ အလယ်ပိုင်းတွင် တစ်နှစ်လျှင် မိုးရေချိန် လက်မ ၃၀ သာရွာသွန်းသည် အညာဒေသသည် စိုက်ပျိုးလုပ်ကိုင်ရန် ရေအလုံအလောက်မရရှိပါ။ စိုက်ပျိုးရေးအတွက် လိုအပ်သောရေကို မြစ်ချောင်းအင်းအိုင်မှ တင်၍ သိုလှောင်သုံးမှသာ အောင်မြင်ဖြစ်ထွန်းမည်ဖြစ်သည်။

နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်တွင် စိုက်ပျိုးရေးကို အခြေ ခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေးဆိုသောမူကို ပထမအချက်အနေနှင့် ချမှတ်ထားသည်။ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက နိုင်ငံတော်၏လူများ စုဖြစ်သော ကျေးလက်နေ တောင်သူဦးကြီးများ တစ်ဦးချင်းဝင်ငွေ တိုး တက်ရေး၊ လူနေမှုအဆင့်အတန်းမြင့်မားရေး၊ တစ်ဧက အထွက်နှုန်းတိုး ရေး၊ဒေသဆန်ဖူလုံရေးတို့အတွက် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် မူဝါဒချမှတ်ဆောင်ရွက်ရန် လမ်းညွှန်ချက်ပေးခဲ့သည်။ ထို့ကြောင့် လည်း လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနသည် ရေ အရင်းအမြစ် အသုံးချရေးစီမံကိန်းများကို အလေးထားဆောင်ရွက်လျက် ရှိကြောင်း ရေဘုတလင်မြစ်ရေတင်စီမံကိန်းက သက်သေထူလျက်ရှိ ကြောင်း မြင်တွေ့ခဲ့ရသည်။

မြန်မာနိုင်ငံ၏ စားနပ်ရိက္ခာဖူလုံရေးသည် စိုက်ပျိုးရေးကို အခြေခံနေသည်။ စိုက်ပျိုးရန် ရေလိုသည်ဟု တွေးနေချိန်တွင် ချင်းတွင်းမြစ်ရေပြင်၏ လှိုင်းဂယက်သည် နှလုံးသားကို ရိုက်ခတ်သွားသည်။

နေ့လယ် ၁ နာရီတွင် ကနီဆိပ်ကမ်းသို့ ကပ်သည်။ ကနီသည် မြို့ဖြစ်သော်လည်း သေးငယ်သောမြို့ ဖြစ်ပါသည်။ ရေကျချိန်ဖြစ်၍ ကမ်းပါးယံကို လှေကားထစ်လုပ်ကာ တက်ရသည်။ ရေတိုက်စား၍ တောင်ကုန်း ပေါ်တွင် တည်ထားသောဘုရားစေတီလေးမှာ ကြာလျှင် မျောပါသွားတော့မည်ဟု ထင်ရသည်။ အချိန်မရ၍ ကုန်းပေါ်မတက်တော့ပါ။ ကနီမှ နာရီဝက်ခရီးတွင် မိုးကြိုးရွာကိုဖြတ်သည်။ ရေတိမ်သော မြစ်ပြင်ကျယ်ဖြစ်နေသည်။ သင်္ဘော သောင်နင့်ငြိသဖြင့် ရှေ့တိုးနောက်ဆုတ်လုပ်ကာ ရုန်းထွက်ရသည်။ မိုးကြိုးရွာ သောင်ပြင်တွင် ရွှေကျင်နေသူများ တွေ့ရသည်။ ချင်းတွင်းမြစ်သည် ရွှေထွက်သည်ဟု ကြားသိဖူးသည်။

ညနေ ၄ နာရီတွင် မြစ်အရှေ့ခြမ်း၌ရှိသော လက်ပန်စုရွာသို့ ရောက်သည်။ ဆိပ်ကမ်းတံတား မရှိသော်လည်း အိမ်ခြေများသောရွာဖြစ်၍ ခရီးသည်အတက်များသည်။ ထူးခြားသည်မှာ သင်္ဘောဆိုက်သည်နှင့် ကုန်းဘောင်မထိုးမီ ဈေးသည်များ သင်္ဘောဦးမှ အတင်းပတ်တက်၍ ဈေးရောင်းကြခြင်းဖြစ်သည်။ တချို့ ဈေးသည်များ လှေဖြင့် သင်္ဘော၌ကပ်၍ သင်္ဘောထွက်သည်အထိ လိုက်ရောင်းကြသည်။ ထမင်းဟင်းနှင့် ကြက်ကြော်၊ ငှက်ပျောသီးများ အရောင်းသွက်သည်။ သင်္ဘောပေါ်၌ ထမင်းဆိုင်ရှိသော်လည်း ခရီးဝေးသွားသူတို့ ဈေးသက်သာသော ခေါင်းရွက်ဗန်း ထမင်းဟင်းကိုသာ ဝယ်စားကြသည်။ ကြက်တစ်ပိဿာ ၄၅ဝိ/– သာရှိသည်။ ရန်ကုန်မြို့၌ ရောင်းချသော မွေးမြူရေးကြက်သည် ၉ဝဝိ/– ခန့်ရှိပြီး အိမ်ကြက်သည် တစ်ထောင်ကျော်ဈေး



ဖြစ်နေပြီ။ ကြက်ပေါင်တစ်ခြမ်း ၅ဝိ/– မို့ ခေတ်အခြေအနေအရ တန်လှသည်ဟု ဆိုရမည်။

သင်္ဘောဆိုက်မောင်းဆဲ့ ရေယာဉ်သို့ပြေးကပ်လာသော ဈေးလှေများ

သင်္ဘောပေါ် ဈေးမြင်ကွင်းကို စူးစိုက်ကြည့်နေခိုက် ဗမာသံပီသသော အညာဟန် ခပ်ဝဲဝဲ အမျိုးသမီးငယ်တစ်ဦး၏ ဈေးခေါ်သံကြောင့် ရယ်မောကြရသေးသည်။

"ဒီမှာလေ အစ်ကိုလေး ... ပေါင်အကြီးကြီးနော်၊ ကြည့်ပါဦးလား၊ ကြိုက်မှယူ၊ ကြိုက်မှစားနော်၊ တစ်ခါထဲ စွဲသွားမယ်"

"ဘယ်ပေါင်ကို ပြောတာလဲ၊ လူပေါင်လား ... ကြက်ပေါင်လား"

ဟု လူငယ်တစ်ဦးက ဝင်သောလိုက်ရာ –

"ကျွန်မတို့တောမှာ ရှင်တို့မြို့မှာလို လူပေါင်မရောင်းဘူးတော့"

ဟူသော ချေပသံကြားတွင် ရယ်မောသံများ ဖုံးလွှမ်းသွားပါသည်။

ဈေးသည် ၃၀ ခန့် သင်္ဘောပေါ် တက်ရောင်းရာ အားလုံးနီးပါး ကုန်သွားသည်ကို အံ့သြဖွယ်တွေ့ရ၏။ သင်္ဘောထွက်ခွာပြီး နာရီဝက်အထိ ဈေးလိုက်ရောင်းကြရာ လှေခွာသွား၍ ကျန်ခဲ့သူတို့မှာ သင်္ဘောပေါ်မှ ရေထဲသို့ ခုန်ဆင်းသွားကြသည်။ အများစုမှာ အမျိုးသမီးဈေးသည်များသာဖြစ်သည်။ သူတို့သည်လည်း အလုံနှင့် ကျောက်မျက်ရှာက ဈေးသည်များထက် တစ်ပန်းသာသည်မှာ ရှာနှင့်အလှမ်းကွာသည်အထိ ထမင်းဗန်းကိုကိုင်ကာ ရေ၌စုန်၍ မျှောသွားကြခြင်းဖြစ်သည်။ ချင်းတွင်းဈေးသည်တို့၏ ထမင်းတစ်လုပ် စွန့်စားခန်းများသည် ရပ်ရွာဓလေ့ဖြစ်သော်လည်း လှေအဆင်း မြင်းအတက် ဆိုသော ဆိုရိုးစကားအရဆိုလျှင် လှေပေါ်သို့ဆင်းသည်ထက်ပင် ထိတ်လန့်ဖွယ် ကောင်းသော ရေထဲသို့ခုန်ဆင်းခြင်းကိုကြည့်၍ ရင်မောနေမိပါတော့သည်။

၁၉၉၉ ခုနှစ် ဒီဇင်ဘာလ ၁၃ ရက်နေ့ နံနက် ၇ နာရီမှ ညမိုးချုပ်သည်အထိ ရေယာဉ်ပေါ်တွင် တစ်နေ့တာ ကုန်ဆုံးသွားသည်။

# ကာလေးကာ ဝလေးဝကို မေ့မရ

## မင်းကင်းသားနှင့် ရွှေဓား

မင်းကင်းမြို့သို့ ည ၁၂ နာရီကတည်းက ရောက်ရှိနေကြောင်း နံနက်အိပ်ရာနိုးမှ သိရသည်။ နံနက် ၆ နာရီထ၊ မျက်နှာသစ်ပြီး ဘုရားဝတ်ပြုသည်။ အိပ်ခန်းမှ ထွက်လိုက်သည်နှင့် နှင်းမိုးများ ရွာထားသဖြင့် ကုန်းပတ်ကြမ်းခင်းများမှာ မိုးရွာထားသလို ရွှဲရွှဲစိုနေသောမြင်ကွင်းနှင့် အအေးဓာတ်ကို ခံစားရသည်။ ညက မြူများပိတ်ဖုံးနေသဖြင့် သင်္ဘော မောင်း၍မရဘဲ မင်းကင်းမြို့အဝင်၌ပင် ကျောက်ချ ရပ်နားထားသည်ဟု ဆိုသည်။

ယမန်နေ့ မှောင်ချိန်မှ မင်းကင်းမြို့ဝင်သည်အထိ ဖြတ်သန်းလိုက်သောခရီးကို ဘာမှမသိလိုက်ပါ။ မြို့မရှိ၍လည်း လှျပ်စစ်မီး အလင်းရောင်တန်းများ မတွေ့ခဲ့ရ။ မင်းကင်းသည် မုံရွာမှ ရေမိုင် ၁၀၄ မိုင် ခရီးရှိသည်။ ဆိပ်ကမ်းသည် ရေကျချိန် နွေနှင့် ဆောင်းတွင် မြို့နှင့်

မိုင်ဝက်ခန့် အလှမ်းကွာရာ မြစ်အထက်ဘက် ရေနက်သော နေရာ၌ သင်္ဘောဆိုက်ကပ်ရသည်။ သင်္ဘောကမ်းသို့ထိုးသည်နှင့် ခေါင်းရွက်ဈေးသည်များ တိုးဝှေ့တက်ကြ တော့သည်။ ပုစွန်တုတ်ကြီး၊ ငါးကင်၊ သရက်သီးများ ဈေးချိုလှသည်။ ပုစွန်တုတ်ကြီး တစ်ပိဿာ ၁၀၀၀ ဖြစ်၍ ရန်ကုန်မြို့နှင့် မြို့ကြီးများထက် သုံးဆသက်သာနေသည်။ ဝယ်စားမည်ကြံသော်လည်း အဖုံးအကာမရှိသောဗန်းနှင့် ရောင်းချသော စားစရာများကို ခရီးသွားခိုက် တတ်နိုင်သရွေ့ ရှောင်သည်။



**မြစ်သာမြစ်နှင့် ချင်းတွင်းဆုံရာ ကလေးဝမှာ**

သင်္ဘောသားတို့ မင်းကင်းတွင် ဈေးဝယ်ရန် နာရီဝက်ခန့်ကြာမည်ဟုသိရသဖြင့် ကြုံခဲရောက်ခဲသော မြို့လေးပေါ်သို့ လမ်းလျှောက်တက်ကြည့်ကြသည်။ မင်းကင်းတွင် ရွှေစကားဘုရားသည် တန်ခိုးကြီးထင်ရှားသည်။ သမိုင်းဝင် ရှေးဘုရားဖြစ်ကြောင်း သိရ၏။ မင်းမဟာ



ဘုရားကျောင်းဝင်းအတွင်း သော့ခတ်ထားရှိကြောင်း ပြောသဖြင့် ကျောင်းထိုင်ဘုန်းကြီးထံ ခွင့်တောင်း၍ ဝင်ဖူးကြသည်။ ရုပ်ပွားတော်အတုနှင့်အစစ်ဟူ၍ နှစ်ဆူထားရှိကြောင်း ဖူးတွေ့ရသည်။ နှစ်ဆူလုံး ရွှေအစစ်ချထားပြီး ဉာဏ်တော် တစ်တောင်ခန့်သာသာရှိမည်ဟု ထင်သည်။ ဘုရားသမိုင်းစာအုပ် မတွေ့ခဲ့ရသော်လည်း မင်းကင်းသားရေကြောင်းပြထံမှ ရွှေစကားဘုရား၏ သမိုင်း သို့မဟုတ် ရာဇဝင်ကို ဒဏ္ဍာရီဆန်ဆန် သိရသည်။

ရှေးအခါက ကလေးမြို့ကို အပိုင်စားရသော ကလေးစော်ဘွားသည် မြန်မာမင်းနေပြည်တော်သို့ သွားရောက်ပြီး အပြန်ခရီးတွင် မင်းကင်းမြို့ အရှေ့ဘက်ကမ်းကျွန်းကြီး (ယခုအခေါ် ကျွန်းတော်ရွာ) အနီး ချင်းတွင်းမြစ်ကမ်းပေါ်တွင် ငှက်များစုရုံး ပျံဝဲနေသည်ကို တွေ့ရ၍ သူ၏နောက်ပါကျွန်များကို သွားရောက်ကြည့်ရှု စုံစမ်းစေရာ မြေကြီးထဲမှ ထိုးထွက် ပေါ်တော်မူနေသော ရုပ်ပွားတော်ဘုရားတစ်ဆူကို တွေ့ရ၍ ပင့်ဆောင်ကာ ခရီးဆက်ခဲ့သည်ဟု ဆိုသည်။

ထိုအကြောင်းကို မင်းကင်းစော်ဘွား ကြားသိလေရာ ငါ၏ပိုင်နက်နယ်မြေအတွင်း ပေါ်တော်မူသော ဘုရားသည် ငါတို့သာလျှင် ပူဇော်ကိုးကွယ်ထိုက်သည်ဟုဆိုကာ ပြန်လည် ပင့်ဆောင် ရန် လိုက်လေရာ မင်းကင်း အထက် ၁၄ မိုင်အကွာ ချောင်းဝရွာတွင် မီလေသည်။ ထိုနေရာ၌ စော်ဘွားနှစ်ပါး အချင်းများကြလေရာ ဘုရားကို ဖောင်ပေါ်တင်၍ဆုံးဖြတ်ရန် သဘောတူကြ၏။ မင်းကင်းစော်ဘွားသည် နယ်ပိုင်ဖြစ်၍ ရေစုန်ရေဆန် ကြိုက်နှစ် သက်ရာကိုယူရန် ဦးစားပေးရာ မင်းကင်းစော်ဘွားက စဉ်းစားသည်မှာ ချင်းတွင်းမြစ်ရေသည် အထက်မှအောက်သို့သာ စုန်သည်၊ ဖောင်တို့မည်သည်မှာ ရေကိုဆန်တက်သည်မရှိဟု တွေးပြီး ရေစုန်ကို ယူလိုက်သည်။ ကလေး

စော်ဘွားက အလိုလိုပင် ရေဆန်ကို ယူရလေတော့သည်။ ကတိစကားနှင့်အညီ ဘုရားကို ဖောင်ပေါ်တင်၍ မျှောရာ ဖောင်မှာ ရေကိုဆန်၍ အထက်သို့တက်လေသည်။ ကလေးစော်ဘွား အနိုင်ရ၍ ဘုရားကို ပူဇော်ပိုင်ဆိုင် ခွင့်ရသဖြင့် ကလေးမြို့သို့ ပင့်ဆောင်သွားသည်ဟု ဆို၏။ ဘုရားဖောင်သည် ရေကိုဆန်တက်သဖြင့် ပထမအကြိမ် တန်ခိုးပြသည်ဟု ဆိုကြသည်။

မင်းကင်းစော်ဘွားမှာ မကျေနပ်သဖြင့် ပြန်လည်ရရှိအောင် နှစ်ပေါင်းအတော်ကြာ ကြိုးပမ်းခဲ့ရာ အိပ်မက်အရ သွားရောက်ခိုးယူ ပင့်ဆောင်ရေး ကြိုးပမ်းပြန်သည်။ မင်းကင်းနယ်သား ဦးဘားနှင့် ဦးကာစိ အမည်ရှိသူ နှစ်ဦးကို ထိုးကွင်းမင်ကြောင် စုတ်ထိုးသူများအဖြစ် ဟန်ဆောင်၍ ကလေးမြို့သို့ စေလွှတ်ခဲ့ပြီး ဘုရား ထားရှိရာကို စုံစမ်းစေသည်။ ဘုရားကျောင်းဆောင်နေရာကို သိသောအခါ သော့ကိုင်ကိုရင်ကို စည်းရုံး၍ မြစ်သာမြစ်ကြောင်းအတိုင်း ခိုးယူပင့်ဆောင်ရာ ကလေးစော်ဘွားသိသဖြင့် လှေဖြင့်စုန်လိုက်ကြပြန်သည်။ ခိုးလှေကို မီကာနီးတွင် အချိန်မဟုတ် နှင်းများထူထပ်စွာကျ၍ လှေများကြား မြင်ကွင်းများ ပိတ်ဆို့ကုန်ရာ မင်းကင်းသားတို့ လွတ်မြောက်သွားသည်ဟု ဆိုသည်။ ကလေးသားတို့မှာ မင်းကင်းနယ်ထဲသို့ဆက်မလိုက်ရဲတော့သဖြင့် လက်လျှော့ပြန်ခဲ့ရကြောင်းသိရ၏။ ဒုတိယအကြိမ် ဘုရားတန်ခိုးပြသည်ဟု ဆိုသည်။

ထိုအချိန်မှစ၍ ရွှေစကားဘုရားသည် မင်းကင်းမြို့ မင်းမဟာကျောင်းတိုက်အတွင်း ပူဇော်ကိုးကွယ်ခဲ့သည်မှာ နှစ်ပေါင်းများစွာကြာခဲ့ပြီဟု ဆိုသည်။ ဘုရားပွဲတော်ကို နှစ်စဉ် သီတင်းကျွတ်လပြည့်ကျော် ၅ ရက်မှ ၉ ရက် အထိ ကျင်းပကြကြောင်း သိရသည်။ မင်းကင်းသားတစ်ဦး၏ တစ်ဆင့်စကား တစ်ဆင့်နား ကြားရသော ဒဏ္ဍာရီစကားသည် ရွှေများအိ၍ သပ္ပာယ်လှသော ဗုဒ္ဓရုပ်ပွားတော်ဖြစ်သဖြင့် ရွှေစကားဘုရားဘွဲ့မည်နှင့် လိုက်ဖက်လှပေသည်။ ယုံကြည်ကိုးကွယ်မှုသာ ပဓာနမို့ ကုသိုလ်စိတ်ဖြင့် အလှူခံသေတ္တာတွင် ငွေထည့်ဝင်လှူဒါန်းခဲ့ပါသည်။

အမှန်တော့ ရွှေစကားမြတ်စွာဘုရားရုပ်ပွားတော်ကို ပုဂံခေတ်တွင် နရပတိစည်သူမင်းက ထုလုပ် ကိုးကွယ်ခဲ့ကြောင်း ဘုရားသမိုင်းသိသူတို့က ဆိုပါသည်။ ရွှေစကားဘုရား ကိုးဆူရှိသည်ဟုဆိုရာ ဇလွန်မြို့၌တစ်ဆူ၊ ကြံညှပ်၌တစ်ဆူ၊ ယခု မင်းကင်းတစ်ဆူ၊ မြေဒူးမြို့၌ ရွှေဂူမြင့် တစ်ဆူ၊ စေတုတ္တရာ၌ ရွှေလင်းပင်ဘုရား တစ်ဆူ၊ ရွှေဘို၌ ရွှေတန်ဆာဘုရားတစ်ဆူ၊ စဉ့်ကူးမြို့၌ ရွှေတောမဲဘုရားတစ်ဆူ၊ စစ်ကိုင်း၌ ရတနာမဥ္ဇူဘုရား တစ်ဆူ၊ ကလေးမြို့၌ စကားလှတစ်ဆူ၊ အမြင့်မြို့၌ မုံဘုရားတစ်ဆူ၊ စုစုပေါင်း ကိုးဆူရှိကြောင်း သိရသည်။ ကလေးမြို့၌ စကားလှ ရွှေစကားဘုရားတစ်ဆူ ရှိနေလေရာ မင်းကင်းသားတို့ ပြောပြောနေသော ပေါ်တော်မူဒဏ္ဍာရီ ဘုရားသမိုင်းအရ ဆိုလျှင် ကလေးမြို့သားတို့ကိုလည်း မေးမြန်းကြည့်ရန်လိုဦးမည်ဟု တွေးတောရင်း ဘုရားဝင်းမှ ပြန်လည်ထွက်ခွာခဲ့ကြပါသည်။

အချိန်ရ၍ မင်းကင်းမြို့ထဲ ဝင်ကြည့်ရာ မြို့လယ်ခေါင် မီးလောင် ထားသဖြင့် အိမ်အချို့ ပြာပုံထဲရောက်နေ သည်ကို တွေ့ရသည်။ မီး လောင်သည်မှာ နှစ်မကြာသေးပါ။ "ခင်ဗျားတို့ မင်းကင်းမှာ မီးကင်း မရှိလို့ လောင်တာ ဖြစ်မယ်၊ ကင်းဆိုတာ ဗမာစကားအရ အစောင့်ပေါ့၊ အင်္ဂလိပ်လို **King** ဆိုတာ ဘုရင်ပဲ၊ တစ်ခုခုတော့ လိုနေပြီနဲ့ တူတယ်" ဟု နောက်ပြောင်စကားဆိုရာ ဒေသခံ ရေကြောင်းမန်နေဂျာက မချိပြုံးပြုံးလေသည်။ လမ်းနှစ်လမ်းထဲတွင် ဈေးဆိုင်တန်းကွက်ကွက်ကလေးသာရှိပြီး တောမြို့လေးသာ ဖြစ်ပါသည်။ မင်းကင်းမြို့တွင် အရက်ဖြူ

အရောင်းဆိုင် ဆိုင်းဘုတ်သည် ပြန်ကြားရေးရုံးစာကြည့်တိုက် ဆိုင်းဘုတ်ထက်ပင် ပိုကြီးနေကြောင်း သတိထားမိ၏။ ကျောင်းသားငယ်အချို့ ကျဉ်းကျပ်သော စာကြည့်တိုက်ထဲတွင် စာဖတ်နေကြသည်ကို တွေ့ခဲ့ရ၍ စိတ်မကောင်း ဖြစ်မိသည်။ မြို့တစ်မြို့၊ လူတစ်ဦး၏ တိုးတက်မြင့်မားရေးကို စာဖတ်ခန်းများမှ စွမ်းဆောင်ပေး နိုင်ကြောင်း မြို့ခံလူထု သိစေလိုပါသည်။

မင်းကင်းမြို့သည်လည်း မြစ်ရေတိုက်စားမှုကြောင့် ရပ်ကွက်များကို တဖြည်းဖြည်း နောက်ဆုတ်ပေးနေရသည်။ ကြာလျှင်မူလမြို့နေရာ ပျောက်ရမည့် အလားသဏ္ဌာန်ရှိသည်။ ယခင်က မြို့ကွက်မှာ အရှေ့ဘက်ကမ်း ယခု သောင်ထွန်းနေသော ရေလယ်၌ ရှိသည်ဟု ဒေသခံတစ်ဦးက ပြောပြရာ ကြောက်ခမန်းလိလိ ရွေ့လျားပြောင်းလဲတတ်သော သဘာဝဘေးဒဏ်ကို ချင်းတွင်းနယ်သားတို့ ခံစားနေရကြောင်း တွေ့ရပါသည်။ ချင်းတွင်းမြစ်ရေသည် လှည့်စားလွန်းလှသည်။ မြစ်တို့၏မာယာကို လူသားတို့ ခံစားနေရခြင်းသည် ကြောက်ဖွယ်ကောင်း လေစွ။

မင်းကင်းမှ နံနက် ၈ နာရီ နှင်းကွဲချိန်တွင် ဆက်ထွက်သည်။ ကျွဲကောက် စီးဆင်းနေသော မြစ်ဘေး တစ်လျှောက် ဘုရားစေတီတို့ ပေါ်များလှ၏။ မင်းကင်းမှ နှစ်နာရီခန့်ခရီးတွင် ဥယျာဉ်မရွာသို့ ကပ်သည်။ ကမ်းထိုး ဦးတိုက် ဆိုက်ကပ်ရသည်။ မီးသွေးပေါသောရွာဟု ဆိုရမည်။ ဆယ်ပိဿာအိတ်ကို ၁၆၀ ကျပ်သာကျသည်။ အထက်နှင့် အောက်သို့ မီးသွေးများ ဤရွာမှတင်သည်။ ဥယျာဉ်မရွာနောက်ကြော သစ်တောထူထပ်ကြောင်း သတိပြုမိသည်။ သစ်တောမပြုန်းတီးရေး ရွာသားနှင့် တာဝန်ရှိသူတို့ အလေးထားရန် လိုအပ်ကြောင်း တွေးမိပြန်သည်။



## တိုးတက်ထွန်းကား ရေယာဉ်များ

မင်းကင်းမှ စထွက်ကတည်းက ရာသီဥတု သိသိသာသာ အေးလာသည်။ မြစ်ကြောင်းတွင် မြူမှုန်ကင်းစင်နေသော်လည်း အဝေးတောင်တန်းများပေါ်တွင် ဂွမ်းစိုင်အလိပ်ကြီးများအလား မြူခိုးမြူငွေ့များ ပိတ်ဖုံး နေပြန်သည်။ ချင်းတွင်းမြစ်ပြင်၏ ရှုတည့်တည့် သဘာဝအလှကို ခံစားလို၍ ရေယာဉ်မောင်းနှင်ရာ ဆလင်ခန်းသို့ တက်ကြည့်သည်။ နှစ်ထပ်သင်္ဘောဟု ဆိုသော်လည်း သုံးထပ်အသွင် သဏ္ဌာန်ဖြစ်သည်။ အပေါ်ဆုံးထပ်တွင် ရေယာဉ်မှူးခေါ် ဆလင်အခန်း၊ အင်ဂျင်နီယာခေါ် စက်ဆရာအခန်းနှင့် ရေယာဉ်မောင်းနှင်ရာအခန်း သာရှိသည်။ အပေါ်ထပ် နောက်ဘက်ခြမ်းတွင် အကျယ် ၂၈ ပေ၊ အရှည် ၇၃ ပေရှိ ကွက်လပ်ကြီးရှိသည်။ စက်ခန်းမှ မီးခိုးများ မှုတ်ထုတ်ရာ ခေါင်းတိုင်ကြီးနှစ်လုံးသည် သင်္ဘော၏ ထင်ရှားသော အမှတ်အသားဖြစ်



ခေတ်မီလာသော ရေယာဉ်ကြီးပေါ်တွင် ကွမ်းတောင်းများ ပါရှိပုံ

သည်။ အဝေးကပင် လှမ်းမြင်နိုင်ပေသည်။ အပေါ်ကွက်လပ်တွင် ကိုယ်လက်လှုပ်ရှား အားကစားလုပ်နိုင်သည်။ ရာသီဥတုကလည်း အေး၊ နှစ်ရက်ခရီး ကြာမြင့်လာ၍ လမ်းလျှောက်ရင်း အသက်ရှူလေ့ကျင့်ခန်း လုပ်လိုက်သည်။ စိတ်လန်းဆန်း သွားသည်။ အပေါ်စီးမှ မြင်ကွင်းသည် ချင်းတွင်းမြစ် ဘေးဘယ်ညာကို ထင်ထင်ရှားရှား ကြည့်ရှုခံစားနိုင်သည်။

ဥယျာဉ်မရွာမှ တစ်နာရီခရီးတွင် ရေမြွေကျောက်တန်းနှင့် ဖရုံကာကျောက်တန်းကိုဖြတ်သည်။ မြစ်အရှေ့ဘက်ဘေးတွင် ကျောက်ကြောပြင်ကြီးသည် နှစ်မိုင်ခန့်ရှည်လျား သွယ်တန်းနေသည်။ နွေနှင့်ဆောင်း ရေကျချိန်မို့ ထင်ထင်ရှားရှား တွေ့ရသော်လည်း မိုးတွင်းရေများချိန်တွင် သတိထားရသည်။ ရေကြောင်းလမ်း မသိသော ရေယာဉ်၊ စက်လှေများ မြစ်အောက်ဘက်မှ ကျောက်တန်းကြီးကို ဝင်တိုက်မိပါက ဒုက္ခများနိုင်သည်။ တိုက်ခဲ့ဖူးသော သာဓကများရှိ သည်ဟု ရေယာဉ်မှူးကြီး ပြောပြ၍ သိရသည်။

တကယ်တော့ ရေယာဉ်ဝန်ထမ်းများဘဝသည်လည်း သွားချင် ရာသွား၍ မရနိုင်သော အကျယ်ချုပ်ခံဘဝ များဖြစ်သည်။ သင်္ဘောစ ထွက်ချိန်မှ ခရီးဆုံးဆိပ်ကမ်း ရောက်သည်အထိ တာဝန်ကြီးလွန်း၍ အသက်ရှူဝမည် မဟုတ်ပေ။ လူပေါင်းများစွာ၏ အသက်နှင့် သင်္ဘောပါ ကုန်ပစ္စည်းများ မဆုံးရှုံးစေရေး၊ သင်္ဘောကြီးအန္တရာယ် မဖြစ်စေရေး တို့ကို နေ့ညဂရုစိုက် မောင်းနှင်နေရသည်။ ရာသီဥတု မကောင်း၍ စိတ်မချရလျှင် သင်္ဘောကျောက်ချ ရပ်နားထားရသည်။ လုပ်သက်ရင့် ရေယာဉ်မှူးကြီးများသာ ခေတ်မီစက်များ တပ်ဆင်ထားသော ရေယာဉ်များကို မောင်းနှင်ရသည်ဟုဆိုသဖြင့် သင်္ဘောမောင်း နှင်ခန်းကို ဝင်ရောက်လေ့လာကြည့်မိသည်။

ယခင်က သင်္ဘောများသည် Wheel ဟုခေါ်သော လက်ကိုင်



ဘီးကိုကိုင်မောင်းရသည်။ မိမိတင်လိုသော မိုင်နှုန်းကို အောက်စက်ခန်း သို့ အနိမ့်ဆုံး [Slow] မှတ်၊ အလယ် [High] မှတ်၊ စက်ရပ် [Stop] ဟုသာ အချက်ပြ အကြောင်းကြား မောင်းကြသည်။ သင်္ဘောသား ခေါ်လိုပါက ဥသြဆွဲ အချက်ပေးရသည်။ ယခုသင်္ဘောများက ထိုသို့ မဟုတ်ပြီ။ သင်္ဘောမောင်းနှင်ရာတွင် [Schottel Type] ပဲ့ချိတ် ပုံစံပန်ကာ နောက်ထွက်အမျိုးအစားဟု ခေါ်သော လက်ကိုင်တံထိန်း ခလုတ်ကို အသုံးပြု၍ မောင်းနိုင်သည်။ အင်အားမစိုက်ရ။ ဘယ်ညာ ရှေ့နောက်တွန်းရုံဖြင့် လိုအပ်သလို လမ်းကြောင်းထိန်းသွားနိုင်သည်။ မိုင်နှုန်းခွက်ကိုကြည့်၍ လိုအပ်သလို မိုင်နှုန်းတင် ချနိုင်သည်။ ဤရေယာဉ်များသည် အမြင့်ဆုံး မောင်းနှင်နိုင်အား စက်ပတ်ရေ ၂၁၀၀ ထိ စက်ရှိန်တင်နိုင်သော်လည်း မြစ်ကြောင်းအခြေအနေနှင့် စက်အခြေ အနေအရ စက်ပတ်ရေ ၁၈၀၀ သာ အများဆုံး မောင်းခွင့်ပြုကြောင်း သိရသည်။ စက်နှစ်လုံးတပ်ရေယာဉ်ဖြစ်ပြီး စက်တစ်လုံးလျှင် မြင်း ကောင်ရေ ၂၈၂ ကောင်အားရှိသည်။

ညအချိန်တွင် မြစ်ကြောင်းတွင်းရှိ ကျောက်တောင်၊ ကုန်းမြေ၊ ရေယာဉ်များကို ရှောင်ရှား သွားလာ ခုတ်မောင်းနိုင်ရန် ခေတ်မီ ရေဒါစက် ပါရှိသည်။ Furuno အမည်ရှိ ဂျပန်နိုင်ငံလုပ် ရေဒါသည် ရာသီ ဥတု ကောင်းမွန်ချိန်တွင် အမှောင်ကိုခွင်း၍ ထင်ရှားသော အမှတ် အသားများ ပြနိုင်သည်။ ယခင်က နေ့အချိန်သာ ခုတ်မောင်းနိုင်ရာမှ ခုတော့ အချိန်ကို ကုစားနိုင်သော ရေဒါစက်က ခရီးသည်တို့ကို အချိန် စောစွာရောက်ရှိခြင်း သုခကို ဖြည့်ဆည်းပေးလိုက်ပြီ။ သင်္ဘောပေါ်တွင် ဆိပ်ကမ်းမြို့များနှင့် သင်္ဘောတစ်စီးနှင့်တစ်စီး ဆက်သွယ် နိုင်သော ဆက်သွယ်ရေးစက်လည်း ပါရှိသည်။ တစ်နိုင်ငံလုံး ဆက်သွယ်နိုင်သော ပါဝါကြီးသည့် ခေတ်မီ ဆက်သွယ်ရေးစက်များဖြစ်သည်။

မြန်မာပြည် ရေကြောင်းပို့ဆောင်ရေးလုပ်ငန်းကို ခေတ်မီတိုးတက်အောင် အဆင့်ဆင့် ကြိုးပမ်းမှုသည် အတိုင်းအတာ တစ်ခုအထိ အောင်မြင်လျက်ရှိသည်ဟု မှတ်ချက်ပြုရမည်ဖြစ်သည်။ ခုတော့ မြန်မာတစ်နိုင်ငံလုံး တွင် အသက်ကယ်အင်္ကျီ၊ အသက်ကယ်လှေ၊ မီးကာကွယ်ရေး၊ အောက်ဆီဂျင်ဘူးများ၊ ထမင်းချက်ခန်း၊ စားသောက်ခန်း၊ လေအေးစက် အိပ်ခန်းတို့ ပါရှိသော ခေတ်မီရေယာဉ် အမျိုးအစားမျိုးနှင့် စင်းရေ ၄၄ ရှိနေပြီဖြစ်ကြောင်း သိရ၏။

ကလေးဆမြို့ ရွှေမုဋ္ဌောဘုရားရင်ပြင်၌ အမှတ်တရ

၁၉၈၈ ခုနှစ် အရေးအခင်းဖြစ်ပြီးကာလနောက်ပိုင်း တပ်မတော်အစိုးရလက်ထက် ပို့ဆောင်ရေးကဏ္ဍ အလေးထားဆောင်ရွက်ချက်သည် မြန်မာနိုင်ငံသားတို့၏ လူနေမှု အဆင့်အတန်းမြင့်မားရေးကို အချိန်တိုအတွင်း ထူးခြားစွာ အံ့မခန်း မြှင့်တင်ပေးလိုက်ခြင်းပင်ဖြစ်ပါသည်။



ရေယာဉ်မောင်းစင်တွင် ကြာကြာမနေနိုင်၍ အောက်သို့ပြန်ဆင်းခဲ့သည်။ ရေယာဉ်မောင်းသူတို့ နှင်းငွေ့ ရိုက်ပါက မှန်များမှုန်ဝါးပြီး ရှေ့မြင်ကွင်း ကောင်းကောင်းမရှင်း၍ မှန်တံခါးဖွင့်မောင်းကြရသည်။ သူတို့အကျင့်ရနေ၍ လေဒဏ်၊ အအေးဒဏ် ခံနိုင်သော်လည်း ကျွန်တော်မခံနိုင်ပါ။ ဒုတိယထပ်ဦးခန်းတွင် တီဗီ၊ ဗီဒီယိုစက်များ ပါရှိသည်။ အထက်တန်းခရီးသည်အချို့ ဗီဒီယိုကြည့်နေ၍ ဝင်ကြည့်မိသည်။ မင်းသားကျော်ဟိန်းနှင့် မင်းသမီးနန္ဒာလှိုင်တို့၏ အလွမ်းဇာတ်ကားဖြစ်၏။ အလွမ်းသယ်ငိုသောအခန်းများပြနေ၍ ပြန်ထွက်လာခဲ့သည်။ စိတ်မချမ်းမြေ့ဖွယ်ရာဇာတ်လမ်းနှင့် အဖြစ်အပျက်များကို ချမ်းမြေ့သာယာသောခရီးတွင် မခံစားလို၍ဖြစ်သည်။

အခန်းပြင်သို့ထွက်ကြည့်ချိန်တွင် မြစ်ညာဘက်ခြမ်း၌ မြင့်မားမတ်စောက်သော ကျောက်တောင်များကို မြင်နေရပြီ။ တောင်ကိုးလုံးဟု နာမည်ထင်ရှားသော ကျောက်တောင်တန်းကြီးဖြစ်သည်။ တစ်လုံးနှင့်တစ်လုံး အနိမ့်အမြင့် မညီမညာ ကွဲနေသော တောင်လုံးများဖြစ်သည်။ တောင်ကိုးလုံးအထက်တွင် စာဆိုနှင့်အညီ ဝဲကြမ်းသော ပေဝဲကိုတွေ့ရသည်။ ကျွန်တော်တို့ ဖြတ်သန်းချိန်တွင် ရေကျနေ၍ ဝဲမထပါ။ ဝဲကြမ်းသောနေရာကွေ့ ကျောက်ကမူပေါ်တွင် ထုံးဖြူဖြူ ဘုရားတစ်ဆူရှိသည်။ မိုးတွင်းရေတက် ဘယ်လောက်ကြမ်းကြမ်း ရေမမြုပ်သောဘုရားလေးဖြစ်ပြီး အများဆုံး ဘုရားခြေတော်ရင်းအထိသာ ရေရောက်သည်ဟု သိရသည်။ ပေဘုရားဟု ဆိုသည်။

**ကလေးကား။ ဝလေးဝ**

တောင်ကိုးလုံးတောင်ကြောကို ကျော်ပြီး နာရီဝက်အကြာတွင် ရွှေသမင်တောင်ကို ဖြတ်သည်။ သမင်တစ်ကောင် ခုန်ပြေးဟန်

ရှေ့နောက် အနိမ့်အမြင့် မညီညာသော တောင်တန်းသွယ်ကြီးဖြစ်သည်။ ရွှေသမင်တောင်ကိုကျော်ပြီး တံတောင်ဆစ်ချိုး ကွေ့လိုက်သည်နှင့် ကလေးဝမြို့ကို လှမ်းမြင်ရပေပြီ။ ပထမဦးဆုံး အထင်အရှား မြင်တွေ့ရသည်မှာ ရွှေပြောင်ပြောင်စေတီဘုရားဖြစ်သည်။ ရွှေမုဋ္ဌောဟု အမည်တွင်ကြောင်း သိရသည်။ သင်္ဘောသည် ကလေးဝမြို့ အဝင်ဝသို့ ရောက်ချိန်တွင် မြစ်အနောက်ဘက်ကမ်း ကျောက်တောင်များကြားမှ မြစ်ငယ်တစ်စင်း သွယ်ဆင်းလာသည်ကို တွေ့ရပြန်၏။ ထိုမြစ်သည် ချင်းတွင်းသို့ စီးဝင်သည်။ မြစ်သာမြစ်ဟု သိရသည်။ ကလေးဝမြို့ ဆိပ်ကမ်းသို့ ဒီဇင်ဘာလ ၁၄ ရက်နေ့ နေ့လယ် ၂ နာရီခန့်တွင် ရောက်ရှိလေသည်။

ငယ်စဉ်က သင်ကြားခဲ့ရသော ပထဝီဝင်စာအုပ်ထဲတွင် ကလေးဝကို ကျောက်မီးသွေးထွက်သည်ဟု သိခဲ့ဖူးသည်။ ခုတော့ ကိုယ်တိုင်ကိုယ်ကျ ရောက်ရပြီ။ သင်္ဘောသည် ကလေးဝဆိပ်ကမ်းတွင် ကုန်ချချိန် နှစ်နာရီခန့် ကြာမည်ဟု သိရသဖြင့် စိတ်ချလက်ချ မြို့ပေါ် တက်လည်ကြသည်။ ဆိပ်ကမ်းပေါ် အတက် စနစ်တကျ ဆောက်ထားသော အုတ်လှေကားဖြင့် တက်ရသည်။ ရေကြောင်းရုံးသည် သင်္ဘောဆိပ်၌ နီးနီးနားနားရှိသဖြင့် ခရီးသည်များ လက်မှတ်ဝယ်ယူမှု၊ ကုန်တင်ဆောင်မှု အဆင်ပြေကြသည်။ သင်္ဘောဆိုက်သည်နှင့် ကလေး–တမူးသို့ ပြေးဆွဲသည့်လိုင်းကားများမှ ခရီးသည်ခေါ်သံများ ဆူညံသွားတော့သည်။ ကလေးဝဆိပ်ကမ်းသည် အိန္ဒိယနယ်စပ်မှ ကုန်သွယ်မှုတံခါးပေါက်ဖြစ်သည်။ ခုတော့ နယ်စပ်ကုန်သွယ်ရေး ဝင်ထွက်မှု ငြိမ်သက်နေသည်။ ခရီးသည် သွားလာမှု၊ ကုန်တင်ဆောင်မှုသည် လွန်ခဲ့သော လေးနှစ်ခန့်အထိ သင်္ဘောမနိုင်၊ ကားမနိုင် ဖြစ်ခဲ့ဖူးသည် ဆို၏။ အကောက်ခွန်ဦးစီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးဌာနတို့မှ တင်းတင်းကြပ်ကြပ် စစ်ဆေးသောနေရာ ဖြစ်ခဲ့ဖူးသည်။ ယခုအခါ ခရီးသည်များ



၏ လှုပ်ရှားမှုက ဝမ်းရေးအေးသည်ဟု ပြောရမည်။ ဝမ်းပူသောဒေသများက လူဝင်ထွက်မှု၊ ကုန်စီးဆင်းမှု ဆူညံတုန်းပင် ရှိသေးသည်။

နေ့လယ်သာဆိုသော်လည်း အငွေ့ထည် မချွတ်နိုင်သေးပါ။ ကလေးဝသည် တောင်ကုန်းပေါ်တွင် အတက်အဆင်း၊ အကွေ့အကောက်များဖြင့် တည်ထားသောမြို့ဖြစ်၍ အေးစိမ့်နေသည်။ ပူပြီဆိုလျှင်လည်း နေဒဏ်ကို ပြင်းပြင်းထန်ထန် ခံရသည်ဟု ဆိုသည်။ သဘာဝဓာတ်ငွေ့နှင့် ဓာတ်သတ္တုပစ္စည်း ထွက်ရှိရာဒေသ များသည် မြေပထဝီကြော၏ အပူလှိုင်း၊ အအေးလှိုင်းဒဏ်ကို ကြမ်းတမ်းစွာ ခံစားရလေ့ရှိသည်။

ရေကြောင်းမန်နေဂျာ ဦးအောင်ငြိမ်းက လည်စရာ သွားစရာဆိုလို့ ဘုရားတစ်ဆူသာရှိသည်ဆို၍ ဘုရားကုန်းပေါ် တက်ကြသည်။ ချင်းတွင်းမြစ်ကြောင်းမှ လှမ်းမျှော်ဖူးရသော ရွှေမုဋ္ဌောဘုရားဖြစ်သည်။ အင်္ဂတေ အုတ်လှေကားများ၏ အကန့်တိုင်းတွင် လှူဒါန်းသူများ၏ အမည်များကို ကမ္ပည်းထိုးထားသည်။ အမည်များကို ဖတ်ရင်း တက်သွားရာ မောရမှန်းမသိဘဲ ရောက်သွား၏။ ပေတစ်ရာကျော်ခန့်ရှိ၍ မမြင့်သော်လည်း လှေကား မတ်သည်။ ရွှေမုဋ္ဌောဟု အမည်တွင်သဖြင့် ပုသိမ်မြို့၏ ကျက်သရေဆောင် တန်ခိုးကြီးဘုရားဘုရားနှင့် အမည်တူနေသည်။ မုဋ္ဌော ဆိုသောအမည်သည် မွန်စကားဖြစ်သည်။ မွန်တို့ စိုးမိုးခဲ့ပုံရသည်။ ဘုရားရင်ပြင်တော် အဝင်ဝမုခ်ဦးတွင် ဘုရားသမိုင်း ကျောက်စာ ရေးထွင်းထားသည်။ ရာဇဝင်အရဆိုလျှင် သာသနာသက္ကရာဇ် ၂၂၅ ခုနှစ်တွင် အဇာတသတ်မင်း၏မြေးတော် ခုနစ်ဆက်မြောက်ဘုရင် ရှေးနွယ်ပတ်မြို့ ယခု ရာဇဂြိုဟ်ရွာကို အုပ်စိုးခဲ့သော လန္တပါလမင်း တည်ထားခဲ့သည်။ ထင်ထင်ရှားရှား ကမ္ပည်းတွင်သည်မှာ အလောင်းစည်သူမင်းကြီး ဘဏ်တော်မြင့် တည်ခဲ့ကြောင်း မှတ်ယူရ

သည်။ ဤဘုရား၌ အောင်မြေနင်းခဲ့သော မြန်မာဘုရင် အလောင်းဘုရားနှင့် ဘုရင့်နောင်မင်းတရားတို့လည်း ကုသိုလ်ပါဝင်ခဲ့ဖူးသည်။ ကလေးဝသည် ကုန်းဘောင်ခေတ်အထိ မြို့မဟုတ်ခဲ့ပါ။ အဝလေးင ဟူသော ရွာသာဖြစ်သည်။ သမိုင်းအရဆိုလျှင် အိန္ဒိယနယ်သို့သွားရာ လမ်းကြောင်းဖြစ်ခဲ့သဖြင့် အာသံ၊ မဏိပူရကို သိမ်းပိုက်ခဲ့သော ဘုရင့်နောင်နှင့် အလောင်းဘုရားတို့လည်း အမှန်ပင် ရောက်ခဲ့မည်ဟု ထင်မိသည်။

ရွှေမုဋ္ဌောဘုရား ရင်ပြင်တော်ပေါ်မှ လှမ်းမျှော်ကြည့်ရာ အရှေ့ဘက်တွင် ချင်းတွင်းမြစ်သည် မြောက်မှ တောင်သို့ စီးဆင်းနေပြီး ရွှေသမင်တောင်ကြောကို ဦးတိုက်၍ အရှေ့သို့ ကွေ့ပတ်စီးဆင်းသွားသည်။ တစ်ဖက်ကမ်း တွင် ကလေးဝ–မုံရွာ ကားလမ်းမကြီးရှိကြောင်း သိရ၏။ အနောက်ဘက်သို့ လှမ်းမျှော်ကြည့်ရာ မြင့်မားသော တောင်တန်းကြီးများဖြစ်သည့် သော့ကျင်တောင်နှင့် နွားတောင်များထိပ်တွင် မြူခိုးများဝေ့၍ ကမ္ဗလာအစိမ်းခင်း ကြီးပေါ်တွင် ဖြူဖွေးသော အရုပ်များကို ခြယ်သထားဟန် မြင်တွေ့ရသည်။ ဘုရား၏ခြေရင်း အနောက်ဘက်၌ မြစ်သာမြစ်သည် ကလေးမြို့မှ ကလေးဝမြို့ကို ဦးတည်၍ အနောက်မှ အရှေ့တည့်တည့် စီးဆင်းသည်။ တောင်မှ မြောက်သို့ ရှည်လျားစွာ ပြောင်းပြန်စီးဆင်းသော မြစ်သာမြစ်ခေါ် ကာလေးမြစ်သည် မကွေးတိုင်း ထီးလင်းဒေသမှ မြစ်ဖျားခံသည်ဟု ဆိုသည်။ ချင်းတောင်တန်းမှ ချောင်းငယ်များနှင့် မဏိပူရမြစ်သည် လည်း မြစ်သာမြစ်သို့ စီးဝင်၍ ချင်းတွင်းမြစ်သို့ ပေါင်းဆုံကြသည်။ ချင်းတို့၏ အသက်သွေးကြောငယ်များသည် သွေးကြောမကြီး ဖြစ်သော ချင်းတွင်းမြစ်ဆီသို့ ပျံ့နှံ့လာသည်မှာ ချင်းတွင်းမြစ် အမည်ခံရသည့် အကြောင်းတရားတစ်ခု ဖြစ်ပေ လိမ့်မည်။



ဂျပန်ခိုးသွားတို့ လှူဒါန်းခဲ့သော မြို့လယ်နာရီစင်



ရွှေမုဋ္ဌောဘုရား၌ အလှူငွေထည့်ဝင်ပြီး အမှတ်တရဓာတ်ပုံ ရိုက်ကြသည်။ မြန်မာပြည်တွင် ရောက်ခဲ့လှသော စစ်ကိုင်းတိုင်းအတွင်း ရှိကလေးဝမြို့လေးသည် ဘဝခရီးတွင် မှတ်တမ်းဝင် ပန်းချီကားတစ်ချပ် အဖြစ် ပါရှိသွားလေပြီ။ ဘုရားမှဆင်းပြီး မြို့ထဲသို့သွားကြသည်။ ဆယ်မိနစ်ခန့်သာ လျှောက်ရသော ကားလမ်းဆုံးတွင် ပေ ၂၀ ခန့်မြင့်သော နာရီစင်လေးကို တွေ့ရ၏။ အနီးကပ်ကြည့်ရာ ဂျပန်အဖွဲ့ တစ်ဖွဲ့ အမှတ်တရလှူသွားကြောင်း ဖတ်ရသည်။ ကမ္ပည်းစာ ရေးထိုးထားရာ ဂျပန်ရှစ်ဦးအမည်ဖြင့် ၁၉၉၃ ခုနှစ်တွင် လှူသည်ဟု ပါရှိသည်။ ဤလမ်းဆုံမှ ကားဖြင့် ရေဦးမြို့သို့ ၁၀၅ မိုင်၊ မုံရွာသို့ ၁၅၉ မိုင်၊

ကလေးမြို့သို့ ၂၄ မိုင်၊ တမူးသို့ ၉၃ မိုင်ရှိကြောင်း မှတ်တိုင်များက ဖော်ပြထားသည်။ ရေဦး၊ မုံရွာသို့ သွားလိုလျှင် ကားများကို ဇက်ပေါ်တင်ပြီး မုံရွာတစ်ဖက်ကမ်း ကိုင်းရွာသို့ ချင်းတွင်းမြစ်ကို ဖြတ်ကူးရသည်။ ကိုင်းရွာမှ ခုနစ်မိုင်အကွာ သက္ကယ်ကျင်းရွာ ကားလမ်းဆုံသို့ ရောက်ပြီး ထိုနေရာမှ အထက်ဖောင်းပြင်နှင့် အောက်မုံရွာသို့ သွားနိုင်သည်။ ကလေး–မုံရွာ ကားလမ်းသည် ရာသီမရွေး သွားနိုင်သော်လည်း မိုးတွင်း၌ ဖောင်းပြင်သို့ ကားလမ်းမသွားနိုင်ပါ။ ဖောင်းပြင်ကားလမ်းသည် ခန္တီးအထိ ဖောက်လုပ်ရန် စီမံချက်ချလျက်ရှိကြောင်း ကြားသိရသည်။

ကလေးဝမှ ကလေးသို့ ၂၄ မိုင်သာ ရှိသော်လည်း တစ်နာရီခန့် ကားစီးရကြောင်း သိရ၏။ ကလေးဝမှ တမူးသို့ ရာသီမရွေး ကားလမ်းဖြင့် သွားနိုင်သည်။ ကလေးမြို့မရောက်မီ ကျီကုန်းရွာမှ လမ်းခွဲပြီး နယ်စပ်မိုရေးထိ ရောက်သည်။ စစ်အတွင်းက အင်္ဂလိပ်တို့ ဤလမ်းမှ ဆုတ်ခွာခဲ့ဖူးသည်။ ဂျပန်ကိုတိုက်ရန် အင်္ဂလိပ်နှင့် ပူးပေါင်းသော မြန်မာမဟာမိတ်တပ်သားတို့လည်း ဤလမ်းကို အသုံးပြုခဲ့သည်ဟု သိရသည်။ ရောက်ဖူးချင်သော်လည်း ကလေးမြို့သို့သွားရန် အချိန်မရတော့ပါ။ ကျောက်မီးသွေးစက်ရုံသည် ကလေးဝမှ ခြောက်မိုင်ခန့်ဝေးသော ကားလမ်းအတွင်း သစ်ခြောက်ရွာတွင် ရှိသည်။ ထိုရွာတစ်ဝိုက်မှ ယခုတိုင် ကျောက်မီးသွေးထွက်ဆဲဖြစ်သည်။

ကလေးဝတွင် မိုက္ကရိုဝေ့ဗ် တယ်လီဖုန်း စက်ခလုတ်ရုံရှိသည်။ ကလေးမြို့မှတစ်ဆင့် လိုင်းတောင်းရသော တယ်လီဖုန်းလိုင်းသည် အော်တိုအိတ်ချိန်း မရသေးပါ။ သို့သော် ရန်ကုန်နှင့် အသံကြည်လင်စွာ ပြောဆိုနိုင်၍ ဆက်သွယ်ရေးကောင်းသည်ဟု ဆိုရမည်။

ကလေးတွင် အများစုမှာ ဗမာလူမျိုး အနေများသည်။ ချင်းတောင်မှဆင်းရာ လမ်းကြောင်းတွင်ရှိသဖြင့်လည်း ချင်းလူမျိုး



အနည်းငယ်ရှိသည်။ ရခိုင်၊ ကရင်၊ ရှမ်း၊ တရုတ်၊ ကုလားတို့လည်းရှိ၏။ မြို့တစ်မြို့တွင် ကုန်ပစ္စည်းမျိုးစုံဆိုင်ကြီးကြီးတွေ့၍ ဝင်ကြည့်ပါက တရုတ်လူမျိုးပိုင်သောဆိုင်က များသည်။ ဒုတိယလိုက်သည်မှာ ကုလားဆိုင်ဖြစ်၏။ ကုန်ကူးသန်းရောင်းဝယ်မှုကို ပိုင်နိုင်၍ နေရာဒေသဈေးကွက်ကို မြင်ကြသူများဖြစ်သည်။ တရုတ် ဆိုင်ကြီးတစ်ဆိုင်တွင်ဝင်၍ ဒေသထွက်ပစ္စည်း စုံစမ်းရာ ကုလားပြည်မှလာသော ကုလားစောင်များ၊ သွားတိုက်ဆေး၊ ဆပ်ပြာ၊ ဟောလစ်နှင့် မုန့်မျိုးစုံသာရှိသည်။

ဘာကြောင့် ကလေးဝဟု ခေါ်ရသလဲဆိုသော မေးခွန်းကို မင်းကင်းမြို့မှကလေးဝအထိ ရေကြောင်းလမ်းပြလိုက်သူ ကိုဝင်းထွေးက ဤသို့ရှင်းပြ၏။ ကလေးဝမြို့၏ အနောက်ဘက်တွင် မြင့်မားသော မြွေကြီးရိုးမ တောင်ခေါ် မြင်းမိုရ်တောင်နှင့် နွားတောင်တို့သည် မြစ်သာမြစ်၏ လက်ယာဘက်တွင်ရှိပြီး သော့ကျင်တောင်ခေါ် လက်ခတ်တောင်သည် လက်ဝဲဘက်တွင်ရှိသည်။ တောင်ဘက်မြစ်စုန်ပေဝဲအထက် ချင်းတွင်းမြစ်နှင့် သွယ်တန်းလျက် ရွှေသမင်တောင်ရှိသည်။ ကလေးဝမှအထွက် အထက်သို့ဆန်တက်ရာ မြစ်ညာဘက်ခြမ်းတွင် မင်းဝံတောင် ရှိသည်။ ထိုတောင်လေးလုံးသည် ကလေးဝမြို့ကိုကာဆီးထားသည်။ ကလေးဝမြို့မှ ထွက်ပေါက်ဝလေးခုရှိသည်။ မြစ်အထက်သို့ဆန်ရာ အပေါက်ဝတစ်ပေါက်၊ အောက်သို့စုန်ရာ အဝတစ်ပေါက်၊ မုံရွာသို့ထွက်ရာ ကားလမ်းအပေါက်ဝတစ်ပေါက်၊ လက်ခတ်တောင်ဘေးမှ တောင်တွင်းချောင်းလွင်ပြင်သို့သွားရာတစ်ပေါက်၊ စုစုပေါင်း အပေါက်ဝ လေးဝရှိသည်။ ထို့ကြောင့် ကာလေးကာ၊ ဝလေးဝဟု ဆိုစမှတ်ပြုကာ ကာလေးဝမှ ကလေးဝမြို့ အမည်တွင်ကြောင်း ပြောပြရာ ကိုယ်တိုင်မြင်တွေ့နေရသော မြင်ကွင်းအရ လက်ခံယုံကြည်စရာ ဖြစ်နေတော့သည်။

သို့သော် ကိုဝင်းထွေးက ကျွန်တော်ပြောတဲ့ ရာဇဝင်က ပါးစပ်ရာဇဝင်နော်ဟု ဆိုသဖြင့် ပါးစပ်ရာဇဝင် ပေါ်သော မြန်မာပြည်မှ ဒေသများအကြောင်း ပြန်ပြောင်းတွေးတောရင်း ချင်းတွင်းမြစ် အထက်ဆန်ရာ အပေါက်ဝ မှ ဆက်လက်ထွက်ခွာခဲ့ပါတော့သည်။

အမှန်ကတော့ ကလေးဝမြို့ဟု အမည်တွင်ရခြင်းအကြောင်းမှာ ကလေးမြို့သမိုင်းနှင့် ဆက်စပ်နေသည်။ မြန်မာ့သမိုင်းဆရာတို့၏ အဆိုအရဆိုလျှင် ကလေးမြို့ကို "ကာလေးမြို့" ဟု ခေါ်ခဲ့သည်။ ခန်းပတ်မြို့၊ ရွှေတောင်မြို့၊ စဉ့်တုံမြို့၊ မန်လုံမြို့ဟုဆိုသော ရှေးဟောင်းမြို့လေးမြို့ ပတ်လည်ကာရံထားသောကြောင့်ဟု ဆိုသည်။ ခန်းပတ်နှင့် ရွှေတောင်ကို ယခုတိုင် မြေပုံထဲတွင် တွေ့ရသော်လည်း စဉ့်တုံနှင့် မန်လုံတို့ကိုကား မတွေ့ရတော့ပေ။ ရွှေတောင်သည် ကလေးမြို့မှ အရှေ့ဘက်ယွန်းယွန်း ၁၆ မိုင်အကွာ၌ ရွာတစ်ရွာအဖြစ် ရှိနေသေးကြောင်း သိရ၏။ မြစ်သာမြစ်ခေါ် ကာလေးမြစ်သည် ကလေးမြို့အနီးမှ ဖြတ်သန်း၍ ချင်းတွင်းမြစ်သို့ စီးဝင်သည်။ မြစ်သာမြစ်နှင့် ချင်းတွင်းမြစ်ဆုံရာ အပေါက်ဝတွင်ရှိသောရွာကို "ကာလေးဝ" ရွာဟု ခေါ်ခဲ့၏။ ထိုမှ ကာလရွေ့လျောကာ ကလေးဝဖြစ်လာကြောင်း သိရလေသည်။ သမိုင်းကြောင်းနှင့် ဒဏ္ဍာရီသည် တောင်နှင့်မြောက် အလား ပြဒါးတစ်လမ်း၊ သံတစ်လမ်း ကွဲပြားတတ်ကြောင်း မြန်မာ ရာဇဝင်၌ ကြုံရတတ်လေသည်။



# ချင်းတွင်းရေ ဘယ်မခန်း

**မဇိမ်ရှာသား ရွှေနှဲ့စား**

ညနေ ၃ နာရီတွင် ကလေးဝမြို့မှ သင်္ဘောဆက်လက်ထွက်ခွာသည်။ မြောက်ဘက်သို့ ဆန်တက် ခုတ်မောင်းသွားရာ ကလေးဝမြို့သည် တောင်ကြီးနှစ်တောင်ကြား ချိုင့်ဝှမ်းထဲတွင် တဖြည်းဖြည်းပျောက်ကွယ်ကျန်ခဲ့သည်။ ကျောက်တောင်များကြားတွင် ဖြတ်သန်းစီးဆင်းနေသော ချင်းတွင်းမြစ်ရေသည် ပို၍ပါးလာ၏။ ကြည်စိမ်းသောရေပြင်အောက်၌ မြေသားကြမ်းပြင်ကို ဖြူလွလွ မြင်လာရပြီ။ ရေတိမ်လာသောကြောင့် ရေယာဉ်သည် စက်ဂျိန်မလျှော့ ခုတ်မောင်းနေရသည်။ နွေရာသီတွင် ကလေးဝမှအထက် ဟုမ္မလင်း၊ ခန္တီးသို့ သင်္ဘောကြီးများ ခုတ်မောင်းမရခြင်းသည် ရေအနက် [illegible] ပေ အောက်နေရာများ များလာသောကြောင့်ဖြစ်သည်။

မြစ်အရှေ့ဘက်ကမ်းမှ ဆင်ခေါင်းတောင်ကြီးသည် [illegible]

မှအရှေ့ သွယ်တန်းကာ မြစ်ကိုဘေးတိုက် ထိုးလျက် မိုးနေသည်။ အချို့နေရာများ၌ ၉၀ ဒီဂရီ မတ်စောက်သော ကျောက်ကမ်းပါးယံများကို တွေ့ရသည်။ ကျောက်တောင်ကြား ရောက်သောအချိန်၌ အေးစိမ့်လာပြီး အနွေးအကျီ ပြေးဝတ်ရတော့သည်။ ခရီးသည်အချို့ အခန်းထဲမှ မထွက်ကြတော့ပေ။ ချင်းတွင်းမြစ်၏ အအေးဒဏ်ကို သိသိသာသာ ခံစားလာရပြီ။ ရေမချိုးနိုင်တော့၍ ရေပတ်တိုက်လိုက်ရသည်။ ရေခဲရေကဲ့သို့ အေးနေသောရေကို ရေနွေးရောလိုက်ရသည်။

အေးသော်လည်း သိရှိလိုသော ပတ်ဝန်းကျင် အကြောင်းအရာများ ပြတ်တောက်သွားမည်စိုး၍ အပြင်သို့ ထွက်ကြည့်လာရာ နှစ်နာရီခရီးခန့်တွင် ဂဇက်ရွာကိုဖြတ်သည်။ ဂဇက်ရွာသည် မုံရွာကားလမ်း မဟာမြိုင်တောကြီးသို့ သွယ်တန်းနေသည့် ကျောက်တောင်ကြီး၏ အောက်တွင်ရှိပြီး အိမ်ခြေ ၅၀ ခန့်ရှိသည်။ ရွာဘေး မြစ်ကမ်းနားတွင် စက်လှေအစီး ၂၀ ခန့် အုပ်စုဖွဲ့ ရပ်နားထားသည်။ စက်လှေများပေါ်တွင် ဆီတိုင်ကီများအပြည့် တင်ဆောင်ထားကြောင်း တွေ့ရသဖြင့် စုံစမ်းကြည့်ရာ ဟုမ္မလင်း၊ နန်တောရှေ့တွင်းနှင့် ခန္တီးမြို့များသို့ ဤစက်လှေများဖြင့် စက်သုံးဆီ ပို့နေကြောင်း သိရသည်။ ဆီထွက်သောနေရာမှာ ကလေးဝမြို့အနောက်ဘက် သော့ကျင်တောင်အနီးမှဖြစ်ကြောင်း သိရ၏။ မုံရွာမှသယ်သောဆီမှာ တစ်ဆင့်ပြန်ရောင်းကြသော ဒီဇယ်ဆီများဖြစ်ပြီး ကလေးမြို့အနီးမှထွက်သောဆီကား ချက်ဆီဖြစ်သည်။

ကလေးမြို့အနီး ကျောက်ခုတ်ရွာတစ်ဝိုက်တွင် လက်ယက်တွင်း ရေနံများထွက်လျက်ရှိ၏။ နိုင်ငံတော်မှ စီးပွားဖြစ် မထုတ်လုပ်နိုင်သေးသော်လည်း စီးပွားရှာသူတို့ တောတိုးကာ ရေနံစိမ်းများ တူးနေသည်ဟု သိရသည်။ ရေနံစိမ်းကို ပြန်ချက်ကြပြီး ဒီဇယ်ဆီအဖြစ် သုံးနေကြသည်။ ကလေးဝမှ ဟုမ္မလင်း နန်တောရှေ့တွင်းသို့ လည်း



ကောင်း၊ တန်မခန်၊ ဟောင်ပါးသို့လည်းကောင်း ဥရုချောင်းအတိုင်း ဆန်တက်ကာ စီးပွားဖြစ်နေကြသည်။

ဂဇက်ရွာ ကျော်လာပြီး လောင်းဂရိတ်ရွာကိုဖြတ်သည်။ လောင်းဂရိတ်ဝဲဟု နာမည်ရှိသည်။ ဝဲကြီးသော စာချိုးတွင် မပါသော်လည်း ဒီနေရာသည်လည်း မိုးတွင်းမှာ အန္တရာယ်များ၏။ မြစ်ဘယ်ညာတွင် ကျောက်တောင်ကုန်း နှစ်ကုန်းသည် မြစ်ကိုညှပ်ထားသည်။ ကျောက်တောင်ကုန်း တစ်ဖက်စီတွင် နတ်ကွန်းကြီးများဆောက်ကာ ပူဇော်ပသထားသည်။ ရပ်ရွာဓလေ့အရ ရိုးရာကို ယုံကြည်မှုသည် ဒေသခံများအဖို့ အကျိုးတစ်စုံတစ်ရာ ရှိပေလိမ့်မည်။



**ရေနည်းလာလို့ သောင်ခုံဘေးမှာ ကပ်ရပြီ**

လောင်းဂရိတ်ဝဲဂယက်နေရာမှအထွက် မြစ်ပြင်ကို ကြီးမားသော သောင်ခုံကြီး ကာဆီးထားသဖြင့် မြစ်သည် နှစ်ကြောင်း ခွဲထွက်သွားသည်။ ရေများချိန် မြစ်အရှေ့ဘက်မှ သင်္ဘောမောင်း

၍ရသည်။ မထူးရွာကို ကောင်ကမ်းပါးယံအောက်တွင် တွေ့ရသည်။ မထူးလေးဟုခေါ်ပြီး မြစ်အနောက်ဘက်ကမ်းတွင် မထူးကြီးရွာ ရှိသည်။ အိမ်ခြေ ၁၀၀ ခန့်ရှိပြီး ချင်းတွင်းမြစ်ဘေးတွင် အမှန်ပင် ဘာမျှထူးခြားမှုမရှိသော အေးချမ်းမှုရှိသည့် မြန်မာရွာလေးများအဖြစ် တွေ့မြင်ရပါသည်။

မထူးရွာများ ဖြတ်ချိန်တွင် ညနေ ၆ နာရီခန့်ရှိပြီး မှောင်ရီပျိုးစပြုနေပေပြီ။ ခပ်လှမ်းလှမ်းမြစ်ပြင်တွင် မည်းမည်းအုပ်ကြီးကိုတွေ့ရာ ရွှေကျင်နေသော စက်လှေများဖြစ်ကြောင်း သိရသည်။ ရွှေကျင်နေသော ကမ်းခြေမှာ မစိန်ရွာဖြစ်၏။ မစိန်ရွာသည် မြစ်အရှေ့ဘက်ကမ်းတွင်ရှိသည်။ ယခင်က ဤရွာတွင် ရွှေကျင်ခြင်း မရှိသော်လည်း မကြာသေးမီ လေးလခန့်ကမှ ရွှေကျင်စခန်းကြီး ဖြစ်လာသည်။ အောက်ပြည်နှင့် အနယ်နယ်မှ ရွှေကျင်သူတို့ သောင်ပြင်တွင် တဲများထိုးကာ နေ့ညအလုပ်လုပ်ကြသည်။ စက်လှေကြီးငယ်များဖြင့် လာရောက် ရွှေကျင်ရာ စက်လှေ အစီး ၈၀၀ ခန့်ရှိမည်။ စက်လှေရှိလူနှင့် သောင်ပြင်ပေါ်စခန်းချ ရွှေကျင်သူပေါင်းပါက လူတစ်သောင်းခန့် ရှိပေလိမ့်မည်။ တစ်ချို့ဆိုလျှင် တစ်နေ့လျှင် ရွှေနှစ်ကျပ်သားခန့်ထိ ရကြသည်ဟု သိရသည်။

စက်လှေများပေါ်၌ ရွှေကျင်နေပုံကို သင်္ဘောပေါ်မှ မြင်ရသည်။ စက်လှေဝမ်းတွင် ရေစုပ်စက်ထိုင်ပြီး ပဲ့ပိုင်းတွင် ကျင်ခုံဗန်းခင်းထားသည်။ ကျင်ခုံမှာ စက်လှေအသေးအကြီးပေါ်မူတည်ပြီး အရှည် ၁၀ ပေမှ အကျယ် လေးပေအထိရှိသည်။ ကျင်ခုံပေါ်တွင် ကတ္တီပါစ ခင်းထားသည်။ မြစ်တွင်းရှိ ရေနှင့် သဲများကို ရေစုပ်စက်ဖြင့် စုပ်တင်ပြီး ကျင်ခုံဗန်းပေါ်သို့ ပိုက်ကိုတင်ထားကာ လောင်းချသည်။ တစ်နေကုန် စုပ်တင်ထားသော ရေနှင့်သဲများမှ ရွှေမှုန်နှင့် အမှိုက်များ



သည် ကတ္တီပါခင်းတွင် ကျန်ခဲ့သည်။ ညနေစောင်းတွင် ရေစုပ်တင်ခြင်းရပ်၍ ၎င်းကတ္တီပါခင်းပေါ်မှ ရွှေမှုန်များကို ဆန်ခါချသည်။ ကတ္တီပါစကို တစ်ပေခွဲအကျယ်၊ စောက် သုံးလက်မခန့်ရှိ အင်ဝိုင်း (ဇလားခွက်) ထဲသို့ ရေဖြင့်လောင်းချရသည်။ ကတ္တီပါစကို လက်ဖြင့်ညှစ်ချရာ ကပ်နေသော ရွှေမှုန်နှင့် အမှိုက်များသည် အင်ဝိုင်းတွင်းသို့ ကျသွားသည်။ ပြဒါးထည့်ထားသော အင်ဝိုင်းကို ဆန်ကောဝိုင်းဖြင့် ဖြည်းဖြည်း ခါပေးရသည်။ ရွှေမှုန်မှာ သိပ်သည်းဆရှိသဖြင့် အင်ဝိုင်းအောက်ခြေသို့စုပြီး အမှိုက်များက ဘေးတွင်ကျန်ခဲ့သည်။ အင်ဝိုင်းအောက်ခြေတွင်စုသော ရွှေမှုန်များသည် ပြဒါးကလည်း ဖမ်းထားသဖြင့် အလုံးကလေးများအဖြစ် ကျန်ရစ်၏။ အဆိုပါ ရွှေလုံးကလေးများကို အချို့ကလည်း မော်တော်ပေါ်၌ပင် လုံထဲထည့်ပြီး ရွှေစင်အဖြစ် ပြုလုပ် ကြသည်။ အချို့ကမူ အကြမ်းထည်အတိုင်းထားပြီး ဝယ်သူနှင့် မြို့သို့ပို့သည်။



မစိန်ရွာမှာ ရွှေသားကျင်မယ် လိုက်ကြမလားကွယ်

စက်အားကြီးသူများမှာ အချိန်တိုအတွင်း ပို၍ရကြောင်း သိရသည်။ သောင်ခုံတွင် ကျင်သူများမှာမူ ကျင်ဗန်းကို စင်ပေါ်တင်၍ ပုံးများဖြင့်လည်းကောင်း၊ ရေစုပ်ပိုက်ဖြင့်လည်းကောင်း ရေများလောင်းချသည်။ ကျင်ဗန်းပေါ်ရှိကတ္တီပါစတွင်ကျန်သော ရွှေမှုန်နှင့် အမှိုက်များကို အထက်တွင် ဖော်ပြခဲ့သည့်အတိုင်းပင် ကျင်ကြသည်။ စက်လှေပေါ်မှာကျင်ခြင်းနှင့် သောင်ပြင်ပေါ်မှာ ကျင်ခြင်းသာ ကွာခြားသည်ဟု သင်္ဘောပေါ်၌ ပါလာသော ရွှေကျင်ဖူးသူတစ်ဦးက ရှင်းပြသည်။ ရွှေသည် မြေနှင့်ရေမှထွက်သည် ဆိုသောစကားကို ချင်းတွင်း မြစ်က သက်သေထူနေသည်။

မစိန်ရွာသည် သဘာဝကပေးသော ရွှေကျင်လုပ်ငန်းဖြင့် ချမ်းသာလာကြကြောင်း တွေ့ရသည်။ နှစ်ကျိပ် ရှစ်ဆူဘုရားသည် မစိန့်ရွာချောင်းဘေး တောင်ကုန်းပေါ်တွင် သပ္ပာယ်နေပြီ။ ရွာလယ် ဘုန်းကြီးကျောင်းလည်း ထည်ဝါနေပြီ။ ရေယာဉ်သည် မစိန်ရွာကို တဖြည်းဖြည်းကျော်ဖြတ်လာရာ ပျောက်ကွယ်သွားသော နေမင်း အလင်းရောင်နှင့်အတူ ဖြူဖွေးထိန်လင်းသော လျှပ်စစ်အလင်းတန်းကြီးများ ရွာတစ်လျှောက်နှင့် စက်လှေ သောင်ခုံများပေါ်တွင် ပေါ်လာတော့သည်။ တစ်ချိန်က အိန္ဒိယနယ်စပ်မှ ချည်ထုပ်များ မှောင်ခိုသွင်းစဉ်က ဤရွာသည် ခေတ်ကောင်းမိ၍ ကြီးပွားခဲ့သေးသည်ဟု ဆိုသည်။ မစိန်ရွာသည် စိန်ဆိုသောအမည် ပါ၍လားမသိ။ စိန်ပိုင်ဆိုင်သူတို့ အလား ချမ်းသာမြဲ ချမ်းသာသော ကံအကျိုးပေးတုန်း ရှိသေးသည်။

မစိန်ရွာမှအထွက် တံတောင်ဆစ်ချိုး ကျောက်တောင်အကွေ့တွင် မစိန်ဝဲရှိသည်ဟု သိရပြန်သည်။ ချင်းတွင်းမြစ်သည် မိုးအခါ ဝဲပေါ်သလို နွေအခါ ရွှေပေါ်သည်ဟု ဆိုကြပြန်၏။ ဝဲသည် ဒုက္ခပေးသော်လည်း ရွှေသည်ကားချမ်းသာမှုကို ပေးစွမ်းသည်။ ဆန်နှင့်ကျင်ဘက်အကျိုး



ကိုပေးတတ်သော ချင်းတွင်းမြစ်ပြင်ကို အသုံးချ နေသူတို့ ဉာဏ်မရှိက ကံရှိတိုင်းလည်း မွဲတတ်သည်ကို သတိပြုရန် လိုအပ်ကြောင်း တွေးမိပါသည်။

မစိန်ရွာမှ အလင်းတန်းများ ပျောက်ကွယ်သွားချိန်တွင် ည ၇ နာရီထိုးပေပြီ။ ရေယာဉ်သည် ရေပါးလွန်း၍ ဖြည်းဖြည်းစမ်း ခုတ်မောင်း နေရာမှ ည ၁၁ နာရီတွင် သောင်တင်သွားလေတော့သည်။ မီးမောင်းများထိုး၍ လမ်းရှာသော်လည်း လှုပ်လေမြုပ်လေဖြစ်မည်စိုး၍ နှင်းမှုန်များအောက်တွင် ရပ်နားထားလိုက်ရတော့သည်။

နံနက်အိပ်ရာမှထချိန်တွင် နံနက် ၆ နာရီထိုးပြီ။ ဆောင်းသဘာဝအတိုင်း မှောင်ရိပ်မကုန်ချင်သေးပါ။ အိပ်ခန်းအပြင်ထွက်လိုက်ရာ နှင်းများက မျက်နှာကို ပက်ဖျန်းတော့သည်။ သောင်တင်သင်္ဘောကို ပတ်ဝန်းကျင်တစ်ခုလုံး မြူနှင်းထုကြီးက ကာဆီးထား၍ ဘာကိုမှ မမြင်ရ။ နံနက်စာစားရန် ဘတ်တလာ (Butler) ဟုခေါ်သော ဘဏ္ဍာစိုးကို မှာလိုက်သည်။ သင်္ဘောပေါ်တွင် အီကြာကွေးရသည်ဆို၍ စိတ်ဝင်စားသွားသည်။ ပဲပြုတ်နှင့်နံပြား ခေတ်မှသည် ပဲအီကြာဟု နာမည်ကြီးလာသော ခေတ်သုံးဝေါဟာရ စားသောက်ဖွယ်ကို သင်္ဘောပေါ်၌ရ၍ မှာစားလိုက်သည်။ မြို့ပေါ်က အီကြာကွေးများထက် သာသည်ဟုဆိုရမည့် အရသာကို ယနေ့တိုင် သတိရနေသေးသည်။ ရေလယ်ကောင်တွင် ကျောက်ချရပ်နားထားသော သင်္ဘောပေါ်မှ လက်ဖက်ရည်ဆိုင်လေးမှာ လက်မလည်အောင် ရောင်းရလေသည်။

## သဲကို 'ဂွ' ကြိုက် ရှမ်းချုပ်

နံနက် ၇ နာရီတွင် သင်္ဘောရေယာဉ်မှူးကြီးမှ ခရီးသည်များ မစိုးရိမ်ကြရန် အသိပေးပြီး စတင်လှုပ်ရှားတော့သည်။ သောင်တင်နေ

သော ရေယာဉ်ကို လွတ်မြောက်ရန် ပန်ကာအားကိုးကာ ဖင်ဖြင့် နောက်ပြန်ယက်၍ စက်ကုန်ခုတ်မောင်းလေသည်။ သို့သော် ရေအနက် သုံးပေခန့်တွင် တင်နေသဖြင့် မလှုပ်နိုင်ပါ။ သဲများကို ပန်ကာဖြင့် ယက်၍ မှုတ်ရသောကြောင့် ပန်ကာများ ပဲ့ရွဲ့ပျက်စီးနိုင်ကြောင်း သိရသည်။



**သဲပေါ်ကရေယာဉ်ကို ဂွဲကြိုတ်ရန်ကြတယ်**

စက်အားတစ်ခုတည်းဖြင့် သင်္ဘောမရွေ့နိုင်သဖြင့် "ဂွဲ" ကြိုတ်၍ သောင်မှလွတ်မြောက်စေနည်းကို သုံးကြပြန်သည်။ ဂွဲကြိုတ်ခြင်း ဆိုသည်မှာ ဖောင်များ၊ သင်္ဘောများ ရေနည်းချိန်၊ ရေတိမ်ချိန်တွင် သွားလာခုတ်မောင်းရင်း သောင်တင်သွားသည့်အခါ ရေတိမ်မှ ရေနက်ပိုင်းသို့ ရွေ့လျားသွားရန် စက်အား၊ လူအား၊ ကုတ်အားဖြင့် လွတ်မြောက်စေသောနည်းစနစ်ကို သုံးခြင်းဖြစ်သည်။ အမှန်တော့ ဂွဲကြိုတ်သည် ဆိုသောစကားမှာ ဖောင်သမားတို့၏ ဝေါဟာရဖြစ်၍



မြန်မာ့ဟန်ဖြင့် တီထွင်သောစနစ်ဖြစ်ပေသည်။

သင်္ဘောသားများမှာ နှင်းမှုန်ထဲ ရေခဲတမျှ အေးစက်နေသော မြစ်ပြင်တွင်ဆင်း၍ သောင်မှလွတ်မြောက်ရေး ကြိုးပမ်းပုံကို အံ့သြဖွယ် မျက်မြင်ကြုံတွေ့ခဲ့ရပါသည်။ သင်္ဘောသားဒလေးဦး ရေထဲဆင်းပြီး လုံးပတ် အရှည် ၁၈ ပေခန့်ရှိသော ဂွဲချွန်ပြီး မျောတိုင်ကို ရေပြင်အောက် မြေသား၌ အထဲဝင်သည်အထိ စိုက်ရသည်။ ဂွဲကြိုးချည်သည်ဟု ခေါ်သောသင်္ဘောပေါ်မှ ကြိုးတစ်ချောင်းကို မျောတိုင်၌ ချည်ရသည်။ ဂွဲချည်နည်းမှာ သင်္ဘောသောင်တင်သည့် အနေအထားပေါ် မူတည်သလို မျောတိုင်ထိပ်ဖျားကိုချွန်သော ဂွဲချွန်သည့်ပုံစံမှာလည်း သောင်တင်မှုအပေါ် မူတည်သည် ဆို၏။ သင်္ဘောဦးပိုင်း သောင်တင်ခြင်းနှင့် သင်္ဘောပဲ့ပိုင်း သောင်တင်ခြင်းပေါ်မူတည်၍ ဂွဲကြိုးချည် ဂွဲတိုင်စိုက်ရသည်။ ဂွဲစိုက်ပြီးသည့်အခါ ဂွဲတုံးအဖျားတွင် လူတစ်ဦး၊ အရင်းတွင် လူတစ်ဦး ဂွဲတိုင်ကို ရေမျောမပါအောင် ဖိဆွဲထားရသည်။ ထိုအဆင့်ပြီးပါက သင်္ဘောမောင်းသူသည် စက်မောင်းပြီး ကျောက်ဆူးရစ်လုံးတွင် ချည်ထားသောကြိုးကို ရစ်စက်ဖြင့် လူဆယ်ဦးခန့်က တဖြည်းဖြည်း ရစ်ရသည်။ ကြိုးရစ်ရာတွင် သင်္ဘောမောင်းသူ၏ လိုအပ်ချက်အရ အလျှော့အတင်း လုပ်ပေးရသည်။ ထိုသို့ပြုလုပ်ခြင်းဖြင့် သင်္ဘောမှာ ကုတ်အားဖြင့်လည်လာပြီး ရေနက်ပိုင်းသို့ တဖြည်းဖြည်းရောက် သွားကာ သောင်တင်ခြင်းမှ လွတ်မြောက်လေတော့သည်။

ဂွဲကြိုတ်ရာတွင် ရေထဲသို့ တစ်ဖန်ဆင်းရပြန်သည်။ သင်္ဘောသားများမှာ အလွန်အန္တရာယ်များလှသည်။ ဂွဲတိုင်ပိ၍ သေဆုံးတတ်သည်ဟု သိရသည်။ ဂွဲချွန်ရာတွင် ရာသီဥတု အခြေအနေပေါ် မူတည်ပြီး လုပ်ဆောင် ရသည်။ မိုးနှင့်နွေတွင် ချင်းတွင်းသား ဖောင်သမားတို့ ဆိုစကားရှိသည်။ "မိုးမှာစံပယ်၊ နွေမှာကြက်မောက်" ဟု

ဆိုသည်။ မိုးများချိန်ဖြစ်သည့် ဝါဆို၊ ဝါခေါင်၊ တော်သလင်းလများတွင် ဂွဲချွန်ပါက စံပါယ်ဖူးပုံသဏ္ဍာန် ချွန်ရပြီး နွေရာသီ ရေနည်းချိန် တပို့တွဲ၊ တပေါင်း၊ တန်ခူးလများ၌ ကြက်တက်ပုံသဏ္ဍာန် ချွန်ရသည်။ သို့မှ လိုရာခရီးသို့ ဆွဲနိုင်သည်ဟု ဆိုပါသည်။

ဂွဲချွန်ခြင်း၊ ဂွချည်ခြင်း၊ ဂွဲစိုက်ခြင်းနည်းစနစ်များနှင့် သင်္ဘောပေါ်မှ ရေယာဉ်မှူး၏ ကျွမ်းကျင်သော အမိန့်ပေးစနစ်အပေါ် သင်္ဘောသောင်မှလွတ်မြောက်ခြင်းသည် မြန်မာပြည်တွင် ချင်းတွင်းသားတို့သာ အသုံး များသည်ဟု သိရပေသည်။ သလ္လာဝတီ (၁) ရေယာဉ်ပေါ်မှ စွန့်စားဆောင်ရွက်သော သင်္ဘောသားများကို ဂုဏ်ပြု မှတ်တမ်းတင်မိပါသည်။ ချင်းတွင်းသင်္ဘောသားတို့ စွန့်စားခန်းကို မြင်ယောင်နေသေးသည်။

ရေယာဉ်ကြီး သောင်မှလွတ်မြောက်ရေးအတွက် ရေထဲသို့ဆင်း၍ လုံးပမ်းနေကြသော သင်္ဘောသားတို့၏ တပ်လှန့်သံက သူတို့၏ ကိုယ်စိတ်စွမ်းအားကို နှိုးဆော်ပံ့ပိုးပေးနေသည်။ ရေယာဉ်ပေါ်ရှိ ခရီးသည်တို့ကလည်း အသံဖြင့် "ဆွဲထားကွ ... တောင့်ထားကွ ... လှုပ်လာပြီ" ဆိုသော အားပေးသံများကလည်း ငြိမ်သက်သောဝန်းကျင်ကို ကြောက်ရွံ့ခြင်းမှ ကင်းဝေးစေသည်ဟု ထင်မိပါသည်။

"အောင်မယ်လေး ... အမေရေ၊ သားမှားပြီ ... မှားပြီအမေရဲ့၊ အေးလွန်းလို့ ချစ်ညီလေး ရှာမရတော့ဘူး"

ဟု ဆိုသူကဆို၊

"ယီးလေးလေး ... ယီးလေးရို ... ယီးလေးလေး"

ဟု ဆိုကာ ကြိုးဆွဲသူကတစ်ဖုံ၊

"တောင်ကြီး ဖဝါးအောက်၊ လှိုင်းကြီး လှေအောက်၊ သောင်ကြီးတော့ သင်္ဘောတင်"



ဟု နောက်ပြောင်ပြောဆိုသံများကတစ်သွယ်ဖြင့် မြစ်လယ်ကောင် ရေတိမ်ပြင်ပြင်မှ စွန့်စားခန်းသည် ယခုတိုင် မမေ့ပျောက်နိုင်သေးသော ချင်းတွင်းရေအလျဉ်၏ ပဲ့တင်သံအဖြစ် ကြားယောင်နေပါသေးသည်။

တစ်ချိန်က ကချင်ပြည်နယ်တွင် စစ်ရေးတာဝန် ထမ်းဆောင်ခဲ့စဉ်က ချီဖွေ–လောခေါင်လမ်းဟုဆိုသော မေခမြစ်ယံတစ်နေရာ၌ အသည်းခိုက်အောင်အေး၍ ကိုယ့်ငယ်ပါ ရှိမရှိ စမ်းကြည့်ရသော ရေချိုးမြင်ကွင်းကို ပြန်လည်သတိရရင်း တိုင်းပြည်တာဝန် ထမ်းဆောင်သူတို့၏ဘဝသည် အချိန်ကာလ၊ နေရာဒေသ၊ ရာသီဥတုကို အံတုနိုင်စွမ်းမရှိ၊ သဘာဝသတ္တိ မွေးကြရသူများဖြစ်ကြောင်း၊ ပြန်ပြောလျှင် ကုန်နိုင်ဖွယ်မရှိကြောင်း တွေးမိပြန်ပါသည်။

သင်္ဘောသည် ဂွဲစတင်ကြိုတ်သည်မှ သုံးနာရီအကြာတွင် သောင်တင်သော ကြာအင်းရွာအနီးမှ လွတ်မြောက်သွားလေတော့သည်။ နင်းတို့လည်း နေရောင်ခြည်အောက်တွင် တဖြည်းဖြည်း ကွဲလေပြီ။ သင်္ဘောဆက်လက်ထွက်ခွာသည်မှ တစ်နာရီခရီးအကြာ နံနက် ၁၁ နာရီတွင် မော်လိုက်မြို့သို့ ရောက်ရှိ၍ ကျဉ်းကြပ် မောပန်းနေသောစိတ်များ ပြေလျော့သွားရတော့သည်။

## အနှစ်တစ်ရာ မမေ့သာ

**"မော်လိုက်မြို့မှ ကြိုဆိုပါ၏"** ဆိုသော ဆိုင်းဘုတ်ကို သင်္ဘောပေါ်မှ မော်ကြည့်ရပါသည်။ သင်္ဘော ဆိုက်ကပ်ရာ ရေပြင်နှင့် မော်လိုက်ဆိပ်ကမ်းကုန်းသည် ပေ ၆၀ ခန့် ကွာခြားမက်စောက်နေသည်။ မော်လိုက်ကိုငယ်စဉ်ကပင် နာမည်ရင်းနှီးခဲ့၏။ ချင်းတွင်းမြစ်ကမ်းဘေးတွင်ရှိသည်ဟု သိရှိထားခဲ ့ ည်။ မော်လိုက်မြို့ကွင်းသို့ လည်း ၊တ်ခွင့်

အချိန်ရ၍ တက်ကြည့်ကြသည်။ ဆိပ်ကမ်းပတ်ဝန်းကျင်တွင် ခမ်းနားထည်ဝါသော အဆောက်အအုံမရှိ။ လူစည်ကားသောမြင်ကွင်းမရှိ။ မြို့တွင်းသို့ပတ်ရန်ပြောရာ ဒါမြို့လယ်ပါပဲဟုဆိုသဖြင့် မော်လိုက်၏ စီးပွားရေး အခြေအနေကို တစ်စွန်းတစ်စ နားလည်လိုက်ရသည်။

အမှန်တော့ မော်လိုက်သည် ဝန်ထမ်းမြို့သာဖြစ်ပါသည်။ ပျင်း–ပျော်–ပျက်–ပြေးဟု ဆိုရမည့် မြို့များ ထဲတွင် မော်လိုက်မြို့ ပါသည်ဟု ဆိုရမည်။ သွားလာဆက်သွယ်မှု ခက်ခဲသည်။ မြစ်အနောက်ဘက် ကမ်းတွင်ရှိပြီး ကားလမ်းဖြင့် သွားလိုပါက မြစ်အရှေ့ဘက်ကမ်းသို့ ကူးရသည်။ သို့သော် မိုးတွင်း၌ ကားလမ်းမရှိ။ ရေကြောင်းလမ်း တစ်ခုတည်းသာ အားကိုးနေရသော်လည်း နွေရာသီ ရေနည်းချိန်တွင် မုံရွာမှ သင်္ဘောကြီးများ မတက်နိုင်ပြန်။ မြို့တွင်း၌ ဌာနဆိုင်ရာကားလေးစီးခန့်သာရှိ၏။ စစ်တပ်ကားနှင့်ပေါင်းလျှင် ဆယ်စီးကျော်မည့်ထင်သည်။ မော်လိုက်သည် ခရိုင်ရုံးစိုက်ရာမြို့ဖြစ်သည်။ မော်လိုက်ခရိုင်တွင် ယခင်က ခန္တီး၊ ဟုမ္မလင်း၊ ဖောင်းပြင်၊ ကလေးဝ၊ ကလေး၊ တမူးမြို့တို့ ပါဝင်သော်လည်း ယခုတော့ ဖောင်းပြင်တစ်မြို့တည်းသာ ကျန်ပါတော့သည်။ ခရိုင်ရုံးများ သွားလာကွပ်ကဲမှု ခက်ခဲ၍ ခွဲထွက်လိုက်ပေပြီ။

မော်လိုက်သည် ရှေးမြန်မာမင်းများလက်ထက်က မြို့ မဖြစ်သေးပါ၊ မော်လိုက်အထက်ဘက် မြစ်အရှေ့ ဘက်ကမ်းမှ ကင်းတပ်သည် မြို့ဖြစ်သည်ဟု ဆို၏။ အင်္ဂလိပ်တို့ မြန်မာပြည် သိမ်းပြီးနောက် ကင်းတပ်တွင် ရုံးစိုက်ရာ ရေမြုပ်သည့်ဒဏ်ကို မကြာခဏ ခံစားနေရ၍ မြစ်အနောက်ဘက်ကမ်း ကုန်းမြင့်သော မော်လိုက်ရွာကို မြို့အဖြစ် သတ်မှတ်ပြီး ခရိုင်ရုံးစိုက် အရေးပိုင်မင်း ရုံးထိုင်ခဲ့သည်ဟု သိရသည်။ အမှန်တော့ အင်္ဂလိပ်တို့ မျက်စိကျသော ကျွန်းနှင့် ပျဉ်းကတိုးတောကြီးသည် မော်လိုက်ကြိုးဝိုင်းတွင်း၌ရှိ၏။ အင်္ဂလိပ်တို့ အကြောင်းမဲ့ ရုံးစိုက်



မည်တော့ မထင်။ မော်လိုက်မြို့ အနောက်ဘက်ရှိ အနောက်ရိုးမမှ မှန်ပြတောင်ကြီးသည်လည်း စစ်အတွင်းက အင်္ဂလိပ်တို့ စစ်ဗျူဟာ အချက်အချာမြေဖြစ်ခဲ့သည်။ ပေ ၃၀၀၀ ကျော်မြင့်သော တောင်ကြီးမှ ဂျပန်စစ်ကြောင်းများ ချီတက်လှုပ်ရှားမှုကို မှန်ပြ၍ အချက်ပေးခဲ့သည်ဟု သိရသည်။

မော်လိုက်မြို့တွင် ထင်ရှားသောသမိုင်းဝင် အဆောက်အအုံနှင့် ဘုရားများမရှိသော်လည်း မြို့ဟောင်းဖြစ်သော ကင်းတပ်တွင်ရှိသည်။ အလောင်းဘုရားမင်း ဦးအောင်ဇေယျလက်ထက်တွင် ကင်းတပ်သို့ ရောက်ရှိပြီး ကင်းတပ် ဆုတောင်းပြည့်ဘုရား တည်ခဲ့သည်ဟု ဆိုသည်။ ယခုတိုင် ကင်းတပ်ဘုရားသည် ရန်ကုန်မြို့တိုင်အောင် ဒေသစာရီကြွချီ၍ တန်ခိုးကြီးထူးခြားသောဘုရားအဖြစ် ထင်ရှားလျက်ရှိသည်။ ကင်းတပ်ကို မော်လိုက်ကလေး ဟုလည်း ခေါ်ကြသည်။

မော်လိုက်မြို့ကို တစ်ပတ်ပတ်ကြည့်ရာ အင်္ဂလိပ်လက်ထက်က ဆောက်ခဲ့သော အရေးပိုင်ရုံးကြီးမှလွဲ၍ ကြီးမားသော အဆောက်အအုံ မတွေ့ပါ။ လမ်းမကြီးနှစ်လမ်းတွင် အိမ်များ စနစ်တကျ အကွက်ချထားသည်။ စည်ပင်သာယာဈေးမှာလည်း နံနက်ခင်းဈေးလေးသာ ဖြစ်ပါသည်။ မြို့တွင်း၌ ဘုန်းကြီးကျောင်း၊ ခရစ်ယာန်ဘုရားကျောင်း ဗလီတို့ တွေ့ရ၍ လူမျိုးစုံလှသည်။ ချင်းလူမျိုး မရှိသလောက်ရှား သည်။ ဝန်ထမ်းအများစုနေ၍ လယ်လုပ်သူနည်းသည်။ ထို့ကြောင့် စီးပွားရေး မကောင်းဟု ခန့်မှန်းမိသည်။ ဌာနဆိုင်ရာ ကားမှလွဲ၍ မြင်းလှည်းနှင့် ဆိုက်ကားတောင် စီးချင်တိုင်းစီး၍မရသော မော်လိုက်တွင် ထီဆိုင်ငါးဆိုင်ခန့်တွေ့ရာ ထီဖွင့်ပြီးချိန်အထိ ထီပေါက်သူ တစ်ဦးတစ်ယောက်မှ ကြော်ငြာထားတာ မတွေ့ရ၍ မော်လိုက်သားတို့ ကံခေလွန်းလေစွဟု တွေးမိပြန်သည်။အင်္ဂလိပ်တို့ နယ်ချဲ့ကိုလိုနီ ပြုခဲ့ရာမှ အတုခိုးသင့်

သော အချက်တစ်ချက်တော့ ကျန်ခဲ့သည်။ ယင်းမှာ မြို့ကို မြို့နှင့်တူအောင် စနစ်တကျ အကွက်ချ၍ လမ်း၊ စာသင်ကျောင်း၊ ရုံးနှင့် သစ်ပင်ကြီးများကို ရေရှည် တည်တံ့အောင် ဆောင်ရွက်ခဲ့ခြင်းပင် ဖြစ်ပါသည်။

မော်လိုက်သို့ရောက်စဉ် ပုဂ္ဂိုလ်နှစ်ဦးနှင့် အမှတ်မထင် ပြန်ဆုံရသည်။ ကမ္ဘာကြီးက ကျဉ်းကျဉ်းလေးပါ ဆိုတာ မှန်သည်။ တစ်ဦးက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူး ဦးတင်ရွှေရင် ဖြစ်ပြီး ကျန်တစ်ဦးက တက္ကသိုလ်တုန်းက ငွေလဝန်းဖြစ်သည်။ ဦးတင်ရွှေရင်ကို မကြာသေးမီငါးလခန့်က မော်လမြိုင်ဘက်တွင် လုပ်ငန်းကိစ္စဖြင့် ဆုံခဲ့ပြီး သူ၏ အေးစက်စက် လုပ်ကိုင်တတ်မှုအပေါ် အားမရ၍ သူ့ကို ကျွန်တော် အမနာပစကား ဆိုခဲ့ဖူးသည်။ ထိုကိစ္စဖြင့် ဦးတင်ရွှေရင်သည် ကျွန်တော့်အပေါ် "အစာကျေမည်" မဟုတ်ဟု ယူဆခဲ့မိသည်။ နောင်လည်း တွေ့စရာအကြောင်းမရှိဟု ထင်မှတ်ခဲ့ပြီး ကျွန်တော် ရန်ကုန်သို့ ပြောင်းရွှေ့ခဲ့ပါသည်။ သို့သော် သူ့ကို မော်လိုက်မြို့က လမ်းဘေးလက်ဖက်ရည်ဆိုင်ကလေးတွင် အမှတ်မထင် ဆုံဆည်းရာ သူကပင် လိုက်လိုက်လှဲလှဲ နှုတ်ဆက်စကားဆို၍ ဝမ်းသာရပြီး ကမ္ဘာကြီး ကျဉ်းကြောင်း လက်ခံလိုက်ရတော့သည်။

နောက်တစ်ဦးက တက္ကသိုလ်က ငွေလဝန်းဟုပြောရန် မဝံ့သူဖြစ်သည်။ သူနှင့် မျက်နှာချင်းဆိုင် ပြန်လည်ဆုံဆည်းခြင်း မရှိသော်လည်း သည်မြို့မှာ အလုပ်တာဝန်နှင့် ပြောင်းရွှေ့ရောက်ရှိနေကြောင်း ကြားသိရ၍ တွေ့ချင်သောဆန္ဒဖြစ်မိသည်။ အမှန်က ရိုးသားသောစိတ် ငယ်သူငယ်ချင်းတစ်ဦးအနေဖြင့် တွေ့ဆုံလိုခြင်းသာ ဖြစ်ပါသည်။ ဝေးလံခေါင်းပါးဒေသဟု ကျွန်တော့်စိတ်ထဲ ထင်မှတ်မိသည့် မြို့ကလေးတွင် မထင်မှတ်သူတစ်ဦး ရှိနေသည်ဆိုခြင်းကို မယုံချင်ပါ။ သို့သော် သူ အမှန်တကယ် ရှိနေပါသည်။ အိမ်ထောင်ကျ၍ ကလေးနှစ်ယောက်



ရနေပြီဆိုတော့လည်း နှစ်တွေကြာညောင်းခဲ့ပြီကောဟု တမ်းတမ်းတတ တွေးမိပြန်သည်။ သူကတော့ စိတ်ကြီးသူ၊ အစမခံသူမို့ အသက်တွေကြီးတာတောင် စိတ်ပြေပါ့မလားဟုတွေးရင်း မြို့တစ်ပတ်ပတ်ရင်း သင်္ဘောဆိပ်သို့ ပြန်လည်ရောက်ရှိခဲ့ပါသည်။

မော်လိုက်တွင် နာရီဝက်ခန့်သာကြာသော်လည်း အတိတ်အကြောင်းများက ကျယ်ဝန်းသည်မို့ တစ်ကမ္ဘာ မှတ်ထင်မိပါသည်။ မော်လိုက်ဆိပ်ကမ်းမှ သင်္ဘောထွက်ခွာခဲ့ရာ ကမ်းနားလမ်းတစ်လျှောက် စီတန်းသပ်ရပ်သောအိမ်များ၊ နီရဲသော စိန်ပန်းပွင့်များက ကျွန်တော့်မျက်စိထဲတွင် အမှတ်ထင်ထင် ကျန်ခဲ့ပါတော့သည်။

"ငယ်က အချစ်
အနှစ်တစ်ရာ
မမေ့သာ ... တဲ့
ဆိုစေ မြဲစေ
မရှိလေလည်း
သိလေသမျှ
လူ့ဘဝမှာ
တ သ ရမ်းရော်
ခရီးဖော်ကား
နီးသော် ကြင်ဖော်
လက်စွဲတော် ... တဲ့။

# ဆောင်းရယ် နှင်းရယ် ချင်းတွင်းရယ်

**အဝေးကဖူးမြင် ရွှေပလ္လင်**

မော်လိုက်ဆိပ်ကမ်းမှထွက်ချိန်တွင် မွန်းတည့် ၁၂ နာရီရှိပြီ။ သင်္ဘောပေါ် ရက်ကြာလာ၍ အစာမကြေသလိုဖြစ်နေသည်။ မော်လိုက်မြို့တွင် လမ်းဆင်းလျှောက်သော်လည်း စားလိုသောစိတ် မရှိပါ။ မော်လိုက်ဆိပ်ကမ်းမှရသော အမှတ်မထင် ဝေဒနာကြောင့် စားသောက်ချင်စိတ်မရှိတာလားဟု ကိုယ့်ကိုယ်ကို ပြန်မေးမိသည်။ မဖြစ်နိုင်။ ဝေး၍ကျန်ခဲ့သော မော်လိုက်မြို့နှင့် နေရာများစွာတွင် အတိတ်က ကြုံဆုံခဲ့ရသော ဖြစ်ရပ်အစုံစုံတို့သည် လမ်း၌တွေ့သော သစ်ပင်တစ်ပင်လို မေ့ပျောက်ခဲ့ပြီး ဖြစ်ပါသည်။

သစ်ပင်တို့သည် အရိပ်လည်း ပေးခဲ့ပေလိမ့်မည်။ ထိုအရိပ်တွင် အမှတ်တမဲ့ ထိုင်မိသောအခါ ဆူးလည်း စူးဖူးပေလိမ့်မည်။ ဆူးကြောင့် ဒဏ်ရာရပြီး သွေးလည်းထွက်ခဲ့ဖူးပေလိမ့်မည်။ နာကျင်ဖူးပေလိမ့်မည်။

အပင်မှ အသီးကိုလည်း စားခဲ့ဖူးပေလိမ့်မည်။ ချိုချဉ်သော အရသာကို ခံစားဖူးပေလိမ့်မည်။ အရိပ်၏ အေးချမ်းခြင်း အရသာကို ကြည်နူးဖူးပေလိမ့်မည်။

ထိုသစ်ပင်အောက်မှ နေမွန်းတည့်ချိန်တွင် အရိပ်မဲ့သောဒဏ်ကို မခံနိုင်၍ ထပြန်ခဲ့ဖူးပေလိမ့်မည်။ သစ်ပင်တိုင်းကို ခရီးသည်တစ်ဦးအနေဖြင့် ကျေးဇူးတင်ပါတယ်ဟု ပြောပြီး ထွက်ခွာသွားမည်ဆိုပါက အခက်အချိုး မခံရသူတို့ ကျေနပ်ပေလိမ့်မည်။အရိပ်နေနေ အခက်ချိုးချိုး လူစားမျိုး ခရီးသည်အချို့တွင် ရှိကောင်း ရှိနေပါ လိမ့်မည်။

ရှည်လျားသော သက်ပြင်းကို မှုတ်ထုတ်လိုက်ချိန်တွင် “မဆာလဲ စားလိုက်ပါ” ဟု ခရီးဖော်က ဆိုသဖြင့် ထိတ်လန့်သော အတိတ်သည် သင်္ဘောပဲ့မှ လွင့်စင်ကျန်ခဲ့သော လှိုင်းများပမာ အနိမ့်အမြင့် မညီညာရာမှ ကြာတော့လည်း ရေပြင်သည် ငြိမ်သက်၍ တင်သားတည်းပါလားဟု တွေးလိုက်မိသည်။

မော်လိုက်မြို့ လွန်လာကတည်းက ဆောင်း၏ အအေးသည် ပို၍ စူးရှလာသည်။ ညနေ ၃ နာရီခန့်တွင် မြစ်အရှေ့ဘက်ကမ်း ပန်းသာရွာကိုဖြတ်သည်။ ပန်းသာရွာတွင် သစ်ထုတ်လုပ်ရေးစခန်းရှိသည်။ ပုဂ္ဂလိက ကုမ္ပဏီများမှလည်း သစ်ထုတ်လုပ်နေကြောင်း သိရ၏။ ပန်းသာရွာအထက်ဘက် တောင်ကုန်းပေါ်မှ စေတီလေးကို သစ်ထုတ်အဖွဲ့က တည်ထားသည်ဟု သင်္ဘောသားတစ်ဦးက ဆိုသည်။ ရွာရှိလျှင် ဘုရားရှိရမည်ဟု ဆိုရိုးစကား သည် ဗုဒ္ဓဘာသာထွန်းကားရာဒေသ၌ တွင်နေပြီလား မပြောတတ်ပါ။ ချင်းတွင်းမြစ်ရိုးတစ်လျှောက် ရွာများ၌ ထုံးဖြူဖြူစေတီများ မပြတ်တွေ့ခဲ့ရသည်။

မြန်မာပြည်သို့ ၁၉၀၃ ခုနှစ်က ရောက်ရှိခဲ့သော ဗြိတိသျှလူမျိုး ပန်းချီဆရာတော်လ်ဘော့ကယ်လီ (Talbot Kelly)သည် မြန်မာပြည်အနှံ့အပြားသို့ ရေကြောင်းကုန်းကြောင်းခရီးများစွာ သွားရောက်ခဲ့ပြီး ရေဆေးပန်းချီကားမြောက်မြားစွာကို အောက်ဒိုးရေးဆွဲခဲ့သည်ဟု ဆိုသည်။ သူသည် စာရေးဆရာမဟုတ်သော်လည်း မြန်မာပြည် ခရီးသွားမှတ်တမ်းကို ပန်းချီဆရာတစ်ဦးအမြင့်ဖြင့် “နှစ်တစ်ရာက ခရီးသည်” ဟု ခရီးသွားမှတ်တမ်းစာအုပ် ရေးသားထုတ်ဝေခဲ့သည်။ သူ၏စာအုပ်တွင် ဧရာဝတီမြစ်ကို အစုန်အဆန်သွားလာခဲ့ရာ အဓိက ထူးခြားမှုသည် သစ်ပင်သစ်တောများ အလျှံပယ်ရှိနေခြင်းနှင့် ဒုတိယ ထူးခြားမှုသည် လမ်းတစ်လျှောက် ကမ်းနှစ်ဖက်လုံးတွင် ဘုရားစေတီများ တည်ရှိနေခြင်းပင်ဖြစ်သည်ဟု ဆိုသည်။

တစ်ဖန် မြန်မာလူမျိုးတို့သည် “တောင်ကုန်းများသည် ဘုရားတည်ရန် သဘာဝအလျောက် ပေါ်ပေါက်လာခြင်းဖြစ်သည်ဟု ယူဆထားကြဟန်တူလေသည်”ဟု ရေးသားထားသည်ကိုလည်း ဖတ်ရှုမှတ်သားရပြန်သည်။

မြန်မာလူမျိုးဗုဒ္ဓဘာသာသဝင်တို့၏ နှလုံးသည်းပွတ်ကို နယ်ချဲ့အင်္ဂလိပ်တို့ ခံစားနားလည်နိုင်မည်မဟုတ်ဟု တွေးမိပါသည်။ သူတို့နားလည်သည်က မြန်မာ့မြေ၊ မြန်မာ့ရေပိုင်နက်တွင်ရှိသော ရတနာသိုက်များကို ဝါးမျိုသိမ်းပိုက်ရေးပင်ဖြစ်သည်ဟု ဆိုရပေမည်။

လွန်ခဲ့သော နှစ်တစ်ရာ ကျွန်ဘဝက တော့လ်ဘော့ ကယ်လီ မြင်တွေ့ခဲ့ရသော မြန်မာ့မြေ၊ မြန်မာ့ရေအလှနှင့် ဘုရားစေတီတို့သည် ကျွန်တော် ယခုမြင်တွေ့နေရသော မြင်ကွင်းအလှပုံစံနှင့် စေတီအဆူဆူတို့၏ ဖြစ်တည်မှုနှင့် ယှဉ်တွဲ၍ နောက်နှစ်ပေါင်းရာထောင်ရှိနေဦးမည်ဆိုလျှင် မြန်မာပြည်သည် တို့ပြည်။ တည်တံ့ခိုင်မြဲမည်။

ပန်းသာရွာတွင် လွန်ခဲ့သော ခြောက်နှစ်က နိုင်ငံခြားကုမ္ပဏီတို့ ရေနံရှာဖွေရေးလုပ်ခဲ့ကြောင်းလည်း သိရသည်။ ရေနံရှာတော့

ရွာမှလူများ အလုပ်ရပြီး ဒေါ်လာရခဲ့၍လားမသိ။ ရွာသည် သွပ်မိုးပြောင်ပြောင်နှင့် ကြီးမားသော ဘုန်းကြီးကျောင်းကြီးကိုလည်း တွေ့ရပြန်သည်။ အုတ်စာသင်ကျောင်းလည်း ရှိသည်။ ဤရွာများ၏ မူလလုပ်ငန်းမှာ မိရိုးဖလာ ငါးရှာ၊ လယ်စိုက်၊ ကိုင်းစိုက်၍ ဝမ်းစာရှာခြင်းဖြစ်သော်လည်း ခုတော့ ပြောင်းလဲ ကုန်ပြီ။ တိုးတက်သော ပြောင်းလဲခြင်းကို ဝမ်းသာကြိုဆိုရမည်ဖြစ်သော်လည်း သစ်ခိုးထုတ်ခြင်း၊ မီးသွေးဖုတ်ခြင်းတို့ကြောင့် ပြုန်းတီးနေသော မြန်မာ့ရတနာသစ်များ ဆုံးရှုံးခြင်းကို ကာကွယ်ရန် ပညာပေးမှုများလုပ်ဖို့ လိုအပ်ကြောင်း တွေ့ရပြန်သည်။

ပန်းသာရွာအထက် တစ်နာရီခရီးအရောက် ယုဝချောင်းအနီးတွင် သစ်မျှောဖောင်ကြီးတစ်စင်းကို တွေ့ရ၏။ သစ်လုံးရေ ၅၀ ခန့်ထိရှိသော ဖောင်ကြီးသည် ရေပါးချိန် စုန်ဆင်းရန် ခက်ခဲ၍ မိုးစောင့်နေပုံရသည်။ ဖောင်သမားတို့ တစ်နွေတစ်မိုး ဖောင်ပေါ်တွင်နေ၍ ကုန်းပေါ်တက်၊ မြေပဲစိုက်၊ နှမ်းစိုက်ကာ ဘဝခရီးနှင်သူများ အဖြစ် မြင်တွေ့ရသည်။

ယုဝချောင်းသည် ချင်းတွင်းမြစ် အနောက်ဘက်ခြမ်း ရိုးမတစ်လျှောက် စီးဆင်းသည်ဟု သိရသည်။ တမူးနယ်စပ်မှ စတင်စီးဆင်းပြီး ကလေးဘက်မှလာသော ခမ်းပတ်ချောင်းနှင့် တောင်ကြားတွင် ပေါင်းဆုံ၍ ချင်းတွင်းမြစ်အတွင်းသို့ စီးဝင်သည်။ တစ်ချိန်က ဤချောင်းကို အသုံးပြု၍ တရားမဝင် နယ်စပ်ကုန်သွယ်ခဲ့ကြ သည်ဟု သိရပြန်သည်။ နှစ်ညအိပ် ဆန်တက်လျှင် မိုးလေး မရောက်မီ အင်းကြီးရွာသို့ရောက်သည်ဟု ဆိုသည်။ ယုဝချောင်းအနီးမှ ရှည်လျားသော ကျောက်တောင်တန်းသည် အနောက်ဘက်သို့ သွယ်တန်းသွားသည်။ လွန်ခဲ့သော နှစ်နှစ်ခန့်က ဤတောင်ကြောအနောက်ဘက် ခုနစ်မိုင်ခန့် အကွာတွင် အမိုကို ရေနံကုမ္ပဏီမှ ရေနံရှာဖွေခဲ့သော်လည်း မအောင်



မြင်ပါ။ သည်နယ်တစ်ဝိုက်က ရွာသားများ ရေနံကုမ္ပဏီရှိစဉ်က တစ်လ ဒေါ်လာ ၁၂၀ ဖြင့် အလုပ်ရခဲ့ကြသည်။ ရွာငယ်ဘဝမှ ရွာကြီးဘဝ ဖြစ်သွားကြသည်ဟု ဆိုသည်။

ညနေ ၅ နာရီကျော်ခန့်တွင် တံငါရွာကိုဖြတ်သည်။ အဝေးကပင် မြစ်အရှေ့ဘက်ကမ်း၌ ကျောက်တောင်ကြီးများကို မြင်နေရသည်။ သဘာဝကပေးသော ကျောက်အချွန်အတက်များသည် လှူတက်ရန် ခက်လှသည်။ ချင်းတွင်းမြစ်ရိုးတွင် ထူးခြားသော ဆိုရိုးစကားကြားရပြန်သည်။ ချင်းတွင်းမြစ်အတိုင်း အထက်ကို ဆန်တက်ပါက ရွှေပလ္လင်တောင်ဘုရားကို ဦးသုံးကြိမ်တိုက်ပြီးမှ ဟုမ္မလင်းမြို့သို့ ရောက်သည်ဟု ဆိုသည်။ ရေယာဉ်ကို နှစ်ပေါင်း များစွာ မောင်းနှင်နေသော ရေယာဉ်မှူးကြီး ဦးပန်က “ဒေသခံတွေရဲ့အဆိုကို လက်ခံရမှာပဲ၊ ဘာဖြစ်လို့လဲဆိုတော့ ဘုရားတောင်ကို အဝေးကြီးကတည်းက မြင်နေရတယ်၊ မရောက်နိုင်ဘူး၊ မြစ်ကလဲ ကွေ့ကောက်ပြီး သွားရတော့ တောင်ကို အကြိမ်ကြိမ်ဦးတိုက်ပြီး ပတ်နေရတာပေါ့၊ ဘုရားကို ဦးတိုက်ပြီး မောင်းရတာတော့ အမှန်ပဲ” ဟု ဆိုပါသည်။

ဘုရားကို စတွေ့ရသည့်အချိန်မှစ၍ ဘုရားခြေရင်း ကျောက်တောင်ကြီးကို အနီးဆုံးဦးတိုက်သည်အထိ တစ်နာရီကြာကြောင်း မှတ်သားထားမိသည်။ မြစ်ကြောင်းကို စိုးမိုးထားသော ကျောက်ကမ်းပါးယံသည် ၉၀ ဒီဂရီ ခန့် မတ်သည်။ တောင်ထိပ်တွင် စေတီလေး ရွှေရောင်ဝင်းနေသည်။ တောင်ခြေမှ ဘုရားအထိ အုတ်လှေကားဖြင့် ကွေ့ကောက်ဖောက်လုပ်ထားသည်။ နာရီဝက်ခန့် တက်ရမည်။ ရွှေပလ္လင်ဘုရားဟု ဤနယ်တစ်ဝိုက်တွင် တန်ခိုးကြီး ထင်ရှားပြီး ပွဲတော်ရက်၌ အလွန်စည်ကားကြောင်း သိရ၏။ ဘာပဲဖြစ်ဖြစ် ထူးခြားသောဘုရားကို အဝေးက လှမ်းမျှော်ဖူးခဲ့ရသည်။ သင်္ဘောဆိုက်

ကပ်သည့်ရွာမဟုတ်၍ မတက်ခဲ့ရ။ ဘုရားတောင်ခြေရင်းရှိရွာမှာ အိမ်ခြေတစ်ရာခန့်ရှိ အင်းပေါက်ရွာဖြစ်ကြောင်း သိရသည်။ တောင်ပေါ်ဘုရားကို ဝေယျာဝစ္စ ဆောင်ရွက်ပေးနေသော ကပ္ပိယရွာကလေးဖြစ်ပေသည်။

ရွှေပလ္လင်တောင် အင်းပေါက်ရွာမှအထွက် မြစ်ကွေ့တွင် ရွှေပလ္လင်ဝဲဟုခေါ်သော ဝဲဂလိုင်ကိုတွေ့ရသည်။ ကျောက်ကမူပေါ်တွင် ကိုးတောင်ပြည့်စေတီလေး တည်ထားသည်။ မိုးတွင်း၌ ကြောက်ရသော ဝဖြစ်ပါသည်။ ချင်းတွင်းမြစ်တစ်ရိုး ဝဲစုပ်သောနေရာများကို တွေ့လာခဲ့ရာ အားလုံးလိုလိုမှာ ကျောက်တောင်ကုန်းရှိခြင်း၊ မြစ်ကွေ့ဖြစ်ခြင်း၊ ကျောက်လိုဏ်ခေါင်းများ ဖြစ်နေခြင်းများကို တွေ့ရ၏။ ထိုနေရာအားလုံးတွင် စေတီများတည်ထားသည် မှာလည်း ယုံကြည်မှုဖြစ်သည်။ ရေစီးကြောင်းသည် မြစ်အကွေ့တွင် အရှိန်ဖြင့်လည်ပြီး ကျောက်လိုဏ်ခေါင်းမှ စုပ်သောသဘောဖြစ်ကြောင်း လေ့လာတွေ့ရှိရသည်။

ရွှေပလ္လင်ကျောက်တောင်ကြောရှိ ရွှေပလ္လင်ဘုရားကို ဖူးမြော်ရင်း ဆရာကြီး သခင်ကိုယ်တော်မှိုင်း၏ စကားသည် ခရီးရှည်လေ မှန်လေဖြစ်ကြောင်း တွေးမိပါသည်။ မြင်ကွင်းမှ ဘုရားတောင် ပျောက်ကွယ်သွားချိန်တွင် နေရောင်ခြည်လည်း ပျောက်သွားလေပြီ။ ရာသီဥတုသည် မှောင်လေဆိုးလေဖြစ်လာသည်။ မြူနှင်းတို့ တဖြည်းဖြည်းကျလာပြန်သည်။ ည ၈ နာရီတွင် အောက်တောင်းရွာသို့ကပ်သည်။ ခရီးသည် အတက်အဆင်းမရှိ သော်လည်း ထိုရွာတွင် ရေကြောင်းပြလဲရမည်ဟု သိရသည်။ လမ်းခရီးတစ်လျှောက် သဘောမောင်းသူတို့သည် ဒေသခံ ရေကြောင်းလမ်းပြများကို သူ့ရေယာအလိုက်ခေါ်၍ မောင်းနှင်ရသည်။ ရေကြောင်းပြတို့ကလည်း သူတို့၏



တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ရင်း ရေယာဉ်ကြီးကို လက်ဆင့်ကမ်းလွှဲပြောင်းပေးရကြောင်း သိရ လေသည်။

အောက်တောင်းရွာတွင် ဆိုက်ကပ်စဉ် နှင်းမိုးများရွာပြီး မြင်ကွင်းပိတ်သွား၍ ညအိပ်ရပ်နားထားလိုက် ရလေသည်။ လမ်းခရီး မောင်းနေရင်းဖြစ်ပါက မိုးမမြင် လေမမြင်အန္တရာယ်များလှသော ရေကြောင်းခရီးဖြစ်ကြောင်း သိရပြန်သည်။ ရေဒါသည် အမှောင်ကို ခွင်းသော်လည်း မြူကိုတော့ မခွင်းနိုင်ပါ။

ရေယာဉ် ညအိပ်ရပ်နားချိန်တွင် ရေယာဉ်တစ်စီးလုံး အိပ်စက်နားခိုနေကြပြီ။ အအေးဒဏ်ကို ရိုးရိုးတန်း ခရီးသည်တို့ တစ်ဦးနှင့်တစ်ဦး တိုးဝှေ့၊ နဖူးနှင့်ဒူးတိုက်ကာ ခံစားရင်း ကွေးနေကြသလို အထက်တန်း ခရီးသည်တို့လည်း မြင်ကွင်းမှ ပျောက်ကွယ်ကာ အခန်းထဲ ဝင်ကုန်ကြပြီ။ ကျွန်တော်သည် ဆောင်းမှာမွေး၍လားမသိ၊ ဆောင်းကိုချစ်သည်။ အေးသော အရသာနှင့် နှင်းငွေ့များ ပက်ဖျန်းသော အရသာကို နှစ်သက်သည်။ ဆောင်းမှာ ပွင့်သော ပန်းတို့၏အလှကို တပ်မက်သည်။ ညအမှောင်ထဲ လရောင်အောက်ဝယ် ဆောင်း၏အရသာကို ခံစားရင်း စာဆိုတော်ဦးမင်း၏ လေးချိုးကြီးကို ဖတ်ဖူးသမျှ ရေရွတ်နေမိသည်။

“နှင်းငွေ့တစ်ထောင့်၊ မိုးတစ်မှောင့်နှင့်၊ စိုးနှောင့်ထပ်အောင်၊
အာကာဘောင်ဝယ်၊ မောင်ရင်ဆိုင်းပြောက်၊ တစ်လံလောက်မှ၊
လျှံတောက်ကယ်စီရီ၊ မိဂသီနှင့်၊ ယှဉ်မိစန္ဒာ၊ ရွှေဟင်္သာတို့၊ ခြင်းရာဒြပ်၊
တည့်မွန်းညို့ ပတ်ကြတယ်၊ နတ်ဝါတော်ကို၊ ကျူးဖော်သောင်သဲက၊
သစ်ချိန်ပြု ထွန်တျာငယ်၊ သက်ဆင်း ငှက်ခပင်းလည်း၊ စက်တွင်းငယ်
ယမုန်၊ သောင်ပြင်ခုံမှာ၊ မောင်စုံမိတ်နှံ၊ ပျော်ရေးစံလို့”

ဟု စာဆိုတော်ဦးမင်းက ဆောင်းဘွဲ့ကို ထင်ရှားအောင် တင်စားဖွဲ့ဆိုထားပုံမှာ ချင်းတွင်းခရီးသွားစဉ်က ရေးဖွဲ့ခဲ့လေသလားဟု

ပင် ထင်မှတ်မိပါသည်။ ကျွန်တော် အိပ်ရာဝင်ချိန်တွင် မြူနှင်းတို့သည် ဆီအပေါက်ရှာသလို တံခါးပေါက်များကြားမှ အခန်းတွင်းသို့ ကြို့တင် ရောက်ရှိနေပေပြီ။

## နှင်းငွေ့ကျက်ဆောင့် မိုးတက်ရောင်

မနက် ၁၀ နာရီအထိ နေမမြင်ရသေး။ မြူနှင်းထုကြီးကို နေမင်းက မဖောက်ထွင်းနိုင်ပါ။ ပူလွန်းသော နေရောင်ခြည်သည် အေးလွန်းသော နှင်းထုကို အရှုံးပေးရလေပြီ။ မနက် ၇ နာရီတွင် အောက်တောင်းရွာထဲ လမ်းဆင်းလျှောက်သည်။ ရေယာဉ်သည် အောက်တောင်းရွာ၌ တစ်ညလုံး ရပ်နားထားသော်လည်း မီးမရှိသော ရွာထဲသို့ မည်သူမျှ မဆင်းကြပါ။

အနွေးအကျီ ထူထပ်စွာ ဝတ်သော်လည်း အောက်တောင်း၏ အအေးဒဏ်ကို မေးခိုက်အောင် ခံရသည်။ ဆိပ်ကမ်းပေါ်သို့ မြေသား လှေကားထစ်မှ တက်ရသည်။ “ကျေးရွာမှသည် မြို့ဆီသို့” ဟူသော ဆိုင်းဘုတ်ကို ရွာအဝင်တွင် တွေ့ရသည်။ အောက်တောင်းရွာသည် တိုက်နယ်အဆင့်ရှိသည်။ ရွာလမ်းများမှာ ပေ ၃၀ အကျယ် မြေသားလမ်းများဖြစ်သည်။ တောင်မှမြောက်သို့ လမ်းကျယ်ကြီး သုံးလမ်းနှင့် ဖြတ်လမ်း ၁၀ လမ်းရှိသည်။ လမ်းတိုင်းတွင် ရေစီးမြောင်း များ ဖောက်ထားသည်။ အိမ်တိုင်း ခြံစည်းရိုးရှိသည်။ ပေ ၆၀ × ၈၀ ပတ်လည် ခြံကွက် များ ရိုက်ထားသည်။ တစ်ရွာလုံး အိမ်ခြေ ၃၀၀ ခန့်ရှိသည်။ တိုက်လေးလုံးရှိသည်။ လယ်ထွန်စက်နှစ်စီး တွေ့ရ၏။ ဆန်ကြိတ်သော ဟာလာစက် နှစ်လုံး၊ ဆီကြိတ်စက် နှစ်လုံးရှိသည်။

ရွာထဲလမ်းလျှောက်ရင်း ချင်းတွင်းမြစ်အနောက်ဘက်ခြမ်းရှိ ရွာလေးတွင် ဤသို့သော အခြေအနေမျိုး ရှိနေခြင်းကို အံ့သြမိသည်။



ပို၍အံ့သြမိသည်မှာ ဤရွာမှ တပ်မတော်အရာရှိသုံးဦး မွေးထုတ်ပေး ကြောင်း၊ တစ်ဦးမှာ ဗိုလ်မှူးကြီးအဆင့်ရှိသူ ဦးတင်ထွန်းဖြစ်ကြောင်း ပြောရာ ဝမ်းသာကြည်နူးမိပြန်သည်။ ဗုဒ္ဓဘာသာ ရွာလေးဖြစ်ပြီး တရုတ်ကုလား မရှိ။ ရှမ်း၊ ဗမာများသာရှိသော ရွာကလေးသည် ရှေးကျ သော ရွာလယ်ဘုန်းကြီး ကျောင်းကြီးခြား၍ မလှူရွာနှင့် ဆက်နေသည်။ အောက်တောင်းရွာ မြောက်ဘက်ထိပ်တွင် ကြီးမားသော ဘုန်းကြီး ကျောင်းသည် ထည်ဝါလှပေသည်။ သို့သော် ယခု အောက်တောင်းရွာ တည်နေရာသည် ရွာသစ်ဖြစ်သည်။ ပြန်တည်သည်မှာ ဆယ်နှစ် ကျော်သာ ရှိသေးသည်။ ယခင်ရွာဟောင်းမှာ အောက်ဘက်တွင် ချင်းတွင်းမြစ်ရေတိုက်စားပြီး ပျောက်ကွယ်သွားသည်ဟု သိရလေသည်။

ရွာထဲရှိ ကုန်စုံဆိုင်တစ်ဆိုင်တွင် ထိုင်၍ မိတ်ဆွေဖွဲ့ရင်း စကားပြောကြရာ ဤရွာသည် နန်တောရွှေတွင်း၌ ရွှေကျင်ကြခြင်း၊ တစ်ချိန်က ရေနံတူးစဉ် အလုပ်ရကြခြင်း၊ မြေပဲစိုက်လုပ်ငန်းသည် စီးပွားဖြစ်ခြင်းတို့ကြောင့် စီးပွားရေး တောင့်တင်းလာကြောင်း သိရပါသည်။

အောက်တောင်းရွာ နောက်ကြောမှ ကုန်းလမ်းခရီးဖြင့် အနောက်ရိုးမကိုဖြတ်ပါက အိန္ဒိယနယ်စပ်သို့ သွားနိုင်ကြောင်း သိရ၏။ အောက်တောင်းရွာသည် ချင်းတွင်းတစ်ရိုး ဖြတ်ခဲ့သော ရွာများအနက် ထူးခြားသည်မှာ မြန်မာသက္ကရာဇ် ၁၁၉၉ ခုနှစ် ဤရွာကိုတည်ပြီး အုပ်ချုပ်ခဲ့သော ကလေးဝစ်ဘွားခန့် စံကျော်လှ ဆိုသူ သူကြီးကို နတ်အဖြစ် ကိုးကွယ်ပူဇော်ပြီး နတ်ကွန်းကြီးဆောက်ကာ ပသထားခြင်း ဖြစ်သည်။ နှစ်ပေါင်း ၁၆၀ ကျော်ပြီ။ ရိုးရာကို ယုံကြည်ခြင်းနှင့် ကျေးဇူးရှင်ကို အမြဲတသ အောက်မေ့ကာ ကန်တော့ကြခြင်းသည် ရွာ၏ ဂုဏ်ပုဒ်ပင် ဖြစ်ပါသည်။



**နှစ်ပေါင်း ၁၆၀ ကျော်က အောက်တောင်းသူကြီးနတ်နန်း**

အောက်တောင်းရွာတွင် တွဲဖက်အထက်တန်းကျောင်းရှိသည်။ နံနက်ခင်း ဈေးဆိုင်တန်းလေးများ ရှိသည်။ စည်းကမ်းတကျရှိသည်ကိုကြည့်ပြီး ဤရွာမှ ပညာတတ် ခေါင်းဆောင်များထွက်ခြင်းနှင့် ရွာ၏ အနာဂတ်သည် မြို့အဖြစ် မျှော်လင့်ထားကြသည်မှာ တစ်နေ့သော် အောက်တောင်းမြို့ ဖြစ်လာနိုင်ဖွယ်ရှိကြောင်း မျှော်လင့်ရပါသည်။

အောက်တောင်းမှ ဒီဇင်ဘာလ ၁၆ ရက်နေ့ နံနက် ၁၀ နာရီခွဲမှ သင်္ဘောထွက်နိုင်သည်။ နှင်းမြူတို့သည် ရေကြောင်းခရီး ကြန့်ကြာမှု၏ အဓိက တရားခံဖြစ်နေသည်။ အောက်တောင်းမှအထက် ရှစ်မိုင်အကွာ စစ်သောင်ရွာကို ဖြတ်သည်။ စစ်သောင်ရွာသည် ချင်းတွင်းမြစ် အနောက်ဘက်ကမ်းရှိ ခြေကျင်လမ်းများအနက် အိန္ဒိယနယ်စပ် မိုးရေးသို့ အနီးဆုံးဖြစ်ပြီး မိုင် ၃၀ ခန့်သာဝေးကြောင်း သိရသည်။ ဒုတိယကမ္ဘာစစ်အတွင်းက အင်္ဂလိပ်တပ်များ ဤလမ်းမှ ဆုတ်ခွာခဲ့



သည်ဟု ဆိုသည်။

ဒုတိယကမ္ဘာစစ်သည် မြန်မာနိုင်ငံ၏ ဆုံးရှုံးခဲ့သော လွတ်လပ်ရေးကို ရရှိရန် ကြိုးပမ်းမှု နောက်ဆုံး တိုက်ပွဲဖြစ်ပါသည်။ စစ်ရေးအရ ဂျပန်နှင့်ပေါင်းပြီး အင်္ဂလိပ်ကို တိုက်ခဲ့သည်။ အင်္ဂလိပ်ကို ပြန်ခေါ်ပြီး ဂျပန်ကို မောင်းထုတ်ခဲ့သည်။ ပူးလိုက်ခွာလိုက်နှင့် မြန်မာတို့၏ ကျွန်ဘဝ လွတ်မြောက်ရေး ရှန်းကန်မှုတွင် ချင်းတွင်းမြစ်တစ်ရိုးရှိ ရွာများမှာ စစ်တလင်းဖြစ်ခဲ့၏။ ဘယ်နေရာရောက်ရောက် အင်္ဂလိပ်တို့ ဆုတ်ခွာရာလမ်းများ တွေ့နေရ သေးသည်။

စစ်သောင်ရွာ ကျော်သည်နှင့် ကျယ်ပြန့်သော သောင်ပြင်ကြီးကို တွေ့ရပြန်သည်။ သောင်ပြင်ပေါ်တွင် တဲဆယ်လုံးခန့်ကို ကျိုးတိုးကျဲတဲ တွေ့ရသည်။ တဲများကို ဝါးဖောင်ပေါ်တွင် ဆောက်ထားကြ၏။ နွေနှင့်ဆောင်း ရာသီတို့တွင် သောင်ပြင်ပေါ်၌နေ၍ ဝမ်းစာရှာရသည်။ အများစုမှာ ပခုက္ကူ၊ မြင်းခြံဒေသမှ ရေကြည်ရာ မြက်နုရာ စီးပွားရှာထွက်လာကြခြင်းဖြစ်ကြောင်း သိရသည်။ မိသားစုတစ်စု တက်လာပါက သေတ္တာတစ်လုံး၊ အိုးခွက်စုံ၊ ဓား၊ ပေါက်ပြားလက်နက်စုံနှင့် ခွေးတစ်ကောင်ပါ ပါလာတတ်သည်။

သူတို့၏ အဓိကလုပ်ငန်းမှာ မြစ်အနောက်ဘက်ကမ်းရှိ ကြိမ်တောမှ ကြိမ်ခုတ်ခြင်း၊ သင်ပင်များခုတ်၊ နေလှန်း၍ သင်ဖြူးဖျာ ရက်လုပ်ရောင်းချခြင်း၊ သောင်ပြင်တွင် ပဲစိုက်ခြင်းတို့ဖြစ်၏။ စတက်စဉ်က လူနှင့် ပစ္စည်း ကိရိယာသာပါသည်။ ဆောင်းနှင့်နွေကာလပြီးဆုံး၍ မိုးလည်းကျ၊ သောင်ရေမြုပ်ပြီဆိုပါက ငွေထုပ်ပိုက်ကာ ခွေး၊ ဝက်၊ ကျွဲ၊ နွားများကို ဝါးဖောင်ပေါ်တင်ပြီး အောက်ပြည်သို့ တစ်အုပ်တစ်မလုံး စုန်ဆင်းကြလေတော့သည်။

စတင်ရောက်ရှိ အ- ခြေချ နေထိုင်ကတည်းက ဝါးခုတ်ပြီး

ဝါးဖောင်များကို သောင်ပြင်ပေါ်တွင် အဆင်သင့် ပြင်ထားသည်။ ဖောင်ပေါ်တွင် တဲများဆောက်ထား၏။ နေ့နေ့ညည လေကြီးမိုးကြီးကျ၍ သောင်ရေမြုပ်လျှင် မပူရ။ လူရော တိရစ္ဆာန်ပါ ဖောင်နှင့်မျှောလိုက်နိုင်သည်။ အလုပ်လုပ်နေရင်း အထက်မှ တောင်ရေကျပြီး ရေထဲမျောပါသွားမှာ မစိုးရိမ်ရ။ သူတို့၏ဘဝ အသက်ရှင်ရေးအတွက် ကြိုတင်မျှော်တွေးထားပြီးဖြစ်ပေသည်။

သူတို့သည်ကား ဤသောင်ပြင်မှာစား၍ တစ်ခါတစ်ရံ သောင်ပြင်ပေါ်မှာပင် မွေးဖွားကြသည်။ စာသင် ရမှန်း မသိ၊ ဘဝခရီးကို ပကတိအတိုင်း ရုန်းကန်လှုပ်ရှားကြသည်။ မိုးကျမှ ပတ်စာချွာ ဖျာသိမ်းပြီး နေရင်းဒေသသို့ ရှောင်တိမ်းရသူများဖြစ်ပြီး အောက်ပြည်ရောက်မှ ဖောင်ဖျက်ကာ တစ်စခန်းသိမ်းပြန်သည်။

ဤသောင်ပြင်ကြီးနှင့်ကပ်လျက် ကျော်ဖြတ်ခဲ့သောရွာမှာ ကြမ်းတမ်းရွာဟု သမုတ်ထားရာ ဘဝကို ကြမ်းကြမ်းတမ်းတမ်း ရုန်းကန်ရ၍လား၊ သို့မဟုတ် ဓလေ့စရိုက်ကြမ်း၍လားမသိ။ လူတွေကတော့ ပင်ပန်းဆင်းရဲ လှသည်ဟု မြင်မိပါသည်။

သို့သော် ကြမ်းတမ်းရွာ လွန်ပြန်တော့ မြစ်အနောက်ဘက်ကမ်း ဟဲလော့ရွာသည် သောင်ပြင်ကြီးကို အသုံးချ၍ စီးပွားရေးကောင်းနေသည်ကို တွေ့ရပြန်သည်။ ထိုရွာ၌ မြေပဲအကြီးအကျယ်ထွက်သည်။ မုံရွာသို့ သင်္ဘောများဖြင့်တင်ကာ ရောင်းချကြသည်။ ကုန်သည်များကလည်း ဟဲလော့သို့တက်ကာ ပဲဝယ်ကြသည်။ အချို့ ပဲစိုက်ကတည်းက ပုတ်ပြတ်ဝယ်ထားကြသည်။ ဟဲလော့ရွာတွင် ဘွဲ့ရ ပညာတတ် ၅၀ ကျော်ရှိသည်ဟု ဆိုရာ တစ်နေ့နေ့ တစ်ချိန်ချိန်တွင် ကြီးမားသောရွာ သို့မဟုတ် မြို့လေးအသွင် မြင်ယောင်နေမိပါတော့သည်။ ခုတော့ ရွာနှင့် မြစ်ကြောင်းသည် မိုင်ဝက်ခန့်ရှည်သော သောင်ပြင်ကြီး ခံနေသည်။



အိမ်ခြေ ၅၀၀ ခန့်ရှိသည်ဟု ရွာသား တစ်ဦးက ဆိုသည်။ ရွာသို့မရောက်ခဲ့ပါ။

## တုံတက်ချောင် မြို့ဖောင်ပြင်

မွန်းလွဲ ၁ နာရီကျော်ကျော်တွင် ဖောင်ပြင်မြို့သို့ ရောက်ရှိသည်။ မုံရွာမှ ရေတွက်ပါက သုံးရက်ခရီးတွင် စတုတ္ထမြို့ဖြစ်သည်။ မုံရွာမှ ၂၆၃ မိုင်ဝေးသည်။ မြစ်အရှေ့ဘက်ကမ်းတွင်ရှိသည်။ သင်္ဘောဆိုက်ကပ်ချိန်တွင် ဖောင်ပြင်သည်လည်း မိုးပေါ်ရောက်နေသည့်အလား ပေ ၈၀ ခန့်ကွာပြီး ခရီးသည်တို့က လှေကားဖြင့် တက်ရ၏။

"ဖောင်ပြင်မြို့မှ ကြိုဆိုပါ၏" ဆိုင်းဘုတ်သည် မြို့နှင့်လိုက်ဖက်လှစွာ သေးငယ်ပါသည်။ မြစ်ကမ်းနားတွင် မလှမပ အိမ်များစွာ ယိုင်ထိုးနေသည်။ ဖောင်ပြင်တွင် ကုန်ချရန် သုံးနာရီခန့်ကြာမည်ဟု ဆိုသည်။ သင်္ဘောပေါ်တွင် မိတ်ဆွေဖြစ်လာသူ ဖောင်ပြင်မြို့မှ ဖောင်ပြင်သား မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးမှ မန်နေဂျာဦးလှသန်းထံမှ ဖောင်ပြင်အကြောင်း သိကောင်းစရာ ရခဲ့သည်။ အချိန်ရသဖြင့် မြို့ပေါ်တက်ကြည့်ကြသည်။

သင်္ဘောဆိပ်မှ တည့်တည့်သွားရာ ၁၅ ပေအကျယ်လမ်းသည် မြို့၏ တစ်ခုတည်းသော မိန်းလမ်းဖြစ်၏။ ထိုလမ်းကို ဘယ်ဘက်ခြမ်း ရပ်ကွက်ထဲမှ လမ်းသွယ်လေးသွယ်က အားဖြည့်ထားသည်။ လယ်ကွင်းပြင်ကြီးထဲတွင် မြို့အဖြစ် တည်ခဲ့သောကြောင့် ရေကြီးချိန်တွင် ဘုရားကုန်းမှလွဲ၍ တစ်မြို့လုံး ရေမြုပ်ကာ လှေနှင့်သွားရသည်ဟု ဆိုသည်။ ဖောင်ပြင်မြို့ထဲလျှောက်ရာ ၁၅ မိနစ်အကြာတွင် လမ်းဆုံးသွားသည်။ မြို့ပြင်ဆက်ထွက်လျှင် စစ်တပ်ရှိသည်။ မော်လိုက်သို့သွားရာ ကားလမ်းနှင့် မုံရွာသို့သွားရာ ကားလမ်းများမှာ မြို့အရှေ့ဘက်တွင်

ရှိသည်။ သို့သော် မိုးတွင်း သုံးမရဟုဆိုသည်။ နွေကျပြန်တော့လည်း မြေသားလမ်းမို့ ဖုန်တထောင်းထောင်းနှင့် ကျောက်တောင်များ ပေါ်မှ အန္တရာယ်ကြီးစွာ သွားရသည်ဟု ဆိုပြန်သည်။ မြို့နယ်ရုံးစိုက်၍သော မြို့ဖြစ်သွားသည်။ ခေါင်လွန်းလေစွဟု တွေးမိသည်။

မြို့သာသေးသော်လည်း ကုန်စုံဆိုင်များမှာ မသေးပါ။ တရုတ်ကုန်စုံဆိုင်ကြီး နှစ်ဆိုင်နှင့် ကုလား ကုန်စုံ ဆိုင် လေးဆိုင်ခန့် မြို့နယ်တစ်ခုလုံးကို စိုးမိုးထားပုံရသည်။ တရုတ်ဆိုင်နှစ်ဆိုင်သည် တစ်လမ်းတည်းတွင် မျက်နှာချင်းဆိုင် ဖွင့်ထားပြီး ညီအစ်ကိုအရင်းများဟု ဆိုသည်။ သို့သော် စီးပွားပြိုင်ဘက် ကမ္ဘာရန်လို ဖြစ်နေကြပြီး ဈေးဝယ်သူများပင် သူ့ဆိုင်ကိုယ့်ဆိုင် မဲပေးဆက်ဆံရသော အခြေအနေ ရောက်နေသည်။ မြို့ငယ်ငယ်ကလေးထဲ ညီအစ်ကိုမောင်နှမတို့ လောဘအား ပြိုင်ရင်း အမုန်းပွားနေကြသည်မှာ ဝမ်းနည်းဖွယ်ကောင်းလေစွ။

မြို့အဝင်မြင်ကွင်း၌မြို့လယ်ကောင်ကို စိုးမိုးထားသည်မှာ ကုလားဗလီကြီးဖြစ်သည်။ မြို့ဝင်လျှင် မူဆလင်ဗလီကို ဦးတိုက်နေရသလိုဖြစ်သည်။ မူဆလင်ဘာသာဝင် ၂၇၀ ဦးရှိသည်။ ဖောင်းပြင်မြို့တွင် ထင်ထင်ရှားရှား ကြိမ်ဖြင့်ပြုလုပ်သော ကြိမ်ခြင်း၊ ကြိမ်ခမောက်၊ ကြိမ်ထွက်ပစ္စည်းနှင့် သင်ဖြူးဖျာများ တွင်တွင်ကျယ်ကျယ် ရောင်းချသည်ကို တွေ့ရသည်။ စိတ်မကောင်းဖွယ် တွေ့ရသည်မှာ ဤမြို့၏ မြို့တော်ခန်းမ အားကစားရုံကြီးသည် နွားများ အပန်းဖြေရာ မိုးလုံလေလုံခန်းမဖြစ်နေပြီး "နွားများမဝင်ရ" ဟု စာရေးထားသည့် အတွက်လည်း စာမဖတ်တတ်သော နွားများ ဝင်ရောက်၍ ချေးပါသေး ပေါက်လုပ်နေကြပေတော့သည်။

မြန်မာတို့ စရိုက်တစ်ခုကို စိတ်မကောင်းဖွယ်ရာ ထပ်မံတွေးမိသည်။ မင်းနေထိုင်ရာဒေသမြို့နှင့် နီးလျှင် နီးသလို၊ လူကြီးများ ရောက်



လျှင်ရောက်သလို၊ အလေးမထားလျှင် မထားသလို၊ မထောက်ပံ့လျှင် မထောက်ပံ့ သလို ဝေးလေကောင်းလေ နေထိုင်ကြပြီး ပစ်စလက်ခတ် ဖြစ်သလိုလုပ်ကိုင်နေကြခြင်းပင် ဖြစ်ပါသည်။

ဖောင်းပြင်သို့ရောက်ချိန်သည် ဒီဇင်ဘာလ ဆောင်းတွင်း သမယမို့ အေးနေသည်။ ဤနှစ်တွင် မြန်မာ တစ်နိုင်ငံလုံး အအေးလွှင်း ကျသည်ဟု ဆိုသည်။ နွေ၌ ဖောင်းပြင်သည် ၁၀၉ ဒီဂရီအထိ ပူသည်။ အပူအအေး လွန်ကဲသောမြို့ ဖြစ်၏။ မိုးတွင်း၌ မိုးရေချိန် လက်မ ၇၀ အထိ ရွာသွန်းသည်။ ဖောင်းပြင်မြို့နယ်သည် အလယ်ရိုးမ ဓါးဖြူ တောင်တန်းနှင့် အနောက်ရိုးမ တောင်တန်းကြားတွင်ရှိပြီး ချင်းတွင်းမြစ်သည် မိုင် ၇၀ ခန့် ဖြတ်သန်းသွား သည်။ မြို့နယ်အကျယ်အဝန်းမှာ ၁၆၀၂.၈၈ စတုရန်းမိုင် ကျယ်ဝန်းသည်။ ချင်းတွင်းမြစ် တစ်ဖက်ကမ်းမှ တမူးမြို့နယ်နှင့် ၁၉ မိုင်ခန့် နယ်နိမိတ်ချင်း ဆက်နေသည်။

စိုက်ပျိုးနိုင်သည့် မြေဧက ၅၇၈၅၂ ဧကရှိပြီး လယ်မြေ ၄၄၆၁၃ ဧက၊ ယာမြေ ၈၂ ဧက၊ ကိုင်းကျွန်း ၁၃၅၃၃ ဧက၊ ဥယျာဉ် ၂၄ ဧကရှိ၍ ဤဒေသတွင် စပါးသီးနှံ ဖူလုံသည်ဟု ဆိုသည်။ ယခုအခါ ပလပ်မြေရိုင်း ၂၂၇၂၂ ဧကရှိသည့်အနက် ထပ်မံတိုးချဲ့ စိုက်ပျိုးရန် လျာထားကြောင်း သိရသည်။ ရာသီဥတု၊ ရေမိုး၊ သွားလာမှု လမ်းခရီး ကန့်သတ်ချက်ရှိ၍ မြေတိုးချဲ့စိုက်ပျိုးရန် ခက်ခဲသည်ဟု ဆိုသည်။ မြို့နယ်အတွင်း လူဦးရေမှာ နောက်ဆုံး စစ်တမ်းအရ အမျိုးသား ၄၉၄၂၀၊ အမျိုးသမီး ၅၀၉၈၄၊ စုစုပေါင်း ၁၀၀၄၀၄ ဦးရှိကြောင်း သိရှိ မှတ်သားရပါသည်။

ပညာရေးအရ မြို့နယ်အတွင်း အထက်တန်းကျောင်း ငါးကျောင်း၊ အလယ်တန်းကျောင်း ၁၂ ကျောင်း၊ မူလတန်းကျောင်း ၁၀၁ ကျောင်းနှင့် ဘုန်းတော်ကြီးသင်ကျောင်း ငါးကျောင်းရှိသည်။ မြို့နယ်

ဆေးရုံ တစ်ရုံ၊ တိုက်နယ်ဆေးရုံ တစ်ရုံသာရှိသည်။ မြို့တွင်းပြော တယ်လီဖုန်းသာရှိ၏။ မြို့နှင့်ပတ်ဝန်းကျင်ကျေးရွာများ ဖုန်းဆက်သွယ်မှု ရရှိရေးအတွက် ဘုန်းကြီးများကိုယ်တိုင် ရန်ကုန်ဆင်း၍ ဆောင်ရွက်နေကြောင်း သိရသည်။

ဖောင်းပြင်တွင် လည်ပတ်စရာမရှိ၍ သင်္ဘောဆိပ်သို့ပြန်ဆင်းလာရာ သင်္ဘောပေါ်မှကုန်များချတုန်းပင် ဖြစ်သည်။ သင်္ဘောမှကုန်ကို ဆိပ်ကမ်းပေါ်သို့ သေးငယ်သောလှေကားမှ လှန်ပြီးတင်ရသဖြင့် အလုပ်မတွင် ခရီးဖင့်နေသည်။ လယ်ယာသုံးစက်ပစ္စည်း၊ လက်တွန်းထွန်စက်နှင့် ကြိတ်ခွဲစက်များ ချနေသဖြင့် ခက်ခက်ခဲခဲ သယ်ရသည်။ ကုန်မျိုးစုံ၊ ဆေးလိပ်၊ ငရုတ်၊ ကြက်သွန်များ ကုန်ရှစ်တန်ခန့်ချသည်။ ကုန်ထမ်းအလုပ်သမား အများစုမှာ မိန်းမများသာဖြစ်သည်။

တရုတ်ကုလား အနည်းငယ်၊ ရှမ်းအနည်းငယ်နှင့် မြန်မာလူမျိုးသာ အနေများသော ဖောင်းပြင်သည် ချင်းတွင်းမြစ်ကိုသာ အဓိကအားကိုး၍ သွားလာကြရသည်။ လူနေမှုအဆင့် နိမ့်သေးခြင်းနှင့် အရောင်အသွေး မပြောင်ခြင်းတို့သည် လူကန့်သတ်ချက်လား၊ သဘာဝဘေးဒဏ် ကန့်သတ်ချက်လားဆိုတာ ဖောင်းပြင်သားတို့ ပို၍သိကြပေလိမ့်မည်။

ညနေ ၄ နာရီကျော်မှ ဖောင်းပြင်က ဆက်ထွက်နိုင်ခဲ့သည်။ ဖောင်းပြင်မြို့ တိုးတက်ကြီးပွားပါစေဟု ဆုတောင်းပေးခဲ့သည်။ သလ္လာဝတီ (၁) ရေယာဉ်ကြီးသည် နေမင်းကို လက်ယာဘက်တွင်ထား၍ မြောက်ဘက်သို့ ခရီးဆန့်ပြန်ရာ မုံရွာမှ ခန္တီး ရေလမ်း သုံးပုံနှစ်ပုံ ခရီးကို ကျော်ဖြတ်ခဲ့ပြီဖြစ်သည်။ ဖောင်းပြင်မြို့အထွက် စေတီကလေးသည် မြစ်ကမ်းနားတွင် ရှိသောကြောင့် ဖောင်တော်ဦးစေတီဟု ထင်မိပါသည်။



ရေယာဉ်ကြီး ရေလယ်သို့ရောက်ချိန်တွင် ခရီးသည်တစ်ဦးက စကားဆိုသည်။ "ဖောင်းပြင်က သိပ်သနားဖို့ကောင်းတာ၊ မိုးတွင်းဆိုရင် တစ်မြို့လုံး ရေမြုပ်ပြီး လှေနဲ့ပဲ သွားရတော့တယ်၊ ဟိုးက မြင်နေရတဲ့ ရာဇမုနိစာသင်တိုက် ဘုရားကုန်းလေးပဲ ကျန်တော့တယ်၊ ချင်းတွင်းမြစ်ရဲ့ဒဏ်ကို အခံရဆုံးက ဖောင်းပြင်ပဲ" ဟု ဆိုသော အခါ ဖောင်းပြင်မြို့ကလေး၏ တိုးတက်မှု နှေးကွေးပုံ၊ လုပ်သမျှ အရာမထင်ပုံများကို ခွင့်လွှတ်ရင်း ရှေ့သို့ ခရီးဆက် လာခဲ့ပါတော့သည်။



# ရေနင့်နွေကို ရွှေနင့်လဲကြသည်

**မြစ်ယံမှသည် သားပေါင်းဆီသို့**

ချင်းတွင်းမြစ်ရေသည် စိမ်းရာမှ ညိုလာသည်။ အုတ်နီခဲရောင် ဆန်သည်ဟု ဆိုရမည်။ ဘာဖြစ်လို့လဲဟု ဒေသခံ ခရီးသွားတစ်ဦးကို မေးမြန်းရာ အထက်ဘက်မှာ ရွှေကျင်တဲ့နေရာနဲ့နီးလို့ဟု ဖြေပါသည်။

*ကြည်ပြာစိမ်းလက်*

*အနီဖက်သည်*

*ရတက်မအေး .*

*ချင်းတွင်းဘေးကား*

*ရွှေသွေးစို့၍*

*နေတော့သည်ဟု...*

ရင်တွင်းမှ ကဗျာတစ်ပုဒ် ဖြစ်သွားသည်။ ကြည်စိမ်းသော ချင်းတွင်းရေကို ရွှေရောင်ဆိုး၍ နီသွားပုံမှာ ရတက်မအေးစရာဟု

ကျွန်တော် တင်စားလိုက်ပါသည်။ တကယ်တော့ ချင်းတွင်းကို အမှီပြုနေသူတွေကတော့ နီရဲမကလို့ ညိုပြီး မည်းသွားပါစေ ကြည်စိမ်းသော မြင်ကွင်းသည် ထမင်းစား၍မရ၊ နီညိုနေခြင်းကသာ သူတို့၏ အာဟာရဟု ဆိုကြပေလိမ့်မည်။

ကဗျာဆရာက ချင်းတွင်းကို သနားနေသည်။ တံငါသည်က ချင်းတွင်းမြစ်ကို ဝမ်းစာမျက်လုံးဖြင့် ကြည့်နေသည်။ ရွှေကျင်သူတို့ကတော့ ချင်းတွင်းမြစ်ရေကို ကုန်အောင်ခပ်၍ ကျန်သော သဲဖတ်များကို ရွှေဟု သတ်မှတ်ကြပေလိမ့်မည်။

ကျွန်တော် ရင်မောစွာ အဝေးသို့ လှမ်းမျှော်ကြည့်သောအခါ အနောက်ရိုးမ တောင်တန်းကြီးသည် သဘော်နှင့် ပို၍နီးလာသယောင် မြင်နေရသည်။ မြစ်ဘယ်ညာမြင်ကွင်းများသည် အောက်ခြေရှုပ်၍ သစ်ကြီးဝါးကြီးထူသော တောများအတွင်း မြစ်တစ်စင်း ခြေဆင်းနေသလိုမြင်နေရသည်။ မြစ်အနောက်ဘက်ကမ်းသည် အရှေ့ဘက်ကမ်းကို မိုင်များစွာ စိုးမိုးနေခြင်းသည် သဘာဝကပေးသော အောင်နိုင်ခြင်းဟု တင်စားတွေးတောရင်း ကျိုးပဲ့ပျက်စီးနေသော ဘုရားနှစ်ဆူကို လှမ်းမြင်လိုက်ရသည်။

ရွာရှိလျှင် ဘုရားရှိသည်ဟု သာမန်သဘော ထင်မြင်မိချိန်တွင် သောင်သွပ်ရွာက သမိုင်းဝင်ရွာဗျဟု ခရီးဖော် တစ်ဦးက ဆိုပြန်သည်။ ဒီဆိပ်ကမ်းမှာ ရေကြောင်းပြလဲမည်၊ ညနေစာအတွက် ထမင်းဟင်းဝယ်ရင် သက်သာတယ်ဟု အကြံပေးစကား ဆိုပါသည်။ သောင်သွပ်ရွာဆိပ်ကမ်းသို့ ညနေ ၆ နာရီခွဲတွင် ဆိုက်ကပ် ပါသည်။ တံတားမရှိ၊ ကမ်းထိုးကြိုးချည် ဆိုက်ကပ်ရသော ရွာကလေးဖြစ်ပါသည်။

ရေယာဉ်ပေါ်မှ သောင်သွပ်ရွာကလေးကို မျက်စိတစ်ဆုံး ကြည့်လိုက်သည်။ လူစုလူဝေး စျေးသည်အုပ်စုများ တိုးဝှေ့သောမြင်ကွင်း



မှသည် ရွာတန်းရှည်လေး၊ ထိုမှသည် တောင်စောင်းရှိ မပြုပြင်ရသေးသော ရှေးဟောင်းဘုရား၊ ထိုမှ စိမ်းညို့ညို့ တောအုပ်ကြီး၊ ထိုမှသည် အနောက်ဘက်ရှိ သွယ်တန်းသော တောင်တန်း များကို စိုးမိုးထားသော မိုးကောင်းကင်ကြီး။ လှပသော တိမ်ရောင်စုံတို့က ကောင်းကင်တွင် အရုပ်ရေးရင်း နေမင်းကြီးထံ အညွှန့်ခံကြပေတော့မည်ဟု ရှုစားရင်း ရှင်ဥတ္တမကျော်၏ တောလားကို တမ်းတမိပြန်သည်။

"တိမ်ညိုမိလ္လာ၊တိမ်စူကာနှင့်၊ တိမ်ပြာရောယှက်၊ မရမ်းဖက်၍၊ တိမ်သက်တန့်ရောင်၊ အဝါပေါင်ဝယ်၊ မှောင်ခဲ့တစ်ခါ၊ ပြာခဲ့တချို့၊ ညိုခဲ့တစ်လီ၊ ရီခဲ့တစ်ဖုံ" ဟူသော ကောင်းကင်ပြင်၏ ရောင်စုံရှုခင်း အလှသည် ချင်းတွင်းမြစ်နှင့် ပဏာရလှသည်။

မှောင်စပျိုးနေပြီဖြစ်သည်။ ခေါင်းရွက်ဗျပ်ထိုးစျေးသည်တို့ ရေယာဉ်ပေါ်တက်ကာ ထမင်းဟင်း ရောင်းချကြသည်။ အသီးအနှံပေါသောရွာဖြစ်သည်။ ရွှေငှက်ပျောသီးများ အခိုင်လိုက်၊ အဖီးလိုက် ရောင်းကြသည်။ တစ်ခိုင်ကို ၄၀၀ ဆိုသဖြင့် မြန်မာပြည်တွင် ရွှေငှက်ပျောပေါသော တောင်ငူ၊ သံတောင်ထက် များစွာသက်သာ နေသည်။ တစ်ဖီးမှ ၇၀/– ခန့်သာကျသည်။ မိန်းကလေးများ တံပိုးထမ်းကလေးများဖြင့် သစ်ခွပန်းစည်းများ တက်ရောင်းကြသည်။ သစ်ခွပန်းမျိုးစုံသည်။ ပန်းတိမ်ငိုသစ်ခွ၊ ကရမက်သစ်ခွများ အပြိုင်လုရောင်းကြသည်။ သစ်ခွပန်းပွင့်ပါသော အမြစ်အတွဲလိုက် သစ်တုံးတစ်တုံးမှ သုံးလေးဆယ်သာကျ၏။ မြို့မှာဆို သုံးလေးရာ ပေးရပေမည်။ အနောက်ရိုးမတောထဲမှာ ပေါသည်ဟု ဆိုသည်။

မိုးချုပ်သွားပြန်သဖြင့် မြူများဖုံးကာ မြင်ကွင်းပိတ်လာပြန်သည်။ ဆက်ထွက်မည်ဆိုပါက ရေထဲမှာ မောင်း၍မရလျှင် ခက်မည်ဟု သိရသည်။ ရေယာဉ်ကြီး သောင်သွပ်ရွာ၌ ညအိပ်ရပ်နားရသည်။

ရွာထဲသို့တက်ကြည့်လိုသော်လည်း မီးမရှိ၍ မနက်မှကြည့်ရန် အကြံပေးသည်။ ည ၇ နာရီတွင် သင်္ဘောနှင့်ကမ်းကို မြူခိုးများက ကာဆီးထားလိုက်ပေပြီ။ ဘာကိုမျှ မမြင်ရ၍ အခန်းထဲ ဝင်နေလိုက်သည်။ လေလုံသော အခန်းတွင်း၌ ဖတ်လက်စစာအုပ်ကို အဖော်ပြုနေမိသည်။

အင်္ဂလိပ် စာရေးဆရာ လော့ဒ် ချက်စတာဖီးလ် ရေးသော **Letters To His Son And Other** ကိုမြသန်းတင့်က "လူလေးသို့ပေးစာ" ဟု အမည်တပ် သမုတ်ကာ ဘာသာပြန်ထားသည်။ လော့ဒ် ချက်စတာဖီးလ် က သူ၏သားအပေါ် ထားရှိသော စေတနာမေတ္တာကို ဖွဲ့ဆိုရေးသားထားသည်မှာ တစ်ကမ္ဘာလုံးရှိ သားမွေးသော အဖေများ၏ နှလုံးသားကို သိမ်းကျုံးဆွဲဆောင်ထားနိုင်သည်။ အဖေသည် ဝမ်းနှင့်လွယ် မမွေးရသော်လည်း သားသမီးအပေါ် ထားရှိသော စေတနာမေတ္တာတို့သည် ပင်လယ်ရေမခန်းသလိုရှိကြောင်း ရေးသားဖော်ပြထားသည်မှာ သားတို့ လိုက်နာကျင့်ကြံအပ်ကြောင်း တွေ့ရသည်။ သားကို လိမ္မာစေလိုသော၊ စည်းကမ်းရှိစေလိုသော၊ ဘဝမြင့်မားစေလိုသော ရည်ရွယ်ချက်များဖြင့် အဝေးတစ်နေရာသို့ ရောက်နေသော အဖေတစ်ယောက်သည် သူ၏သားကို အချိန်ရတိုင်း စာရေးကာ မှာကြားနေသည်။

တိုင်းရေးပြည်ရာ ဗျာများနေရသော ဖခင်တစ်ဦးသည် လူ့ပတ်ဝန်းကျင်နှင့် လောကအပေါ် မြင်တွေ့ဆက်ဆံရသမျှ သင်ခန်းစာဖော်ထုတ်၊ ဘဝကိုရင်းနှီးမြှုပ်နှံကာ သူ၏သားသို့ အမှာစာများ ရေးသားထားပုံမှာ အတုယူဖွယ်ကောင်းလှသည်။ စာတစ်ပုဒ်ကို နှစ်ခြိုက်စွာ မှတ်သားထားမိသည်။

*"လူလေး … လူလိမ္မာတစ်ယောက်ဟာ မိမိရဲ့ ဂုဏ်သိက္ခာနဲ့ မိမိရဲ့ အကျိုးစီးပွားအတွက် ငွေကိုသုံးစွဲတယ်။ လူမိုက်ကတော့ မိမိရဲ့*



*ဂုဏ်သိက္ခာအတွက်လည်းမဟုတ်၊ မိမိရဲ့ အကျိုးစီးပွားအတွက်လည်း မဟုတ်ဘဲ ငွေကိုဖြုန်းတယ်။*

*လူလိမ္မာဟာ သူ့အချိန်ကို ကောင်းစွာအသုံးချသလို ငွေကိုလည်း အကျိုးရှိစွာ အသုံးချတယ်။ လူလေးဟာ လူလိမ္မာတစ်ယောက်ဖြစ်အောင် အမြဲကြိုးစားပါ"*

ဟု ဆုံးမထားသည်။ နောက်ပြီး –

လူတွေနဲ့ ဆက်ဆံတဲ့အခါမှာ လိုက်လျောညီထွေရှိပြီး မိမိကိုယ်ကို ထိန်းသိမ်းတတ်ဖို့ ဆုံးမစကားမှာလည်း မှတ်သားလောက်ပြန်သည်။

*"ရက်ရော သဘောထားကြီးမှုဟာ လွန်သွားရင် လက်ဖွာတဲ့အဖြစ်ကို ရောက်သွားတယ်။ ခြိုးခြံ ချွေတာခြင်း လွန်သွားရင်လည်း ကပ်စေးနဲတဲ့အဖြစ်ကို ရောက်ပြန်တယ်။*

*သတ္တိကောင်းခြင်းဟာ လွန်သွားရင် မိုက်ရူးရဲဖြစ်သွားတတ်တယ်။ သတိထားခြင်း လွန်သွားရင်လည်း ကြောက်တဲ့အဖြစ်ကို ရောက်သွားတတ်ပြန်တယ်"*

ဟု သူ၏သားကို လော့ဒ် ချက်စတာဖီးလ် ဆုံးမထားပုံမှာ ဘဝရင်းနှီးမြှုပ်နှံမှု အတွေးအခေါ် သရုပ်ပီပြင် လွန်းပါသည်။

ရန်ကုန်မြို့တွင် ကျန်ခဲ့ပြီး အချိန်ပေါင်းများစွာ ဝေးနေခဲ့သော ကျွန်တော့်သားကို ပြောစရာစကားတွေ တစ်ပုံတစ်ပင်ကြီး ရလာသည်။ သားကို စာရေးပြောဖို့ထက် အနားမှာထိုင်ပြီး ပြောချင်တာတွေ၊ ဖြစ်စေချင်တာတွေ၊ သိစေချင်တာတွေ ဘဝနဲ့ရင်းနှီး ရယူထားခဲ့သည်။

"ကောင်းမှုကို မှန်မှန်ကန်ကန်လုပ်ဖို့ဟာ မကောင်းမှုကို ရှောင်ဖို့ထက် ခက်တယ်" ဆိုသော စကားကို လူပျိုပေါက်စ အသက် (၁၂) နှစ်အရွယ်သို့ ရောက်နေသော သားကို သံမှိုနှက်သလို စွဲမြဲသော

သတိတရားတွေ ပေးနေချင်သည်။ သို့သော် သားသည် ချင်းတွင်းမြစ်အတွင်းမှ ဖခင်ကို ဧရာဝတီမြစ်ကမ်းတစ်နေရာမှ မြင်ဖို့ ခဲယဉ်းပေလိမ့်မည်။

ညက လော့ဒ်ချက်စတာဖီးလ်၏ ဆုံးမသွန်သင်မှုအောက်တွင် နစ်မြောရင်း အိပ်ပျော်သွားသည်။ မနက် အိပ်ရာမှ ထသောအချိန်တွင် စောင်ပေါ်၌ နှင်းမှုန်များ စုနေသည်။ အေးစက်သော နှင်းမှုန်တို့သည် ပိတ်ထားသော တံခါးများကို ထိုးဖောက်ဝင်ရောက်နိုင်စွမ်းရှိမှန်း သိလိုက်ရ၏။ လေမတိုးနိုင်သော တံခါးကို နှင်းမှုန် ဆိုသော အအေးသတ္တိက ထိုးဖောက်ဝင်ရောက်နိုင်စွမ်းရှိသည်။ ခြေလက်တွေ တောင့်တင်းနေသည်။ ဒူးနှင့်နဖူးထိအောင် ကွေးခဲ့ရသော အအေးဒဏ်ကို ဖြေရှင်းရပေတော့မည်။ ရေယာဉ်ဝန်ထမ်းတစ်ဦးနှင့် ဗိုလ်ကြီးညွှန့်အောင်တို့ကို ခေါ်ပြီး သောင်သွပ်ရွာသို့ ဆင်းခဲ့သည်။ တစ်ရွာလုံး မြူဖုံးနေ၍ နေရောင်မမြင်ရသေး။

ရွာတောင်ပိုင်းသို့အထွက် တောင်ကုန်းတွင် ခြံစည်းရိုးအထပ်ထပ် ကာရံထားသော ရဲစခန်းကို တွေ့ရသည်။ ဒုရဲအုပ်တစ်ဦး ယူနီဖောင်းဝတ်ဖြင့် ဆင်းလာပြီး လူစိမ်းများဖြစ်၍ “ဆရာတို့ ဘယ်သွားမလို့လဲ” ဟု နှုတ်ဆက်စကားဆိုသည်။ ရေယာဉ်ဝန်ထမ်းမှ ဘယ်သူဘယ်ဝါဖြစ်ကြောင်း မိတ်ဆက်ပေးသဖြင့် ခရီးသွား မိတ်ဆွေ တိုးရပြန်သည်။

“ကျွန်တော်က တနိုင်းရဲစခန်းကနေ ပြောင်းလာတာပါ၊ ဒီရွာမှာ တစ်နှစ်ပြည့်တော့မယ်”

“ခင်ဗျား ... တနိုင်းကနေ ဒီရွာကိုရောက်တယ်” ဟု အံ့ဩစကားဆိုမိရာ –

“အစကတော့ ရထားလမ်းပေါ်မှာရှိတဲ့မြို့ကို ပြောင်းပေးမယ်



လို့ ပြောတာပဲ၊ ဝန်ထမ်းဆိုတော့ စေလိုရာစေပါ့ဗျာ”

“ခင်ဗျားက အိမ်ထောင်သည်လား”

“လူပျိုပါ”

“ရရစ်ပြို့ကြီးနဲ့ တူတယ်နော်၊ ရောက်လေရာ အိမ်ထောင်ကျရပါလို၏လို့ ဆုတောင်းထားသလားမှ မသိတာ၊ ဘယ်ရောက်ရောက် ပျော်နေတာပဲ” ဟု ဆိုရာ–

“ပေးတဲ့ဆုနဲ့ ပြည့်ပါစေ” ဟုဆိုသူ ဒုရဲအုပ် အညာသားကို ကရုဏာသက်မိပါသည်။

## အသီးအနှံပေါ်တယ်နော် အစ်ကိုကြီးတို့ဝယ်ကြနော်

တနိုင်းသို့ ကျွန်တော်ရောက်ခဲ့ဖူးသည်။ တစ်ချိန်ကတော့ နွေနှင့်ဆောင်းသာ ကားရောက်သည်။ တိုက်ပွဲ ဆယ်ခါဖြစ်ပြီးမှ တနိုင်းမြို့သို့ရောက်သည်။ ခေါင်ရှားသောဒေသတွင် မလိုတာ အကုန်ပေါ

သည်ဟု ဆိုခဲ့ရသော မြို့ငယ်လေးဖြစ်သည်။ လက်နက်ကိုင်ဝန်ထမ်းသည် အခြားသောဝန်ထမ်းထက်ပို၍ ဒုက္ခဆင်းရဲခံရပြီး တာဝန်ကျိုးနွံရကြောင်း ကိုယ်ချင်းစာမိသည်။ ဒုရဲအုပ်လေး ရွာထဲလိုက်ပို့ပေး၍ ကျေးဇူးစကား ဆိုခဲ့သည်။ မြို့ကြီးပြကြီး ရောက်ပါစေဟု ဆုတောင်းပေးခဲ့သည်။ ယနေ့ ဒီဇင်ဘာလ ၁၇ ရက်နေ့ နံနက်ခင်းတွင် သောင်သွပ်ရွာမြေပြင်၌ အမှတ်မထင် ခြေချခွင့်ရခြင်းသည် ဘဝတစ်ခု၌ အထုံရေစက်ရှိခဲ့၍ ဖြစ်ပေလိမ့်မည်။

ရွာအောက်ပိုင်းထိပ်တွင် မဏိစည်သူမင်း တည်ထားခဲ့သော စေတီဟောင်းနှစ်ဆူ တွေ့ရသည်။ ရှေးဟောင်းဘုရားကို ပြန်လည်ပြုပြင်မွမ်းမံရန် ရွာထိပ်၌ မဏ္ဍပ်ထိုး အလှူခံနေသည်။ ရာဇမုနိစေတီဟု သိရ၏။ ခုနှစ်သက္ကရာဇ်နှင့် သမိုင်းကြောင်းကို ရွာသားတို့ မသိနိုင်သော်လည်း တည်ထားသော ဘုရင်၏ အမည်ကိုကား ခေတ်အဆက်ဆက် ပြောကြားခဲ့ပေလိမ့်မည်။ ရွာလယ်၌ ဆုတောင်းပြည့်ဘုရားကြီးရှိသည်။ ယခုခေတ် မွမ်းမံမှု ပင်ဖြစ်သည်။ ရွာဆိပ်ကမ်းနဖူး၌ ဖောင်တော်ဦးစေတီတစ်ဆူရှိသည်။ ဤရွာသည် ရှေးက ရှမ်းစော်ဘွားများ နန်းစိုက်ရာမြို့ဖြစ်ခဲ့သည်ဟု သိရ၏။ ခုတော့ မြို့နှင့်တူသော အပိုင်းအစများ မတွေ့ရဘဲ ကျောက်စရစ်ခင်းလမ်းကလေးတစ်လမ်းနှင့် အလယ်တန်းကျောင်းတို့သာ တင့်တယ်သောမြင်ကွင်း ဖြစ်နေသည်။

ရွာအနောက်ဘက်မှ ကညစ်တောင်ပေါ်တွင် တစ်ချိန်က သစ်မွှေးထွက်ရှိခဲ့၍ နယ်စပ်သို့ ကုန်ကူး ခဲ့ကြောင်း သိရသည်။ ဤရွာသည်လည်း အိန္ဒိယနယ်စပ် မိုးရေးသို့သွားရာ တောလမ်းများ၌ တစ်လမ်းအပါအဝင် ဖြစ်ပေသည်။



## ချင်းတွင်းမြစ်ဖယ် ဖောင်ပွဲဟန့်

နံနက် ၁၁ နာရီမှ မြူမှုန်တို့ လွင့်ပြယ်သွားသည်။ သို့သော် နေရောင်ကို ကောင်းကောင်းမမြင်ရသေး။ ကမ်းနဖူးများကို မြင်ရလျှင် သင်္ဘောမောင်း၍ရသည်ဟုဆိုကာ ခရီးဆက်ထွက်သည်။ ရွာထဲမှ အလှူခံ အသံချဲ့စက်လော်စပီကာသံသည် လေနှင့်အတူ သင်္ဘောနှင့်ရာသို့ လိုက်လာသည်။ မြန်မာ့ဓလေ့ ရိုးရာယဉ်ကျေးမှု၌ ပေးကမ်းစွန့်ကြဲလှူဒါန်းခြင်းသည် နိဗ္ဗာန်ရောက်ကြောင်းတရားအနေဖြင့် ကုသိုလ်ယူခြင်းဖြစ်သည်။ ရာဇမုနိဘုရား ပြုပြင်ရာတွင် ကုသိုလ်အဖြစ် ၄၅ဝိ/– လှူဒါန်းခဲ့သည်။



ရေထဲမှ ရွာအလား အဝေးကမြင်ရသော ဝါးဖောင်များ

သောင်သွပ်မှ သုံးမိုင်ခန့်အကွာတွင် ဝါးဖောင်ကြီးများ စုန်ဆင်းလာသည်ကို တွေ့ရသည်။ ကြီးမားသောဝါးဖောင်ပေါ်၌ တဲအိမ်ဆယ်

လုံးခန့်ရှိ၏။ အဝေးမှကြည့်ပါက ရွာတစ်ရွာ ရေထဲမျော လာသည့် အလားပင်။ ဝါးဖောင်ပေါ်၌ ထမင်းချက်၊ နေထိုင်စား သောက်ခြင်း နိစ္စဓူဝသည် ဖောင်သမားတို့အတွက် အနားယူခြင်း တစ်မျိုးဖြစ်သည်ဟု ထင်ရသော်လည်း အန္တရာယ်များပါသည်။ ဝါးဖောင်ခရီးအစကား ဟုမ္မလင်းအထက် ကော့ယား၊ မောင်းခမ်း၊ ထမံသီကျေးရွာများမှ အများစု စတင်ဆင်းသည်ဟု သိရသည်။ နမ့်ဝဲ ချောင်းနှင့် ထမံသီ အထက် နမ်တလိမ်ချောင်းအတွင်းထိဝင်၍ ဝါးခုတ်၊ ဝါးဝယ်ကြပြီး ချင်းတွင်းမြစ်ဘေး၌ ဝါးဖောင်ဖွဲ့ကြသည်။ အချို့ဆိုလျှင် ဝါးရရှိရေး အတွက် ကြိုတင်ကတိစာချုပ်ဖြင့် တစ်နှစ်မှ ငါးနှစ်အထိ မှာထားရသည်။ ငါးနှစ်သမားများကတော့ ဝါးမျှစ်စိုက်ကို စတင်စိုက်သည်မှ ငါးနှစ်အကြာ ဝါးရုံတောဖြစ်သည်အထိ စောင့်ဆိုင်းခုတ်ယူကြသည်။

မျက်စိပါသောဝါးဆစ် တစ်ပေခန့်ကို မီးရှို့ပြီး မြေ၌ တစောင်း စိုက်ကာ ပစ်ထားလိုက်ပါက ငါးနှစ်အကြာ တွင် ၂၅ ပင်မှ အပင် ၅၀ အထိရှိသော ဝါးရုံတောဖြစ်လာသည်ဟု ဆိုသည်။ နှစ်ကြာလေ ခုတ်၍မနိုင်လေဖြစ်လာသောဝါးမှာ ကျခတ်ဝါးနှင့် တင်းဝါးတို့ဖြစ်သည်။

ဝါးဖောင်ဖွဲ့ရာတွင် ဝါးအမျိုးအစားအလိုက် အနည်းငယ် ကွဲပြားမှုရှိသည်ဟု ဆိုသည်။ ဝါးဆယ်လုံးကို တစ်စည်း၊ ဆယ်စီး အလုံး ၁၀၀ ကို တစ်ကတုံး၊ အနည်းဆုံး ခုနစ်ကတုံးမှ ၁၀ ကတုံးအထိ ရေချစီပြီး နောက်ပိုင်း အရှည်ကို ဝါးငါးပြန်မှ ဆယ်ပြန်အထိ ဖွဲ့တတ်ကြသည်။ သေးငယ်သော ကျသောင်းဝါး၊ တင်းဝါးများကို ကြမ်းခင်း ဖောင်မှ အမြင့် ငါးပေအထိထပ်၍ အကန့်လိုက် တင်ဆောင်ကြသည်။ ဝါးဖောင်ကြီး တစ်ဖောင်တွင် အနည်းဆုံး ဝါးလုံးရေ နှစ်သောင်းမှ ငါးသောင်းအထိ ပါသည်ဟု ဆို၏။ တန်ဖိုးအားဖြင့် ဝယ်ဈေး ဝါးတစ်လုံး တစ်ဆယ်ထားဦး၊ တန်ဖိုးငါးသိန်းခန့် ရှိနေသည်။ ပိုင်ရှင်ကတော့ ငွေရင်းပြီး ဖောင်သမား



များကတော့ လေပူပူ နေပူပူ မိုးနှင်းမြူ တွေထဲ လုပ်အားရင်းကာ ဝမ်းစာ ရှာရသော မပျောက်ပျက်နိုင်သည့် ငွေများငွေနိုင် ခေတ်ရေစီးကြောင်းသည် ချင်းတွင်းမြစ်နှင့်အတူ စီးဆင်းနေပေဦးမည်ဟု တွေးတောနေမိပါသည်။

သောင်သွပ်မှ နာရီဝက်ခရီးတွင် မြစ်အနောက်ဘက်ကမ်း၌ အိမ်ခြေ ၁၅ လုံးခန့် နွားတင်းကုပ်သာသာ တဲငယ်များကို တွေ့ရသည်။ သစ်ဆိပ်ကုန်းရွာဟု သိရသည်။ ယခင်ကတော့ အိမ်ခြေပိုများသည်ဟု ဆိုသည်။ ကသည်းလူမျိုးများသာ နေထိုင်ကြသည်။ ရေယာဉ်ပေါ်မှ လှမ်းကြည့်ရာ ကသည်းမနှစ်ဦး ကမ်းစပ်တွင် ရေခပ်နေသည်ကို တွေ့ရ၏။ ဆာရီပုံသဏ္ဌာန် ဝတ်ထားကြသည်။

စစ်သူကြီး မဟာဗန္ဓုလသည် အာသံ၊ မဏိပူရနယ်မြေရှိ ကသည်းတို့၏ရန်ကို နှိမ်နင်းတိုက်ခိုက်ခဲ့စဉ်က ဖမ်းဆီးခဲ့သော စစ်သုံ့ပန်း ကသည်းလူမျိုးများကို လမ်းတစ်လျှောက် လယ်ယာလုပ်ကိုင် စားသောက် နေထိုင်ကြရန် အနောက်ရိုးမတောင်တန်းတစ်လျှောက် ထားခဲ့သည်ဟု ဆိုသည်။ သစ်ဆိပ်ကုန်းရွာကလေးတွင် ကသည်းတို့မှာ နှစ်ပေါင်းများစွာ နေထိုင်ခဲ့ရာ ခုတော့ ပြော၍သာ ယုံရသည်။ ကသည်းတို့ကို မတွေ့ရသလောက်ပင်။

ရှေးမြန်မာမင်းများလက်ထက် စစ်စွမ်းအား ထက်မြက်ခဲ့သည်ကို သင်္ဘောစီး ခရီးသည်တစ်ဦးအနေဖြင့် ဘယ်လိုများ ချီတက်ခဲ့သလဲ ဆိုသောအတွေးများ ဝင်ရောက်လာပြန်သည်။ ဘုရင့်နောင်သည်လည်းကောင်း၊ အလောင်းဘုရားသည်လည်းကောင်း၊ မဟာဗန္ဓုလသည်လည်းကောင်း စစ်ဘုရင်များ ဖြစ်ခဲ့ကြသဖြင့် ဤနယ်ကိုမြန်မာ့ပိုင်နက်ဖြစ်အောင် စွမ်းဆောင်ခဲ့သလို ကာကွယ်ခဲ့သော အထောက်အထားများကို ဖတ်ရှုခဲ့ဖူးသော်လည်း ယခုမှပင် ရှေးအဆက်ဆက် စစ်အတွင်း

ချင်းတွင်းခရီးကို ရောက်ဖူးပေတော့သည်။

မွန်းတည့် ၁၂ နာရီတွင် တုံဟဲရွာကိုဖြတ်သည်။ ကျွန်တော်တို့စီးလာသော အမြန်ရေယာဉ်ကြီး မကပ် သော်လည်း ကုန်သဘော်အနေးချမ်းမြ၊ ချမ်းအေး သဘော်ကြီးများ ကပ်သည်ဟု ဆိုသည်။ တုံဟဲရွာသည် လွန်ခဲ့သောလေးနှစ်က အိန္ဒိယ တမူးနယ်စပ်မှ ချည်ထုပ်နှင့် ကုလားစက်ပစ္စည်းများ မှောင်ခို တရားမဝင် ခိုးသွင်းသောရွာအဖြစ် ထင်ရှား၏။ ရွာတွင် ယခင်လက်ကျန် ဈေးတန်းတဲကြီးများ ရှိနေသေးသည်။ သစ်လွင်သော အိမ်ကြီးအိမ်ကောင်းများ ဆောက်လုပ်ထား၏။ တုံဟဲကားလမ်းသည် ယခုတိုင် တမူးသို့ သွားရောက်လျက်ရှိသည်။ ကတ္တရာလမ်းမဟုတ်၊ မြေသားလမ်းဖြစ်သည်။ တုံဟဲရွာအထွက် ရေညှိတက်နေသော စေတီနှစ်ဆူကို ဖူးရပါသည်။

## ရေနှင့်နွေကို ရွှေနှင့်လဲကြသည်

တုံဟဲမှ တစ်နာရီခရီးတွင် ချင်းတွင်းမြစ်ရေ ပျက်စီးရသော အကြောင်းတရားတစ်ခုကို မျက်မြင်ကိုယ်တွေ့ ကြုံရတော့သည်။ မြစ်ကမ်းနား ကမ်းပါးယံများကို ဖြိုချ၍ ရေစုပ်စက်များထိုးကာ ရွှေကျင်နေကြသည်။ ကျိုင်းကျိုင်းရွာသည် ယခင်က အိမ်ခြေများသော်လည်း ရွှေကျင်သူတို့ မြေဝယ်သဖြင့် မြေကိုရောင်းကာ အိမ်များ ရွှေ့ပြောင်း ကြသည်ဟု ဆိုသည်။ ကမ်းစပ်မှ နှစ်ပေါင်းများစွာ တည်ရှိခဲ့သော သစ်ပင်ကြီးများ၊ ရွာကြီးများသည် လောဘသား ကောင်တို့၏ ဖျက်ဆီးခြင်းကို ခံရကာ ပျောက်ကွယ်သွားကြလေပြီ။

ချင်းတွင်းမြစ်ရေသည် လွန်ခဲ့သော သုံးနှစ်ခန့်က ယခုကဲ့သို့ ရေမနည်းဟု သိရသည်။ တစ်နှစ်ထက် တစ်နှစ် ရွှေကျင်သူတို့၏ ကမ်းပါးဖြိုခြင်းကြောင့် လည်းကောင်း၊ တောင်ပြိုခြင်းကြောင့်



လည်းကောင်း သောင်များ ကြီးမားလာကာ မြစ်ပြင်သည် ရေနည်းလာတော့သည်။ ရေယာဉ်များ သွားလာရာ၌ ကန့်သတ်ချက် ကြီးမား လာသည်။ ဒေသတစ်ခုနှင့်တစ်ခု ဆက်သွယ်မှု ခက်ခဲလာသည်။ သဘာဝကပေးသော ကျေးဇူးတရားကို လောဘလူသားတို့ ဖျက်ဆီးပစ်နေသည်မှာ ကြောက်မက်ဖွယ်ကောင်းနေတော့သည်။ နွေရာသီတွင် ဤပတ်ဝန်းကျင်တစ်ဝိုက် သဘော်မဆိုထားဘိ မော်တော်များပင် သွားရခက်လောက်အောင် ရေတိမ်သည်ဟုဆိုရာ ရေနှင့် နွေကို ရွှေနှင့် လဲလှယ်နေကြသူများဟု ဆိုရပေတော့သည်။



ရွှေကျင်ရန် စက်မောင်းသို့ ဆီရောင်းသွားကြစို့

ယခုမှ ဆောင်းရာသီသာ ရှိသေးသည်။ ဖြတ်သန်းခဲ့ရသော ခရီးတစ်လျှောက် ရေပါး သောင်ထွန်းသော နေရာများစွာကို ကြုံတွေ့နေရပြီ။ တကယ်တော့ ချင်းတွင်းမြစ်ကြီးတစ်စင်းသာ သောင်ထွန်းရေပါးပြီး မြစ်ကြောင်းသွားလာမှု ကြပ်တည်းနေသည်မဟုတ်။ ဧရာဝတီ၊

စစ်တောင်း၊ သံလွင်တို့ သည်လည်း သဘာဝ၏ ဘေးဒဏ်နှင့် လူတို့၏ လုယ်စားမှုကို ခံနေကြရပြီ။

ပို့ဆောင်ရေးဝန်ကြီးဌာနသည် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ၁၉၉၆ ခုနှစ် ဧပြီလမှစ၍ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကို ပြင်ဆင်ဖွဲ့စည်းကာ နိုင်ငံတော်၏ ရေသယံဇာတများ အကျိုးရှိစွာ အသုံးချရေး၊ မြေသယံဇာတများ ပျက်စီးဆုံးရှုံးမှု မရှိစေရေးအတွက် လုပ်ငန်းတာဝန်ကြီး ၈ ရပ် ချမှတ်ဆောင်ရွက်လျက်ရှိသည်။ မြို့များ ရေလမ်းကြောင်းကောင်းမွန်ပြီး ၁၂ ရာသီ အသုံးပြုနိုင်ရေး၊ မြို့ရွာရေတိုက်စားမှု ကာကွယ်ရေး၊ မြစ်ကြောင်းများ ရေအနက် မြင့်မားစေရေးနှင့် ရေယာဉ်ဝန်တင်အလေးချိန်တိုးပြီး တင်ဆောင်နိုင်ရေး အပါအဝင် ကာကွယ်တားဆီးရေး ဆောင်ရွက်ချက်များ အလေးထားဆောင်ရွက်နေသည်။

ချင်းတွင်းမြစ်တွင် ချင်းတွင်းမြစ်ဆုံမှ မုံရွာ၊ မုံရွာမှ မော်လိုက်၊ မော်လိုက်မှ ခန္တီးအထိ အပိုင်းသုံးပိုင်းခွဲ၍ သဲအိတ်ဖြည့် ကျောက်စီရေကာလုပ်ငန်း၊ သောင်ထိန်းလုပ်ငန်း၊ မျောတိုင်တန်း ကျောက်ဖြည့် ရေကာလုပ်ငန်းတို့ကို ကျပ်သိန်းပေါင်း ၂၄၀၀ ကျော် အကုန်အကျခံကာ ဆောင်ရွက်နေသည်။ သို့သော် ရေအားကို လူမနိုင်သေး။ စက်မှုစွမ်းအားအပိုင်းဖြင့် သောင်တူးလုပ်ငန်းနှင့်အခြားသော အစီအမံများကို နိုင်နိုင်နင်းနင်း ဆောင်ရွက်ရန် ကြိုးပမ်းနေကြဆဲ ဖြစ်သည်။ လုပ်ငန်းအစီအမံများ စနစ်တကျ ချမှတ်ဆောင်ရွက်နိုင်ခြင်း မရှိပါက ယခုအခြေအနေထက်ပင် ဆိုးမည်ဟု တွေးမိသည်။ မည်သို့ရှိစေ နိုင်ငံတော်အစိုးရကလည်း ကြိုးပမ်းဆောင်ရွက်နေသလို ဒေသခံ ပြည်သူလူထုနှင့် မြစ်ကိုအမှီပြု၍ ဝမ်းစာရှာသူတို့ တာဝန်ကိုယ်စီ လက်တွဲညီစွာ ချင်းတွင်းမြစ်ကြီး ရာသီမရွေး အကျိုးရှိစွာ အသုံးပြုနိုင်ရေး ထိန်းသိမ်းကြိုး



ပမ်းကြမည်ဆိုလျှင် အတိုင်းထက်အလွန်၊ တံခွန်နဲ့ကုက္ကား မြစ်တို့၏ သခင်ဖြစ်နေလိမ့်မည်ဟု တိုက်တွန်းမိပါသည်။

ရွှေကျင်သောနေရာများကို ဖြတ်ကျော်ပြီး မြစ်ပြင်သည် ကြည်စိမ်းလာပြန်သည်။ သို့သော် သင်္ဘောသည် စက်အားရှိတိုင်း မောင်း၍မရပါ။ သင်္ဘောဦးမှ သင်္ဘောသားနှစ်ယောက်သည် ဘယ်ညာ တစ်ယောက်စီနေ၍ ဝါးလုံးရှည်တစ်ချောင်းစီကိုင်ကာ မြစ်ရေပြင်ကို တုတ်ထောက်တိုင်းနေရသည်။ ဘယ်ဘက် သင်္ဘောသားနှင့် ညာဘက် သင်္ဘောသားတို့၏ ရေကိုင်းမှတ်ပေါ် မူတည်ပြီး သင်္ဘောဦးလှည့်နေရသည်။ တစ်ခါတစ်ရံ သင်္ဘောဦး သည် သောင်ကို ပါးပါးဆောင့်ကာ မလွတ်တလွတ် ရုန်းထွက်သွားပြန်သည်။

ရင်တမမ မောင်းနှင်ရသော ရေယာဉ်ဝန်ထမ်းတို့ ပင်လယ်ထဲမှာ သင်္ဘောပျက်မှာ စိုးရိမ်ရသကဲ့သို့ မြစ်ပြင်ကျယ်မှာ ရေတိမ်နစ်မှာကိုလည်း စိုးရိမ်နေရ၏။ ရေတိမ်နစ်သည်ဆိုသော မြန်မာစကားဝေါဟာရကို အလေးအနက် စဉ်းစားမိသည်။ သိလျက်၊ မြင်လျက်နှင့် ဒုက္ခဘေးကို ရင်ဆိုင်ရခြင်းဟု အဓိပ္ပာယ်သတ်မှတ်နိုင် ပါသည်။

ရှေ့မှာ လောင်းမင်းရွာ ရောက်တော့မယ်ဟု နောင်စမ်းကျင်ရွာသားတစ်ဦးက ဆိုသည်။ လောင်းမင်းရွာ မဝင်မီ မြစ်ညာဘက်ခြမ်း၌ အိမ်ခြေ ၂၀ ခန့်ရှိသော ချင်းရွာရှိသည်ဟု ဆိုသည်။ ခါနမ်ဟု အမည်ရှိသော ချင်းရွာကလေးဖြစ်၏။ ချင်းတွင်းမြစ် အရှေ့ဘက်ခြမ်းတွင် ရှားရှားပါးပါး တွေ့ရခဲသော ချင်းရွာလေးသည် ပထမဆုံး ချင်းတွင်းမြစ် အရှေ့ဘက်ခြမ်းကို ကိုယ်စားပြုသော ချင်းရွာအဖြစ် မှတ်သားမိသည်။ ခါနမ်ရွာ တစ်ဖက်ကမ်း မြစ်အနောက်ဘက်ခြမ်းတွင် အိန္ဒိယနယ်စပ်သို့သွားရာ တောလမ်းရှိသည်။ အတိုဆုံးသော ခြေကျင်လမ်းဖြစ်ပြီး အင်္ဂလိပ်ခေတ်ကတည်းက ရှိခဲ့သော စစ်သုံးလမ်းဖြစ်သည်။

မကြာသေးမီ လေးငါးနှစ်က ချင်းသူပုန်တို့ ဤလမ်းကို အသုံးပြု၍ တားပြတိုက်ခဲ့ကြသည်ဟု သိရသည်။ ဤလမ်းသည် မူးယစ်ဆေးဝါး မှောင်ခိုခြင်းနှင့် တားပြတိုက်ခြင်းတို့ ကျူးလွန်ခဲ့သဖြင့် ဒုစရိုက်သမားတို့ အတွက် ထွက်ရာပေါက်လမ်းဟု ဆိုကြသည်။

ခါနမ်ရွာကျော်သော် မြစ်အနောက်ဘက်ကမ်းတွင် ကညင်ပင် ကြီးတစ်ပင်ကို ထီးထီးကြီး ထင်ရှားစွာတွေ့ရသည်။ တဖြည်းဖြည်း နီးလာသော် ရွာအိမ်ခေါင်မိုးများကို မြင်လာရသည်။ ဤဒေသတစ်ဝိုက် တွင် သစ်ထုတ် လုပ်ရေးလုပ်ငန်း လုပ်ခဲ့ဖူးသူ ဟုမ္မလင်းသားတစ်ဦးက "ဆရာက စာရေးဆရာနဲ့တူတယ်၊ တစ်လမ်းလုံး လိုက်မေး နေတယ်ဆို တော့ ကျွန်တော်လဲ သိသလောက် ပြောပြပါ့မယ်" ဟု ဆိုလာသည်။

စကားသံဝဲဝဲရှိ၍ ဘာလူမျိုးလဲဟု မေးသောအခါ "ကျွန်တော် ဗမာလူမျိုးပါ၊ ဒီနယ်ရောက်တာ နှစ် ၂၀ ရှိပြီ" ဟု ဆိုသည်။ သစ်လုပ် ငန်းလုပ်ရင်း ဒီတောနယ်ဒေသကို ကျွမ်းကျင်လာပါပြီဟု ဆိုသူကို စိတ်ဝင်စားသွားသည်။

"တစ်ရွာမပြောင်း သူကောင်းမဖြစ်လေ အစ်ကိုကြီးရဲ့၊ ကျွန်မ လဲ သူနဲ့အိမ်ထောင်ကျမှ ဟုမ္မလင်းကို ရောက်ဖူးတာ" ဟု အသက် (၃၀) ခန့် အမျိုးသမီးငယ်က ဆိုသည်။

"ညီမတို့က ဘယ်ဇာတိလဲ"

"သူက အင်းစိန်က၊ ကျွန်မက တောင်ဥက္ကလာက၊ နှစ်ယောက် စလုံး ရန်ကုန်သား၊ ဒီနယ်မှာ ပျော်ပါးနေ တာလေ၊ ရန်ကုန်မရောက်တာ ငါးနှစ်ရှိပြီ၊ ကလေးတွေကြီးလာလို့ အဘိုးအဘွားတွေ့ရအောင် လိုက်ပို့ ပြီး ပြန်လာကြတာ၊ ပိုက်ဆံလဲ ကုန်သလားမမေးနဲ့၊ သောက်သောက်လဲ ပဲ၊ မောင်ရေ … တို့ ရွှေပုစွန်မှာ ရေခဲမုန့် တစ်ထိုင်တည်း သုံးပွဲစားတာ ပြောပြလိုက်ပါဦး၊ ဟဲ … ဟဲ … ဟဲ"



"ရန်ကုန်ကို ပြန်မပြောင်းကြတော့ဘူးလား"

"အို … တော်ပြီ တော်ပြီ၊ ဒီမှာပိုက်ဆံရှာရတာ စိတ်ချမ်းသာတယ်၊ တောသူတောင်သားဆိုတာ ကလိမ်ကကျစ်မလုပ် ဘူး၊ ရန်ကုန်သားစစ်စစ်ဆိုပေမယ့် ချင်းတွင်းရေသောက်၊ ချင်းတွင်း ရေချိုးပြီး အရိုးထုတ်တော့မယ်၊ ဗမာစကားပုံရှိတယ်လေ၊ မောင်တစ် ထမ်း မယ်တစ်ရွက်၊ ပျော်ရာမှာ မနေရ၊ တော်ရာမှာနေရ တဲ့၊ ခုတော့ တော်တဲ့နေရာမှာ ပျော်နေပါပြီလေ၊ ပိုက်ဆံရှာလို့ရတော့လဲ ပျော်တာ ပေါ့"

ဟုဆိုသော အာသွက်လျှာသွက် ရန်ကုန်သူတစ်ဦး၏ ဘဝ အဘိဓမ္မာသည်လည်း ခရီးသွားကွက်လပ် တစ်နေရာကို ဖြည့်လိုက် သလို ဖြစ်ပါသည်။

လောင်းမင်းရွာသည် ရှမ်း၊ ဗမာများ နေထိုင်ပြီး ပထမ ကမ္ဘာစစ်အတွင်းက အင်္ဂလိပ်တို့ အခြေပြုနေထိုင် ခဲ့သည်ဟု ဆိုသည်။ ရွာလယ်၌မြင်နေရသော ကညင်ပင်ကြီးပေါ်တက်ကာ ချင်းတွင်းမြစ် အတွင်း စုန်ဆန်ဝင်လာသော ဂျပန်စစ်ကြောင်းသင်္ဘောများကို အကဲကြည့် အချက်ပေးခဲ့သည်ဟု ဆိုသည်။ ထိုစဉ်ကတည်းက မြင့်မား သော သစ်ပင်ကြီးသည် လူလေးယောက်ခန့် ဖက်ခဲ့ရသည်ဟုဆိုရာ ယခု သင်္ဘောပေါ်မှ မြင်ရချိန်တွင် နှစ်ပေါင်း တစ်ရာကျော်မည်မှာ သေချာ ပေတော့သည်။ တော်လှန်ရေးတွင် ပါဝင်ခဲ့သော ကညင်ပင်ကြီးသည် ယခုတိုင် လောင်းမင်းရွာသားတို့၏ ထင်ရှားသော သမိုင်းဝင်မှတ်တိုင် အဖြစ် ရှိနေသည်မှာ ကျေးရူးရှင်ဘိုးဘွားသစ်ပင်ကြီးအဖြစ် ဂုဏ်ယူကြရ ပေမည်။

လောင်းမင်းရွာအထွက် မြစ်အနောက်ဘက်ကမ်းတွင် အနောက်ရိုးမတောင်တန်းမှ ချင်းတွင်းမြစ်အတွင်း စီးဆင်းနေသော

တီလောင်းချောင်းခေါ် နံပါတ်ငါးချောင်း ရှိသည်။ ဤချောင်းသည်လည်း အိန္ဒိယနယ်အတွင်းမှ စီးဝင်လာခြင်းဖြစ်ပြီး စစ်အတွင်းက အသုံးပြုခဲ့သော ရေကြောင်းလမ်းကလေးဖြစ်ကြောင်း သိရပြန်သည်။

ကျွန်တော်သည် မြေပုံတစ်ချပ်ကိုကိုင်၍ ရေယာဉ်မောင်းသူတို့နှင့်လည်းကောင်း၊ ခရီးသွားဖော်တို့နှင့် လည်းကောင်း မိတ်ဆွေဖွဲ့ကာ မေးပါများ စကားရ၊ သွားပါများ ခရီးရောက်၊ မအိပ်မနေ အသက်ရှည် ဆိုသော မောင်ပေါက်ကျိုင်း၏ စကားကြီးသုံးခွန်းကို နာယူကျင့်ကြံခဲ့ရာ ချင်းတွင်းမြစ်ပြင်သည် ကျွန်တော့်အား လိမ်လည်၍ မရသော ဘဝကြင်ဖော်အဖြစ် ခရီးတစ်လျှောက် လက်တွဲခဲ့ရပေတော့သည်။

**ယောက်ျားပေါင်းစီး မိန်းမပီးနေ**



# ချင်းတွင်းအပြန် အားနဲ့မာန်

## ရွှေခဲထွက်ရာ နန့်တောရွာ

နောင်စမ်းကျင်ရွာသို့ ဝင်ရောက်ချိန်တွင် အနောက်ရိုးမ တောင်ကြီးသည် နေမင်းကို ကာဆီးထားသောကြောင့် အရိပ်ထဲ၌အေး နေသည်။ နေ့လယ် ၂ နာရီမျှကျော်ကျော်သာ ရှိသေးသည်။ သောင်း၏ အငွေ့တို့က ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၅၇၀၀ ခန့်ရှိသော ဝန်းကျင်ဒေသကို ဖုံးလွှမ်းထားသည်။

နောင်စမ်းကျင်ရွာသည် ဟုမ္မလင်းမြို့နယ်အတွင်း၌ရှိသော ရွာကြီးဖြစ်သည်။ ရှမ်းလူမျိုး အများဆုံး နေထိုင်သည်။ အိမ်ခြေ ၃၀၀ ခန့်ရှိသည်။ အထက်ရွာ၊ အောက်ရွာဟူ၍ နှစ်ပိုင်းရှိ၏။ ကြီးမားသော ဘုန်းကြီးကျောင်းကြီးက ရွာနှစ်ရွာ၏အလယ်တွင်ရှိသည်။ ပဲကြိတ်စက်၊ စပါးကြိတ်စက်များရှိသည်။ ချင်းတွင်းမြစ်ရိုး၌ ပဲစိုက်ဧက အများဆုံး ဒေသတွင် ပါဝင်သည်။ ရေပတီမြစ်ဝကျွန်းပေါ်တွင် ပန်းဟနော်သည်

သင်ဖြူးဖျာရက်လုပ်ရောင်းချမှုတွင် နာမည်ကြီးသလို ချင်းတွင်းမြစ်ရိုးတွင် နောင်စမ်းကျင်သည် သင်ဖြူးဖျာ ဈေးအချိုဆုံး ဖြစ်သည်။ တစ်ယောက်အိပ် တစ်ချပ်ကို ၃၅၀၊ နှစ်ယောက်အိပ်တစ်ချပ် ၆၀၀ ဖြစ်၍ ပန်းတနော်ထက် သက်သာ သည်။ သို့သော် လက်ရာကြမ်းသည်။ သင်နုသည်။

နောင်စမ်းကျင်ရွာနှင့် ဇီးပင်သာရွာသည် မြစ်တစ်ဖက်ကမ်းထဲ လမ်းလျှောက်သွား၍ရသလို မြင်သာရွာသည်လည်း နွေနှင့်ဆောင်းကာလ လမ်းလျှောက်သွားလျှင် တစ်နာရီခန့်သာကြာသည်။ သင်္ဘောပေါ်၌ အခန်းချင်းကပ်လျက် စကားပြောဖော်ရလာသူတစ်ဦးမှာ မြင်သာရွာမှဖြစ်သည်။ ရှမ်းလူမျိုးဖြစ်ပြီး ရိုးသားဖော်ရွေသည်။ သူ၏သားမှာ မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းတွင် ဒုတိယတန်းအင်ဂျင်နီယာဖြစ်နေပြီး ပြည်ပနိုင်ငံများသို့ သင်္ဘောထွက်လျက်ရှိ၏။ ဒေါ်လာစားသောသား၏ ဖခင်ဖြစ်နေသည်။ သားကြီးစားပုံ၊ စည်းကမ်းရှိပုံတို့ကို ဖော်ထုတ်ပြောနိုင်စွမ်းသော ဖခင်ဘဝကို ရရှိနေသည်။

သူ၏သားမှာ မည်သူတစ်ဦးတစ်ယောက်၏ ထောက်ပံ့မှု အကူအညီမှ မပါဘဲ ရေကြောင်းသိပ္ပံသင်တန်း တက်ခွင့်ရပုံကို ပြောပြသည်။ အလွန်ခက်ခဲသောသင်တန်းသည် ဦးစားပေးမှုအဆင့်များ ခွဲထား၍လည်း တောတောင်ဒေသ ရွာတစ်ရွာမှ ပုဂ္ဂိုလ်တစ်ဦး ပါသွားတယ်ဆိုတာ ယုံချင်မှ ယုံပေလိမ့်မည်ဟု သူက ဆိုပါသည်။ ကြိုးစားလျှင် မည်သို့သော အတားအဆီး အခက်အခဲများ ရှိနေပါစေ ရနိုင်သည်ဆိုသော သားကောင်းဖခင်တစ်ဦး၏ စကားကို နားမှာ စွဲထင်နေတော့သည်။

သင်္ဘောခရီးဖော်အဖြစ် ကြိုးစားမှု၏ ဂုဏ်ဒြပ်သတင်းကို ကြားသိရသလို စွန့်စားမှု၏ အောင်မြင်ခြင်းကိုလည်း တွေ့ကြုံရပြန်သည်။ စွန့်စားသူက လူပုဂ္ဂိုလ်မဟုတ်ဘဲ သံဃာတော်တစ်ပါး ဖြစ်ပါ



သည်။ ဗမာလူမျိုး သံဃာတော်တစ်ပါး မုံရွာမှ စထွက်ကတည်းက သင်္ဘောပေါ် ပါလာသော်လည်း အိပ်ခန်း တစ်ခြမ်းစီဖြစ်နေ၍ စကားမပြောဖြစ်။ သို့သော် ဒီနေ့ နေ့လယ်စာဆွမ်း တပည့်တော်တို့ တာဝန်ယူပါရစေဟု လျှောက်ထားရာမှ စကားပြောခွင့်ကြုံခဲ့သည်။ ဆရာတော်မှာ ဟုမ္မလင်းမြို့နယ် ထိန်ကုန်းကျေးရွာတွင် တောင်တန်းသာသနာပြုအဖြစ် ရောက်ရှိနေသည့် ဘဒ္ဒန္တဇိစာဝရဗုဒ္ဓိ ဖြစ်သည်။ ဇာတိနေရပ်က မြောင်းမြဇာတိဆို၍ ပိုစိတ်ဝင်စားသွားသည်။ ကျွန်တော့်ဖခင်နှင့်များ သိကျွမ်းလေမလား ဆွေမျိုးစပ်ကြည့်သည်။ ကျွန်တော့်အဘိုးမှာ ရှေးက မြောင်းမြထောင်မှူးကြီးဖြစ်ကြောင်း ပြောပြရာ ကြားဖူးသည်ဟု ဆိုသည်။ မြောင်းမြ၊ မန္တလေးတို့တွင် ကျောင်းထိုင်ရာမှ ပရိယတ္တိစာပေနှင့် ပရိယတ္တိတရားတော်တို့ကို မဖွံ့ဖြိုးသေးသော ဒေသများတွင် သာသနာပြု ဖြန့်ဝေလိုသည်ဟုဆိုကာ ရောက်ရှိနေသည်မှာ ဆယ်နှစ်ခန့်ရှိပြီဟု ဆိုသည်။

"ဆရာတော် ဒီဒေသကို ဘယ်လိုဆက်စပ်ပြီး ရောက်လာတာလဲဘုရား"

"ဘုန်းကြီး မန္တလေးမှာ စာဝါတက်ရင်း ဒကာတစ်ဦးနဲ့ဆုံတယ်၊ သူက သူတို့နယ်မှာ စာတတ်ပေတတ်ပုဂ္ဂိုလ် ရှားပါးတယ်၊ ဝိပဿနာတရားပြနိုင်တဲ့ ရဟန်းပုဂ္ဂိုလ် နည်းပါးတယ်၊ ဦးပဥ္ဇင်း သာသနာပြုပေးဖို့ လိုက်ခဲ့ပါ၊ အားလုံးတာဝန်ယူတယ်ဆိုလို့ ဆွေမျိုးကျောထောက်နောက်ခံ မရှိဘဲ လိုက်ခဲ့တာပါ"

"အဆင်ပြေပါရဲ့လားဘုရား"

"သာသနာပြုတာပဲလေ၊ မေတ္တာတရားရှေ့ထားပြီး လုပ်ပါတယ်၊ ဘယ်အလုပ်ဖြစ်ဖြစ် အခက်အခဲဆိုတာ တွေ့စမြဲပါ၊ ဗုဒ္ဓ ဘုရားရှင်တောင် ဒေဝဒတ်ကို၊ အာဠာဝကတို့၊ မာရ်နတ်တို့လို အနှောင့်

အယုက်မျိုးစုံ ကြုံရသေးတာပဲ၊ မေတ္တာထက် ကြီးမားတဲ့အင်အား မရှိပါဘူး၊ ဒကာကြီးလဲ ဘာလုပ်လုပ် မေတ္တာရှေ့ထားပြီး အလုပ်လုပ်ပါ လို့ တိုက်တွန်းပါရစေ”

“တင်ပါ့ဘုရား၊ တပည့်တော်လဲ သွားလေရာ သာသနာပြုတဲ့ သဘောနဲ့ ဗုဒ္ဓဂုဏ်တော်ကိုးပါးအနက်ကို လူတိုင်းပွားများ ဆောက်တည် နိုင်ဖို့ ရည်ရွယ်ပြီး လက်ဆင့်ကမ်းဖြန့်ဝေ ပူဇော်နေပါတယ်၊ ဒီကုသိုလ် ကြောင့် တပည့်တော် အန္တရာယ်ကင်းပြီး စိတ်ချမ်းသာခြင်းကို ထူးကဲစွာ ခံစားနေရပါတယ်၊ ဆရာတော်သာသနာပြုတဲ့ ဒေသမှာ ထပ်ဆင့်ဖြန့် ဝေပေးနိုင်ဖို့ တပည့်တော် ဓမ္မဒါန ပူဇော်ဆက်ကပ်ပါရစေ”

“သာဓု ... သာဓု ... သာဓု”

ဆရာတော်မှာ သက်တော် (၇၀) ရှိပြီ။ သိက္ခာ၊ သမာဓိ၊ ပညာတို့နှင့် ပြည့်စုံကြောင်း စကားပြောကြည့်သောအခါ အကဲခတ်ခွင့် ရလေသည်။ ဒေသခံ အသိမိတ်ဆွေ ဒါယကာ တစ်ဦးတလေမှ မရှိ ပါဘဲနှင့် ဥရုမြစ်ကြောင်းအတွင်း တစ်ရက် ထပ်မံ၍ စက်လှေစီးရသော နန်တောဒေသတွင် သာသနာပြုခြင်းကို အခက်အခဲ များစွာကြားမှ ဆောင်ရွက်နေသည်ဟု သိရသည်။ ဆရာတော့်ကျောင်းအား တစ်ချိန် ချိန်တွင် လိုအပ်သောဝေယျာဝစ္စ လှူဒါန်းရန် ဆန္ဒရှိကြောင်း ကတိပေးခဲ့ သော်လည်း ယနေ့အထိ မသွားရောက်နိုင်သေးပါ။

ဤခရီးတွင် ကြိုးစား၍ အောင်မြင်သူနှင့် စွန့်စား၍ အောင် မြင်သူ ဟူ၍ ပုဂ္ဂိုလ်နှစ်ဦးကို တွေ့ခဲ့ရ၍ ဤဆောင်းပါးရေးရင်း ဂုဏ်ပြု မှတ်တမ်းတင်မိပါသည်။ အမှန်ကတော့ အောင်မြင်ရေး၏ သော့ချက်မှာ လူ့အပြုအမူတို့ကို သဘောပေါက် နားလည်ခြင်းဟု မလေးရှားမှ လူမှုရေးသိပ္ပံ ပါမောက္ခတစ်ဦးက ဆိုထားဖူးရာ လူမှုဆက်ဆံရေး စာမေးပွဲ မကျဖို့ လိုသလို ကံဉာဏ်ဝီရိယသုံးပါး ညီညွတ်ရန်လိုကြောင်းလည်း



တွေးမိ၏။ သို့သော် ကျွန်တော်ပင်လျှင် ဘဝနှင့်ဆန္ဒ သဟဇာတ မဖြစ်သေး၍လည်း ချင်းတွင်းမြစ်ကို အဖော်ပြုရင်း ခရီးနှင်ရပါဦးမည်။



**ဟုမ္မလင်းမြစ်ပြင်မှ မြူဖုံးနေသော စာရာမေတီမြင်ကွင်း**

ချင်းတွင်းမြစ်ပြင်သည် တစ်ခြမ်းစိမ်း၍ တစ်ခြမ်းနီနေသည်။ နီသောအခြမ်းမှာ ဥရုချောင်းအတွင်း နန်တောဒေသမှ စီးဆင်းလာ သော ရေနောက်များ ချင်းတွင်းမြစ်အတွင်းသို့ ဝင်ရောက်လာခြင်း ကြောင့်ဖြစ်သည်။ အဝေးသို့ လှမ်းမျှော်ကြည့်ရာ အနောက်ရိုးမှ မော်နှံ့တောင်တန်းကြီးကို မြင်နေရပြီ။ အဝေးဆုံးမြင်ကွင်း၌ တိမ်တိုက်များနှင့် ထိစပ်နေသော တောင်တန်းကြီးများကို မြင်နေရ သည်။ ယခုအချိန်သည် နေကွယ်သွားပြီး မြူများပိတ်နေ၍ ထင်ရှား သော စာရာမေတီတောင်ထိပ်ကို မမြင်ရတော့ပါဟု ရေယာဉ်မှူးကြီးက ဆိုသည်။ မြန်မာ ပြည်တွင် ထင်ရှားသော နယ်ခြားတောင်တန်းများ၌ ပေတစ်သောင်းအထက် တောင်ကြီးများအကြောင်းကို ငယ်စဉ်က

ကျောင်းစာ၌ သင်ဖူးသည်။ ရာသီဥတု ကြည်လင်ချိန်တွင် ဟုမ္မလင်းမြို့ အဝင်မှနေ၍ စာရာမေတိတောင်ထိပ်ကို မှုန်ပျပျ မြင်ရသည်ဟု ဆိုသည်။

ဟုမ္မလင်းမြို့ကို မြစ်အရှေ့ဘက်ခြမ်းတွင် ရေးရေးမြင်ရာမှ နီးလာသည်။ ချင်းတွင်းရေသည် ဟုမ္မလင်း မဝင်မီ သုံးမိုင်ခန့်တွင် သောင်ထွန်းခြင်း၊ ရေနောက်ခြင်း၊ မြစ်ကြောင်းကျဉ်းခြင်းတို့ ရှိနေရာမှ မြို့အဖျားသို့ ဝင်သည်နှင့် ရေသည် ကြည်စိမ်းသွားလေသည်။ သို့သော် ရေပါးသည်။ အရှေ့မှ အနောက်သို့ စီးဆင်းပြီး ချင်းတွင်းသို့ ဝင်ရောက်လာသော ချောင်းအတွင်း၌ စက်လှေများ ဥဒဟို စုန်ဆင်းနေသည်ကို မြင်နေရသည်။ ဒေသအခေါ် နောင်ပိုအောင်ချောင်းဟု ခေါ်ကြသည်။ အမှန်တော့ ဥရု ဖြစ်ပါသည်။ ဖားကန့် လုံးခင်းဒေသမှ ရှည်လျားစွာ စီးဆင်းပြီး ဟုမ္မလင်းမြို့အောက်ဘက် တစ်မိုင်ခန့်အကွာတွင် ချင်းတွင်းသို့ စီးဝင်ခြင်းဖြစ်သည်။



**နောင်ပိုအောင်ချောင်းတွင်းသို့ ရွှေကျင်သွားမည့် စက်လှေများ**



နောင်ပိုအောင်ချောင်းအတိုင်း ဆန်တက်ပါက ဟုမ္မလင်း ဒေသတွင်မြို့ကြီးတမျှ စည်ကားပြီး လိုချင်တာအကုန်ရနေသော နန်တောရွှေတွင်းရှိသည်ဟု ဆိုသည်။ အမှန်မှာ ရွှေတွင်းဆိုသော်လည်း ဥရုမြစ်ကို အခြေခံပြီး ရွှေကျင်နေကြခြင်းသာဖြစ်ပေသည်။ မော်တော်ဖြင့် ဟုမ္မလင်းမှ နန်တောသို့ တစ်ညအိပ်စီးရသည်ဟု ဆိုသည်။ မိုင် ၄၀ ခန့် ရှိသည်။

နန်တောမရောက်မီ နောင်ပိုအောင်ရွာရှိသည်။ ရှမ်းများသာ နေထိုင်သောရွာဖြစ်သည်။ စက်လှေဖြင့် သွားပါက ခုနစ်နာရီကြာပြီး ဟုမ္မလင်းမှ ကားလမ်းအတိုင်း နွေရာသီတွင် ၁၉ မိုင်ခရီး သွားရသည်။ နန်တော ရွှေတွင်းအကြောင်း ဂျာနယ်တစ်စောင်တွင် ဖတ်ဖူးရာ အရာရာတွင် ငွေရှိလျှင်ဖြစ်သည်ဆိုသောဒေသသို့ အချိန်ရလျှင် သွားရောက်လေ့လာချင်သည်။ သို့သော် စိတ်သာရောက်သည်။ လူ မရောက်ခဲ့ပါ။ ဟုမ္မလင်းသို့ ညနေ ဝင်ရောက်ချိန်တွင် မှောင်စပျိုးနေပြီ။ ကျွန်တော်တို့ စီးလာသော သလ္လာဝတီ (၁) ရေယာဉ်ကြီး၏ ရေကြောင်းခရီးစဉ်မှာ ဟုမ္မလင်း၌ ဆုံးလေသည်။ သို့သော် ချင်းတွင်းမြစ်ကား မဆုံးသေး။

### ရှမ်းတို့တာလင်း ဟုမ္မလင်း

ဟုမ္မလင်းမြို့သည် ရေကျချိန်တွင် မြစ်ကြောင်းအထက်သို့ ရောက်နေသည်။ မြို့ပေါ်သို့ခြေချလိုက်ချိန်တွင် လေးလံထိုင်းမှိုင်းနေသောစိတ်များ ပေါ့ပါးသွားသည်။ မုံရွာမှ လေးညအိပ် ငါးရက်ခရီး ဆန်တက်လာသော ရေယာဉ်ကြီးသည် မိုင်ပေါင်း ၃၂၇ မိုင်ကို ခုတ်မောင်းလာရ၍ မောဟိုက်ပင်ပန်းနေပြီ။ ဟုမ္မလင်း၌ ခရီးသည် အကုန် ဆင်းကြ၏။ မဆင်း၍လည်းမရ။ သည်နေရာ၌ ဆောင်းတွင်းကာလ

ချင်းတွင်းမြစ် ရေယာဉ်ခရီးစဉ် ပြီးဆုံးသည်။ ဆိပ်ကမ်းအရောက် ခရီးသည်များ တိုးဝှေ့ဆင်းကြသောမြင်ကွင်းသည် ကျဉ်းကြပ်နေသော စိတ်နှင့်ရုပ်ကို ရုန်းထွက်ရန် ကြိုးပမ်းနေခြင်းဖြစ်သည်ဟု ယူဆရပေမည်။

လူဆိုသည်မှာ လွတ်လပ်စွာနေလိုသောဘဝကို မြတ်နိုးခုံမင်ကြသည်။ အကျဉ်းချခြင်း၊ ထောင်ကျခြင်း မဆိုထားဘိ ဘယ်မှမသွားရဘူး၊ အိမ်ထဲမှာပဲ နေရမယ်ဆိုသောစကား ကြားရုံဖြင့်ပင် ရုန်းထွက်ရန် ကြံစည်ပြီး စိတ်အိုက်သောဒဏ် ခံရပြီ။ လွတ်လပ်ခြင်း၏ တန်ဖိုးကို ကျဉ်းကြပ်ချုပ်နှောင်ခံရသောအခါမှ သိသည်၊ ရေ၏ တန်ဖိုးကို နွေမှာသိသည် ဆိုသောစကားတို့ကို ဟုမ္မလင်းဒေသ ချင်းတွင်းသားတို့ ပို၍ခံစားရပေလိမ့်မည်။ သင်္ဘောပေါ်၌ ရက်ကြာကြာစီးရသော ခရီးသည် ကျွန်တော့်အတွက် တန်ဖိုးရှိသော်လည်း လွတ်လပ်စွာ သွားလာနေထိုင်ရခြင်းကိုတော့ ကျွန်တော်လည်း နှစ်သက်ပါသည်။ စာရေးစာဖတ် အခွင့်အရေးရသော ကျွန်တော်ပင်လျှင် ကြာတော့ ကျဉ်းကြပ်လာသည်။

ဟုမ္မလင်းမြို့အတက်တွင်ကား ဆိုက်ကား၊ မြင်းလှည်းများ ရှုပ်ထွေးစွာကြိုသည်ကို မတွေ့ရပါ။ တပ်မတော်မှ စစ်ကားတစ်စီးသာ တွေ့ရသည်။ ကျဉ်းမြောင်းသော ဆယ်ပေလမ်းတွင် လူများတိုးဝှေ့သွားလာကြရာမှ တစ်နာရီကျော်ကျော်ခန့်တွင် ဆိပ်ကမ်း၌ လူရှင်းသွားသည်။ နောင်ပိုအောင်နှင့် နန်တောရွှေတွင်းသို့ ပို့မည့်ကုန်များ သင်္ဘောပေါ်မှ ကုန်းပေါ်သို့ အလုပ်သမားအင်အားဖြင့် တင်နေသလို စက်လှေများပေါ်သို့ တိုက်ရိုက်ချနေသည် ကိုလည်း တွေ့ရ၏။ အမှန်တော့ ဟုမ္မလင်းမြို့သည် နန်တောရွှေတွင်းဒေသကို အမိပြုကာ ရပ်တည်နေခြင်းဖြစ်၏။ တစ်ချိန်က အိန္ဒိယနယ်စပ်ပစ္စည်းများ စုပုံရာဒေသ



ဖြစ်ခဲ့ပြီး မုံရွာသို့ ကုန်တင်ပို့နိုင်ခဲ့သည်။ ခုတော့ မုံရွာအစုန် ကုန်များ တင်ပို့နိုင်သော အခြေအနေမရှိတော့ဘဲ ရွှေတွင်းကို အားကိုးနေရပေပြီ။

ဟုမ္မလင်းရောက်ချိန်တွင် ရေမချိုးနိုင်တော့ပါ။ အအေးမှာ ၆ ဒီဂရီ စင်တီဂရိတ် ရှိနေသည်။ ဟုမ္မလင်း သည် မြောက်ဘက်တွင် ခန္တီး၊ အနောက်ဘက်တွင် လေရှီးမြို့နယ်၊ တမူးမြို့နယ်၊ တောင်ဘက်တွင် ဖောင်းပြင်၊ အရှေ့ဘက်တွင် ကာမိုင်း၊ ဖားကန့်မြို့နယ်တို့နှင့် ဆက်စပ်နေသည်။ ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၄၀၀ မှ ပေ ၅၇၀၀ အထိ အမြင့်တွင်ရှိသည်။ တောင်တန်းချိုင့်ဝှမ်းများ ပတ်လည်ဝန်းရံထားသည်။ ချင်းတွင်းမြစ်နှင့် ဥရုမြစ်ဝန်းကျင်တွင် သဲနုန်းများ ဖြစ်ပြီး တောင်ကုန်းတောင်တန်းများတွင် သက်နုမြေသားနှင့် ကျောက်စရစ်တောင်၊ သက်ရင့်ကျောက်တောင်များ ရှိနေသည်။

ဟုမ္မလင်းရောက်ချိန်သည် ဆောင်းကာလဖြစ်၍ မြို့သည် စိုစွတ်အေးစိမ့်နေသည်။ လူတိုင်း အနွေးအကျီ ခေါင်းစွပ်နှင့်ဖြစ်၍ မြစ်ပြင်တွင်လည်း ရေငွေ့များ ပျံတက်နေရာ ရေချိုးသူ နည်းလှသည်။ ချင်းတွင်းမြစ်သည် မိုးတွင်းကာလ စိုးရိမ်ရေမှတ် ၂၉၀၀ စင်တီမီတာ ဖြစ်ပြီး ၁၉၉၁ ခုနှစ်တွင် ၃၀၈၂ စင်တီမီတာနှင့် ၁၉၉၇ ခုနှစ်တွင် ၃၀၆၇ စင်တီမီတာသို့ ရောက်ရှိခဲ့ရာ ရေဘေးအန္တရာယ်နှင့် ကြုံခဲ့ရကြောင်း သိရသည်။ ၁၉၈၆ ခုနှစ်က အပူချိန် ၁၁၁ ဒီဂရီ ဖာရင်ဟိုက်အထိ ပူခဲ့သည်ဆို၏။ သာမန်အားဖြင့် ၃၉ ဒီဂရီ ဖာရင်ဟိုက်နှင့်အထက် ပူကြောင်း သိရသည်။ မိုးရေချိန် လက်မ ၁၀.၃၅ အထိ ရွာသွန်းသည်။ မိုးကောင်းသောဒေသဖြစ်သဖြင့် မြစ်ချောင်းအင်းအိုင် ချောင်းလက်တက်များ ပေါ်များသည်။

ရာသီဥတု စိုစွတ်သောကြောင့် သစ်ပေါ်၊ ဝါးပေါ်ပြီး ဆေးဖက်

ဝင်ဘယဆေးပင်များ ပေါက်ရောက်သည်။ တောထူထပ် သောကြောင့် ကျား၊ ဆင်ပြောင်၊ ဆတ်၊ ဒရယ်၊ ချေ၊ တောဝက်များ ရှိသလို မျောက်များလည်း ပေါသည်။ ယခင်က ချင်းတွင်းမြစ် အထက် ပိုင်း ဟုမ္မလင်းကျော်ပါက မျောက်များသည် မြစ်ကမ်းနားမှ သဘော်၊ လှေများ ကို အော်ခေါ်တတ်ကြောင်း ကြားသိရသည်။ ယခုတော့ မရှိ သလောက် ရှားကုန်ပြီဟု ဆိုသည်။

ဟုမ္မလင်းမြို့ထဲ လမ်းလျှောက်ထွက်ရာ ရပ်ကွက်အလိုက် အလှည့်ကျပေးသောမီးစက်မှ မီးရသည်ကို တွေ့ရသည်။ တောင်မြောက် လမ်း သုံးလမ်းနှင့် အရှေ့အနောက် သုံးလမ်းကို ပတ်ပြီးလျှင် နာရီဝက် မကြာခင် မြို့လယ်ဈေးတစ်ဝိုက် ကုန်သွားသည်။ ကမ်းနားလမ်း ရှည် သော်လည်း မိုင်ဝက်ခန့်သာရှိမည်။ ဟုမ္မလင်းမြို့မှ အနောက်ဘက် ထွက်ပါက ဖောင်းပြင်သွားကားလမ်း၊ နောင်ပိုအောင်သွား ကားလမ်းများ သို့ ရောက်သည်။ မြို့အထွက် ကွင်းပြင်ကို လေယာဉ်ကွင်း ဖောက်လုပ် ရေး ဆောင်ရွက်လျက်ရှိကြောင်း တွေ့ရသည်။ ဟုမ္မလင်းမြို့ အနောက် ပိုင်းတွင် စစ်တပ်နှင့် ဌာနဆိုင်ရာရုံးများသာရှိသည်။ တိုးချဲ့ရပ်ကွက်ဖြစ် ပြီး ကုန်းမြင့်ပေါ်တွင် တည်ထား ပေသည်။ ဗုဒ္ဓဝင်ဥယျာဉ်ကိုလည်း လှပစွာ တည်ထား ကိုးကွယ်ထားသည်။

ဟုမ္မလင်းသည် လွန်ခဲ့သောနှစ်ပေါင်း ၂၅၀၀ ခန့်က ဉရုမြစ် ဖျားအရှေ့ဘက် မိုးညှင်းနယ်များမှ ခန္တီးရှမ်း၊ ကောလင်း၊ ဝန်းသို၊ ကသာဒေသမှ အဟုန်ရှမ်းမျိုးနွယ်စုများ ဉရုမြစ်ကြောင်းအတိုင်း စုန်ဆင်း၍ ရေကြည်ရာ မြက်နုရာရှာရင်း ကျေးရွာအုပ်စုဖြစ်လာကာ မြို့ပြထူထောင်သောမြို့ဖြစ်သည်။ ယခင်က မော်လိုက်ခရိုင်တွင် ပါသော်လည်း ယခုတော့ ခန္တီးခရိုင်တွင် ပါဝင်နေသည်။

မြို့ပေါ်တွင် ဟုမ္မလင်းရပ်ကွက်နှင့် နောင်ပကျစ်ရပ်ကွက်



နှစ်ခု သာရှိသည်။ ဗမာ၊ ရှမ်း၊ ချင်း၊ နာဂ၊ ကတူး၊ ကနန်း၊ ကသည်း၊ ကုလား၊ တရုတ်များ နေထိုင်ကြပြီး ကုလား ခုနစ်အိမ်နှင့် တရုတ် သုံးအိမ်ရှိသည်။ မြို့ကို စတင်၍ မြို့နယ်ရုံးဖွင့်ပြီး အုပ်ချုပ်သူမှာ ရခိုင်လူမျိုး နယ်ပိုင်ဝန်ထောက် ဦးမြတ်ထွန်းအောင်ဖြစ်ကြောင်း သိရ သည်။

ညဘက် လည်ပတ်စရာမရှိ၍ လက်ဖက်ရည်ဆိုင်ရှာရာ လူစည် ကားသော ဆိုင်တစ်ဆိုင်ကို တွေ့ရသည်။ မြန်မာလူမျိုးတို့သည် ဘယ် ဒေသရောက်ရောက် လက်ဖက်ရည်ဆိုင်ထိုင်သောအလေ့ ရနေကြပြီ။ လက်ဖက်ရည်ဆိုင်တွင်း၌ ကမ္ဘာ့ဖလားဘောလုံးပွဲ ကြည့်သူများဖြင့် စည်ကားနေသည်။ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ ရှိသည်။ ဂြိုဟ် တုစလောင်း တပ်ဆင်နိုင်သောအိမ်များလည်း များစွာရှိနေသည်။ ရွှေတွင်းကို အမှီပြု၍ တိုက်တာ အိမ်ခြေများလာပြီး ခေတ်မီနေပေ သည်။

ဘယ်မြို့ရောက်ရောက် စာအုပ်ဆိုင်နှင့် စာကြည့်တိုက်ကို ရှာတတ်ရာ မြို့အထွက်တွင် စာကြည့်တိုက်နှင့် ပြန်ကြားရေးရုံးကို တွေ့ရသည်။ လူဝင်ထွက်မှုနည်းသည်။ ရွှေတူးသောအလုပ်က ငွေရပြီး စာဖတ်သောအလုပ်က ငွေမရဟုထင်သော မြို့တွေထဲတွင် ဟုမ္မလင်း လည်း ပါနေပြီလားဟု ထင်ရမလိုဖြစ်နေသည်။ စာအုပ်ဆိုင်ကိုတော့ မြို့လယ် မြသိန်းတန်ဘုရားရှေ့တွင် တစ်ဆိုင်နှင့် မလှမ်းမကမ်းတွင် တစ်ဆိုင်တွေ့ရသည်။ သို့သော် စာအုပ်မစုံ။ စာပေသမားတို့ နှစ်သက် သော စာအုပ်များမရှိ။ အပျော်ဖတ် မဂ္ဂဇင်း၊ ဝတ္ထုတို့လည်း အရောက် နည်းသည်။ ဒေသခံ လူကြီးလူငယ်တို့ စာဖတ်အား နည်းလှကြောင်း သိရသဖြင့် ကျယ်ပြန့်သောအမြင်နှင့် အတွေးအခေါ်ရရန် ကြော်ငြာ ပေးဖို့၊ စာဖတ်ခြင်းကြောင့် ရရှိသော အကြောင်းတရားများ ပြောကြား

ဝါဒဖြန့်ဖို့ စာအုပ်ဆိုင်ပိုင်ရှင်ကို အကြံပြုခဲ့၏။ စာအုပ်ဆိုင်ရှေ့တွင် "သင် စာဖတ်ချင်သလား၊ အခမဲ့ ဖတ်နိုင်သည်၊ နာမည်ကြီး စာရေးဆရာ .......... ရေးသော စာအုပ်ထွက်ပြီ၊ လူငယ်တွေ တိုးတက်ချမ်းသာဖို့ အကြံကောင်းတွေ ပေးထားသည်၊ ဖတ်ကြည့်ပါ၊ ကြိုက်လျှင် ဝယ်သိမ်းထားပါဟု ကြော်ငြာသော အနစ်နာခံဖွင့်သည့် စာအုပ်ဆိုင်များ ရှိခဲ့ဖူးသည်၊ လုပ်ကြည့်ပါ" ဟု တိုက်တွန်းခဲ့သည်။ ဆိုင်ရှေ့တွင် "မြို့တိုးတက်ဖို့ စာဖတ်စို့"၊ "အလှအတွက်ဆို မှန်ကြည့်၊ ဘဝ အတွက်ဆို စာကြည့်" ဟူသော ဆောင်ပုဒ်ပါ ချိတ်နိုင်လျှင် ပိုကောင်းမည်ဟု ပြောရာ စာအုပ်ဆိုင်ရှင်က ကြိုးစားပါမည်ဟု ပြောရှာသည်။

ရှမ်းမြို့လေးဖြစ်သဖြင့် ဗုဒ္ဓဘာသာဝင်များသည်။ မြသိန်းတန်ဘုရားသည် မြို့၏ ကျက်သရေဆောင် ရှေးဟောင်းရုပ်ပွားတော်ဘုရားဖြစ်သည်။ ပဌာန်းရွတ်နေသော ဝတ်အဖွဲ့ကို တွေ့ရပြီး မြသိန်းတန်ဘုရားပွဲနှင့် ကြုံခဲ့ရသည်။ မြန်မာတွင်မက ကမ္ဘာမှာပါ ခေတ်စားနေသော ပေါက်မဲပါရင် ဘာဖြစ်ဖြစ်ဝယ်တယ်၊ ကစားမယ်ဆိုသော လောင်းကစား အပျော်ပွဲများ တွေ့ခဲ့ရသည်။ ဘုရားသုံးဆူ ဖူးခဲ့ရသည်။ ဟုမ္မလင်းမြို့နယ်အတွင်း စေတီပေါင်း ၁၀၁ ဆူရှိသည်ဟု ဆိုသည်။ ထင်ရှားသော စေတီများမှာ ကင်းစေတီ၊ နန်ငိုးစေတီ၊ နန်းသကျိုက် စေတီနှင့် မြစေတီတို့ဖြစ်ကြောင်း သိရသည်။ တစ်မူးရလို့ တစ်ပဲလှူ၊ တို့ရှမ်းတောင်သူ တူနိုင်ရိုးလားဆိုသော ရှမ်းတို့၏အားမာန် စာချိုးလေးသည် မြို့တွင်း ဘုရားများ သပ္ပာယ်မှု၊ ဘုန်းကြီးကျောင်းများ ကြီးမားခံ့ထည်မှုတို့က သက်သေပြနေသည်။

ဟုမ္မလင်းမြို့အထွက်တွင် အထက်တန်းကျောင်းကြီးက ခန့်ထည်လှသည်။ မြို့နယ်အတွင်း အထက်တန်း ကျောင်း သုံးကျောင်း၊ အလယ်တန်း ခြောက်ကျောင်း၊ မူလတန်း ၁၄၆ ကျောင်းရှိကြောင်း



မှတ်တမ်းများအရ သိရသည်။ မြို့နယ်ဆေးရုံ တစ်ရုံရှိသည်။ စည်ပင်သာယာဈေး တစ်ခုသာရှိ၏။ မြို့တွင်း ကတ္တရာလမ်း နှစ်မိုင်ခန့်ရှိပြီး စည်ပင်သာယာမှ ကားတစ်စီး၊ တပ်မှကားများနှင့် မြင်းလှည်းတို့သာရှိသဖြင့် လမ်းလျှောက်တာ ကောင်းပါ တယ် ဟူသော ကိုင်ဇာ၏ သီချင်းနှင့် ကိုက်ညီသောမြို့ကလေး ဖြစ်နေသည်။ သို့သော် နွေရာသီတွင် မုံရွာ–ဟုမ္မလင်း ကားလိုင်းရှိသည်။ ၃၀၈ မိုင် အရှည်ရှိသည်။ ဟုမ္မလင်း–နန်တော ၃၇ မိုင်ကားလမ်းရှိသည်။ နွေဥတုသာ သွားနိုင်သည်။

ဟုမ္မလင်းမြို့နယ်အတွင်း စိုက်ပျိုးမြေဧက ၇၂၁၈၀ ရှိသော်လည်း လယ် ၄၉၀၀၄ ဧကသာလျှင် စိုက်ပျိုး သည်။ ကျန်မြေမှာ ဥယျာဉ်ခြံ မြေဖြစ်သည်။ စပါးအပြင် အများဆုံးထွက်ကုန်မှာ စားတော်ပဲ၊ ပုဂံပဲ၊ မြေထောက်ပဲနှင့် ပဲမျိုးစုံတို့ဖြစ်ထွန်းသည်။ မြေလွတ် ၂၃၉၉ ဧက၊ မြေရိုင်း ၄၈၇၇၁ ဧက ရှိနေသည်။ သစ်တောကြိုးဝိုင်း ၁၀၅၃၅၃၃ ဧကရှိပြီး ကြိုးဝိုင်း ၁၃ ခုရှိသည်။ ၁၉၉၉ ခုနှစ်တွင်း စပါး ၁၄၃၆၆၃၅ တင်း ထွက်ရှိသည်။

ဟုမ္မလင်းမြို့နယ်သည် အကျယ်အဝန်းမှာ ၄၃၂၆ စတုရန်းမိုင်ရှိသည်။ ရပ်ကွက်အုပ်စု ၇၈ အုပ်စု၊ ကျေးရွာ ၃၃၇ ရွာ ရှိသည်။ အများစုမှာ ကိုင်းလုပ်သားများသော်လည်း လွယ်လွယ်နှင့် ငွေရသည်ဟုထင်ရသော ရွှေကျင်လုပ်ငန်းခွင်၌သာ အင်အားများနေပြီး ရွှေကျင်ရင်း ငှက်ဖျားပိုးထိ သေဆုံးသူဦးရေလည်း များလှကြောင်း သိရ၏။ ပိုက်ဆံလွယ်လွယ်ရ၍ နံပါတ်ဖိုးရှုသူများလည်း ရှိနေသည်ဟု တစ်စွန်းတစ်စ ကြားရပါသည်။

ကျွန်တော်တို့အဖွဲ့ ဟုမ္မလင်းမြို့ထဲ ကားဖြင့် တစ်ပတ်ပတ်ရင်း ရေကြောင်းပို့ဆောင်ရေးမှ ဦးခင်မောင်ထွေး က မြို့နယ်နှင့် ပတ်သက်သော အကြောင်းအချက်များ သိနိုင်ရန် စာအုပ်တစ်အုပ်ပေးသည်။

သို့သော် စာအုပ်တွင် အထက်၌ တင်ပြခဲ့သော အကြောင်းအချက်များသာပါသည်။ စိတ်ဝင်စားဖွယ်ရာ မြို့သမိုင်းနှင့် ဒဏ္ဍာရီဆန်သောရာဇဝင် ပုံပြင်များ မကြားခဲ့ရ။ မသိခဲ့ရ။

စိတ်ဝင်စားဖွယ်ရာဆိုလို နန်တော ရွှေကျင်ရာဒေသမှာသာရှိသည်ဟုဆိုရာ ဒါဆို ဟုမ္မလင်းက စိတ်ဝင် စားစရာ မကောင်းတဲ့မြို့ဖြစ်သွားပြီပေါ့ဗျာဟု အကျအနကောက်လိုက်ပါသည်။ ဟုမ္မလင်းအထက်ပိုင်း ခန္တီးဒေသ ကတစ်ဆင့် နာဂတောင်တန်းကိုတက်ရင်တော့ ဆရာတို့ စိတ်ဝင်စားမယ့် အကြောင်းအရာတွေနဲ့ မျက်လုံးဖြဲကြည့်ရမယ့် ကိစ္စတွေ တွေ့ရမှာပါဟု ဒေသခံတစ်ဦးက ရယ်ရယ်မောမောပြန်ချေပသည်။

အမှန်တော့ ဒါမျိုးဆိုပိုပြီး စိတ်ဝင်စားတာပေါ့ဗျာ၊ ဒါပေမဲ့ဟိုဟာမျိုး စိတ်ဝင်စားဖွယ်ရာကို ပြောတာပါ ဟု စကားဝိုင်းကောင်းရန်အဖွဲ့ဝင်တစ်ဦးက ခပ်နောက်နောက် ဆိုလိုက်သည်။

ညအမှောင်တွင် နေရောင်သည် ကျွန်တော်တို့ကို ကျောခိုင်းထွက်ခွာသွားလေပြီ။ ဟုမ္မလင်းတွင် ညအိပ် တည်းခိုရန် "အေးချမ်းဝေ" ဆိုသော တည်းခိုခန်းလေးတစ်ခုသာရှိသည်။ ဧည့်သည်အရောက်နည်း၍ တည်းခိုခန်း ကိုက်ပုံမရပါ။ ဟုမ္မလင်းမြို့သည် ည ၈ နာရီတွင် ငြိမ်သက် သွားလေသည်။

ဟုမ္မလင်းတွင် အသိမိတ်ဆွေ တွေ့လိုတွေ့ငြား လမ်းပေါ်တွင်အခေါက်ခေါက် အခါခါ လျှောက်သော်လည်း မြို့ခံများနှင့် ဈေးဆိုင်များကဘာရှာသလဲ၊ မိတ်ဆွေလိုတာရှိရင် ဝင်ကြည့်ပါဟုသာ ဈေးခေါ်စကားဆိုကြသဖြင့် မျက်နှာပူလာသည်။ ခရီးဖော် ဗိုလ်ကြီးညွန့်အောင်က "ချမ်းလာပြီဗျာ၊ ပြန်ကြရအောင်၊ တော်ကြာ အမြင်ကပ်ပြီး ဝိုင်းရိုက်နေဦးမယ်" ဟု ရွှတ်နောက်နောက်စကားဆို၍ ပြန်အလှည့်တွင် –



"ဗိုလ်မှူး ... ကျွန်တော့်မှတ်မိလား၊ ကျွန်တော် ----- လေ၊ ကြံ့ခိုင်ရေး အတွင်းရေးမှူးပါ၊ ဗိုလ်မှူးတပည့် ပဲလေ" ဟုဆိုရာ မမှတ်မိသော်လည်း –

"အေးဗျာ ... ဝမ်းသာလိုက်တာ၊ တစ်နိုင်ငံလုံး အသိမရှိတဲ့မြို့ရယ်လို့ မရှိဘူး၊ ဒီမြို့ကျမှ မရှိဘူး ထင်နေတာ" ဟု ဝမ်းသာအယ်လဲ ဆိုလိုက်ရသည်။ ပြည်နိုင်ဖြိုးသင်တန်းကျောင်းတွင် တာဝန်ထမ်းဆောင်ခိုက် တိုင်းရင်းသားပေါင်းစုံနှင့် ဆုံဆည်းခွင့်ရခဲ့သည်။ ရောက်လေရာရာအကူအညီရသည်။ မိတ်ဆွေဆိုသော ဝေါဟာရသည် တန်ဖိုးကြီးမားလှသည်။ "ဘာအကူအညီပေးရမလဲ" ဟု နှုတ်ဆက်ပြီး ကြံ့ခိုင်ရေးတပည့်ညအမှောင်ထဲမှ ထွက်ခွာသွားသည်။

ဆက်ဆံရေးပညာကင်းမဲ့စွာ အေးဗျာ၊ မမှတ်မိဘူး၊ ခင်ဗျားဘယ်သူလဲ၊ မေ့တော့တော့ဖြစ်နေတယ်ဗျာဟု ပြောမိလျှင် ဝမ်းသာအားရနှုတ်ဆက်လာသူမှာ ဝမ်းနည်းပက်လက် ရှက်သွားမှာပဲဟု တွေးမိသည်။ သတိထားစရာ လူမှုရေးပညာသည် ခရီးသွားသူတို့အဖို့ သတိလက်လွတ်မနေအပ်သော သင်ခန်းစာတစ်ရပ်ပါလားဟု ဆင်ခြင် တွေးတောမိပါသည်။

ဟုမ္မလင်းညသည် ဆောင်း၏ကွန်ရက်တွင် မလှုပ်မယှက်ချုပ်နှောင်ခြင်းခံနေရသည်။ အိပ်ရာထဲ ဝင်ဝင်ချင်း အိပ်မပျော်ဘဲစောင်ကြားမှ ဝင်လာသောအအေးကို လက်ဖြင့်ကာရင်း စာဆိုတော်မောင်ထွား၏ ဟာသနှောသော အဲချင်းကို သတိရသည်။

"ရက်ခြားငယ်မှနေ့ည၊ မိုးကတထွေ၊ နွေကတကြောင်း၊ မြောက်လေငယ်လောင်းသည်၊ ဆောင်းသွင်စမို့၊ အေးမြငယ်တုန်ရင်၊ ခြုံကြီးငယ်ခြုံယောင်၊ ချင်းရက်စောင်နှင့်၊ လုံအောင်ငယ်မှဆင်သည်၊ ရွှေရင်တော် လပ်ရာက ချမ်းရှာလေခြင်း" ဆိုသော အဲချင်းသည် ချင်းတွင်းအအေးနှင့် ဟပ်စပ်လှပေသည်ဟု တွေးမိပါသည်။

### ချင်းတွင်းအပြန် အားနဲ့မှာ

နံနက် အိပ်ရာမှအထ နှင်းမှုန်မြူ့အဖြစ် ဟုမ္မလင်းကိုမြင်တွေ့ရပါသည်။ ပတ်ဝန်းကျင်တစ်ခွင်လုံး ဖြူဖွေးသော ဂွမ်းလိပ်ကြီးနှင့် ပတ်ထားသလို မြင်ကွင်းပိတ်နေသည်။ ဟုမ္မလင်း နံနက်ခင်းဈေးကို ပတ်ကြည့်သည်။ လိမ္မော်သီးတစ်လုံး ၃၀/-၊ နာဂတောင်တန်းလိမ္မော်ဟု ခေါ်ကြသည်။ ထူးခြားသော အချိုအရသာရှိ၏။ အလုံးသေးသော်လည်း အရသာကောင်းသည်။ ဟုမ္မလင်းနယ် အင်းထဲမှ လာရောင်းသော ငါးရံ့ခြောက်တွဲများကို တွေ့ရသည်။ တစ်ပိဿာ ၇၀၀/- ဆို၍ လက်ဆောင်ပေးဖို့ဝယ်ရာ ကုန်သွား၍ မရလိုက်တော့ပါ။ မြစ်ဝကျွန်းပေါ် ညောင်တုန်းငါးရံ့ခြောက်၊ ပဲခူးတိုင်း ဝေါငါးရံ့ခြောက်၊ ကသာအင်းငါးရံ့ခြောက်များထက် ဈေးသက်သာသည်။ အရသာတော့ မစားခဲ့ရ၍ မသိပါ။

နံနက်ခင်းစာစားရန် ရှမ်းခေါက်ဆွဲဆိုင် ထိုင်ကြသည်။ အာရုံကြော ထိခိုက်၍ စကားမပြောတတ်သူ မောင်နှမများ ရောင်းသောဆိုင်ဖြစ်သည်။ လက်ဟန်ခြေဟန်နှင့် အဓိပ္ပာယ်သိမှု မြန်လှသည်။ ဆွံ့အသူတို့သုံးသော သင်္ကေတကတ်ပြား ချိတ်ဆွဲထားသည်။ ခုခေတ်တွင် အချက်ပြသော Peace ဆိုသော လက်နှစ်ခွ၊ လက်မထောင် အမှတ်အသားများမှာ ဤသင်္ကေတက စကြောင်း သဘောပေါက်သွားသည်။ ရှမ်းခေါက်ဆွဲ အရသာမှာလည်း ရှမ်းလက်ရာနှင့် တူပါသည်။ ဘဝကို အရှုံးမပေး၊ စီးပွားရေးကောင်းသော မိသားစုအဖြစ် တွေ့မြင်ရ၍ အားတက်မိသည်။

စားသောက်ပြီး မိတ်ဆွေတစ်ဦးက စီးကရက်ကမ်းပေးသည်။ ကျွန်တော် မသောက်တတ်ကြောင်း လက်ကာပြလိုက်သည်။ အမှန်တော့ မသောက်တာ မဟုတ်ပါ။ သောက်ခဲ့ပါသည်။ နှစ် ၂၀ ခန့် ဆေးလိပ်ကို



စွဲမက်စွာ သောက်ခဲ့သည်။ ယင်းဒဏ်ကို ကျွန်တော် လွန်ခဲ့သော တစ်နှစ်က ပြင်းထန်စွာ ခံခဲ့ရသည်။ နှာခေါင်း ပိတ်ခြင်း၊ ရင်ဘတ်အောင့်ခြင်း၊ ခေါင်းအုံခြင်း၊ အသက်ရှူမဝခြင်း၊ လည်ချောင်းနာခြင်း စသော ရောဂါမျိုးစုံကို ခံစားရသည်။ သောက်၍မရတော့သည့်အဆုံးမှာ ဖြတ်လိုက်သည်။ စိတ်သာ ပဓာနဖြစ်ပါသည်။ ဘာကိုမှ အစား မထိုးပါ။ တိခနဲဖြတ်ခြင်းဖြစ်၏။ ခုတော့ ဆေးလိပ်ဖိုး တစ်လကို နှစ်ထောင်ကျော်သက်သာသွားသည်။ အလုပ်ရှုပ်ခြင်းနှင့် သူများကို ဒုက္ခပေးခြင်း ကင်းဝေးသွားသည်။ ရှစ်လရှိပြီ။ အသက်ရှူဝသည်။ လူလည်း ဝပြီး စိုပြည် လာသည်။ ခုတော့ ဆေးလိပ်သောက်သူများကိုကြည့်ပြီး ကိုယ့်ဒုက္ခ ကိုယ်ရှာသူများဟု သနားနေမိတော့သည်။

မနက် ၉ နာရီတွင် နှင်းကွဲစပြုသည်။ သင်္ဘောထွက်ခွာရန် အသင့်ဖြစ်ကြောင်း ဥသြဆွဲနေသည်။ ဟုမ္မလင်းမှ အထက်ခရီး ဆက်လိုသော်လည်း မသွားဖြစ်တော့ပါ။ ဟုမ္မလင်းတွင် ရေနည်းချိန် သွားနိုင်သော ဟံသာဝတီ၊ ကံစီ စသော ပြည်တွင်းရေကြောင်းပိုင်သင်္ဘောများ ရှိနေသည်။ ခန္တီး-ဟုမ္မလင်း ခေါက်ပြန်ရှိသည်ဟု သိရသည်။ ချင်းတွင်းအကြောင်း သိလိုလျှင် ခန္တီးရောက်မှ ပြည့်စုံမည်ဟု သိသော်လည်း နောက်တစ်ခေါက် ရောက်အောင်သွားမည်ဟု စိတ်ကိုပိုင်းဖြတ်လိုက်သည်။

၁၈ ရက်နေ့ မနက် ၉ နာရီခွဲတွင် သင်္ဘော ဆိပ်ကမ်းမှခွာသည်။ ခရီးသည်များ ပြည့်ကြပ်ကာ လိုက်ပါလာသည်။ ရေလမ်းတစ်ခုတည်းသာ အားကိုးရချိန်ဖြစ်၍ သင်္ဘောနေရာ အခန်းရဖို့ အတော်ခက်သည်ဟု သိရသည်။ သင်္ဘောကြီး မြောက်မှ အနောက်ဘက်သို့ ဦးလှည့်လိုက်ချိန်တွင် ဟုမ္မလင်းတစ်ဖက်ကမ်း ကက်သာရွာကို တွေ့ရသည်။ ပုထိုးဂူသဏ္ဍာန် ဘုရားတစ်ဆူကို ဖူးရသည်။ ဓာတ်ပေါင်းစုစေတီ•

ရှေးဘုရားအဖြစ် ထင်ရှားသည်ဟု ဆိုသည်။ အဝေးဆုံးသော အနောက်ဘက်ခြမ်းကို ကြည့်လိုက်သည်။ မြင့်မားသော တောင်တန်းကြီးများသည် ငွေတောင်တန်းများအလား နှင်းမြူများ သိုင်းခြုံထားသည်။ သင်္ဘောဦးတည်သွားရာ အရှေ့ဘက် ရေစုန်ခရီးသည် ဟုမ္မလင်းမြို့ကို လျှင်မြန်စွာ ဖြတ်သန်း၍ ထားရစ်ခဲ့သည်။ ဥရုမြစ်သည် ချင်းတွင်းမြစ်သို့ စီးဝင်ပြီးဆုံးချိန်တွင် အမည်ပျောက် ဘဝသို့ ရောက်သွားသည်။ သို့သော် ဥရုမြစ်ကို အားကိုးအသုံးချသူတို့၏ စက်လှေပဲ့ထောင်များစွာတို့ ချင်းတွင်းမှ ဥရုသို့ဝင်၍ လောဘရေအလျဉ်တွင် ကူးခတ်စုန်ဆန် နေကြသည်။

**ဟုမ္မလင်းအဝင် ဆိပ်ကမ်းရှုခင်း**

အဆန်မိုင်ပေါင်း ၃၂၇ မိုင်ကို ငါးညအိပ် ခြောက်ရက်သွားရသောခရီးသည် အတွေ့အကြုံ မြင်ကွင်းစုံ လှသည်။ မရောက်ဖူးသော ဒေသနှင့် ဆောင်းတွင်းကာလ ချင်းတွင်းမြစ်ဟုခေါ်သော သလ္လာဝတီ



မြစ်ကြီး အကြောင်းကို တစေ့တစောင်း လေ့လာသိရှိခွင့်ရသောအခါ ဘဝခရီး၌ ချည့်နဲ့နေသော အားအင်များ ပြန်လည်ပြည့်တင်းလာသလို ခံစားရသည်။

ဘဝဟူသည် ရေစုန်တစ်လှည့်၊ ရေဆန်တစ်လှည့်၊ ခံတစ်လှည့်၊ စံတစ်လှည့် သံသရာရှည်လျား အကွေ့ အကောက်ပေါများသော ချင်းတွင်းမြစ်ကြီးနှယ်အလားဟု ပမာထား တွေးတောရင်း ဟုမ္မလင်းအထွက် ရင်တွင်း ကဗျာတစ်ပုဒ် ဖြစ်သွားသည်။

*"မြောက်မှ တောင်ဆင်း၊ ထိုမှယွင်းသော်*
*ရေခင်း နောက်ရှေ့၊ တရွေ့ ရွေ့ နှင့်*
*ဓလေ့ရာသီ၊ တောတောင်မှီ၍*
*မြန်ပြည်မြောက်ဖျား၊ နာဂကြားမှ*
*ဝင့်ကြွားမာန်ချီ၊ စီးဆင်းသည် ... တဲ့*
*အမည် ချင်းတွင်း၊ ရွှေထွက်တွင်းသည်*
*ရှုခင်းစုံညီ၊ သာလှသည်။*
*သွယ်လျှမြစ်ပြင်၊ ချင်းတွင်းသွင်သည်*
*ကွေ့ဝင်ကောက်လှည့်၊ စုန်ဆန်သွဲ့ ချီ*
*တုံ့လှည့်အပြုံး၊ နှင်းမြူဖုံးတတ်။*
*လူ့ထုံးကထာ၊ ဘဝတာကား*
*မာယာလှည့်စား၊ လွန်ရှည်လျား၍*
*ဗျာများဖြစ်အင်၊ ခရီးနှင်ရ*
*မြစ်ပြင်အလှ တူလေစွ"*

ဟု ရေးပြီးချိန်တွင် ဟုမ္မလင်းမြို့သည် မြင်ကွင်းမှ ပျောက်ကွယ်ကျန်ရစ်ခဲ့လေပြီ။

# ကုသိုလ်ပွားများ ခရီးသွား

### ကုသိုလ်ပွားများ ခရီးသွား

နာလန်ထစ လူနာသည် သူချဉ်ခြင်းတပ်သောအစာကို စားရသဖြင့် အားအင်ပြည့်ဖြိုး နေထိုင်ကောင်း လာသကဲ့သို့ ကျွန်တော်၏ ချင်းတွင်းအပြန်ခရီးသည်လည်း စိတ်ရွှင်လန်းတက်ကြွ ချမ်းသာသော အရသာကို အပြည့်အဝ ခံစားရပါသည်။ တစ်ကြိမ်တစ်ခါမျှ မရောက်ဖူးသောဒေသကို ရောက်ရသဖြင့် ကျွန်တော်၏ စိတ်လက်ညှောင်းညာမှုတို့ ပြေပျောက်သွားလေပြီ။ ခရီးတစ်လျှောက် မသိမကျွမ်းဖူးသော မိတ်ဆွေတို့ တိုးပွားလာသဖြင့်လည်း ခရီးဖော်တို့ပေးသော သုတစွမ်းအားတို့ တိုးပွားလာရပြန်သည်။ ရောက်လေရာ မြို့ရွာတိုင်း ဘုရားကျောင်းကန် ဖူးတွေ့ရ၍လည်း ကုသိုလ်တရား တိုးပွားများရလေသည်။

ကျွန်တော်၏ ခရီးစဉ်အဓိက ရည်ရွယ်ချက်ဖြစ်သော ရေယာဉ်များကို စစ်ဆေးရန်တာဝန်တွင် မတွေ့ဖူး၊ မမြင်ဖူးသော



မြစ်ကမ်းဘေးက ကျောက်တောင်ပေါ် စေတီငယ်ကို ဖူးစို့နော်

ရေယာဉ်အမျိုးအစားနှင့် မြစ်ကြောင်းခရီး အနေအထားကို တွေ့ရ၍လည်း အကျိုးများရပြန်သည်။ မိမိဘာသာ အားရကျေနပ်စွာ "ငါဟာကံကောင်းတဲ့လူတစ်ယောက်ပဲ" ဟု နှုတ်မှ လွှတ်ခနဲ ရေရွှတ်မိစဉ်ဘေးတွင် ရပ်နေသော ဗိုလ်ကြီးညွှန့်အောင်က အစ်ကိုကြီး၊ ဘာတွေကံကောင်းနေတာလဲဟု မေးမှ ရေပြင်ကို စိုက်ကြည့်နေသော အတွေးတို့လွင့်ပြယ်သွားသည်။

"ဩော် ... ဒီခရီးထွက်လာရတာ အကျိုးများလွန်းလို့ပါ"

"ဘာအကျိုးတွေလဲ ပြောပါဦး"

"ဘုရားဟောတရားအရ ပြောရရင် မြတ်စွာဘုရား ဟောကြားတဲ့ အင်္ဂုတ္တရပဥ္စကနိပါတ် ဒီဃဗာရိက သုတ်မှာ ခရီးရှည်သွားခြင်းအကျိုးငါးပါးကို ဟောထားတာရှိတယ်၊ ဘာတွေလဲဆိုတော့ အသစ်အသစ်သောတရားစကားကို ကြားနာရတယ်တဲ့၊ နောက် ကြားနာပြီးသော



တရားစကားကို ထပ်မံကြားနာရလို့ ယုံမှားသံသယ ကင်းရတယ်၊ တတိယအချက်က ပရိသတ်အလယ်မှာ ရဲဝံ့စွာ စကားပြောနိုင်တယ်တဲ့၊ လေးက အနာရောဂါ ကင်းတယ်၊ ငါးကတော့ မိတ်ဆွေပေါများတယ်လို့ဆိုတယ်"

"တယ်ဟုတ်ပါလား အစ်ကိုကြီးရ၊ ကျွန်တော်ကတော့ ခရီးသွားရလို့ ပျော်ပြီး အသက်နှစ်ဆယ်လောက် ပြန်ငယ်သွားသလိုပဲ၊ လမ်းမှာ စားဖော်သောက်ဖက်တွေတိုးပြီး ညီမလေးတွေလဲ တိုးလာတယ်"

"ဘယ်က ညီမလေးတွေလဲ"

"ချင်းတွင်းခရီးဖော်တွေလေ အစ်ကိုကြီးရဲ့၊ မိန်းမကြားရင် ခုန်ဆွခုန်ဆွဖြစ်နေမယ်၊ ကျွန်တော်ကိုက ခရီးမထွက်ရရင် စားမဝင် အိပ်မပျော်သလိုပဲ"

"ဟုတ်တယ် ... ကိုယ်လဲ တစ်နှစ်တစ်ခါ ခရီးမထွက်ရရင် တစ်ခုခုလိုနေသလိုပဲ၊ ဘုရားဟောတရားမှာ လူတွေ ပယ်ပျောက်နိုင်ခဲသော တရားငါးပါးရှိတယ်လို့ ဆိုတယ်၊ ရာဂ၊ ဒေါသ၊ မောဟ၊ ဝါဒနဲ့ ခရီးသွားလိုစိတ် ဆိုတဲ့ စိတ်ငါးမျိုးဖြစ်လာရင် ပယ်ပျောက်နိုင်ခဲတယ်လို့ဆိုတယ်၊ ခရီးသွားလိုစိတ်ဖြစ်လာတာ ကောင်းပေမယ့် ရာဂနဲ့ ဒေါသတော့ လျှော့ပေါ့ကွာ"

"ဟာ ... အစ်ကိုကြီးကလဲ၊ ကုသိုလ်စိတ်နဲ့ ပြောတာပါ၊ အိမ်က ဇနီးနဲ့ သားသမီးကလွဲလို့ သံယောဇဉ် အပိုမရှာပါဘူး၊ ညီမလေး ဆိုတဲ့ မိတ်ဆွေတွေကိုလဲ ရာဂစိတ်ကင်းစွာနဲ့ ဆက်ဆံခဲ့တာပါပဲ"

"ကောင်းတယ်၊ ခုပဲ ဘုရားဟောစကားနဲ့ညီတဲ့ အသစ်အသစ်သော တရားစကားကို ကြားရပြီ မဟုတ်လား"

"ဟုတ်တယ်၊ ချင်းတွင်းအတက်ခရီးတစ်လျှောက် ဒါနတွေ ပေါက်ပြီး ရှေးဟောင်းဘုရားစေတီ ပြုပြင်တဲ့ အလှူခံမဏ္ဍပ်တွေမှာ

ငွေလှူခဲ့သေးတယ်၊ ဒီတပ်မတော်အစိုးရလက်ထက်မှာ ဘုရားတည် ကျောင်းဆက် လှူဒါန်းတဲ့ ကုသိုလ်အပြင် ရှေးဟောင်းဘုရားစေတီ ပြုပြင်မွမ်းမံခြင်းနဲ့ ရှေးဟောင်းအမွေအနှစ် ဖော်ထုတ်တဲ့ ကုသိုလ်ပြု လုပ်ငန်းတွေ တော်တော်လုပ်တာ တွေ့ရတယ်"

"ဟုတ်တယ်၊ ဒါဟာ တိုင်းပြည်ငြိမ်းချမ်းခြင်း အကြောင်းတရား နဲ့ မင်းတို့ပြုအပ်သော တရားလဲဖြစ်တယ်၊ ကြံတောင့်ကြံခဲ ကုသိုလ် စိတ်နဲ့ လှူဒါန်းတဲ့ ဒါနပါရမီဟာ လူဖြစ်တဲ့ဘဝမှာပဲ ရနိုင်တယ်၊ ဒါကြောင့် ရခဲတဲ့ လူ့ဘဝမှာ ကုသိုလ်တွေ များများလုပ်မှ ဘဝကူး ကောင်းမယ်လေ"

"ကောင်းလိုက်တာ အစ်ကိုကြီးရာ ... တန်ဖိုးရှိလိုက်တာ၊ ဒီခရီး ဟာ ကျွန်တော့်အတွက် ကုသိုလ်ခရီး ဖြစ်သွားပြီ၊ ကဲ ... နိုင်ငံတော် အတွက် အလုပ်လုပ်လိုက်ဦးမယ်၊ ရေယာဉ်ပေါ် ကုန်တင်ဆောင်မှု အခြေအနေတော့ စစ်ပြီးပြီ၊ လူလိုက်ပါမှု အခြေအနေ အသေးစိတ်နဲ့ ရေယာဉ်အခြေအနေ စစ်လိုက်ဦးမယ်၊ ဘာညွှန်ကြားပါဦးမလဲ"

"လုပ်ပါ၊ ပြောစရာ မရှိပါဘူး"

ရေယာဉ်၏ အပေါ်ထပ် ပဲ့စင်ပေါ်မှ ဟုမ္မလင်းမြို့ကို ရော်ရမ်း၍ ကြည့်လိုက်သည်။ သဲကွဲစွာ မမြင်ရ တော့ပေ။ အဝေးဆုံးနေရာကို မျှော် ကြည့်လိုက်သောအခါ စာရာမေတိတောင်ထိပ်ကို မြူများ ဖုံးလွှမ်းနေသေးသည်။ ထိုမှသည် နိမ့်ဆင်းလာသော တောင်များကိုကြည့် ရင်း မြန်မာပြည်၏ လုခြုံရေးကို သဘာဝတောတောင်များက လုံခြုံမှု ပေးထားသည်မှာ အံ့ဩဖွယ်ကောင်းလှသည်ဟု တွေးမိသည်။ ထိုတောင် များပေါ်တွင် အမိနိုင်ငံတော်ကို ကာကွယ်လျက်ရှိသော စစ်သည်ရဲဘော် အပေါင်းတို့ နေထိုင်သွားလာ စားသောက်မှု ဆင်းရဲခြင်း ဒုက္ခကိုခံ၍ လပေါင်းများစွာ တာဝန်ထမ်းဆောင်နေကြပေလိမ့်မည်ဟုလည်း



တွေးမိသည်။ မြို့ရွာနှင့် ကင်းဝေးပြီး လူမမြင် သူမမြင်သောဒေသတွင် လများစွာ စစ်ဆင်ရေးတာဝန်ကို ထမ်းဆောင်ခဲ့ရသော တစ်ချိန်က ဘဝကို မြင်ယောင်မိပြန်သည်။ သာမန်လူသားတို့ စွမ်းဆောင်နိုင်ခဲ့ သော နိုင်ငံတော် ကာကွယ်ရေးတာဝန်ကို သမိုင်းပေး တာဝန်အရ ထမ်းရွက်ခဲ့ရသည်ကို စဉ်းစားမိတိုင်း ကိုယ့်ကိုယ်ကို ဂုဏ်ယူနေမိသည်။ ဂုဏ်ယူစရာ သားကောင်း စစ်သည် များစွာတို့ကို ချင်းတွင်းရေပြင်ပေါ်မှ ဂုဏ်ပြုမိပါသည်။

## ချင်းတွင်းကြိုးမှုး အညာသား

ရေယာဉ်သည် ဟုမ္မလင်းမှ ထွက်ခွာလာသည်မှာ တစ်နာရီခရီး သာရှိသေးသည်။ ဇီးပင်သာရွာကို ဖြတ်၍လေပြီ။ အလာတုန်းက ဒီရွာမှာ သင်္ဘောကပ်ခဲ့ရသေးသည်။ ရေယာဉ်ပန်ကာနှင့် ရေမျောတုံး တိုက်မိ၍ ပန်ကာလိမ်သွားသည်ဆိုကာ ရွာထဲဆင်းပြီး ပန်ကာပြင်ခဲ့ရသေးသည်။ ပန်ကာပြင်တာ အနည်းဆုံးနာရီဝက် ကြာမည်ဆို၍ ရွာထဲဆင်းကြည့်ခဲ့ ကြ သည်။ ဇီးပင်သာရွာသည် အိမ်ခြေ ၂၀၀ ခန့်သာရှိသည်။ ရွာအထက်နှင့် အောက် နှစ်ပိုင်းခွဲထားသည်။ ရွာလယ်တွင် ဘုန်းကြီး ကျောင်းနှင့် စာသင်ကျောင်းရှိသည်။ စာသင်ကျောင်းသည် တစ်ထပ် သွပ်မိုး ပျဉ်ခင်းပျဉ်ကာနှင့် သပ်သပ်ရပ်ရပ်ရှိသည်။

"ကျောင်းလေးက ကောင်းသားပဲ" ဟု ကျွန်တော်က စကားဆိုရာ –

"ဒါတောင် ကိုယ့်အားကိုယ်ကိုး ကျေးရွာအင်အားနဲ့ တည် ထောင်ထားလို့ ဒီလောက်ဖြစ်လာတာ၊ အစိုးရ ကလဲ အခုတော့ စာသင် သားအင်အားနဲ့ ကျေးရွာအခြေအနေကိုသိလို့ ကျောင်းဆောက်ရန်ပုံငွေ ချပေးပါပြီ၊ ခက်တာက ကျောင်းဆရာဝန်ထမ်းအင်အား နည်းနေတယ်၊

လောလေ၊ဆယ် ဆွဲခန့်နဲ့ငှားပြီးလုပ်ပါ ဆိုလို့ နောင်စမ်းကျင်ရွာ၊နဲ့ ဖောင်းပြင်ကနေ ဘွဲ့ရနှစ်ယောက် ငှားထားရတယ်”

“အစိုးရခန့် မရသေးဘူးလား”

“နှစ်ယောက်တော့ရှိတယ်၊ နောက်ထပ်ပို့မယ်တော့ ပြောတယ်၊ ဒီရွာကို မလာချင်ကြလို့လား မသိဘူး၊ ခုထိမရောက်ဘူး”

“ကျောင်းသားအင်အား ဘယ်လောက်ရှိသလဲ”

“၃၀၀ လောက် ရှိနေပြီ”

“ဒီရွာက ဘုန်းကြီးကလဲ စိတ်အားထက်သန်တယ်၊ ဆရာမလောက်ရင် သူပါသင်ပြပေးတယ်၊ ဆရာတို့ တတ်နိုင်ရင် လူကြီးတွေနားပေါက်အောင် ပြောပေးပါဦး” ဟုရွာခံတစ်ဦးက ဆိုသည်။

တောင်မှမြောက် တစ်လမ်းတည်းသာရှိသော ဇီးပင်သာရွာ တောင်ဘက်ထိပ်သို့ရောက်လာရာ အိမ်သစ်ဆောက်၊ တိုင်ထူပွဲပေးနေသည်ကို တွေ့ရသည်။ အကြော်နှင့် ကောက်ညှင်းပေါင်းစားရန် အတင်းဆွဲခေါ် ကြသဖြင့် ဝင်လွေးခဲ့ရသေးသည်။ ဘယ်သူ့အိမ်မို့လို့ တစ်ရွာလုံး ဝင်ဆောက်ပေးနေတာလဲဟု မေးသောအခါ ဒီရွာမှာ ဘယ်သူအိမ်ဆောက်ဆောက် အားလုံး တတ်နိုင်သရွေ့ ဝင်ကူကြသည် ဆိုသော ရွာဓလေ့ကို သိရပြန်သည်။ ထူးခြားသည်မှာ အိမ်သစ်ပိုင်ရှင်သည် မြင်းခြံသားဖြစ်ပြီး ဇနီးမှာ ဇီးပင်သာရွာသူ ရှမ်းမဖြစ်သည်။ စိတ်ဝင်စား၍ အိမ်ရှင်ကို မိတ်ဖွဲ့စကား ဆိုကြည့်ပါသည်။

“ကျွန်တော်က ဒီနယ်ကိုရောက်တာ ကိုးနှစ်ရှိပြီ၊ စလာတုန်းက ဒီနယ်မှာ မြေပေါတယ်၊ ကိုင်းစိုက်လို့ ရတယ်၊ ဓားတစ်ချောင်းရှိရင် ထမင်းဝဝစားရတယ် ဆိုလို့ တက်လာတာ၊ ဒီရောက်တော့ ဟုတ်နေတယ်၊ ဒီနယ်က လူတွေ အသိပညာနည်းတယ်၊ စိုက်ပျိုးရေးပညာ သိပ်မတတ်ဘူး၊ ကျွန်တော် ပထမတစ်နှစ်တက်ပြီး ပိုက်ဆံ ရတယ်၊



တစ်နွေနဲ့ တစ်ဆောင်းမှာ ငွေခြောက်သောင်းလောက်ရပြီး ပြန်သွားတယ်၊ နောက်တစ်ခေါက် တက်လာတယ်၊ ခုထိမပြန်တော့ဘူး၊ ပြန်မရအောင် ဇီးပင်သာရွာသူ ရှမ်းမက ဆွဲထားတယ်လေ၊ ဟဲ ... ဟဲ ... အိမ်ထောင်သက် ခုနစ်နှစ်ပေါ့”

“ခင်ဗျားတို့ အညာသားတွေ ချင်းတွင်းတက် ကြီးပွားနေတာပေါ့”

“ဟုတ်တယ်၊ ဒီရွာမှာ အညာသား အိမ်ထောင်ကျတွေ များလာပြီ၊ ဆရာတို့ လမ်းခရီး သောင်ပြင်ပေါ်မှာ တွေ့ခဲ့တဲ့အဖွဲ့တွေလဲ အညာကပဲ”

အောက်ပြည်အောက်ရွာမှာ အလုပ်ရှားသည်ဟု ဆိုသည်။ မြေလတ်ပိုင်းမှာ လူဦးရေတိုးပွားလာ၍ အလုပ်လုပ်ရန် မြေပိုင်ဆိုင်မှု ခက်ခဲလာပြီ။ ချင်းတွင်းမြစ်ဘေးတစ်လျှောက် လယ်ယာကိုင်းကျွန်း အလုပ်ကို ထိထိရောက်ရောက် မလုပ်နိုင်သေးကြောင်း သတိထားမိသည်။ လူတို့သည် တစ်နေရာမှ တစ်နေရာသို့ ရွှေ့ပြောင်း သွားလာကာ ရေကြည်ရာ မြက်နုရာ ရှာသည်ဆိုသော အလေ့အထ သဘာဝမှာ ကမ္ဘာဦးမှစ၍ မြေပေါ်တွင် လူနေသမျှ တိုးပွားလာသော လူဦးရေအရ ရှိနေဦးမှာပဲဟု တွေးမိသည်။

သလ္လာဝတီ ရေယာဉ်ကြီးသည် ချင်းတွင်းမြင်ပြင် ရေအစုန်တွင် မြင်းတစ်ကောင်အလား တရိပ်ရိပ် ပြေးလွှားနေပြန်သည်။ အဆန်တွင် လေးနာရီကျော် ခရီးနှင်ခဲ့ရသော နောင်စမ်းကျင်မှ ဟုမ္မလင်းခရီးကို အစုန်တွင် တစ်နာရီဖြင့် ဖြတ်သန်းခုတ်မောင်းသွားသည်။ နောင်စမ်းကျင်ရွာ ကမ်းဘေးတွင် ရေချိုး အဝတ်လျှော်သူ လူကြီးလူငယ်တို့က သင်္ဘောစီးခရီးသည်တို့ကို ခုန်ပေါက်ကာ လက်ပြနှုတ်ဆက်နေသောမြင်ကွင်းသည် ဆွေမျိုး မတော်ဘဲ ဝမ်းနည်းသလို ခံစားမိသည်။

ရှာတန်းရှည်ကို ကြည့်နေခိုက် –

"အဘရေ... ကျွန်တော် တစ်လလောက်ကြာမယ်၊ ပဲကုန်ရင် မြန်မြန်ပြန်လာခဲ့မယ်၊ စက်ပစ္စည်းလဲ ဝယ်ရဦးမယ်၊ ကြားရဲ့လား အဘ"

အသက် ၂၀ ကျော် လူငယ်တစ်ဦး ကျွန်တော်တို့အခန်းဘေးမှ ကမ်းဖုဘေးသို့ လှမ်းအော်သံမှာ ငယ်သံပါနေသည်။ ရွာတန်းဆုံးသည် အထိ လက်ပြနေသော လူငယ်ကိုကြည့်ပြီး အမိအဖကို နောက်ဆံတင်းပုံ ရသည်ဟု ထင်မိသည်။

"ညီငယ်က နောင်စမ်းကျင်ရွာကလား"

"ဟုတ်ပါတယ်၊ သဘောအခန်းရဖို့ တစ်ပတ်လောက် ကြိုလုပ် ထားရတယ်၊ ခရီးသွားရတာ မလွယ်ဘူး၊ ကျွန်တော်တို့ရွာကို အမြန် သင်္ဘော မကပ်လို့ ဟုမ္မလင်းကိုသွား စောင့်စီးရတယ်"

"ကျောင်းသားလား ... အလုပ်လုပ်သလား"

"ကျွန်တော်တို့ ပဲခွဲစက်လုပ်တယ်၊ ပဲလဲဝယ်တယ်၊ ပဲရာသီဆို မုံ့ရွာတို့ မန္တလေးတို့မှာ ကုန်ဆင်းရောင်း တယ်၊ ဆယ်တန်းကျတာ သုံးခါရှိပြီ"

"ဟာ ... ခရီးသွားရတာ ချင်းတွင်းက ခက်သလား မမေးနဲ့၊ ကျုပ် အခု ခန္တီးက ဆင်းလာတာ၊ ဟုမ္မလင်းမှာ နှစ်ရက် ညအိပ်စောင့် ရတယ်၊ ခန္တီးက မန္တလေး လေယာဉ်လက်မှတ်ကလဲ မလွယ်၊ သင်္ဘော ကလဲ ဒါရိုက်မရှိလို့ သေရေးရှင်ရေးဆို အသက်မီမှာမဟုတ်ဘူး"

ဟု အသက်ငါးဆယ်ကျော် ပုဂ္ဂိုလ်တစ်ဦးက စကားဝင်ပြော သည်။

"လက်မှတ်ရဖို့ မလွယ်ဘူးဆိုတာ မှောင်ခိုရှိလို့လား၊ မှန်မှန် ကန်ကန် မရောင်းလို့လား"



"မဟုတ်ဘူးဗျ၊ ချင်းတွင်းလမ်းက မိုးတွင်းကျမှ မုံရွာ– ခန္တီးသဘော တိုက်ရိုက်ရှိတယ်၊ အဲဒီအခါကျတော့ လေယာဉ်က ရာသီ ဥတုမကောင်းလို့ ပုံမှန်မဆင်းပြန်ဘူး၊ ဒါကြောင့် သင်္ဘောကို လူစီး များတယ်၊ နွေကျတော့ ကလေးဝအထိပဲ သင်္ဘောရှိတယ်၊ စက်လှေ တောင် ခန္တီးကို ရေမရှိလို့ တချို့နေရာ တွန်းပြီးတက်ရတယ်၊ ဆောင်း ကျတော့ ဟုမ္မလင်းအထိပဲ သင်္ဘောရောက်လို့ ဟုမ္မလင်း–ခန္တီး သင်္ဘောနှစ်ဆင့် ပြောင်းစီးရတယ်၊ ဝန်ထမ်းဘဝ ဒီလိုပဲ ဘုရားတပြီး သွားနေရတာပဲ"

"ဆရာကြီးက ဘယ်ဝန်ထမ်းလဲ၊ ခန္တီးကလား"

"ပညာရေးဝန်ထမ်းပါ၊ အရင် လဟယ်မြို့မှာ အလယ်တန်းပြနဲ့ နှစ်နှစ်၊ ခု ခန္တီးမှာ တစ်နှစ်ရှိပြီ၊ တဖြည်းဖြည်းတော့ ချင်းတွင်းရေစီးနဲ့ အတူ အောက်ကိုရောက်လာပါပြီ"

"သွားတော့ လဟယ် ဆိုတာ မကြားဖူးဘူးလား"

"ကြားဖူးတာပေါ့ဗျာ၊ သူလဲ မဲဇာဆိုပေါ့"

"ဒါဆို ချင်းတွင်းမြစ်တစ်ဆုံး အညာဒေသကိုရောက်ဖို့နီးပါပြီ" ဟု အားပေးစကားဆိုရင်း မိတ်ဆွေ ဖြစ်သွားကြသည်။

### ကြက်ကောင် လက်ရောင်းသော ချင်းတွင်းသား

သလ္လာဝတီ (၁) ရေယာဉ်ကြီးသည် ခရီးဖော်တို့ကို တင်ဆောင် ရင်း သောင်သွပ်ရွာဆိပ်ကမ်းသို့ ညနေ ၃ နာရီတွင် ရောက်ရှိလေသည်။ သောင်သွပ်ရွာမှ ဈေးသည်များ သင်္ဘောပေါ်သို့ အလုအယက် တက်ကြသော မြင်ကွင်းသည် အစုန်ခရီးသည်တို့ကို ညနေစာ အားထားရောင်းလိုပုံရသည်။ ရေယာဉ်ပေါ်ရှိ ခရီးသည်တို့ သစ်ခွ ပန်းစီးများ သူ့ထက်ငါ ဦးဆောင်ဝယ်ယူကြသည်။ ရေယာဉ်ကိုသာ

အားကိုး စီးပွားရှာသော ရွာသူရွာသားတို့ ဘဝကို ချင်းတွင်းမြစ်ကြီးက ပိုင်စိုးကြောင်း သက်သေခိုင်လုံလှသည်။ ချင်းတွင်းခရီးသည်တို့ သောင်သွပ်ရွာတွင် ဈေးဝယ်ပုံမှာ အားရဖွယ်ကောင်းလှသည်။ အချို့သော ဈေးသည်တို့ထမင်းအိုးပါရောင်းသည်ကိုတွေ့ရသည်။ တချို့က ရွှေငှက်ပျော အခိုင်လိုက်ဝယ်ကြသည်။ မြစ်ဆိပ်မှ ရှေးဟောင်းဘုရား ရာဇမုနိ အလှူခံမဏ္ဍပ်မှ သာဓု အကြိမ်ကြိမ်ခေါ်သံသည် မြစ်ယံ၌ လွင့်ပျံ့နေသည်။ ခရီးသွားတို့ ကုသိုလ်ရနေကြပြီ။

## သဲသောင်ပြင်ပေါ်မှ ဘဝများ

သောင်သွပ်ရွာ၌ နာရီဝက် ဆိုက်ကပ်ပြီး ရေယာဉ်ကြီး ဆက်လက်ထွက်ခွာခဲ့သည်။ အေးစပြုပြီ။ အနောက်ဘက်ခြမ်းတွင် တောင်တန်းကြီးများသည် မြစ်ပြင်ကို နေဒဏ်မှ အကာအကွယ်ပေးသောကြောင့်လည်း ပို၍အေးနေသည်။ သောင်သွပ်ကို သောင်ထွင့်ဟု



လည်း ခေါ်သံကြားရသည်။ ဘယ်အသံမှန်သည်မသိ။ သောင်သွပ်ဟုသာ အများဆိုသံ ကြားရသည်။ ချင်းတွင်းမြစ်ပြင်တစ်ကြောတွင် သောင်သွပ်သည် ရွာတည်ပုံလှပြီး အမည်နှင့်နေရာဒေသ၊ ရပ်ရွာစီးပွားရေး ထူးခြားသည်မို့ မမေ့နိုင်သော ထင်ရှားသည့်ရွာအဖြစ် မှတ်သားမိပါသည်။

သောင်ထွင့်နှင့် ဖောင်းပြင်ကြားတွင် ရွာငယ်အချို့ကို မြင်ကွင်းဘယ်ညာတွင် တွေ့ခဲ့ရသည်။ မြစ်အရှေ့ဘက်ခြမ်း သရောင်းရွာအထက် သောင်ခုံပေါ်ရှိ တဲများစွာကိုကြည့်ရင်း အညာသားတို့၏ နေပူလေပူ သဲပူပူ ပေါ်တွင် ထမင်းတစ်လုပ် စွန့်စားခန်းသည် ရေကြည်ရာ မြက်နုရာ ဆိုသောစကား မှားမျှားမှားလေသလားဟု တွေးရင်း ဖြတ်ကျော်ခဲ့ပါသည်။

ဖောင်းပြင်မြို့သို့ ညနေ ၅ နာရီတွင် ရောက်ရှိပြန်သည်။ အဆန်ခရီးတွင် ကုန်ချချိန် ကြာသော်လည်း အစုန်တွင် ဆန်ကွဲအိတ် အနည်းငယ်သာ တင်ရန်ရှိ၍ ကုန်တင်ရန် မကြာတော့ပါ။ ကုန်ထမ်းမိန်းမ ငါးဦးမှလွဲ၍ မတွေ့တော့ပါ။ ဖောင်းပြင်မှ လူ ၅၀ ခန့် အညာရေစုန်ခရီးတွင် လိုက်ပါလာကြသည်။ အများစုမှာ တပ်မတော်သားနှင့် ဝန်ထမ်းများဖြစ်သည်။ ခန္တီး၊ ဟုမ္မလင်း၊ ဖောင်းပြင်၊ မော်လိုက် ဝန်ထမ်းတို့ သည်အချိန်နှင့် မိုးတွင်းသာ ခရီးသွားလွယ်ကူသည်။ ဒီဇင်ဘာ နောက်ဆုံးပတ်မှစ၍ ဇွန်လအထိ ခြောက်လ အမြန်ရေယာဉ်စီး၍ မရတော့ပါ။ အချို့ ပဲ့ထောင်ငှားပြီး ကလေးဝမှတစ်ဆင့် ကားဖြင့်သွားကြသည်။ ဟုမ္မလင်း–ဖောင်းပြင် ကားလမ်းရှိသော်လည်း လမ်းကြမ်းသည်။ ဝန်ထမ်းများ မိမိစရိတ်ဖြင့် ကားခပေးစီးရသည်။ ထို့ကြောင့် ချင်းတွင်းမြစ်သာလျှင် ဝန်ထမ်းတို့ အားကိုးရာ၊ မှီခိုရာ ခရီးသွားကြသော်လည်း ဒီဇင်ဘာလကုန်လျှင် ချင်းတွင်းက သူတို့ကို

တိုးတက်ခေချင်မြို့ဟောင်းပြင်

ကျောခိုင်းဆုတ်ခွာသွား ပေတော့မည်။ ချင်းတွင်းရေသည် ထိုအချိန်တွင် ရွှေကဲ့သို့ ရှားပါးပစ္စည်း ဖြစ်ပေတော့မည်။

ဖောင်းပြင်တွင် နာရီဝက်သာ ဆိုက်ကပ်ပြီး ရေယာဉ်သည် ဖောင်းပြင်ကို နှုတ်ဆက်၍ ခရီးဆက်ပြန်၏။ မြို့အထွက်မြစ်ပြင်တွင် ရှားပါးလှသော လှေငယ်သုံးစီး ဝမ်းစာရှာနေသည်။ နေရောင်ခြည်သည် ညနေ ၆ နာရီသာ ရှိသေးသည်။ ပျောက်ကွယ်ပေတော့မည်။ အအေးဓာတ်က အမှောင်နှင့်အတူ ဝင်ရောက်လာသည်။ အနွေးအင်္ကျီ မဝတ်၍ မရတော့ပေ။ နှင်းမြူတို့ အနောက်ဘက် တောင်တန်းများဆီမှ တလိမ့်လိမ့် ပြုဆင်းလာနေပြီ။ မြစ်ပြင်တွင် ရေငွေ့တို့ ပျံတက်လာ



နေပြီ။ ချင်းတွင်းမြစ်ပြင်ကို သဘာဝ အအေးဒဏ်တို့က ရန်ရှာကြပေတော့မည်။ အလင်းရောင်သည် ၁၅ မိနစ်အတွင်း လျင်မြန်စွာ ပျောက်ကွယ်သွားသည်။ မြစ်ပြင်ကို အမှောင်က စိုးမိုးသွားပြီ။ သင်္ဘောဆလိုက်မီးထိုးရာ မြစ်အရှေ့ဘက်ခြမ်း သောင်ခုံပေါ်တွင် မီးများ မှိတ်တုတ်မှိတ်တုတ် ပိုးစုန်းကြူးများအလား ပြန့်ကြဲနေသည်။ ဟဲ့လော့ရွာ သောင်ပြင်ရှိ တဲများစွာကို ဖြတ်ကျော်သွားသောမြင်ကွင်း ဖြစ်ပါသည်။ သောင်ခုံပေါ်တွင် ချမ်းချမ်းအေးအေးဖြင့် မြစ်ပြင်၏ လေဒဏ်ကို ယိုင်ထိုးနေသော တဲများကြား၌ ခံကြရရှာတော့မည်ဟု တွေးနေစဉ် “ဆရာ … ထမင်းပြင်ပြီးပြီ” ဆိုသောအသံကြား၍ လှည့်ကြည့်ရာ ဘတ်တလာ ကို တွေ့ရသည်။ ထမင်းစားခန်းတွင် လုပ်ဖော်ကိုင်ဖက် ခရီးသည်တို့ ရောက်နှင့်နေကြပြီ။

“ဟင်းတွေ စုံလှချည်လားဗျ၊ သိပ်လဲမစားကြနဲ့ဦး၊ သင်္ဘောပေါ်ကအဆင်း ဝက်ပုံပေါက်နေဦးမယ်”

“မများပါဘူးဆရာ၊ ကြက်ဆီပြန်ရယ်၊ ကြက်အစိမ်းကြော်ရယ်၊ ကြက်ကုန်းဘောင်ကြော်ရယ်၊ ကျန်တာက ငါးပိကြော်၊ တို့စရာပါ၊ မင်းကင်းရောက်မှပဲ ပုစွန်နဲ့ငါး စားတော့ဆရာ”

မုံရွာမှ စထွက်ကတည်းက သင်္ဘောပေါ်တွင်ရောင်းသော အသားဟင်းမှာ ကြက်တစ်မျိုးတည်းသာ ဖြစ်ကြောင်း တွေ့ရသည်။ ငါးဟင်းမရှိဘူးလားဟုမေးရာ ချင်းတွင်းမြစ်အတွင်း ရွှေကျင်သောအလုပ်က ငါးရှာသောအလုပ်ထက် ပိုက်ဆံပိုရပြီး ငရဲလည်း မကြီးဘူးဟု ဆိုပါသည်။ ရက်ရှည်ခရီးဖြစ်၍ အခြားသော အသားများ ကြာရှည်ထားရန် မဖြစ်နိုင်။ ကြက်အရှင်များကို ရေယာဉ်ပဲ့ပိုင်း အောက်ထပ်တွင် ခြံဖြင့် အကောင်သုံးလေးဆယ် တင်လာသည်ကို တွေ့ရလေသည်။ ရေယာဉ်ပေါ်တက်စက ကြက်များ ခြံဖြင့်ပါလာသည်ကို တွေ့ရသော်

လည်း ရှားပါးသော အထက်ချင်းတွင်း၌ ရောင်းရန်တင်လာသည်ဟုသာ ထင်ခဲ့သည်။

ခုတော့ ခြံထဲမှ အရှင်လတ်လတ်ကြက်ကို နေ့စဉ်သတ်၍ ရောင်းချကျွေးမွေးနေသည်ဟု သိသောအခါ အော့အန်ချင်သလိုဖြစ်သွားသည်။ ရေယာဉ်အောက်ထပ်သို့ ဆင်းကြည့်စဉ်က ရသော အနံ့ပြင်းပြင်း ကြက်ချေးနံ့ သည် ထမင်းစားပွဲပေါ်သို့ ရောက်လာသလို ခံစားရသည်။ နေ့စဉ် အသတ်ခံနေရသော ကြက်များကို မျက်စိထဲ ပြေးပြီးမြင်ယောင်လာသည်။ ချင်းတွင်းသားတို့က ငရဲကြီးမှာစိုး၍ ငါးမရှာဘဲ ရွှေရှာသောအလုပ်ကို လုပ်နေကြသော်လည်း သင်္ဘောသားတို့က ငရဲကြီးသည်ဟု မထင်ဘဲ ကြက်သတ်၍ ငွေရှာသောအလုပ်ကို လုပ်နေကြသည်ဟု နှိုင်းယှဉ်တွေးမိသောအခါ ချင်းတွင်းခရီးသည်ဘဝ သွားရင်းလာရင်း ငရဲရွာသလို ခံစားမိလာသည်။ အမှန်တော့ ချင်းတွင်းသားတို့ ငွေရလွယ်သောအလုပ်ကို လုပ်ကြခြင်းဖြစ်ပြီး ကျွန်တော်တစ်ဦးတည်း ခံစားရသော အကုသိုလ်စိတ်သာ ဖြစ်ပါသည်။ ဤသို့ကြက်လှောင်သောအလုပ်ကို မလုပ်ပါကလည်း ချင်းတွင်းခရီးရှည်ကြီးတွင် လိုက်ပါ စီးနင်းသူတို့ ဟင်းစားရှားပါးပေလိမ့်မည်။ ဆိုက်ကပ်သော ကျေးရွာ၊ မြို့များတွင် ဈေးဝယ်သောအလုပ်ကလည်း သင်္ဘောဆိုက်ကပ်ချိန်မမှန်၍ လိုတာမရနိုင်ပါ။

အချို့သော ခရီးသည်တို့သည် ရေယာဉ်ဆိုက်ကပ်စဉ် ကုန်းပေါ်တက်၍ ထမင်းဟင်းဝယ်ရမှာ ကြောက်ကြသည်။ သင်္ဘော ထွက်သွားလျှင်အခက်။ တချို့ကလည်း ဈေးချိုသော ခေါင်းရွက်ဗျပ်ထိုး ထမင်းဟင်းကို ဝယ်စားကြသည်။ အများစုမှာ ရေယာဉ်ကိုသာ အားကိုးကြသည်။ သောင်တင်ပြီဆိုပါက ရေယာဉ် ပေါ်တွင် ထမင်းဟင်းတင်မက ပါလာသမျှ အကုန်ရောင်းရလေသည်။ ချင်းတွင်း



ခရီး၏ အလေ့အထကို အလေ့အကျင့်ရနေသော ခရီးသည်တို့ကား ကြုံသလိုစား၊ ကြုံသလိုသွားနေတတ်ကြပြီဖြစ်သည်။ ကျွန်တော့်အဖို့ ကြက်ချေးနံ့ကို မယဉ်ပါးသောအဖြစ်နှင့် ကြုံရလေရာ ဖောင်းပြင်အထွက် ညနေစာကို အစိမ်းကြော်၊ ငါးပိကြော် တို့ကိုသာ အားထားစားပစ်လိုက်ပါသည်။ “ဆရာ၊ ကြက်သားထည့်စားပါ” ဆိုသောစကားကို “တော်ပြီဗျာ၊ ဝက်ပုံမပေါက်ဘဲ ကြက်ပုံပေါက်နေဦးမယ်” ဟု ရယ်သွမ်းသွေးကာ ကြက်ရှောင်သော လေးကောင်ဂျင်သမားဘဝ ရောက်သွားရတော့သည်။

ထမင်းစားပြီးချိန်တွင် ည ၇ နာရီကျော်နေပြီ။ ရေယာဉ်သည် နှင်းမှုန်တို့ကို မီးဆလိုက်ဖြင့် ဖြိုခွဲမောင်းနှင်နေသည်။ ရေစုန်ခရီးဖြစ်သည်ဆိုသော်လည်း ရေစုန်သောင်တင်လျှင် ပိုဒုက္ခရောက်သည်ဟု သိရသည်။ အရှိန်ဖြင့်သောင်ကိုတိုက်မိပါက သင်္ဘောဝမ်းဗိုက်အထိ တင်သွားတတ်သည်။ ဝမ်းဗိုက်နေရာ သောင်တင်လျှင် ရုန်းရန်အခက်ဆုံးဖြစ်လေသည်။ ညအချိန်ဖြစ်၍လည်း ရေကြောင်းပြ အမှတ်အသားကို မီးထိုးရှာ၍ ကြည့်မောင်း ရသည်။ အချို့သောနေရာများတွင် ရေကြောင်းပြ အမှတ်အသား ဆန္ဒင်းမကင်း ဘောလုံးလေးများ ပျောက်ဆုံး ပျက်စီးနေတတ်သည်။ ရေယာဉ်မှူးသည် ရေကြောင်းပြ အမှတ်အသား နေရာမှန်မရှိပါက ကျွမ်းကျင်သော ရေကြောင်းလမ်းပြကို အားကိုးမောင်းနှင်ရသော်လည်း သောင်တင်သော့အဖြစ်နှင့် မကြာခဏ ကြုံရလေသည်။

နှင်းပိတ်ပြီး လမ်းခုလတ်တွင် ရပ်ထားရမည်ဆိုသောကြောင့် ရေယာဉ်မှူးသည် အနီးဆုံး အောက်တောင်း ရွာသို့ ည ၈ နာရီတွင် ဝင်ရောက်ဆိုက်ကပ်ထားလေသည်။ ရှေ့ဆက်မောင်းပါက မြူနှင်းများ ပို၍ကျလာပြီး ပေ ၅၀ အကွာ မြင်ကွင်းကိုပင် မမြင်ရဟု ဆိုသည်။

အောက်တောင်းရွာသည် ရေဆန်ခရီးတွင် ညအိပ်ရပ်နားခဲ့သော ရွာဖြစ်သည်။ ရေယာဉ်ကမ်းထိုး ကြိုးချည် ဆိုက်ကပ်ပြီးချိန်တွင် အောက်တောင်းရွာသား ရေကြောင်းပြက ရွာထဲ တက်လည်ရန် ခေါ်သည်။ ခွေးဟောင်သံမှလွဲ၍ တစ်ရွာလုံး ငြိမ်သက်နေသဖြင့် လိုက်မလည်တော့ပါ။ အနောက်ရိုးမ၏ အရိပ်တွင် ရှိနေသော အောက်တောင်းရွာသည် အသွားခရီးထက် ပိုအေးသည်ဟု ထင်မိသည်။

ချင်းတွင်းမြစ်တစ်ရိုးတွင် သောင်သွပ်ရွာသည် ချစ်စရာရွာအဖြစ် မမေ့နိုင်သကဲ့သို့ အောက်တောင်းရွာ သည်လည်း သပ်ရပ်လှပ၍ စည်းကမ်းရှိသော ရွာချမ်းသာအဖြစ် မမေ့နိုင်တော့ပါ။



# ချင်းတွင်းမြစ်ယံ ဇာတိမာန်

**အန္တရာယ်ကင်း ခရီးသွားဂါထာ**

၁၉၉၉ ခု ဒီဇင်ဘာလ ၁၉ ရက်နေ့ နံနက်ခင်းကို မြူခိုးမြူငွေ့၊ နှင်းသားနှင်းလိပ်တို့က မြင်ကွင်း ပိတ်အောင် ကာဆီးထားသည်။ ချမ်းအေးသောဒဏ်ကို အောက်တောင်းရွာသားတို့ မမှုသည့်အလား လုပ်ငန်းခွင် ဝင်ရန် လှုပ်ရှားသွားလာနေကြပြီ။

"အေးလို့ ကွေးနေရင် ထမင်းငတ်သွားမှာပေါ့" ဟု ခရီးဖော်တစ်ဦးက ဆိုသည်။ နံနက်စောစော ဘုရားဝတ်ပြုသံကို ဘေးခန်းမှ ပညာရေးဝန်ထမ်း ကျောင်းဆရာကြီးဖာ ကျယ်လောင်စွာ ရွတ်ဆိုသဖြင့် ကြားနေ ရသည်။ မေတ္တာသုတ်ရွတ်သံ၊ အရပ်ဆယ်မျက်နှာ မေတ္တာပို့သံတို့ စုံလင်စွာ ရွတ်ဆိုသည်။ ကျွန်တော့်နားတွင် မယဉ်ပါးသော ပါဠိလို ဘုရားစာကို အခေါက်ခေါက် ရွတ်နေသံလည်း ကြားရသဖြင့် စိတ်ဝင်စားမိသည်။ ကျွန်တော်သည်ပင် ဘာသာရေးကို

ယုံကြည်သက်ဝင်စွာ ဆ ည်းကပ်ပူဇော်လာသည်မှာ ဆယ်နှစ်သာ ရှိသေးသည်။ ဂုဏ်တော်ပတီးစိတ်ခြင်း၊ ဝိပဿနာတရား ရှုမှတ်ခြင်း တို့ကို နေ့စဉ်နံနက်တိုင်း ‌တ်မပျက် လုပ်လာနိုင်ပြီ။

ချင်းတွင်း
မှ
သမ္ဗုဒ္ဓ
ဝမ်းတာစ်ထွာ
စွန့်စားခန်း

နံနက် ၉ နာရီထိုးမှ နှင်းတို့လွင့်ပြယ်သွားသည်။ ရေယာဉ်သည် ထွက်ခွာရန် အချက်ပေးဥသြဆွဲ၍ အောက်တောင်းရွာမှ စတင့်ထွက်ခွာလေသည်။ နှင်းမြူပါးပါးကို ရေယာဉ်ဦးက တစ်လွှာချင်း ဖောက်ထွင်း၍ ရေပြင်မှ မြူခိုးမြူငွေ့တို့ကိုလည်း ခွဲထွက်သွားသည်။

"တော်သေးကာ ပေါ့ဗျာ၊ နှင်းစောစောကွဲလို့၊ အစုန်ခရီး ကတော့ နှင်းစောစောကွဲဘတ်ပါတယ်၊ အောက်ရောက်လေ နေထွက်

မြန်မာပြည်အနှံ့ ခရီးဆန့်၍ ဂုဏ်တော်ကိုးပါးဖြန့်ခဲ့သည်၊

## ဗုဒ္ဓါနုဿတိ ပွားများကြည့်ပါ

● ● ● ● ●

* အံ့မိတ်ဆွေ .....ကိုးပါးဂုဏ်တော် ဆောက်တည်သော်.....
ရည်မျှော်ဆန္ဒ ၊ လွန်ပြည့်ဝ၍ ၊ ဒုက္ခကေန ငြိမ်းလိမ့်မည်၊
ရှုပွားပါများ ၊ သင့်ရဲ့အား ၊ တရားကေန်တွေ့လိမ့်မည် ။

**အရဟံ. . .** ။ တစ်ထောင့်ငါးရာ ကိလေသာတို့ ဝါသနာခလေ့ အထုံအငွေ့ မျှ မငွေ့မသင်းအောင် ကင်းဝေးစင်ကြယ် တော်မူ၍ လူ နတ် ပြဟ္မာ ... ဇော်အထူးကိုခံယူထိုက်သော ဗုဒ္ဓမြတ်စွာဘုရား ။

**သမ္မာသမ္ဗုဒ္ဓေါ. . .** ။ အလုံးစုံသောတရားတို့ကို ဆရာမကူ ... ယမ္ဘုဉာဏ်ဖြင့် မိမိအလိုဂဒ် ကိုယ်တော်တိုင်. သိမြင်တော်မူသောဗုဒ္ဓမြတ်စွာဘုရား ။

**ဝိဇ္ဇာစရဏသမ္ပန္နော. . .** ။ ဝိဇ္ဇာဉာဏ်သုံးပါး ... ရှစ်ပါး၊ အကျင့်စရဏ တစ်ဆယ့်ငါးပါးတို့နှင့် ပြည့်စုံတော်မူသော ဗုဒ္ဓမြတ်စွာဘုရား ။

**သုဂတော. . .** ။ မှန်ကန်အကျိုးရှိသောစကားကိုသာ ဆိုတော်မူတတ်ပါသော ဗုဒ္ဓမြတ်စွာဘုရား။

**လောကဝိဒူ. . .** ။ သတ္တလောက သင်္ခါရလောက ဩကာသလောကတို့ကိုအကြွင်းအကျန်မရှိ ဉာဏ်ဖြင့် ထွင်းဖောက်သိမြင်တော်မူသော ဗုဒ္ဓမြတ်စွာဘုရား ။

**အနုတ္တရော ပုရိသဒမ္မသာရထိ. . .** ။ မယဉ်ကျေးသော၊ လူ နတ် ၊ တိရစ္ဆာန်များကို ယဉ်ကျေး အောင်ဆုံးမ တတ်သော အတုမဲ့အမြတ်ဆုံးပုဂ္ဂိုလ်ဖြစ်တော်မူသော ဗုဒ္ဓမြတ်စွာဘုရား ။

**သတ္ထာဒေဝမနုဿာနံ. . .** ။ သတ္တဝါများ သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ပြီး နိဗ္ဗာန်သို့ဆိုက်ရောက်အောင် သွန်သင်ညွှန်ပြတတ်သော လူနတ်တို့၏ဆရာတစ်ဆူဖြစ်တော်မူသော ဗုဒ္ဓမြတ်စွာဘုရား။

**ဗုဒ္ဓေါ. . .** ။ သစ္စာလေးပါးတရားတို့ကို ကိုယ်တော်တိုင်ထိုးထွင်းသိမြင်ပြီး သူတစ်ပါးအားလည်း သိစေတတ် တော်မူသော ဗုဒ္ဓမြတ်စွာဘုရား ။

**ဘဂဝါ. . .** ။ ဣဿရိယ ၊ ဓမ္မ ၊ ယသ၊ သီရိ၊ ကာမ၊ ပယတ္တ ဆိုသော ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော ဗုဒ္ဓမြတ်စွာဘုရား ။

သာဓု သာဓု သာဓု ။

မိဘများအား အမျှထား၍ ဗိုလ်မှူးမျိုးသန့် + ဒေါ်သီသီရှိန် တို့၏ ဝမ္မဒါန

စောလေပဲ" ဟု ကျောင်းဆရာကြီးက ကျွန်တော်တို့ဘေးတွင်ရပ်ကာ စကားစသည်။

"ဩော် ... ဒါနဲ့ ဆရာကြီး၊ စောစောက ဆရာကြီးရွတ်တဲ့ ဘုရားစာထဲမှာ ပါဠိလို ထပ်ကာထပ်ကာရွတ်သံ ကြားရတယ်၊ ဘာအဓိပ္ပာယ်နဲ့ ရွတ်တာလဲ၊ ကျွန်တော်စိတ်ပင်စားလို့ မေးတာပါ"

"အတော်ပဲဗျ၊ ကျွန်တော်ကလဲ ခရီးသွားတွေတွေ့ရင် ဖောက်သည်ချချင်နေတာ၊ ဒီက သူငယ်လေးက အမြဲ ကုန်ရောင်းကုန်ဝယ်ခရီးသွားတော့ ရွတ်ဆိုဖို့ ပြောပြချင်နေတာ၊ အန္တရာယ်ကင်း ခရီးသွားဂါထာလေ"

"ကောင်းတယ် ဆရာကြီး၊ အဓိပ္ပာယ်လေးနဲ့ ရှင်းပြပါ"

"ရှေးက မန်လည်ဆရာတော်ဘုရားကြီး သာသနာပြုခရီး ဒေသစာရီကြွတိုင်း အမြဲရွတ်တဲ့ဂါထာလို့ သိရတယ်၊ ကျွန်တော်လဲ ရွတ်တာ ငါးနှစ်ပဲရှိသေးတယ်၊ ထူးခြားတယ်ဗျို့၊ ပါဠိလို ဖြည်းဖြည်း ရွတ်ပြပါ့မယ်၊ နားထောင်ကြည့်ပါ၊ ပြီးမှ စာရွက်နဲ့ရေးပေးပါ့မယ်၊ တပ္ပရာ ယနသရဏံ ဂါထာလို့ခေါ်တယ်၊ အဟမ်း ... **သော အဟံ ဝိစရိဿာမိ၊ ဂါမာဂါမံ ပုရာပုရံ၊ နမဿမာနော သမ္ဗုဒ္ဓံ၊ ဓမ္မဿစ သုဓမ္မတံ** တဲ့၊ တိုတိုလေးပဲ၊ အနက် အဓိပ္ပာယ်ကတော့ **သမ္ဗုဒ္ဓံ** သစ္စာလေးအင် အမှန်သိမြင်သော ဘုရားရှင်ဖြစ်ကြောင်းကို လည်းကောင်း၊ **ဓမ္မဿ** တရားတော်မြတ်၏၊ **သုဓမ္မ တံ စ** ကောင်းစွာဟောသော တရားမြတ်ဖြစ်ကြောင်းကိုလည်းကောင်း၊ **နမဿမာနော** ဦးညွှတ်ရှိခိုး လက်စုံမိုးကာ ရှိခိုးပူဇော်လျက်၊ **ဂါမာ** ရွာတစ်ရွာမှ၊ **ဂါမံ** ရွာတစ်ရွာသို့၊ **ဝိစရိဿာမိ** လှည့်ကာကျက်စား သွားလာကြွေးကြော်ပါအံ့၊ **ပုရာ** ပြည်တစ်ပြည်မှ၊ **ပုရံ** ပြည်တစ်ပြည်သို့၊ **ဝိစရိဿာမိ** လှည့်လည်ကျက်စား သွားလာကြွေးကြော်ပါအံ့လို့ ဆိုပါတယ်၊ ဆရာတို့လို



တာဝန်အရ ခရီးသွားနေတဲ့ပုဂ္ဂိုလ်တွေ၊ ကုန်ရောင်းကုန်ဝယ် သွားနေတဲ့ ပုဂ္ဂိုလ်တွေ ရွတ်ဆိုဖို့ အလွန်သင့်တဲ့ ဘုရားဂါထာပါ၊ ဘယ်ခရီးသွားသွား အိမ်ပေါ်က ဆင်းတာနဲ့ စရွတ်ပေတော့၊ လက်တွေ့အကျိုးပေးတယ်၊ သွားလေရာမှာ ဘုရားတရားကို ဦးထိပ်ထားပြီး သွားတာပါပဲ"

"ဝမ်းသာလိုက်တာ ဦးလေးရာ၊ ကျွန်တော်က မြစ်ကူးချောင်းကူး သွားနေရတော့ ကျွန်တော်နဲ့တော့ အံကိုက်ပဲ" ဟု လူငယ်လေးက ဆိုသည်။

"အတော်ပဲ၊ ကျွန်တော်ကလဲ ဓမ္မဒါန ဖြန့်ဝေနေတာ၊ ဗုဒ္ဓရဲ့ ဂုဏ်တော်တွေကို အနက်အဓိပ္ပာယ်ပါ သိအောင် ရွတ်ဆိုပွားများနိုင်ရင် အန္တရာယ်ကင်းတာမို့ ကျွန်တော့်လက်ဆောင်လေးပါ ယူသွားပါဦး" ဟု အနား ပတ်ဝန်းကျင်ရှိ ခရီးသွားများကို ဂုဏ်တော်ကိုးပါးစာရွက် ဖြန့်ဝေလိုက်ပါသည်။

အောက်တောင်းရွာအထွက် နှင်းမှုန်ကြားမှ နံနက်ခင်းသည် ဘုရားတရားသံများ ညံစီလျက် မင်္ဂလာ အပေါင်းနှင့် ပြည့်စုံသွားပါသည်။ အရှေ့ဘက်မှ ပြူထွက်လာသော နေမင်းကိုကြည့်၍ ခရီးသွားတို့၏ ကျေးဇူးရှင်အဖြစ် ကျေးဇူးစကားဆိုမိသည်။ နေမင်းကို တိုင်တည်ရွတ်ဆိုရသော မောရသုတ်ကို စိတ်မှရွတ်နေစဉ် –

"လူတွေက စည်းကမ်းကို မရှိဘူး၊ တံခါးလေးဘာလေး မခေါက်ဘူး၊ အတင်းဆွဲဖွင့်တော့တာပဲ၊ အကျင့်ကို ယုတ်တယ်" ဟု အသက် ၄၀ ခန့် အမျိုးသမီးတစ်ဦး အိမ်သာဘက်ခြမ်းမှ ထွက်လာရင်း မကျေမနပ် ရေရွတ်သံ ကြားလိုက်ရသည်။

"ဘယ်လိုဖြစ်တာလဲ" ဟု သင်္ဘောအခန်းစောင့်ကို ခေါ်မေးရာ လူတစ်ယောက် အိမ်သာတက်ချင်လို့ တံခါးဆောင့်ဖွင့်ပြီး ဝင်လိုက်တာ အထဲမှာ အိမ်သာတက်နေတဲ့ အမျိုးသမီးနဲ့ ပက်ပင်းသွားတိုးလို့ပါဟု

ဆိုသည်။

"အိမ်သာတံခါးဂျက်တွေက မကောင်းလို့ပါဆရာ၊ မူလတံခါးဂျက်က ခရီးသည်တချို့ စည်းကမ်းမရှိလို့ ပျက်ကုန်ပြီ၊ အခုအသစ်တွေကလဲ တံခါးဆောင့်ပိတ်ပြီး သေသေချာချာထိုးမှရတယ်၊ လက်လှည့်ဘုဝိုင်းကို ကောင်းတယ်ထင်ပြီး အိမ်သာတက်နေတာဖြစ်မယ်" ဟုဆိုသဖြင့် အရှက်ရသွားသောမိန်းမကို ကိုယ်ချင်းစာမိသည်။ ကျွန်တော်ပင်လျှင် အိမ်သာဝင်လျှင် တံခါးဂျက်ကိုမနည်းပိတ်ရသည်။ ရေချိုးလျှင်လုံတယ်ထင်ပြီး ဂျပန်ချိုး မချိုးရဲပါ။ သင်္ဘောပေါ်တွင် ရေချိုး အိမ်သာတက်စဉ် တံခါးဖွင့်သောဇာတ်လမ်း ကြားရတာ တစ်ကြိမ် မကတော့ပါ။ ယောကျ်ား၊ မိန်းမအိမ်သာခွဲခြားရေးထားသော်လည်း ကျွန်တော်တို့မြန်မာတွေ အကျင့်မရသေးပါ။ ကြုံသလို ဝင်တတ်ကြပါသည်။ အိပ်ခန်းနှင့် အိမ်သာ မလုံလောက်၍လည်း ကြုံသလို ဝင်ကြခြင်းဖြစ်မည်။

သင်္ဘောတွင် အထက်တန်းအိပ်ခန်း ၁၂ ခန်းပါပြီး ခရီးသည် ၂၄ ဦးသာဆံ့သည်။ သို့သော် ချင်းတွင်း သင်္ဘောများတွင် အစိုးရဝန်ထမ်းအလိုက်များ၍ အခန်းမလုံလောက်ပါ။ ဧည့်ခန်းဟုခေါ်သော ဆလွန်းခန်းများ တွင်ပါ ဖျာခင်း၍ အထက်တန်းခပေးကာ စီးကြပါသည်။ ရိုးရိုးတန်းတွင် ခြေချစရာ နေရာမရှိအောင် ကြပ်သိပ်နေ၍ အိမ်သာတက်၊ ရေသုံး ပို၍ခက်သည်။ ထို့ကြောင့် အထက်တန်းခန်းကိုသာ အိပ်ခန်းမရလည်း ဝယ်စီးကြသည်။ ဆလွန်းခန်း၌ လိုက်ပါသူပါပေါင်းလျှင် အထက်တန်းစီး ခရီးသည် ၅၀ ခန့်ရှိသည်။ အိမ်သာ နှစ်ခန်း၊ ရေချိုးခန်းနှစ်ခန်းသည် နံနက်ပိုင်း ရေအိမ်သွားချိန် စုပြုံနေ၍ မလောက်ပါ။ ပို၍ဆိုးသည်မှာ အညာဆန်သူ ခရီးသွားတို့ ဘိုဆန်သော ဘိုထိုင် အိမ်သာကို မသုံးတတ်ကြပါ။ အချို့ဆိုလျှင် ဖင်ထိုင်ချရသော ဘိုထိုင် အိမ်သာကမုတ်ပြားပေါ်တွင် ခြေနှစ်ချောင်းချထိုင်သော အိမ်သာပုံစံဖြင့်



တက်နင်း၍ ထိုင်ကြရာ ကမုတ်ခွက်များကွဲခြင်း၊ အညစ်အကြေးများအပေါက်မတည့်ခြင်းများ ကြုံတွေ့ရလေသည်။

ချင်းတွင်းသွား ခေတ်မီရေယာဉ်ကြီးများတွင် အနောက်တိုင်းပုံစံ ဘိုထိုင်တစ်လုံး၊ အရှေ့တိုင်းပုံစံ မြန်မာထိုင်တစ်လုံး ရှိသည်။ ဘိုထိုင်ကို သစ်သားခုံများ ပေါင်ခတ်၍ အပေါ်မှ မြန်မာထိုင်ပုံစံ လုပ်ထားပေးရာ ဘိုဆန်ဆန် သွားလိုသူတို့ ကပြားအိမ်သာ တက်ရသလို ဝမ်းချုပ်သောဝေဒနာများ ခံစားရနိုင်ပါသည်။ တံခါးမခေါက်ဘဲ အိမ်သာရေချိုးခန်းဝင်ပါကလည်း ကံဆိုးလျှင် ပါးရိုက်ခံရပြီး တုတ်ဆွဲဓားဆွဲအဖြစ်မျိုးနှင့် ကြုံနိုင်သော ချင်းတွင်းခရီးလမ်း ရေအိမ်ခန်းပြဿနာကို တာပန်ရှိသူတို့ အလေးထားဆောင်ရွက်သင့်ပါကြောင်း မြင်တွေ့လာခဲ့ရပါသည်။ အိမ်သာတံခါး ဆွဲဖွင့်ခံရသော အမျိုးသမီး ခါတိုင်းကဲ့သို့ အခန်းအပြင်ဘက်တွင်ထွက်၍ လေညင်းခံရပ်သည်ကို မတွေ့ရတော့ပါ။ တော်တော်ရှက်သွားပုံရသည်။

"ဒီအမျိုးသမီးကို ဆရာကြီးရဲ့ အန္တရာယ်ကင်း ခရီးသွားဂါထာပေးမှ ဖြစ်တော့မယ်" ဟု ခရီးဖော် လူငယ်လေးကဆိုရာ–

"မလုပ်ပါနဲ့ ငါ့တူရယ် ... ချမ်းချမ်းစီးစီး ပါးရိုက်ခံနေရပါဦးမယ်" ဟူသော ဆရာကြီးတို့ စကားဝိုင်းသည် ငိုအားထက် ရယ်အားသန်နေပေတော့သည်။

## ချင်းတွင်းမြစ်ဝယ် ဇာတ်မာန်

နံနက် ၁၀ နာရီကျော်ကျော်တွင် မြစ်အနောက်ဘက်ကမ်းကိုလှမ်းကြည့်ရာ သောင်ပြင်ကျယ်ကြီးပေါ်၌ တဲများစွာ တွေ့ရသည်။ တံငါရွာဟု ခေါ်ကြကြောင်း သိရသည်။ သင်ဖြူးဖျာများ ရက်လုပ်ရန်သင်များကို ဝါးတန်းများပေါ်တွင်လည်းကောင်း၊ သောင်ပြင်တွင်လည်း

ကောင်း ဖြန့်ခင်းပြီး လှန်းထားကြသည်။ သင်ခြောက်လျှင် ဖျာရက်ကြမည်။ ဖျာများကို နောင်စမ်းကျင်ရွာနှင့် ဖောင်းပြင်မြို့သို့ပို့၍ ရောင်းကြသည်။ စက်လှေများကို အားကိုး သွားလာကြသဖြင့် ချင်းတွင်းမြစ်အတွင်း စက်လှေပြေးဆွဲပါက တွက်ချေကိုက်ကြောင်း သိရသည်။

တံငါရွာမှအထွက် ရေယာဉ်ကြီး သောင်နှင့်တိုက်ပြီး တုန့်ခနဲ ဖြစ်သွားသည်။ ဦးပိုင်းအနည်းငယ်သာ တင်သွားသည်။ ပန်ကာဖြင့် သဲကိုမှုတ်၍ ဖင်ဖြင့် နောက်ပြန်ဆုတ်ထွက်ရာ သောင်မှလွတ်သွားသည်။ သောင်တင်ပြီဆိုလျှင် ခရီးသည်တို့ ရင်တမမ ဖြစ်ကြသည်။ အနေအထိုင်ကျဉ်းကြပ်ပြီး အချိန်နှင့်သွားလာ လုပ်ကိုင်ရသော ဝန်ထမ်း၊ ကုန်သည်တို့ ဒုက္ခများကြတော့သည်။ ရေယာဉ်ဝန်ထမ်းတို့ ကျွမ်းကျင်မှုမရှိလျှင် ခရီးပိုကြာသည်။ ချင်းတွင်းမြစ်၌ ဒီဇင်ဘာလ ကုန်လျှင် သင်္ဘောကြီးများ ခုတ်မောင်းရန် များစွာခက်ခဲသွားသလို ခရီးသည်နှင့် ကုန်များ သွားလာတင်ပို့မှု နှောင့်နှေးကြန့်ကြာသွားသည်။

ရှေးယခင်က ရေယာဉ်ကြီးများဆိုလျှင် အညာဆန်ခရီး ပို၍ပီသသည်။ ကုန်သည်၊ ဝန်ထမ်း အားလုံး ရေယာဉ်ပေါ်၌ပင် ထမင်းချက်စားကြ၊ ရောက်သည့်မြို့ရွာဆင်းပြီး ဈေးဝယ်၊ ဘုရားဖူးပြီး သင်္ဘောဥသြဆွဲမှ ပြန်ဆင်းလာကြသည်။ အချို့လည်း ဘုရားလည်း ဖူးရင်း၊ လိပ်ဥလည်းတူးရင်းဟုဆိုကာ သွားရင်းလာရင်း အိမ်ထောင်ကျ သွားသူများပင် ရှိခဲ့သည်ဟု ပြောသံကြားရသည်။ ထိုအချိန်က ရေယာဉ်ကြီးများသည် ပဲ့ပိုင်းတွင် ရဟတ်ဘီးကြီးများဖြင့် ရေကိုယက်၍ သွားရသောပုံစံဖြစ်သည်။ မြင်းကောင်ရေအား ကလည်း တစ်နာရီကို ရေဆန်လေးမိုင်ခန့်သာ သွားသည်ဟုဆိုသည်။ သောင်တင်ပြီဆိုလျှင် တော့ တစ်လခန့်အထိ ကြာတတ်သည်။



ရေယာဉ်ကြီး သောင်ပြင်ကိုဖြတ်ပြီး မကြာမီ ရွှေပလ္လင်တောင် ဘုရားကို အဝေးမှ ဖူးမြော်ရသည်။ အပြန်ခရီးတွင် အဆန်မှာကဲ့သို့ ဦးသုံးကြိမ် မတိုက်ရတော့ပါ။ နေ့အချိန် ထင်ထင်ရှားရှား ဘုရားကုန်းကို မြင်တွေ့ရသည်။ ဘုရားစေတီကို အာရုံပြုနေခိုက် ရွှေပလ္လင်တောင်ကို လျင်မြန်စွာကျော်ဖြတ်သွားပြီး ယုဝချောင်းသို့ ရောက်လေသည်။ ရေဆန်ခရီး ယုဝချောင်းအနီး တွေ့ခဲ့ရသော သစ်ဖောင်ကြီးကို မြစ်ကမ်းနဖူးတွင် ဆုံတွေ့ရပြန်သည်။ သစ်ဖောင်ပေါ်တွင် နေထိုင်သူတို့ဘဝကို ကြည့်ရင်း "ဖောင်စီးရင်း ရေငတ်" ဆိုသော စကားပုံကို သတိရသည်။ ရေမသန့်၍သော်လည်းကောင်း၊ ရေမရှိ၍သော်လည်းကောင်း ဖောင်သမားများ ရေငတ်ကြခြင်း ဖြစ်မည်။ မျက်မြင်ကိုယ်တွေ့ ကြုံရသည်မှာ ရေမရှိတော့၍ သစ်ဖောင်သမားတို့ မိုးကိုမျှော်ရသော ရေငတ်သမား ဘဝ ရောက်နေကြရလေသည်။

နေ့လယ် ၁၁ နာရီတွင် မော်လိုက်မြို့ကို အဝေးမှ လှမ်းမြင်ရလေသည်။ ရေယာဉ်ပဲ့စင်မှ ဥသြသုံးကြိမ် ဆွဲသံကြားရသည်။ မော်လိုက်သားတို့ လိုက်မယ်ဆိုရင် အသင့်ပြင်ထားကြပေတော့ဟု အဓိပ္ပာယ် ဖွင့်လိမ့်မည်။ သို့မဟုတ် မော်လိုက်ဆင်းမယ့်သူတွေ အသင့်ပြင်ထားကြ တော့ဟု ဆိုပေလိမ့်မည်။ ရေယာဉ်ကြီးသည် ရေစုန်ခရီးတွင် ဆိုက်ကပ်သည့်မြို့ရွာတိုင်း ရေဆန်ကို ပြန်လှည့်မောင်း၍ ဆိုက်ကပ်ရသည်။ ရေစီးသန်သော ချင်းတွင်း မြစ်ရေသည် ရေနက်သောအပိုင်းတွင် စီးအားကောင်းသည်။ မည်သည့်မြစ်ချောင်းမဆို သင်္ဘောဆိုက်ကပ်ပါက ရေဆန်ကို ဦးလှည့်၍ ကပ်ရကြောင်း အတွေ့အကြုံအရ သိလာရသည်။

မော်လိုက်သို့ ဆိုက်ကပ်ချိန်တွင် အဆင်းခရီးသည် နည်းပြီး အတက်ခရီးသည်များသည်။ အတက် ခရီးသည်များကို စူးစိုက်ကြည့်ရင်း အသိတွေထဲမှသူများ ပါလေမလားဟု တွေးမိပါသည်။ ရေယာဉ်သည်

မော်လိုက်တွင် မိနစ် ၂၀ သာကပ်ပြီး ခရီးဆက်လေသည်။ အထက်တန်းတွင် မော်လိုက်ခရီးသည်အတွက် နှစ်ခန်း ပါသည်။ ဝန်ထမ်းများ ဆူညံစွာ အော်ဟစ် စကားပြောနေ၍ အောက်ပြည်သို့သွားရန် အတော်ကြီး ပျော်မြူးကြဟန် မြင်တွေ့ရသည်။ ထိုအထဲမှ အသက် ၆၀ ခန့်ရှိသူ ဝန်ထမ်းဟောင်းတစ်ဦးနှင့် မိတ်ဆွေဖြစ်ရပြန်သည်။

"ကျွန်တော် မော်လိုက်မှာနေတာ နှစ် ၂၀ ပေါ့ဗျာ၊ လွန်ခဲ့တဲ့ ခြောက်နှစ်က ပင်စင်ယူလိုက်တယ်၊ ဇာတိက ညောင်ရွှေက၊ ဝန်ထမ်းဆိုတော့ ခက်တယ်လေ၊ ဒီမှာအခြေချရင်း ဇနီးက ဈေးမှာ စားသောက်ကုန်လေး ရောင်းတယ်၊ အဆင်ပြေနေတော့လဲ ကိုယ့်မြို့မှာ ဘဝအသစ် ပြန်စရမယ့်အတူတူ မပြန်တော့ဘူးဆိုပြီး နေလိုက် ကြတာ၊ ခုတော့လဲ မော်လိုက်သားဖြစ်နေပြီ"

"ပျင်းပျော်ပျက်ပြေးလို့ ဟချို့က ဆိုကြတယ်၊ ဝန်ထမ်းမြို့ ဆိုတော့ တိုးတက်ရဲ့လား"

"အလကားပါဗျာ၊ ကိုယ့်ဘာသာ သောက်ကြစားကြ လောင်းကစား ဝါသနာပါလို့ပျော်ကြတဲ့လူတွေ ကတော့ ဘဝပျက်ပြီးပြောင်းရင်း အပြစ်စကား ဆိုကြတာပါ၊ ကံသုံးပါးထိန်းရင် ပျက်စရာအကြောင်း မရှိပါဘူး"

"အင်္ဂလိပ်တည်တဲ့မြို့ လို့ ပြောတယ်၊ မြန်မာပြည်မှာ အင်္ဂလိပ် တည်သွားတဲ့မြို့ အများကြီးထဲက ရှေးကျတဲ့ မြို့နဲ့တူတယ်".

"ဟုတ်တယ်၊ အင်္ဂလိပ်ကတော့ မြန်မာပြည်ကို သိမ်းတာ သူမရောက်ခင်ကတည်းက စီမံချက်နဲ့ အကွက်ချ ပြီးနေပြီ၊ ကိုလိုနီ နယ်ချဲ့တွေရဲ့ မ–သုံးလုံးစစ်ဆင်ရေးဆိုတာ ကြားဖူးလား"

"ဟုတ်ကဲ့၊ ကြားဖူးပါတယ်"

"မြန်မာပြည်ကို မသိမ်းခင်ကတည်းက မစ်ရှင်နရီ [Mission-



ary] ဆိုတဲ့ သာသနာရေးနယ်ချဲ့က အရင်ရောက်နေပြီ၊ အထူးသဖြင့် အခုလို လူသူအရောက်အပေါက် အသွားအလာ ခက်ခဲပြီး ဗဟုသုတ အကြားအမြင် နည်းပါးတဲ့ တောင်တန်းဒေသတွေကို အရင်ဆုံး ဝင်ရောက်တာပဲ၊ သာသနာပြုတယ်လို့ သူတို့က ဆိုပေမယ့် လူကို အရင် သိမ်းပိုက်လိုက်တာပဲလို့ ပြောရမယ်၊ နောက် 'မ' တစ်ခုက မားချင့် [Merchant] လို့ခေါ်တဲ့ ကုန်သည်တွေ ဝင်ရောက်ကုန်ကူးသန်းမှုပဲ၊ အထူးသဖြင့် မင်းစိုးရာဇာပိုင်းကို လက်ဆောင်ပဏ္ဏာ ဆက်သရင်း သူတို့ရဲ့ ကုန်သွယ်မှုလုပ်ငန်း နယ်ချဲ့တာပဲ၊ အလှအပကြိုက်တဲ့ ဘုရင့်သမီးနဲ့ မိဖုရားကို လှလှပပ တန်ဖိုးရှိတာ ပေးရင် နေရာကျတာပဲ၊ နောက် 'မ' တစ်လုံးကတော့ မစ်လစ်ထရီ [Military] ပေါ့ဗျာ၊ စစ်တပ်နဲ့ ဝင်ရောက် တိုက်ခိုက် သိမ်းပိုက်အုပ်စိုးတာပဲပေါ့"

"ဟုတ်တယ်၊ မြန်မာ့သမိုင်းမှာ လေ့လာရင် ဒီအတိုင်းပဲ အထင်အရှား တွေ့ရတယ်"

"မော်လိုက်မြို့ကလဲ ရှေးမင်းတည်ခဲ့တဲ့ ကင်းတပ်လို့ ခေါ်တဲ့ မော်လိုက်ကလေးကနေ ရွှေ့လာတာ၊ L of C လို့ခေါ်တဲ့ ဆက်သွယ်ရေး လမ်းကြောင်းကို ထိန်းနိုင်အောင် နယ်ချဲ့အမြင်နဲ့ မြို့တည်တာပဲ၊ သစ်ထုတ်မယ်၊ စစ်ဖြစ်ရင် တက်လမ်းဆုတ်လမ်းကောင်းရမယ်၊ သူတို့နေထိုင်စားသောက်မှု ခိမ်ကျရမယ်ဆိုတဲ့ အင်္ဂလိပ်ရဲ့ နည်းဗျူဟာ တစ်ရပ်ပဲ၊ ကျုပ်တို့မြန်မာတွေ ဘယ်ခေတ် ဘယ်အခါမှာပဲဖြစ်ဖြစ် ဒီသင်ခန်းစာတွေကိုယူပြီး တိုင်းပြည်လွတ်လပ်ရေးနဲ့ အချုပ်အခြာ အာဏာကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်ဖို့လိုတယ်"

စိတ်အားထက်သန်စွာ မျိုးချစ်ဟန်အပြည့်ဖြင့် ပြောနေသော အဘိုးကြီးကို ကျွန်တော် စေ့စေ့ကြည့် လိုက်ရာ သူ့မျက်နှာနှင့် ခန္ဓာကိုယ်တွင် ဇာတိမာန်တို့ အကြောပြိုင်းပြိုင်းထနေသည်ဟု ထင်လိုက်ရသည်။

"ဆရာကြီးက သမိုင်းနှံ့စပ်ပြီး တိုင်းပြည်နဲ့လူမျိုးအပေါ် ခံစားချက်ရှိမှ ရတယ်"

"ပြောရရင်တော့ သမိုင်းကြောင်း ရှည်ပါတယ်၊ ကျွန်တော့်အဘိုးက မြန်မာမင်း ပါတော်မူတုန်းက ညောင်ရွှေနယ်တစ်ဝိုက် အင်္ဂလိပ်ကို တော်လှန်ခဲ့တဲ့ တော်လှန်ရေးရဲဘော်တစ်ဦးပါပဲ၊ အဖေကလဲ တော်လှန် ရေးမှာ အင်္ဂလိပ်ကို တိုက်တုန်းက ပါခဲ့ပြီး ဂျပန်ကို ပြန်တိုက်တဲ့အချိန်မှာ တိုက်ပွဲမှာ ကျသွားတယ်၊ အမေတစ်ခု သားတစ်ခု ကျန်ခဲ့တဲ့ ကျွန်တော့်ဘဝဟာ စစ်ဗိုလ်စစ်သား မဖြစ်ရပေမယ့် သစ်တောဝန်ထမ်းဘဝနဲ့ မျိုးချစ် စိတ်တော့ အပြည့်ရှိပါတယ်ဗျာ"

"ချင်းတွင်းသားကြီးဖြစ်နေပြီဆိုတော့လဲ ချင်းတွင်းဒေသဖွံ့ဖြိုးတိုးတက်ရေးကို တစ်ဖက်တစ်လမ်းက လုပ်နိုင်ပြီပေါ့"

"အမှန်ကတော့ ဒီအစိုးရလက်ထက်မှာ တိုင်းပြည်တိုးတက်လာတာ ထင်ထင်ရှားရှား မြင်ရတာပဲ၊ လူနေမှု အဆင့် သိပ်နိမ့်တဲ့ ဒီတောရွာဒေသတွေမှာတောင် တီဗီနဲ့ ဗီဒီယိုနဲ့ဗျာ၊ လယ်သမားတွေ ချမ်းသာတဲ့ခေတ်လို့ ပြောရမယ်၊ ချင်းတောင်ဒေသမှာ တောင်ယာခုတ်အမဲလိုက်တဲ့သူတောင် နည်းလာပြီ၊ သွားလေရာ မျိုးချစ်စိတ် ရှိဖို့၊ သစ္စာရှိဖို့၊ အလုပ်လုပ်ဖို့တော့ လူငယ်တွေကို တရားဟောပါတယ်၊ ချင်းတောင်တန်းက တော်လှန်ရေး သူရဲကောင်း ဗိုလ်ထွန်းဇံတို့၊ ဗိုလ်ဒိုးစံ၊ ဗိုလ်ချိန်၊ ဗိုလ်မှတ်ကြီး၊ ကလေးစော်ဘွား ဦးခက်တို့ရဲ့ သွေးတွေ မခြောက် သေးဘူးကွလို့ လူငယ်တွေကို နှိုးဆွပေးနေရတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဒီနေ့ မြန်မာပြည် လွတ်လပ်ရေးကို အကြောင်းရှာပြီး နယ်ချဲ့ သိမ်းပိုက်ချင်နေတဲ့ အင်္ဂလိပ် အလိုတော်ရိနဲ့ အနောက်အုပ်စုက အသံအမျိုးမျိုးပေးပြီး ရန်စနေပြီလေ"

"ဟုတ်တယ် ဆရာကြီး၊ ကျွန်တော် ဒီနေ့ ဆရာကြီးနဲ့ တွေ့



လိုက်ရတာ အသက်ပြန်ငယ်သွားသလို စစ်ပြန်တိုက်ချင်တဲ့စိတ်တွေ ပေါက်လာတယ်၊ ကျွန်တော်တို့ အမှုမဲ့အမှတ်မဲ့နေလို့ မဖြစ်ဘူး၊ အမြဲသတိရှိရမယ်"

"ကဲ ... ကဲ ... စကားလဲ ပြောလို့ကောင်းပါရဲ့၊ ချင်းတွင်းအကြောင်း ပြောချင်တာတွေများပေမယ့် ထမင်းဆာလို့ သွားလိုက်ဦးမယ်ဗျို့"

အငြိမ်းစား သစ်တောဝန်ထမ်းကြီး သူ့အခန်းထဲ ဝင်သွားချိန်တွင် ကျွန်တော် မြစ်ပြင်သို့ ငေးစိုက်ကြည့်ရင်း ကျန်ရစ်သည်။ ချင်းတွင်းမြစ်ပြင်တွင် တစ်ချိန်က တော်လှန်ရေးရဲဘော်တို့၏သွေးတို့ ချင်းချင်းနီခဲ့ပေလိမ့်မည်။ ဓားလေးလက်နက် အမြောက်ဗုံးသံတို့ ခြိမ့်ခြိမ့်ညံခဲ့ပေလိမ့်မည်။ ချင်းတွင်းသားတို့၏ တော်လှန်ရေး ပုံရိပ်များ ချင်းတွင်းမြစ်ရေစီးသရွေ့ စီးဆင်း အသက်ဝင်နေပေလိမ့်မည်ဟု တွေးမိပါသည်။

မြစ်အရှေ့ဘက်ကမ်းကို လှမ်းကြည့်လိုက်သည်။ တစ်ချိန်က အင်္ဂလိပ်လက်အောက်ရောက်စဉ် သူ့ကျွန်မခံလိုသော မော်လိုက်နယ်သား မျိုးချစ်သူရဲကောင်း ဗိုလ်လယ်နှင့် ဗိုလ်တိုးလူတို့ အင်္ဂလိပ်ကိုတိုက်ရန် စခန်းချခဲ့သော ရန်ကင်းတောင်ကြီးကို နေရောင်အောက်တွင် အထင်အရှား မြင်ရသည်။ ချင်းတွင်းမြစ်၏သမိုင်းတွင် ရန်ကင်းတောင်သည် တော်လှန်ရေးပုံရိပ်များ ထင်ကျန်ခဲ့သည်။

"ဦးလေး ... ဟိုအနောက်ဘက်မှာ မြင်ရတဲ့တောင်ကြီးက ကျွန်တော်တို့မော်လိုက်မှာ နာမည်ကြီးတယ်" ဟု လူငယ်လေးတစ်ဦးက ဝင်စကားပြောသည်။

"ငါ့တူက မော်လိုက်ကလား၊ ဘာလူမျိုးလဲ"

"ကျွန်တော် မော်လိုက်သားပါ၊ ရှမ်းလူမျိုးလေ၊ ကျွန်တော်တို့

မော်လိုက်က ရှမ်းမြို့ဗျ၊ ကျွန်တော့်အဖေ ပြောပြတာကတော့ မော်လိုက်ကို ကင်းတပ်ကနေ ၁၉၁၆ ခုနှစ်က အင်္ဂလိပ်တွေရွှေ့တာလို့ ပြောတယ်၊ ရေခဏခဏမြုပ်လို့ ကင်းတပ်ကနေ ရွှေ့တာတဲ့"

"ဒါဆို မော်လိုက် ဆိုတာ ရှမ်းနာမည်လား"

"ဟုတ်ပါတယ်၊ အစက မော်လိုက်မဟုတ်ဘူးတဲ့၊ မော်လိခ်လို့ ပြောတယ်၊ မော်က မြန်မာလို တွင်း၊ လိခ်က သံလို့ အဓိပ္ပာယ်ရတယ်၊ သံတွင်းပေါ့ ဦးလေးရာ၊ ကြာတော့ မော်လိုက်ဖြစ်သွားတာ"

"မော်လိုက်မှာ ထင်ရှားတာ ဘာရှိသလဲ"

"ရှိတယ်လေ၊ ခုနပြောတဲ့တောင်ကြီးပေါ်က လက်ဆေးကန်က နာမည်ကြီးတယ်၊ တောင်ထိပ်မှာ အကျယ် နှစ်မိုင်လောက်ရှိတဲ့ သဘာဝ ရေကန်ကြီးရှိတယ်၊ ထူးတာက အဲဒီကန်ထဲကိုကျတဲ့ အမှိုက်တွေ သစ်ရွက် တွေကို မနက်တစ်ကြိမ်၊ နေ့လယ်တစ်ကြိမ်၊ ညနေတစ်ကြိမ် ငှက်တွေက ရှင်းပေးကြတယ်၊ ကန်ရေက အမြဲ ကြည်စိမ်းနေပြီး သဘာဝ ဥယျာဉ်ကြီးတစ်ခုလို သိပ်ပြီးသာယာအေးချမ်းတာပဲ၊ ကျွန်တော်တောင် တစ်ခေါက်ပဲ ရောက်ဖူးတယ်၊ မော်လိုက်ကနေ မိုင် ၂၀ ကျော်ဝေးတယ်"

"စိတ်ဝင်စားစရာပဲ၊ အချိန်ရရင်တောင် သွားကြည့်ချင်တယ်၊ နောက်ထူးတာ ဘာရှိသေးလဲ"

"ရှိတာပေါ့၊ အခုထိ အင်္ဂလန်နိုင်ငံက အသိအမှတ်ပြုထားတဲ့ ပြန်တမ်းဝင်မြို့မဂေါက်ကွင်းလေ၊ မြန်မာပြည်မှာ သရက်မြို့ဂေါက်ကွင်းပြီးရင် မော်လိုက်ဂေါက်ကွင်းကလဲ ဒုတိယတန်းအဆင့်ဝင်လို့ ပြောကြတယ်၊ ၁၉၁၈ ခုကဆိုတော့ သက်တမ်းကြာရှည်တဲ့ အင်္ဂလိပ် အမွေတစ်ခု ပေါ့"

"ဒါဆို မော်လိုက်က တကယ်ထူးတာပေါ့၊ မော်လိုက်ကို အထင် သေးတဲ့စိတ်တွေ ပျောက်သွားပြီ"



"ဦးလေးက အထင်သေးလို့လား၊ မော်လိုက်က ဒီချင်းတွင်းမှာ အလှဆုံး ဆိပ်ကမ်းမြို့လို့ နာမည်ကြီး တယ်နော်၊ 'ချင်းတွင်းအလှ မော်လိုက်က' လို့ စာဆိုတောင် ရှိသေးတယ်၊ နောက်ထူးတာကတော့ မော်လိုက်မှာ လွန်ခဲ့တဲ့ ၁၆ နှစ်က နိုင်ငံတော်ပိုင် သစ်ဆွဲဆင်ကြီးကနေ ဆင်ဖြူတော်နှစ်ကောင် အမွှာပေါက်ခဲ့ဖူးတယ်၊ ဟိုးလေး တကျော်ပေါ့၊ ဆင်ဖြူတော်ရတဲ့မြို့အနေနဲ့ ဂုဏ်ယူစရာ ပြောပြတာနော်"

"ဟ ... ကိုယ့်တူက တကယ့်လူတော်တစ်ယောက်ပဲ၊ တော် ကော့ကို နှုံးစပ်ပါလား၊ ဝမ်းသာတယ်၊ ဝမ်းသာတယ်၊ ဘွဲ့ရပြီးပြီလား"

"ဟုတ်ကဲ့၊ ကျွန်တော် ရူပဗေဒနဲ့ ဘွဲ့ရခဲ့တယ်၊ ကျွန်တော်တို့ မြို့မှာ ဘွဲ့ရသူ ၁၈၀ လောက်ရှိတယ်၊ ဦးလေးလို စစ်ဗိုလ်တွေလဲထွက် တယ်၊ ကျွန်တော်က သစ်တောဘွဲ့လိုချင်တာ အမှတ်မမီဘူး၊ ကျွန်တော်တို့ မော်လိုက်က မြို့နယ်ဧရိယာအကျယ် ဧကရှစ်သောင်း ခုနစ်ထောင်ကျော်မှာ ရှစ်သောင်းနီးပါးက သစ်တောဧရိယာ ဖုံးလွှမ်းနေ တယ်လေ၊ မြို့နယ်ရဲ့ ၉၁ ရာခိုင်နှုန်း ဆိုပါတော့၊ ဒါကြောင့် ဇာတိမြေမှာ အလုပ်လုပ်နိုင်တဲ့ အခွင့်အရေး ရအောင် သစ်တောကျောင်းတက်ချင် တာပါ"

"တတ်ထားတဲ့ပညာကို အကျိုးရှိအောင် အသုံးချပေါ့ ငါ့တူရယ်၊ ကွန်ပျူတာသင်တန်းတက်၊ အင်္ဂလိပ် စကားပြောသင်တန်းတက်၊ တစ်ဖက်တစ်လမ်းက ကိုယ့်မြို့ကိုယ့်ရွာ အကျိုးပြုနိုင်အောင် ကြိုးစားရင် ရပါတယ်"

"ဟုတ်ကဲ့၊ ကြိုးစားပါ့မယ်၊ ကျွန်တော်တို့ မော်လိုက်နယ်မှာ ရေနံထွက်တာရော ဦးလေးသိလား"

"ကြားဖူးတယ်၊ ဘယ်နားမှာလဲ"

"မော်လိုက်ကနေ အရှေ့ဘက် ၂၂ မိုင်အကွာ လောသာ

ကျေးရွာအုပ်စု အင်းတော်ဒေသမှာပါ၊ အင်္ဂလိပ် အုပ်စိုးတဲ့အချိန်ကတည်းက ရေနံ ၇၅ တွင်းတူးတာ ၄၈ တွင်း အောင်တယ်လို့ သိရတယ်၊ တစ်နှစ်ကို ရေနံစည် ၁.၇၃ သန်းနဲ့ နှစ် ၃၀ ကျော် အင်္ဂလိပ်တွေ ထုတ်ယူသွားကြတယ်၊ ဒုတိယကမ္ဘာစစ်ဖြစ်မှ တွင်းတွေကို ဘိလပ်မြေလောင်းပြီး ပိတ်သွားတယ်လို့ သိရတယ်၊ ခုတော့ ခြောက်တွင်းကို ပြန်တူးဖော်နေတယ်လို့ ပြောတယ်၊ တစ်နှစ်ကို ရေနံစိမ်း ဂါလန် လေးသောင်းကျော်၊ ရေနံဖြူ တစ်သောင်းခြောက်ထောင်ကျော်၊ ရေနံဝါ တစ်သောင်းသုံးထောင်ကျော်၊ ရေနံချေးနှစ်ထောင်ကျော် ထွက်နေတယ်”

“တော်တော်သိပါလား၊ ငါ့တူတို့ မော်လိုက်က နိုင်ငံတော်ရဲ့ ရတနာ အရင်းအမြစ်တွေ အများကြီးရှိတာပဲ၊ လူ့အရင်းအမြစ်တွေ တိုးတက်ဖို့ ကြိုးစားကြရမယ်”

“ရေအရင်းအမြစ်က အရေးကြီးတာ ဦးလေးရဲ့၊ ကျွန်တော်တို့ မော်လိုက်က ရေလမ်းတစ်ခုတည်း အားကိုး သွားရတော့ ဘယ်လိုမှ မတိုးတက်နိုင်ဘူး၊ နွေကျရင် ဦးလေးလာကြည့်ပါလား၊ ရေပြင်မှာ လမ်းလျှောက်လို့ရတယ်၊ သေရေးရှင်ရေး စက်လှေလေးနဲ့ပဲ ပြေးကြရတဲ့ ဘဝက လွတ်မြောက်ချင်ပြီ ဦးလေး”

လူငယ်လေးကို သနားသွားသည်။ နွေရာသီတွင် မော်လိုက်တစ်ဖက်ကမ်းမှ မုံရွာသို့ ကားလမ်း ရှိသော်လည်း အဆင်မပြေလှပါ။ မော်လိုက်သားတို့ လုံ့လဝီရိယသည် ချင်းတွင်းမြစ်ကို အမှီပြုနေသည်။ ဇာတိအားမာန်တွေ အပြည့်အဝရှိသော မော်လိုက်သားတို့နှင့် ဆုံဆည်းခဲ့ရခြင်းသည် ဆင်းရဲတွင်းနက်သည်ဟု မော်လိုက် အပေါ် ထင်မြင်မိသော အတွေးအမြင်များ ပျောက်ဆုံးသွားစေပါတော့သည်။



# သလ္လာဝတီမှ ပဲ့တင်သံ

“မြစ်ရတုလျှင်၊ ပျော်မှုသာလွန်၊ မာဃဆန်းက၊ ကိုင်းကျွန်းနုသံစ်၊ ပုရစ်မထ၊ မြမလွန်သေး၊ ရွှေရည် ပြေးလျက်၊ စဲကွေးသီတာ၊ သို့သောခါမူ၊ လဲဝါပွင့်ရွှေ၊ စန်းသည်လေနှင့်၊ ဆောင်းနွေရောယှက်၊ ဖျန်းကာပက်တည်၊ ကျေးငှက်တွန်ကျူး၊ ဖော်ပြိုင်မြူးက၊ ငုံဖူးပင်တိုင်း၊ မြစ်ကိုင်းကမ်းနား၊ စုံတောပြားဝယ်၊ နဂါးသစ်ဆင်၊ ပျဉ်ပင်အနန်း၊ လှူတို့သော်ကား၊ သနားဖွယ်ပေ၊ ကြာနယ်ခွေလိမ့်၊ ဝေသည်ချစ်သက်၊ ပိုက်နွှဲလျက်လျှင်၊ စုံမက် မကျွန်၊ မှာသောဟန်ကို၊ လျှောက်ပြန်ခယ၊ ဆန် (စုန်) ခဲ့ရသည်၊ တ,လည်း တ,ရစ်ဖွယ်တကား”

ရှေးခေတ်စာဆိုတော် နဝဒေးကြီးသည် တစ်ခုသော ဆောင်းအကုန် နွေအကူးကာလ မြစ်ကြောင်းအတွင်း ခရီးနှင်ခဲ့စဉ်က သူမြင်တွေ့ ကြုံဆုံခဲ့ရသော သဘာဝအလှ၊ ဓလေ့ရာသီ၊ မြစ်ကမ်းတစ်လျှောက်ရှိ သစ်ပင်၊ တောတောင်၊ တောကောင်တို့၏ မြစ်ကွင်းကို

ခံစားရင်း သူ့ချစ်သူသက်လျာ၏ မှာတော်ပုံကို တမ်းတပုံ ရေလား ရတုသည် မြစ်ပြင်တွင် အသက်ဝင်လှပါသည်။ နဝဒေးကြီးက မြစ်ကြောင်းဆန်တက်စဉ်က ရေးသောရတုကိုကျွန်တော်က "စုန်" ခဲ့ရသည်ဟု ချင်းတွင်းရေစုန်နှင့်အတူ ထပ်တူခံစားလိုက်ခြင်း ဖြစ်ပါသည်။

ချင်းတွင်းမြို့တော် မုံရွာမြို့ကအမြင်

မော်လိုက်မှ အစုန်ခရီးတွင် အငြိမ်းစားဝန်ထမ်းတစ်ဦးထံမှ အားအင်သစ်များ ရရှိသလို မြစ်ပြင်နှင့် ကမ်းနားတစ်လျှောက်တွင် တွေ့ရသော သဘာဝအလှနှင့် ကျေးရွာဒေသ ဖွံ့ဖြိုးမှု၊ လူ့ဘဝ ရုန်းကန်လှုပ်ရှားမှု များသည် စိတ်ရွှင်လန်း အားတက်ဖွယ်ရာ ဖြစ်ပါသည်။

ဟုမ္မလင်း ဆန်တက်စဉ်က တွေ့ခဲ့ရသော မြစ်အရှေ့ဘက်ကမ်းမှ မစိန်ရွာ သောင်ပြင်ကြီးပေါ်တွင် ရွှေကျင်နေသူတို့ ထောင်သောင်းချီ၍ လုပ်ကိုင်နေကြသည်မှာ မြန်မာ့ရေ၊ မြန်မာ့မြေသည်



ရတနာများ ကိန်းအောင်းရာ သိုက်နန်းကြီးများ တည်ရှိနေကြောင်း သက်သေပြဆိုနေလေသည်။ ရေယာဉ်ပေါ်မှ မြင်တွေ့ရသော စက်လှေ၊ မော်တော်နှင့် လူအင်အားသည် ချင်းတွင်းရေပြင်နှင့် မြေပြင်ပေါ်တွင် ခြေချစရာနေရာ မရှိအောင် စည်ကားနေသည်ဟု တင်စားလိုပါသည်။

မစိန်ရွာမြင်ကွင်းကို ကျော်ဖြတ်ပြီး လောင်းဂရိတ် ဝဲကျောက်တောင်ကွေ့ကို ဖြတ်သည်။ ရေဆန်တွင် ရောက်နိုင်ခဲလှသည်ဟု စိတ်ပင်ပန်းသလောက် ရေစုန်တွင် ချင်းတွင်းမြစ်၏ လှည့်စားမှုကို စိုးရိမ်ရပြန်သည်။ အစုန်တွင် သောင်တင်လျှင် သောင်မှပြန်ကျရန် ပို၍ခက်ခဲသလို ကျောက်တောင်ကွေ့များတွင် ရေစုန်အားနှင့် မျှောပြီး တိုက်နိုင်သည်ဟု သိရပြန်သည်။ လောင်းဂရိတ်ကိုဖြတ်ပြီး တစ်နာရီခရီးတွင် မဟာမြိုင်တောင်တန်းကို မြင်ရလေသည်။ ရေယာဉ်၏ အလျင်နှင့် တောင်တန်းမှာ ပို၍နီးကပ်လာရာ ကလေးဝမြို့နှင့် နီးပြီဖြစ်ကြောင်း ခန့်မှန်းနိုင်လေသည်။

ကလေးဝသို့ ဝင်ရောက်ချိန်တွင် ညနေ ၆ နာရီ ထိုးပေပြီ။ ဆန်တက်စဉ်က ကလေးဝမှ မော်လိုက်သို့ တစ်ရက်ခရီးခန့် သွားခဲ့ရသည်။ သောင်များ ရှန်းခဲ့ရသည်။ ကလေးဝနှင့် မော်လိုက်အကြား နာမည်ကြီး ကြာအင်းရွာအနီး သောင်ပြင်ကြီးကို ခက်ခဲစွာ ကျော်ဖြတ်လွတ်မြောက်လာ၍ ခြောက်နာရီခရီးသာ ကြာခြင်းဖြစ်သည်။ ကလေးဝအဝင်တွင် မြစ်အရှေ့ဘက်ကမ်း၌ မုံရွာသို့သွားကြမည့်ကားများ သဲသောင်ပေါ်၌ ရှန်းတက်နေကြောင်း တွေ့ရသည်။ အရှေ့ဘက်ကမ်းတွင် အိမ်ခြေအနည်းငယ်ရှိသည်။ ကိုင်းရွာဟုဆိုသည်။

"ဘာအဓိပ္ပာယ်နဲ့ ကိုင်းရွာလို့ ခေါ်တာလဲ" ဟု ရေယာဉ် ဝန်ထမ်းတစ်ဦးကို မေးရာ မသိကြောင်း ပြောသည်။ သို့သော်

အမှတ်မထင် ချင်းတွင်းမြစ်ပြင်တစ်လျှောက် အမည်တစ်လုံးတည်းရှိသော ကိုင်းကဲ့သို့ရွာ ၁၄ ရွာရှိကြောင်း သိလိုက်ရသည်။

"ကိုင်းရွာ နှစ်ရွာရှိတယ်၊ တစ်ရွာက ကနီမြို့အောက်ဘက်မှာရှိတယ်၊ ချင်းတွင်းမှာ ကိုင်းနှစ်ရွာ၊ ကင်းနှစ်ရွာရှိတယ်၊ ကင်းက သင်တောရွာ အထက်နဲ့ အောက်မှာ နှစ်ရွာရှိတယ်၊ ကနီမြို့နယ်မှာ ပါတယ်"

"နောက်ရွာတွေကကော"

"ဒီကလေးဝနားမှာပဲ၊ ပေရွာ၊ ကြွေရွာနဲ့ အူရွာရှိတယ်၊ နောက် မင်းကင်းအထက်နားမှာ ကံရွာ၊ ဝဲသိုက်ဝဲ နားမှာ ယားရွာနဲ့ တုံရွာ၊ ကနီမြို့နယ်ထဲမှာ ချိုင်ရွာနဲ့ သင်တောနားက ယင်းရွာ၊ နောက်ပြီး မြေခြားရွာနားမှာ ဘိုင်ရွာနဲ့ ဘင်ရွာ ရှိသေးတယ်"

"ဒါဆို စုစုပေါင်း ၁၄ ရွာပေါ့"

"ဟုတ်တယ်၊ ကျွန်တော်တို့ နှစ်ပေါင်းများစွာ ချင်းတွင်းရေပြင်မှာ သွားနေလို့ သိရတာကတော့ အဲဒီ ၁၄ ရွာပဲသိတယ်" ဟု ရေယာဉ်မှူးကြီးက ဆိုသည်။

ရေမြေဒေသ ကွဲပြား၍ ရှေးလူများက အဓိပ္ပာယ်သင့်သလို ပေး၍ မှည့်ခေါ်ခဲ့ကြသော်လည်း မှတ်မှတ် သားသား သတိထားတတ်သောသူတို့က ဗဟုသုတ ကြွယ်ဝ၍ ကိုယ့်ရပ်ကိုယ့်ရွာ၏ ထူးခြားမှုကို မှတ်တမ်းတင် တတ်ကြသည်။

လူဆိုသည်မှာ ကိုယ့်သမိုင်း ကိုယ်ရေးကြသည်။ ကိုယ်ရေးသော သမိုင်းတွင် "နာမည်" က အရေးကြီးသည်။ ကျားသေလျှင် သားရေကျန်ရသည်၊ ဆင်သေလျှင် အစွယ်ကျန်ရသည်၊ လူသေလျှင် နာမည် ကျန်ရမည်ဟု ပညာရှိ ဆရာတစ်ဦးက ဆုံးမဖူးသည်။ ထိုနာမည်သည် ကိုယ့်ဘဝသမိုင်း၌ အမှတ်ထင်ထင် အတုယူလောက်ဖွယ်ရာ၊ ဂုဏ်ယူဖွယ်ရာ



မြတ်မြတ်နိုးနိုး တန်ဖိုးရှိသောအမည်သာ ဖြစ်သင့်သည်။

ကမ္ဘာပေါ်၌ လမ်း၊ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ တိုင်းပြည် အမည်များကို အမည်ပေး မှည့်ခေါ်ခဲ့ကြရာ ထင်ရှားသော သမိုင်းဝင်ပုဂ္ဂိုလ်နှင့် အထင်ကရ အမည်ရှိသော တောတောင်သစ်ပင်၊ တိရစ္ဆာန်တို့၏ အမည်များကို ထင်စားမှည့်ခေါ်ခဲ့ကြသည်။ ထိုသို့သော နာမည်ဖြစ်ပေါ်လာရခြင်းသမိုင်းနှင့် နာမည်၏ အနှစ်သာရကို ဖော်ထုတ် သိစွမ်းနိုင်သော အရည်အချင်းမျိုး မိမိမှာရှိမည်ဆိုပါလျှင် ထိုသူသည် အမည်တစ်ခု မှတ်တိုင်စိုက်ထူနိုင်လိမ့်မည်၊ လေ့လာမှတ်သားတတ်သော စွမ်းပကားရှင်အဖြစ် အသိအမှတ်ပြုခြင်း ခံရပေလိမ့်မည်ဟု တွေးရင်းဘာပဲ လုပ်လုပ်၊ ဘယ်ရောက်ရောက် အမှုမဲ့ အမှတ်မဲ့ မနေသင့်သော သဘာဝကို ချင်းတွင်းခရီးက သင်ခန်းစာ ပေးလိုက် ပါသေးသည်။ မေးမြန်းရာ၏၊ စုံစမ်းရာ၏၊ ကြားနာရာ၏တို့ ပါဝင်သော ရှေးပညာရှိကဝိတို့၏ သု၊ စိ၊ ပု၊ ဘာ၊ ဝိ၊ လိ၊ သု၊ ဓာ ဆိုသော လူတို့ကျင့်ကြံလိုက်နာအပ်သောတရားသည် အမှန်ပင် တန်ဖိုးရှိလှပေသည်။

ကလေးဝ ဆိုက်ကပ်ချိန်တွင် ညမှောင်နေပြီ။ မြို့စွန်မြစ်ကမ်းမှ ရွှေမုဋ္ဌောဘုရားတောင်ပေါ်၌ ဘုရားမီးများ ထိန်ထိန်လင်းနေသည်။ တင့်တယ်သပ္ပာယ်လှသော ရွှေမုဋ္ဌောဘုရားကြီးသည် ညအမှောင်တွင် ရွှေရောင်ဝင်းလျက် ချင်းတွင်းမြစ်တစ်ဝန်းကို စိတ်အေးချမ်းသာမှုနိမိတ်များ ဖော်ထုတ်ပေးနေသည်ဟု ထင်ရသည်။ ချင်းတွင်းမြစ်ကမ်းတစ်လျှောက် ဖူးတွေ့ခဲ့ရသော ဘုရားစေတီ ရုပ်ပွားတော်များအနက် ရှေးမင်းများလက်ထက် ကတည်းက သမိုင်းသက်သေ အထင်ကရနှင့် ထူးခြားထင်ရှားသောဘုရားမှာလည်း ရွှေမုဋ္ဌောဘုရားဖြစ်သည်။

ရွှေမုဋ္ဌောဘုရားသည် ချင်းတွင်းမြစ်ရေတိုက်စားရာ မြစ်ကမ်းနဖူး၌ တည်ရှိနေလေရာ ခေတ်အဆက်ဆက်က တည်တံ့ အောင်

သိန်းသိမ်းခဲ့သော သမိုင်းဝင်ဘုရားကို ပစ္စုပ္ပန်နှင့် နောင်းလူတို့ သမိုင်းဦးတာဝန် ကျေပွန်ကြရန် သတိထားရပေမည်။ ဗုဒ္ဓအမွေကား သာသနာ ရောင်ဝါထွန်းစေရေးနှင့် လူမျိုးမပျောက်ပျက်စေ ရေးအတွက် သိန်းသိမ်းစောင့်ရှောက်ရမည့် ဗုဒ္ဓလောကသားတို့၏ အဓိကတာဝန် ဖြစ်ပေသည်။

ရွှေမုဋ္ဌောဘုရားကြီးကို သင်္ဘောပေါ်မှ ဦးခိုက်ကန်တော့စဉ် ဥသြဆွဲသံ ကြားရသည်။ ကလေးဝ၌ တစ်နာရီခန့် ကြာသွားသည်။ ရာသီဥတု အေးလာ၍ ကုန်းပေါ်သို့ မဆင်းဘဲ ကလေးဝ ညရှုခင်းကို ခံစားနေမိ၏။ ကလေးဝသည်လည်း ကျောက်မီးသွေး ရတနာသိုက်ရှိ ၍လားမသိ။ ပူလျှင် နေ၍မရအောင်ပူပြီး အေးလျှင်လည်း ညအိပ်မရ အောင် အေးသည်ဟု ဆိုကြသည်။ အပူလွန်၊ အအေးလွန်သော ချင်းတွင်းကမ်းဘေး မြို့ကလေးသည် တောင်များကာရံထားခြင်း သဘာဝ အဆီးအတားကလည်း ထူးခြားနေသည်။

ထို့ကြောင့် ချင်းတွင်းမြစ် လမ်းခရီးတစ်လျှောက် လူဝင်ထွက်မှု အများဆုံး နယ်စပ်စီးပွားရေးတံခါးပေါက် ကြီးအဖြစ် ထင်ရှားစွာ တွေ့ရပြီး ချင်းပြည်နယ်၏ တံခါးပေါက်အဖြစ်လည်း သိမြင်ခဲ့ရသည်။ ကလေးဝ ဆိပ်ကမ်းတွင် ခရီးသည် ၁၀၀ ကျော်ခန့်တက်သည်ဟု သိရသည်။ အများစုမှာ တပ်မတော်သားများဖြစ်သည်။ ကားလမ်း၊ ရေလမ်းဆုံရာ အပေါက်ဝဖြစ်သော်လည်း ရေယာဉ်ကို လက်လွှတ်၍ မရသေးကြောင်း ရေယာဉ်စီး ခရီးသည်အင်အားက ပြဆိုနေသည်။

ရေယာဉ်ကြီး ကလေးဝမှ ည ၇ နာရီတွင် ဆက်ထွက်သည်။ တောင်ကို မြူသိုင်း၊ မြူကို တောင်ဝိုင်းသော ပတ်ဝန်းကျင်မြင်ကွင်းများ လွှမ်းမိုးရာ "ကာလေးကာ၊ ဝလေးဝ" ဟုဆိုသော ကလေးဝမြို့လေးကို ရွှေသမင်တောင် ကျော်ဖြတ်ချိန်တွင် မြင်ကွင်းမှ ထားရစ်ခဲ့ရပါသည်။



ရေယာဉ်မီးမောင်းများထိုးရာ ရှေ့မြင်ကွင်းတွင် တောင်ခိုး တောင်ငွေ့၊ ရေခိုးရေငွေ့များ တဖြည်းဖြည်း ထူထပ်လာသည်။ ပေဘုရားငယ်လေး ရှိရာ ပေဝဲကို ကျော်ဖြတ်သွားသည်။ ရေမြွေကျောက်တန်း၊ ဖရုံကာကျောက်တန်းများကို ကျော်ဖြတ်ပြီးချိန်တွင် ရှေ့မြင်ကွင်းကို မီးဆလိုက်က ထိုးဖောက်နိုင်စွမ်း မရှိတော့ပေ။ မြစ်ကမ်းကို မီးထိုး၍ မမြင်လျှင် ရေယာဉ်မောင်းရန် မသင့်ပေ။ ကလေးဝမှအထွက် တစ်နာရီ ကျော်ခရီးသာ ရှိသေး၏။ ရေယာဉ်ကြီးသည် ချင်းတွင်းမြစ်ပြင်တွင် ကျောက်ချ ရပ်နားကာ ညအိပ်လိုက်ရလေတော့သည်။ ရေယာဉ်ရပ် နားထားရာ ဘယ်ညာမြင်ကွင်းကို ဘာမှမမြင်တွေ့ရ သော်လည်း တစ်ခါတစ်ရံ ခွေးဟောင်သံ၊ ချေဟောက်သံ၊ ဆူးဆူးရှုရှု ပုရစ်အော်သံနှင့် ရေထဲမှ ငါးပွက်သံတို့သည် တောတောင်၏ သဘာဝအဖြစ် ကြားခဲ့ ရပါသည်။

ဒီဇင်ဘာလ ၂၁ ရက်နေ့ နံနက် ၈ နာရီတွင် နှင်းစကွဲသည်။ မြစ်ကမ်းတစ်ဖက်ကို မြင်ရလျှင် သင်္ဘော မောင်း၍ရသည်။ မြစ်ပြင်မှ ရုတ်တရက် ပေါ်လာမည့် လှေသမ္ဗာန်များ၊ သင်္ဘောများ သိနိုင်ရန် မကြာခဏ ဥသြဆွဲ အချက်ပေးသံ ကြားရသည်။ ၁၁ နာရီတွင် ဥယျာဉ် မရွာ၌ကပ်သည်။ ခရီးသည်တို့ နံနက်စာ ဝယ်ကြသည်။ ကုန်သည်တို့ မီးသွေးအိတ်များ တင်ကြသည်။ ဥယျာဉ်မ မီးသွေး နာမည်ကြီးသည်။ မွန်းတည့် ၁၂ နာရီတွင် မင်းကင်းမြို့ ဆိပ်ကမ်းကပ်သည်။ မင်းကင်းတွင် အသွားတုန်းကထက် အပြန်ခရီးတွင် ခရီးသည်အတက်များသည်။ မင်းကင်းမှ အခြားသွားစရာ ကုန်းလမ်းခရီး မရှိပါ။ မင်းကင်းသားတို့ သင်္ဘောတစ်ခုသာ အားကိုးစီးရသည်။ သင်္ဘောပေါ်၌ နေရာရရှိရေး တိုးဝှေ့လုယက်နေသော မြင်ကွင်းသည်လည်း ချင်းတွင်းသားတို့၏ ဘဝတစ်စိတ် တစ်ဒေသဖြစ်ပါသည်။

စျေးသည်တို့ သင်္ဘောပေါ် အတင်းလုယက်ပြီး တက်ရောင်းရာ သင်္ဘောစောင့်ရဲက ဟန့်တားမောင်းချနေ ရသည်။ ရေယာဉ်အတက် အဆင်းတွင် စျေးသည်များကြောင့် ခရီးသည်တို့ ပိတ်ဆို့ကုန်သည်။ မင်းကင်း ထမင်းဟင်း ငါးပုစွန်တို့သည် အချိန်ကောင်းရောက်၍ ပြောင်သလင်းခါအောင် ရောင်းရသည်။ မင်းကင်းစျေးသည်တို့ သင်္ဘောအချိန်ကောင်း မဝင်လျှင် ထိုနေ့အဖို့ အရှုံးပေါ်တတ်သည်။

"ရေယာဉ်မှူးကြီး ... နောက်တစ်ခါ အခုလိုအချိန်ပဲ ဝင်လာခဲ့နော်" ဟု စျေးသည် အမျိုးသမီးငယ် တစ်ဦးက ဆိပ်ကမ်းမှ လှမ်းအော်ပြောနေသည်။

သင်္ဘောထွက်ကာနီး လူနှစ်ယောက် ငါးကြီးတစ်ကောင်ထမ်းပြီး သင်္ဘောပေါ် တက်လာသည်။ အချိန် ၁၀ ပိဿာခန့်ရှိသော ငါးထွေကြီးဖြစ်၏။ တစ်ကောင်ကို ၂၅၀၀ ကျပ်နှင့် သင်္ဘောသားတို့ ပုတ်ပြတ်ဝယ်လိုက်ကြသည်။ ချင်းတွင်းမြစ်ပြင်တွင် ကြီးမားသောငါးကြီးများရှိပြီး ငါးပုစွန်များ စျေးသက်သာကြောင်း သိရ၏။ အထက်ချင်းတွင်း၌ ငါးရှားသော်လည်း အောက်ချင်းတွင်း၌ ငါးပေါသည်ဟုဆိုရာ "တံငါနားနီးတံငါ၊ မုဆိုးနားနီး မုဆိုး" ဆိုသောစကား မှန်ကန်ကြောင်း တွေ့ရလေသည်။

မင်းကင်း၌ မိနစ် ၂၀ ခန့် ရပ်နားပြီး ဆက်ထွက်ခဲ့၏။ အဆန်တုန်းက မော်လိုက်မရောက်မီ တွေ့ခဲ့ရသော ဝါးဖောင်ကြီး မင်းကင်းအလွန် မြစ်ကမ်းဘေးမှ စုန်နေသည်ကို တွေ့ရပြန်သည်။ နောက် ၁၀ ရက်ဆို ယခုထက် ရေပါးပြီ။ ရေရှိတုန်း စုန်ဆင်းကြသည်။ မင်းကင်းရွှေစကား မြတ်စွာဘုရား သမိုင်းရာဇဝင်ကို ပြောပြသော ရေကြောင်းလမ်းပြ ကိုဝင်းထွေးကို နှုတ်ဆက်ခဲ့သည်။

"ကျွန်တော်တို့ မင်းကင်းမြို့မှာ ရှေးဟောင်းဘုရားစေတီတွေ



အများကြီးရှိတယ်၊ ဖော်ထုတ်တင်ပြနိုင်ရင် မင်းကင်းမြို့လေးကို စိတ်ဝင် စားသွားမယ်၊ မင်းကင်းက ရှေးရှေးကတည်းကမြို့ဗျ၊ ရွာမဟုတ်ဘူး" ဟု ဆိုသူ မင်းကင်းသားတစ်ဦး၏ သူ့မြို့သူ့ရွာ တိုးတက်စေလိုသော ဆန္ဒနှင့် ဇာတိဂုဏ်အင်ကို ကိုယ်ချင်းစာမိသည်။

ညနေ ၆ နာရီတွင် လက်ပန်စုရွာသို့ကပ်သည်။ ရေယာဉ်မကပ်မီကတည်းက ထုံးစံအတိုင်းပင် စျေးလှေများ အတင်းဝင်ကပ်နေကြပြီ။ လှေပေါ်မှ ခုန်တက်ကာ သူ့ထက်ငါဦးအောင် လုယက်ရောင်းချနေကြ ပုံမှာ လွမ်းရေးထက် ဝမ်းရေးခက်သည် ဆိုသောစကား မှန်လှ၏။ သင်္ဘောပေါ်မှကျပြီး အန္တရာယ်ဖြစ်မှာ မပူ။ ရေထဲကျပြီး သေမှာမပူ။ မိသားစုနှောင်ရေးထက် လောလောဆယ် ထမင်းရောင်းရရေးက အဓိကဖြစ်သည်။ လက်ပန်စုသို့ ဆိုက်ကပ်ချိန်သည်လည်း ညနေစာထမင်းစားချိန်မို့ စျေးသည်များ ထိပေါက်ကိန်း ကြုံကြပြန်သည်။

ရေယာဉ် ကမ်းမှခွာသည်အထိ ရောင်း၍ကောင်းတုန်း။ သင်္ဘောသားတို့ အတင်းမောင်းချမှ တချို့ ပြန်ဆင်းကြသည်။ အမျိုးသမီးတစ်ဦး ငါးမိနစ်ခန့်ခရီးအထိ သင်္ဘောပေါ်ပါလာပြီး ရေထဲခုန်ဆင်းသွားရာ ခရီးသည်တို့ဟာခနဲ ဟင်ခနဲဖြစ်ကာ ကျန်ခဲ့သည်။ မျက်စိတစ်ဆုံး ရေထဲခုန်ဆင်းသွားသော စျေးသည်ကို စိုးရိမ်စိတ်ဖြင့် ကြည့်နေရာ လှူပါလျှင် ဆယ်ယူရန် အသင့်စောင့်နေသော လှေတစ်စီးပေါ် တက်သွားသည်ကို တွေ့ရလေသည်။ ထိုလှေသည်လည်း သူ့တွက်ကိန်းနဲ့သူ ကူးတို့ခ ရပေလိမ့်မည်။

လက်ပန်စုရွာမှ တစ်နာရီခရီးအရောက် သင်္ဘော သောင်နှင့်ငြိပြန်သည်။ မိုးကြိုးမဲဒင်ရွာသောင်ပြင်ဟု ရေနည်းချိန်တွင် နာမည်ကြီးသည်။ အသွားအပြန်ရေယာဉ်တို့ ဒီသောင်က လွတ်ပါ့မလားဟု စိုးရိမ်ရသောနေရာ ဖြစ်ပါသည်။ အရှေ့ဘက်ကမ်းသောင်ပြင်တွင်

ရွှေကျင်နေသူ လူစုလူဝေးများကိုတွေ့ရသည်။ သောင်ရှိလျှင် ရွှေကျင်၍ ရသောချင်းတွင်းဟု ဆိုရမည်။ ရေယာဉ်မှူးသည် ကျွမ်းကျင်စွာပင် နောက်ဆုတ်ထွက်ရာ သောင်မှ လွတ်သွားသည်။ သောင်မှလွတ်ချိန်တွင် နေရောင်ပျောက်၍ အမှောင်သို့ရောက်ပေပြီ။ ကံကောင်းသည်ဟု ဆိုရမည်။ ညအချိန် သောင်တင်လျှင် မမြင်မကမ်းနှင့် ရုန်းရခက်မည်။

"တော်သေးတာပေါ့ဗျာ ... တော်ကြာ ဒီသောင်ယံက မခွာရက်နိုင်ဖြစ်ရင် ဒုက္ခပဲ" ဟု ခရီးဖော်တစ်ဦးက ရယ်သွမ်းသွေးကာ စိုးရိမ်စကားဆိုသည်။

ညအမှောင်သည် နက်ရှိုင်းလာပြီ။ ကြယ်ရောင်တို့ကောင်းကင်တွင် လင်းလက်နေသော်လည်း လရောင် ပျောက်နေသည်။ "ခုံးမျက်စ၊ ၁၃ ရက်လ" ဟု ဝင်စားသော မိန်းမတစ်ဦး၏ မျက်ခုံးအလှသည် ကောင်းကင်တွင် မြင်နေရသော လကွေးကွေးသဏ္ဍာန် ဖြစ်ပေလိမ့်မည်။ မင်းကင်းမှအတက်ဝယ် ဤအချိန်ဆိုလျှင် မြူနှင်းတို့ ပိတ်ဆို့ကာ မောင်းနှင်ရန် ခက်ခဲသော်လည်း အောက်ပိုင်းရောက်လေ အအေးဓာတ်လျော့လေ၊ နှင်းထုနည်းလေ မြင်တွေ့လာရသည်။ တောတောင်ထူထပ်မှု သဘာဝ၏ ပြောင်းလဲမှုတစ်ရပ် ဖြစ်ပါသည်။

ကနီမြို့ ဆိပ်ကမ်းသည် ညအမှောင်တွင် ကမ်းနားဈေးတန်းလေးသာ လူစည်နေ၏။ သင်္ဘောထွက်သွားပါက လူခြေတိတ်တော့မည်။ ၁၀ မိနစ်သာကပ်ခဲ့သည်။ မြစ်ကမ်းတောင်ကုန်းစေတီလေး မမြင်ရတော့ပါ။

အထက်တန်းခန်းမှ ခရီးသည်တစ်ဦး ရေဒီယိုငယ်ကလေးဖြင့် ည ၈ နာရီသတင်း နားထောင်နေသည်ကို တွေ့ရသည်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီးခင်ညွန့် မန္တလေးမြို့ အထက်တန်းကျောင်းတစ်



ကျောင်းတွင် ကွန်ပျူတာ တပ်ဆင်ခြင်းနှင့် မာလ်တီ မီဒီယာခန်းမ ဖွင့်ပွဲအခမ်းအနား တက်ရောက်ကြောင်းသတင်း၊ အတွင်းရေးမှူး (၂) ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး ရေလှောင်တမံ ဖွင့်ပွဲအခမ်းအနားတစ်ခုသို့ တက်ရောက်ခြင်းသတင်းများ ကြားရသည်။

ချင်းတွင်းခရီးစဉ်တစ်လျှောက် တီဗီမကြည့်ဖြစ်ခဲ့။ ရေယာဉ်ပေါ်တွင် ရေဒီယိုဖမ်းရက် ခက်သဖြင့် နားမထောင်ဖြစ်ခဲ့။ တိုင်းပြည်နှင့် အဆက်အသွယ်ပြတ်ပြီး ချင်းတွင်း၏ ဝါးမျိုဖမ်းစားမှုကို ခံနေရသည်မှာ ကိုးရက် ရှိပြီ။

တိုင်းပြည်တိုးတက် ဖွံ့ဖြိုးစည်ပင်ရေးအတွက် တပ်မတော်အစိုးရလက်ထက် နေ့မအား ညမနား ဆောင်ရွက်နေကြပုံမှာ ချီးကျူးဂုဏ်ယူဖွယ်တစ်ရပ်ဖြစ်သည်။ ဆယ်နှစ်ကျော်ကာလအတွင်း ရုပ်ပိုင်းဆိုင်ရာ ပြောင်းလဲတိုးတက်မှုကြီးများမှာ ပြည်သူလူထု မျက်မြင်ကိုယ်တွေ့ပင်ဖြစ်သည်။ လမ်းတံတားကြီးများ၊ အဆောက်အအုံများ၊ ဆည်မြောင်းများ၊ ပို့ဆောင်သွားလာရေးယာဉ်များ အချိန်နှင့်အမျှ ဒီရေအလား တရိပ်ရိပ် တိုးတက် နေသည်။

လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနည်းလမ်းများတီထွင်၍ တိုင်းပြည်တိုးတက်ရေး၊ အနာဂတ်၏ ခေါင်းဆောင်ကောင်းများ ပေါ်ထွက်လာရေး ကြိုးပမ်းနေကြသည်။ စာသင်ကျောင်းများသို့ နိုင်ငံ့ခေါင်းဆောင်များ ကိုယ်တိုင် ကွင်းဆင်းလေ့လာ အားပေးခြင်းဖြင့် ပန်းများပွင့်လန်း ဝေဆာအောင် မြေဩဇာကျွေး၊ ရေလောင်းပေးနေ ကြသည်မှာ ဝမ်းမြောက်ဖွယ်ဖြစ်သည်။

ချင်းတွင်းမြစ်ကြောင်းတွင် တစ်ချိန်က ရေကိုယက်သော ရဟတ်ဘီးကြီးများဖြင့် Wheel Type ဟု ခေါ်သော တက်မကို ဘီးဖြင့်ထိန်းသော မောင်းနှင်မှုစနစ်ကို အသုံးပြုခဲ့ရာမှ ယခုအခါ Schottel

Type ဟုခေါ်သော လက်ကိုင်ဖုထိန်းစနစ် ပန်ကာဖြင့် အထက်အောက် ဘယ်ညာ ၃၆၀ ဒီဂရီလှည့်၍ တက်မ မလိုသော ရေယာဉ်ခုတ်မောင်းမှု ပုံစံ အသုံးပြုလာရာ လူသက်သာပြီး မောင်းနှင်မှုစွမ်းအား မြင့်မားလာပေသည်။

ခေတ်မီအဆင့်မြင့် ရေယာဉ်များကို တရုတ်နိုင်ငံမှ မှာယူခြင်းနှင့် ပြည်တွင်း၌ တည်ဆောက်ခြင်းများဖြင့် ရေကြောင်းသွားလာမှုစွမ်းအား အရှိန်အဟုန် မြှင့်တင်ပေးခဲ့သည်။ တပ်မတော်အစိုးရလက်ထက် ခေတ်မီရေယာဉ်များ တိုးချဲ့ပြေးဆွဲခဲ့သဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် တိုးတက်လာခဲ့ပေသည်။

သို့သော် ကမ္ဘာ၌ ကွန်ပျူတာ အီလက်ထရောနစ် ခေတ်မီနည်းစနစ်များ အသုံးပြု၍ နည်းပညာနှင့် စက်မှုလုပ်ငန်း တိုးတက်နေသော်လည်း မြန်မာနိုင်ငံ၏ စီးပွားရေးနှင့် ပို့ဆောင်ရေးလုပ်ငန်းကဏ္ဍ တိုးတက်ထွန်းကားမှုကား နှေးကွေးနေသေးသည်။

မြန်မာနိုင်ငံ၏ သမိုင်းကြောင်း၌ နန်းတွင်းအရေးတော်ပုံနှင့် ဘုရင်အချို့၏ ညံ့ဖျင်းမှုကြောင့် လည်းကောင်း၊ ကိုလိုနီကျွန်ဘဝ ရောက်ခဲ့ရခြင်းကြောင့်လည်းကောင်း၊ ပြည်တွင်း ရောင်စုံသောင်းကျန်းမှုနှင့် နိုင်ငံရေး အာဏာလုပွဲ ပဋိပက္ခများကြောင့်လည်းကောင်း၊ ၁၉၈၈ ခုနှစ် အရေးအခင်းကာလ၏ ကြောက်ခမန်းလိလိ ပျက်စီးဆုံးရှုံးမှုများကြောင့်လည်းကောင်း အစစ ခေတ်နောက်ကျခဲ့ရသော မြန်မာနိုင်ငံ၏ အခြေအနေသည် ရောဂါဖိစီး၍ အိပ်ရာထဲ လဲနေရာမှ လူးလဲကုန်းထ ဆေးထိုးဆေးစား ပြုလုပ်နေရသော နာလန်ထစ လူမမာတစ်ဦးနှင့် တူနေပါသေးသည်။

သေလုမျောပါး လူမမာကြီးကို တပ်မတော်အစိုးရက အသက်ကယ်ဆေးထိုးကာ ကယ်တင်ခဲ့သည်။ ဆေးထိုးဆေးတိုက်လုပ်



ကာ စောင့်ရှောက်ခဲ့သည်။ လမ်းလျှောက်နိုင်သောအခါ စိတ်ပိုင်း၊ ရုပ်ပိုင်း တိုးတက်သန်မာလာအောင် လေ့ကျင့်ပျိုးထောင်နေဆဲရှိနေသေးသည်။ ဒေါင်ဒေါင်မြည် လူစွမ်းကောင်းကြီးတစ်ဦး ဖြစ်အောင် လူမမာတစ်ဦးကို ပြုစုရသည်မှာ အချိန်တော့ ယူရပေလိမ့်မည်ဟု တွေးမိပါသည်။

ချင်းတွင်းမြစ်အတွင်း တစ်ချိန်က ရေများချိန်ပင်လျှင် တစ်လခန့် သွားရသောခရီးကို ယခု ၁၃ ရက်နှင့် ရောက်နိုင်ပေပြီ။ ချင်းတွင်းမြစ်တစ်ရိုး မြင်တွေ့ခဲ့ရသော ကျေးရွာ၊ မြို့နယ် ဒေသများ၏ လူနေမှုအဆင့်အတန်းသည် အတိုင်းအတာတစ်ခုအထိ မြင့်မားတိုးတက်နေပြီ။ လူမှုရေး၊ စီးပွားရေး၊ ပညာရေးကဏ္ဍ အဘက်ဘက်မှ မြှင့်တင်ဆောင်ရွက်ပေးမှုများ၊ One Decade ဟုခေါ်သော ၁၀ နှစ်တာကာလအတွင်း တိုက်တာအိမ်ခြေ တိုးတက်များပြားလာမှု၊ သွားလာဆက်သွယ်ရေး အဆင်ပြေမှု၊ နယ်မြေအေးချမ်းသာယာမှုတို့က ချင်းတွင်းမြစ်ကြောင်းတစ်လျှောက် သမိုင်း၏ ထောင့်တစ်ထောင့်အဖြစ် မြင်တွေ့ရသည်။

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဆိုသော ဒို့တာဝန်အရေးသုံးပါးကို နိုင်ငံရေးမူဝါဒ လက်ကိုင်အဖြစ် ကျင့်သုံးတည်ဆောက်ခဲ့သည်။ ယခုအခါ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖြစ် ပြောင်းလဲဖွဲ့စည်းကာ ငြိမ်ဝပ်ပိပြားမှုမှသည် အေးချမ်းမှုအသွင်သဏ္ဍာန် အနှစ်သာရများဖြင့် မြင်တွေ့နေရပြီ။

ချင်းတွင်းမြစ်ကြောင်းတစ်လျှောက် အေးချမ်းသာယာပြီး တိုးတက်ဖွံ့ဖြိုးသော အရိပ်လက္ခဏာများ အတိုင်းအတာတစ်ခုအထိ

မြင်တွေ့ခဲ့ရသည်။ ဖွံ့ဖြိုးမှု နောက်ကျသော ကျေးရွာ၊ မြို့နယ်များသည် ကိုယ်စွမ်း ဉာဏ်စွမ်းရှိသရွေ့ ပူးပေါင်းဆောင်ရွက်တတ်သော အလေ့ အထမှ အလေ့အကျင့် ရရှိရန် ကြိုးပမ်းဆောင်ရွက် သင့်ကြပေသည်။

"မြို့ရွာဒေသ တိုးတက်ဖို့ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်စို့" ဟူသော ဆောင်ပုဒ်နှင့်အညီ ကျင့်ကြံ အားထုတ် သင့်ကြပေသည်။ နိုင်ငံတော်မှ တတ်စွမ်းသရွေ့ ဖြည့်ဆည်းဆောင်ရွက်ချက်သည် လူမမာ ကို ကုသသော ဆရာဝန်တစ်ဦးသာဖြစ်ပြီး ဒေါင်ဒေါင်မြည် ကျန်းမာရေး သည် လူမမာ၏ စိတ်ဓာတ်စွမ်းအားနှင့် ကြိုးစားရုန်းကန် လှုပ်ရှားမှုက အဓိကဖြစ်ပေသည်ဟု ချင်းတွင်းဒေသမှ တိုင်းရင်းသား ညီအစ်ကိုတို့ အား အားပေး တိုက်တွန်းလို ပါသည်။

ရေယာဉ်ပေါ်မှ ရေဒီယိုလှိုင်းသည် ကျွန်တော့်ဦးနှောက်နှင့် နှလုံးသားကို ဆွဲကိုင်လှုပ်ယမ်းသွားသည်မှာ နာရီဝက်ခန့် ကြာသွား သည်။ ချင်းတွင်းခရီးတစ်လျှောက် နေ့နေ့ညည မြင်တွေ့ခဲ့ရသော ရေပြင်၊ မြေပြင်၊ တောတောင်သဘာဝ၊ လူ့အလှ လူ့ဘဝများသည် အိပ်မက်တစ်ခုလို မမျှော်လင့်ဘဲ ရောက်ရှိကြုံတွေ့ ခံစားရ သဖြင့် စေတနာဓာတွေ ကပ်ငြိသွားသည်။

မြန်မာနိုင်ငံအတွင်း စီးဆင်းနေသော ဧရာဝတီ၊ သံလွင်၊ စစ်တောင်း၊ ချင်းတွင်းမြစ်ကြီးများအပြင် အခြားသော မြစ်ကြီးများနှင့် မြစ်ငယ်များ၏ သမိုင်းကြောင်း ရေစီးသံများသည် နလန်ထစ လူမမာကြီးတစ်ဦးနှင့်တူသော မြန်မာနိုင်ငံ၏ အသက်သွေးကြောများ အဖြစ် မရှိမဖြစ်လိုအပ်သော အားမာန်အားအင်များဖြစ်သည်ဟု နားလည်မိပါသည်။

ချင်းတွင်းမြစ်၏ အစနီးပါးမှ အဆုံးနီးပါး အသွားအပြန် မိုင်ပေါင်း ၆၀၀ ကျော်ကို ကိုးရက်ခရီး သွားရောက် ခဲ့ရခြင်းသည်



ဘဝခရီး၌ ကုသိုလ်နှင့် စိတ်ဓာတ်စွမ်းအား မြင့်မားမှု အားမာန်အပြည့် ရရှိသလို ခံစားမိပါသည်။

ကောင်းကင်မှ ကြယ်တစ်စင်း၊ မြစ်အနောက်ဘက်ကမ်း မျက်စိတစ်ဆုံးတွင် ကြွေကျသွားသည်ကို တွေ့လိုက်ရသည်။ မြင်ကွင်း တွင် မီးရောင်မှုန်ပျပျများ ထင်ထင်ရှားရှား မြင်လာရပြီ။ မြစ်အနောက် ဘက်ကမ်းမှ ကြေးနီတောင် စီမံကိန်းစက်ရုံ၏ အလင်းရောင်များ ဖြစ်ကြောင်း သိရသည်။ မကြာမီ မုံရွာမြို့သို့ ပြန်လည် ဆိုက်ရောက် တော့မည်။ နာရီကိုကြည့်ရာ ၉ နာရီကျော်ပြီ။ နောက်တစ်နာရီဆိုလျှင် မုံရွာဆိပ်ကမ်း ကပ်တော့မည်။

"အစ်ကိုကြီး ... ဒီခရီးမှာ ကျွန်တော်တော့ တော်တော် အညောင်းမိသွားပြီ" ဟု ဗိုလ်ကြီးညွန့်အောင်က စကားဆိုလိုက်ရာ အတွေးရေယာဉ်ကြောမှ လန့်နိုးသွားသည်။

"ဟုတ်တယ် ... ရာသီဥတု အေးတာရယ်၊ ခရီးရှည်တာရယ်၊ သင်္ဘောပေါ် သွားလာမှု ကန့်သတ်ချက်နဲ့ အစားအသောက်ကလဲ ကျန်းမာရေး ထိခိုက်နိုင်တယ်၊ အိမ်ပြန်ရောက်ရင် ဝမ်းနုတ်၊ ကိုယ်လက် လှုပ်ရှား အားကစား ပြန်လုပ်ရမယ်"

"ကျွန်တော်တို့ ထွက်လာတာ ဘာလိုလိုနဲ့ ၁၀ ရက်ပြည့်တော့ မယ်"

"ကျွန်တော်တို့ ခရီးအတူတူ သွားကြရတာ နည်းတဲ့ကုသိုလ် မဟုတ်ဘူး၊ ဘုရားဟော စကားရှိတယ်၊ ခြေခုနစ်လှမ်း အတူတူလှမ်းပြီး သွားရရင် မိတ်ဆွေလို့ဆိုတယ်၊ ၁၂ ရက်ခရီးကို အတူတူသွားရရင် သဟာယလို့ ဆိုတယ်၊ နောက် တစ်လတာ အတူတူခရီးသွားရင်တော့ ဉာတိဆွေမျိုးလို့ ပြောတယ်၊ ကြာလေ ရင်းနှီးလေ၊ သံယောဇဉ် ခိုင်မြဲလေ ဆိုတဲ့ ဘဝခရီးဖော်ကို တင်စားတာပဲ"

“ဒါဆို တစ်သက်တာအတူ ခရီးသွားရင်ကော”

“တစ်သက်တာသက်လျှာပေါ့ကွာ၊ အတ္တသမ ကိုယ်နဲ့ထပ်တူ နှစ်ကိုယ်စိတ်တူပေါ့၊ ဒါကြောင့် ဘဝခရီးဖော် ဆိုတဲ့စကားဟာ မျက်စိချင်း ဆုံရာက စလိုက်တာ မျက်စိနှစ်လုံးလဲ ပိတ်ရော ဘဝလဲ သံယောဇဉ်ခရီး ပြီးဆုံးသွားတာပဲ မဟုတ်လား”

“ဟုတ်တယ် ... ကဗျာတိုလေးတစ်ပုဒ် ဖတ်ဖူးတယ်၊ နှစ်ကိုယ်ရည်တူ၊ စိတ်ကြည်ဖြူမှ၊ ဖော်ချင်း ပေါင်းဖက်၊ နေလို့သက်၏တဲ့”

“သိပ်မှန်တာပေါ့ ... လူတွေဟာ ခရီးရှည်တစ်ခုကို စိတ်တူသဘောတူ လက်တွဲသွားဖို့ဆိုတာ တော်တော် ခက်တယ်၊ စိတ်ရဲ့ ပြောင်းလဲမှုတွေက လူလူချင်း သဟဇာတ ဖြစ်နိုင်ခဲ့တယ်၊ ခုလို ကျွန်တော်တို့ခရီးရှည်တစ်ခုမှာ အစအဆုံး သဟဇာတဖြစ်ပြီး ဘေးမသီ ရန်မခ အေးအေးချမ်းချမ်း ပြန်ရောက်တာကိုက နည်းတဲ့ကုသိုလ်ကံ မဟုတ်ဘူး”

“ဘာပဲဖြစ်ဖြစ် ဗဟုသုတလဲရ၊ ကုသိုလ်လဲရတဲ့ ဒီချင်းတွင်းခရီးဟာ ကျွန်တော့်ဘဝရဲ့ ပုံရိပ်မှာ ဆေးသား မပြယ်နိုင်တဲ့ ပန်းချီကားတစ်ချပ် ရရှိလိုက်သလို အားသစ်မာန်သစ်တွေ ရလိုက်ပြီ” ဟု ဗိုလ်ကြီးတူးလွန်က ဝင်ပြောသည်။

“တယ်ဆိုတဲ့ စာပါလား ဆရာရဲ့၊ မုံရွာရောက်ခါနီး အားတွေ ပိုတက်လာတာ၊ ချင်းတွင်းကြောင့်လား၊ တွေ့ရတော့မယ့် သားသားနဲ့ ဇနီးကြောင့်လား၊ မှန်တာပြောနော်”

စကားတွေကောင်းတုန်း သင်္ဘောဥသြဆွဲသံကြားရာ ရုတ်တရက်လန့်သွားသည်။ မုံရွာမြို့သို့ဝင်ပြီ။ မီးရောင်ထိန်ထိန်လင်းနေသော မုံရွာသည် အညာဆန် ချင်းတွင်းပြန်သင်္ဘောကြီးကို စောင့်ကြိုနေသည်။ မုံရွာမှ စထွက်သည့်နေ့က နံနက်ခင်းဖြစ်၍ မြင်ကွင်းများ



လင်းလင်းထင်းထင်း ပြတ်သားစွာ မြင်ခဲ့ရသည်။ ခုတော့ ညအမှောင်မီးရောင်အောက်က မုံရွာဆိပ်ကမ်းသည် ဆိုက်ကားခေါင်းလောင်းသံ၊ မြင်းဟီသံ၊ ကားဟွန်းသံ၊ လူခေါ်သံများ သင်္ဘောကမ်းမကပ်မီကတည်းက ဆူညံနေတော့သည်။

မုံရွာက စထွက်သောနေ့မှ ပြန်ရောက်သောနေ့အထိ သလ္လာဝတီခရီးစဉ် စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာ ရေးသားတင်ပြရမည်။ ရေယာဉ်ပေါ် လိုက်ပါစဉ် တွေ့ရှိချက်များကို မှတ်သားထားခဲ့သည်။ ချင်းတွင်းမြစ်နှင့် ရေယာဉ်ခရီးစဉ်သည် ပြည်သူလူထုအပေါ် အကျိုးသက်ရောက်မှု၊ တိုင်းပြည်၏ အခွန်ဘဏ္ဍာငွေ ရရှိမှုနှင့် ရေယာဉ်ဝန်ထမ်းများ စည်းစနစ်ကျနစွာ ဆောင်ရွက်မှု၊ ဆိုက်ကပ်သည့် ဆိပ်ကမ်းမြို့များမှ ခရီးသည်နှင့် ကုန်တင်ဆောင်နိုင်မှု စွမ်းဆောင်ရည်၊ တာဝန်ရှိသူတို့မှ ခရီးသွား ပြည်သူလူထု စိတ်ချမ်းမြေ့စွာ သွားလာနိုင်ရေး လိုအပ်သော ပံ့ပိုးဖြည့်ဆည်းမှုများ ဆောင်ရွက်ရန် လိုအပ်ချက်တို့ကို ရေးသားတင်ပြရမည်။

မုံရွာမှ ဟုမ္မလင်းခရီးစဉ် အသွားအပြန် တွေ့ရှိရသော အကြမ်းဖျင်း အချက်အလက်များကို စာရွက် တစ်ရွက်ပေါ်တွင် ရေးသားထားလိုက်သည်။

၁။ ခရီးစဉ် ... မုံရွာ - ဟုမ္မလင်း (သွား/ပြန်)

၂။ ခေါက်ရေ ... အထူးမြန် (၇၆)

၃။ ရေယာဉ်အမည် ... သလ္လာဝတီ (၁)

၄။ ရေယာဉ်မှူး ... ဦးပန်

၅။ စက်ခန်းအုပ် ... ဦးခင်ဆောင်

၆။ ရေယာဉ်ဝန်ထမ်း ... ၁၃ ဦး

၇။ ထွက်ခွာသည့်နေ့ ... ၁၃-၁၂-၉၉

၈။ ပြန်ရောက်သည့်နေ့ ... ၂၁-၁၂-၉၉ (ခရီးစဉ်စဆုံး ၉ ရက်)
၉။ ရေမိုင် ... ၃၂၇ မိုင်၊ အသွားအပြန် ၆၅၄ မိုင်
၁၀။ခရီးသည် လိုက်ပါမှု ... အသွား ၃၇၁ ဦး၊ အပြန် ၂၄၄ ဦး၊ ပေါင်း ၆၁၅ ဦး
၁၁။ကုန်ရရှိမှု ... အသွား ၆၀ တန်၊ အပြန် ၁၇ တန်၊ ပေါင်း ၇၇ တန်
၁၂။ဝင်ငွေရရှိမှု ... အသွား ၂၀၀၅၁၁ ကျပ်၊ အပြန် ၈၈၇၁၀ ကျပ်၊ ပေါင်း ၂၈၉၂၂၁ ကျပ်
၁၃။ခရီးသည်မိုင် ... ၉၄၂၂၇၁ မိုင်
၁၄။ကုန်တန်မိုင် ... ၂၂၂၈၇ မိုင်
၁၅။ဝင်ငွေလျာထားချက် ... ၂၇၅၁၇၁ ကျပ်
၁၆။ဆိုက်ကပ်သည့်မြို့/ရွာ ... မြို့ ၆ မြို့၊ ရွာ ၈ ရွာ၊ ပေါင်း ၁၄ နေရာ
၁၇။စက်သုံးဆီ ကုန်ကျမှု ... ၁၂၈၃ ဂါလန် (ဒီဇယ်) (အသွားအပြန်)
၁၈။ရေအနက် ... အနည်းဆုံး ၃ ပေ၊ အများဆုံး ၈ ပေ
၁၉။မြစ်ပြင်အကျယ် ... ခန့်မှန်း အကျဉ်းဆုံး ပေ ၃၀၀ မှ အကျယ်ဆုံး ပေ ၄၀၀၀
၂၀။သောင်ဖြစ်ထွန်းမှု ... ၂၂ နေရာ
၂၁။ဝဲဖြစ်ပေါ်မှု ... ၆ နေရာ
၂၂။ရေကြောင်းပြ အမှတ်အသား အခြေအနေ ... ရာသီအလိုက် အချိန်မီ ပြောင်းလဲရန် လိုအပ်သည်
၂၃။ကျွာသွန်းမြဲ မိုးရေချိန် ... ၃၁.၃၈ လက်မမှ လက်မ ၇၀



၂၄။ရေဆင်းနှင့် ရေအရင်းအမြစ် ... အများဆုံး ၂၀၇၂၃၈ × ၁၀$^6$ ကုဗမီတာ

(မုံရွာမြို့နယ်)အနည်းဆုံး ၁၀၃၈၂၁ × ၁၀$^6$ ကုဗမီတာ စီးဆင်းသည်။ ရေဆင်းဧရိယာ ၁၁၀၃၅၀ စတုရန်း ကီလိုမီတာ

၂၅။ရေယာဉ်အခြေအနေ ... ကောင်းပါသည်။ ရေချိုးခန်း/အိမ်သာ ပြုပြင်ရန် လိုအပ်သည်။ ခေတ်မီရေယာဉ်ငါးစီး တိုးချဲ့ပြေးဆွဲလျက်ရှိသည်။

၂၆။အကျိုးအမြတ် ... သတ်မှတ်လျာထားချက်ထက် ဝင်ငွေပိုမိုရရှိသည်။ ခရီးသည်၊ ကုန်ရရှိမှုအရ ဒေသနှင့် ပို့ဆောင်ရေးဌာနကို အကျိုးပြုသည်။

၂၇။မြစ်ကြောင်းအခြေအနေ ... သဲသောင်ဖြစ်ထွန်းမှုကြောင့် ရေကြောင်းကျဉ်းခြင်း၊ မြစ်ရေ ဆုတ်ခြင်းများ တွေ့ရသည်။ မြစ်ကြောင်းဖွံ့ဖြိုးတိုးတက်ရေး အလေးထား ဆောင်ရွက်ရန် လိုအပ်သည်။

ခရီးစဉ် အစအဆုံး တွေ့ရှိချက်များအပြင် ခရီးစဉ်၌ ပြုပြင်ရန် လိုအပ်သောအချက်နှင့် အကြံပြုချက် များကိုလည်း ရေးသားတင်ပြရန် လိုအပ်သည်။ ရန်ကုန်သို့ ပြန်လည်ရောက်ရှိပါက အသေးစိတ် အစီရင်ခံစာ တစ်စောင် ပြုစု၍ ဓာတ်ပုံမှတ်တမ်းများဖြင့် တင်ပြရန် ဆောင်ရွက်ရမည်။

တကယ်တော့ ချင်းတွင်းခရီးသွားရခြင်းသည် တာဝန်အရ သွားရောက်ခြင်းဖြစ်သော်လည်း စာပေ ဝါသနာပါသူတစ်ဦးအနေဖြင့် မြင်မြင်သမျှကို မှတ်တမ်းတင် ရေးသားခဲ့ခြင်းဖြစ်သည်။ မသိသော

အကြောင်းအရာ မှန်သမျှ မေးမြန်းခဲ့ခြင်းဖြစ်၏။ ခရီးဖော်ချင်းတူသော်လည်း သူများအိပ်ချိန် ကိုယ်မအိပ်ဘဲ စူးစမ်းလေ့လာခဲ့ခြင်းဖြစ်သည်။ တာဝန် ခရီးလည်းကောင်း၊ ဝါသနာ အရလည်းကောင်း ခရီးသွားမှတ်တမ်း တစ်ခုသည် ကိုယ်တစ်ဦးတည်း သိရှိရုံမဟုတ်ဘဲ မသိရှိသေးသော ပြည်သူလူထုကို သိရှိစေရန် ရည်ရွယ်သော စေတနာအမှန်ဖြစ်သည်။

နိုင်ငံတော်အတွက်အသုံးဝင် အရေးကြီးသော မြစ်ကြီးတစ်စင်းတွင် မှီတင်းနေထိုင်ကြသော တိုင်းသူပြည်သားအပေါင်းကို ပို့ဆောင်ရေးကဏ္ဍ တိုးမြှင့်ဆောင်ရွက်ပေးခြင်းဖြင့် ပြည်သူလူထု စိတ်ချမ်းမြေ့စွာ သွားလာနိုင်ရေးဆိုသောမူကို အကောင်အထည်ဖော် ဆောင်ရွက်ရာကျမည်ဖြစ်သည်။ တိုင်းရင်းသား ညီအစ်ကိုတို့ လက်တွဲညီစေရေး ချင်းတွင်းမြစ်၏ စီးဆင်းမှု ပုံသဏ္ဌာန်ကို လိုအပ်ချက်များ ပြုပြင်ပြောင်းလဲပေးခြင်းဖြင့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို အကောင်အထည်ဖော်ရန် ရည်ရွယ်ခြင်းဖြစ်သည်။ မြန်မာ့မြေ၊ မြန်မာ့ရေတွင် နေထိုင်ကြကုန်သော အစိုးရနှင့်ပြည်သူ ကြည်ဖြူစွာ လက်တွဲဆောင်ရွက်ပါမှ အချုပ်အခြာ အာဏာ တည်တံ့ခိုင်မြဲမည်ဖြစ်သည်။

ချင်းတွင်းမြစ်ပြင်တစ်လျှောက် မြင်မြင်သမျှသော ရေမြေတောတောင်သဘာဝ၊ လူမျိုးစရိုက်၊ ဓလေ့ ဘာသာ၊ သာသနာနှင့် သွားလာနေထိုင် စားသောက်မှု၊ ဝမ်းစာရှာပုံ အဖုံဖုံတို့သည် မြန်မာနိုင်ငံ၏ လူသား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုသမိုင်းနှင့် ရေအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုတို့ မှီတွယ်ဆက်စပ်နေကြောင်း တွေ့ရှိရသည်။

ချင်းတွင်းမြစ်ခေါ် သလ္လာဝတီသည် နှစ်သန်းပေါင်း များစွာကတည်းက တည်ရှိခဲ့သော မြစ်ကြီးတစ်စင်းအဖြစ် မှတ်တမ်းတင်ထားခဲ့သော သမိုင်းစာမျက်နှာများစွာတွင် အထင်ကရ ရှိနေခဲ့သည်။ ထိုမြစ်ကို



အမှီပြု၍ နေထိုင်ကြသော လူသားနှင့် သက်ရှိသတ္တဝါ သဘာဝ သယံဇာတတို့သည်လည်း ချင်းတွင်းရေစီးကြောင်းနှင့်အတူ စီးဆင်းနေဆဲဖြစ်သည်။ ချင်းတွင်းရေစီးကြောင်းမှ ပဲ့တင်သံသည် ခေတ်အဆက်ဆက် ပြောင်းလဲမြည်ဟီး နေပေလိမ့်မည်။

ထိုပဲ့တင်သံများအနက် ကျွန်တော် မြင်ခဲ့၊ တွေ့ခဲ့၊ ကြုံခဲ့ရသော ပဲ့တင်သံ တစ်ပိုင်းတစ်စသည် သမိုင်း တစ်ခေတ်၌ မမေ့ပျောက်နိုင်သော နားဝင်ပီယံ ဂီတသံစဉ်များအဖြစ် ချင်းတွင်းမှသည် သမုဒ္ဒရာဆီသို့ ...။

**မောင်မိုးယံ**

ရှေးဟောင်းသုတေသန စိစစ်မှု
စာကြည့်တိုက်
ဆိုင်ရာအမှတ် ၈၀၂၈
နေ့စွဲ ၃၁-၃-၂၀၀၃

# မုံရွာမြို့မှ ဟုမ္မလင်း မိုင်ဇယား

| | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 1 | မုံရွာမြို့ | | | | | | | | | | | | | | | | | | | | | | | | | | | | | | | | |
| 2 | အလုံ | 7 | | | | | | | | | | | | | | | | | | | | | | | | | | | | | | | |
| 3 | အုံးဒေါ် | 20 | 13 | | | | | | | | | | | | | | | | | | | | | | | | | | | | | | |
| 4 | ကနီ | 34 | 27 | 14 | | | | | | | | | | | | | | | | | | | | | | | | | | | | | |
| 5 | လက်ပံစု | 49 | 42 | 29 | 15 | | | | | | | | | | | | | | | | | | | | | | | | | | | | |
| 6 | အုမ္မ | 58 | 51 | 38 | 24 | 9 | | | | | | | | | | | | | | | | | | | | | | | | | | | |
| 7 | ကင်း | 64 | 57 | 44 | 30 | 15 | 6 | | | | | | | | | | | | | | | | | | | | | | | | | | |
| 8 | သင်တော | 72 | 65 | 52 | 38 | 23 | 14 | 8 | | | | | | | | | | | | | | | | | | | | | | | | | |
| 9 | မောက္ကတော် | 86 | 79 | 66 | 52 | 37 | 28 | 22 | 14 | | | | | | | | | | | | | | | | | | | | | | | | |
| 10 | မင်းကင်းမြို့ | 104 | 97 | 84 | 70 | 55 | 46 | 40 | 32 | 18 | | | | | | | | | | | | | | | | | | | | | | | |
| 11 | ရှောင်းဝ | 118 | 111 | 98 | 84 | 69 | 60 | 54 | 46 | 32 | 14 | | | | | | | | | | | | | | | | | | | | | | |
| 12 | ကျွဲ | 122 | 115 | 102 | 88 | 73 | 64 | 58 | 50 | 36 | 18 | 4 | | | | | | | | | | | | | | | | | | | | | |
| 13 | ကလေးဝမြို့ | 147 | 140 | 127 | 113 | 98 | 89 | 83 | 75 | 61 | 43 | 29 | 25 | | | | | | | | | | | | | | | | | | | | |
| 14 | မစိန် | 163 | 156 | 143 | 129 | 114 | 105 | 99 | 91 | 77 | 59 | 45 | 41 | 16 | | | | | | | | | | | | | | | | | | | |
| 15 | မာတင်း | 172 | 165 | 152 | 138 | 123 | 114 | 108 | 100 | 86 | 68 | 54 | 50 | 25 | 9 | | | | | | | | | | | | | | | | | | |
| 16 | ကြာအင်း | 182 | 175 | 162 | 148 | 133 | 124 | 118 | 110 | 96 | 78 | 64 | 60 | 35 | 19 | 10 | | | | | | | | | | | | | | | | | |
| 17 | မော်လိုက်မြို့ | 185 | 178 | 165 | 51 | 136 | 127 | 121 | 113 | 99 | 81 | 67 | 63 | 38 | 22 | 13 | 3 | | | | | | | | | | | | | | | | |
| 18 | ကင်းတပ် | 191 | 184 | 171 | 157 | 142 | 133 | 127 | 119 | 105 | 87 | 73 | 69 | 44 | 28 | 19 | 9 | 6 | | | | | | | | | | | | | | | |
| 19 | ပနံ့သာ | 203 | 196 | 183 | 169 | 154 | 145 | 139 | 131 | 117 | 99 | 85 | 81 | 56 | 40 | 31 | 21 | 18 | 12 | | | | | | | | | | | | | | |
| 20 | ယုဝ | 212 | 205 | 192 | 178 | 163 | 154 | 148 | 140 | 126 | 108 | 94 | 90 | 65 | 49 | 40 | 30 | 27 | 21 | 9 | | | | | | | | | | | | | |
| 21 | ခဲ | 217 | 210 | 197 | 183 | 168 | 159 | 153 | 145 | 131 | 113 | 99 | 95 | 70 | 54 | 45 | 35 | 32 | 26 | 14 | 5 | | | | | | | | | | | | |
| 22 | တံငါ | 223 | 216 | 203 | 189 | 174 | 165 | 159 | 151 | 137 | 119 | 105 | 101 | 76 | 60 | 51 | 41 | 38 | 32 | 20 | 11 | 6 | | | | | | | | | | | |
| 23 | အောက်တောင်း | 233 | 226 | 213 | 199 | 184 | 175 | 169 | 161 | 147 | 129 | 115 | 111 | 86 | 70 | 61 | 51 | 48 | 42 | 30 | 21 | 16 | 10 | | | | | | | | | | |
| 24 | ကယား | 241 | 234 | 221 | 207 | 192 | 183 | 177 | 169 | 165 | 137 | 123 | 119 | 94 | 78 | 69 | 59 | 56 | 50 | 38 | 29 | 24 | 18 | 8 | | | | | | | | | |
| 25 | ဟဲကျော် | 251 | 244 | 231 | 217 | 202 | 193 | 187 | 179 | 165 | 147 | 133 | 129 | 104 | 88 | 79 | 69 | 66 | 60 | 48 | 39 | 34 | 28 | 18 | 10 | | | | | | | | |
| 26 | ပေါင်းပြင်မြို့ | 263 | 256 | 243 | 229 | 214 | 205 | 199 | 191 | 177 | 159 | 145 | 141 | 116 | 100 | 91 | 81 | 78 | 72 | 60 | 51 | 46 | 40 | 30 | 22 | 12 | | | | | | | |
| 27 | သရောင်း | 269 | 262 | 249 | 235 | 220 | 211 | 205 | 197 | 183 | 165 | 151 | 147 | 122 | 106 | 97 | 87 | 84 | 78 | 66 | 57 | 52 | 46 | 36 | 28 | 18 | 6 | | | | | | |
| 28 | မင်းယား | 270 | 263 | 250 | 236 | 221 | 212 | 206 | 198 | 184 | 166 | 152 | 148 | 123 | 107 | 98 | 88 | 85 | 79 | 67 | 58 | 53 | 47 | 37 | 29 | 19 | 7 | 1 | | | | | |
| 29 | သောင်သွပ် | 280 | 273 | 260 | 246 | 231 | 222 | 216 | 208 | 194 | 176 | 162 | 158 | 133 | 117 | 108 | 98 | 95 | 89 | 77 | 68 | 63 | 57 | 47 | 39 | 29 | 17 | 11 | 10 | | | | |
| 30 | နတ်တက် | 287 | 280 | 267 | 253 | 238 | 229 | 223 | 215 | 201 | 183 | 169 | 165 | 140 | 124 | 115 | 105 | 102 | 96 | 84 | 75 | 70 | 64 | 54 | 46 | 36 | 24 | 18 | 17 | 7 | | | |
| 31 | တုံဟဲ | 292 | 285 | 272 | 258 | 243 | 234 | 228 | 220 | 206 | 188 | 174 | 170 | 145 | 129 | 120 | 110 | 107 | 101 | 89 | 80 | 75 | 69 | 59 | 51 | 41 | 29 | 23 | 22 | 12 | 5 | | |
| 32 | နောင်ပိန်းကျင် | 308 | 301 | 288 | 274 | 259 | 250 | 244 | 236 | 222 | 204 | 190 | 186 | 161 | 145 | 136 | 126 | 123 | 117 | 105 | 96 | 91 | 85 | 75 | 67 | 57 | 48 | 39 | 38 | 28 | 21 | 16 | |
| 33 | ဟုမ္မလင်းမြို့ | 327 | 320 | 307 | 293 | 278 | 269 | 263 | 255 | 241 | 223 | 209 | 205 | 180 | 164 | 155 | 145 | 142 | 136 | 124 | 115 | 110 | 104 | 94 | 86 | 76 | 64 | 58 | 57 | 47 | 40 | 35 | 19 |

၉.၅.၂၀၀၃

28-7-03

၁၁.၂.၀၅

28/9/05

12/10/05

မ.ဂ၀၂၈

**စာအုပ်ကတ်ပြား**

ရေးသူ AUTHOR ဇော်ဝင်းမြင့်

စာအုပ်အမည် TITLE ချင်းတွင်းမြစ်ဖျားသမိုင်းကမ်းခြေက ပဲ့တင်သံ

| ပြန်ပေးရမည့်နေ့စွဲ DATE DUE | ငှါးရမ်းသူအမည် BORROWER'S NAME | | |
|---|---|---|---|
| ၉.၅.၂၀၀၃ | [illegible] | | |
| | [illegible] | | |
| ၁၁.၂.၀၅ | [illegible] | | |
| | [illegible] | | |

မ.ဂ၀၂၈



စာပေဗိမာန်စာမူဆု (စာပဒေသာ ပထမဆုရ)

# ချင်းတွင်းမြစ်၏ သမိုင်းတစ်ခေတ် ပွဲတင်သံ

မောင်မိုးယံ